www.burmeseclassic.com



www.burmeseclassic.com

**လမင်းမိုမို**

**တသွင်သွင်**

ပထမအကြိမ်၊ ၂၀၁၄ ဇွန်လ

**ဖြန့်ချိရေး**

မိဖုရားစာအုပ်တိုက်

ဖုန်း – ၀၉၅၀၀၁၉၈၃

**မျက်နှာဖုံး**

ႉလင်း

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၁၀ ကျပ်

ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်၊ အမှတ်(၅/ခ)၊ ဓမ္မာရုံသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ အမှတ်(၁၄၀)၊ ၄၅–လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

| | |
|---|---|
| လမင်းမိုမို | ၈၉၅.၈၃ |
| တသွင်သွင် | လမင်းမိုမို၊ ရန်ကုန်။ |
| တကောင်းစာအုပ်တိုက်၊ ၂၀၁၄ | |
| ၃၀၄–စာ၊ ၅ x ၇ လက်မ။ | |
| တသွင်သွင် | |

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို



တသွင်သွင်

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



(၁)

တသွင်သွင် ... မြန်မာပြည် ပြန်လာမယ် ...

ဤသတင်းသည် မြန်မာပြည် ရန်ကုန်မြို့တွင် မှီတင်းနေထိုင်ကြကုန်သော မိသားစုနှစ်စု အထူးသဖြင့် ယောက်ျား နှစ်ဦး၊ မိန်းမနှစ်ဦးတို့ကို အထူးလှုပ်ရှားယောက်ယက်ခတ်သွားစေသော သတင်းတည်း။

○ ❦ ○

"ဟယ်လို"

"ပိုး ... ကိုယ်ပါ"

"ဟုတ် ... ကို၊ ပြော ... ဘာလဲ၊ အခု အိမ်မှာ ရေခဲသေတ္တာသမားတွေ ရောက်နေပြီ ... သိလား ကို၊ သူတို့က ပြောတာတော့ ကွန်ပရက်ဆာ ဘာဖြစ်တယ်ဆိုလဲ မသိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အဲဒါ လဲလို့လည်း ရတယ်တဲ့၊ လဲရင်လည်း နောက်ထပ် သိပ်အကြာကြီးတော့ ရနိုင်မှာ မဟုတ်တော့ဘူးဆိုတော့ နောက်တစ်ခါ ထပ်ဖြစ်ရင် အသစ်လဲရမယ့်တူတူ အခုတစ်ခါတည်းပဲ အသစ်လဲမလား၊ နှစ်ခါကုန် မဖြစ်အောင်လေ၊ ကို ဘယ်လိုသဘောရလဲ၊ သူတို့နဲ့ ကိုနဲ့ဖုန်းပြောလိုက်မလား၊ ပိုးကတော့ လဲပဲလဲလိုက်ချင်နေပြီ၊ သက်စုတို့အိမ်မှာ အခု ရေခဲသေတ္တာက တံခါးသုံးချပ်တောင်ဟာလေ၊ ပိုးတို့လည်း တံခါးလေးပေါက်ဟာ လဲလိုက်ရင် ဘယ်လိုလဲ၊ ဒီဟာကြီးက ပုံတုံးနေပါပြီ”

“ပိုး ... မင်းပြောမှာလား ငါပြောရမှာလား၊ ဖုန်းခေါ်တာမင်းလား ငါလားကွာ၊ ကျွတ် ... တကယ်ပဲ”

“သြော် ... ကြုံတုန်း စကားလက်စနဲ့ ပြောလိုက်တာပါကိုကလည်း၊ ဘယ်သူခေါ်ခေါ် ပြောစရာရှိတဲ့သူက ပြောလို့ရတာပဲဟာကို”

“မင်းတစ်ယောက်ပဲ ပြောစရာတွေ ရှိတယ်လို့ ထင်တာလား”

“ဟွန်း ... ကဲပါ ... ပြော၊ သြော် ... ညနေ ကို ဘယ်အချိန်ရောက်မှာလဲ၊ ပိုးက ညကျ ဆေးခန်းကအပြန်နောက်ကျမယ်နော်၊ ပြောပြထားတာ”

“ငါ ပြောရတော့မလား”

“ပြော ... ပြော”





“အိမ်မှာ အခု မီးလာလား၊ အင်တာနက် လိုင်းကောင်းလား”

“မီးတော့ လာတယ်၊ အင်တာနက်တော့ မသိဘူး၊ ဖွင့်မှမထားတာ၊ အင်တာနက်ကို မီးလင်းကမိုးချုပ် ဖွင့်ထားပြီးတစ်ချိန်လုံး လိုင်းပေါ်ရောက်နေတာမျိုးမှ မဟုတ်တာ၊ ပိုးက သိပ်မှမဖွင့်တဲ့သူ”

“ကျွတ် ... မင်းကွာ၊ ခဏလေး ပါးစပ်ကိုပိတ်ပြီး သွားဖွင့်ကြည့်လိုက်စမ်းပါ”

“အာ ... အခု ဖွင့်ရမှာလား၊ ဒီမှာ ရေခဲသေတ္တာသမားတွေရောက်နေပါတယ်ဆို”

“ရောက်ရောက်ပေါ့၊ မေမေလည်း ရှိနေတာကို၊ အဲဒီကိုမြင့်တို့ကလည်း သိနေ ခင်နေတဲ့ သူတွေပဲဟာ၊ ပစ်ထားလိုက်၊ သွားဖွင့်လိုက်စမ်းပါ”

“ဘာလုပ်ဖို့လဲ ကိုရဲ့၊ ကို့ဘာသာ ရုံးကမဖွင့်ဘူးလား”

“ဒီမှာ ကွန်ဒိုက ဆာဗာဒေါင်းနေလို့ သုံးမရလို့ပေါ့၊ ကဲ ... မြန်မြန်သွားဖွင့်ကြည့်စမ်းပါ ပိုးရာ၊ မင်းလေကြောမိနေတာနဲ့ပဲ ငါ့ရဲ့ရွှေကဲ့သို့သော မိနစ်တွေ ပွန်းကုန်ပြီ”

“ဖြစ်မှ ဖြစ်ရလေ၊ ကဲ ... ကဲ ... သွားဖွင့်နေပြီ”

ပိုးရွှေလွှာက ကွန်ပြူတာခန်းထဲဝင်လာခဲ့ကာ ခလုတ်ဖွင့် ပါဝါဖွင့်ထားလိုက်ရင်း ...

“ဖွင့်နေပြီ ... ဘာက အရေးကြီးနေလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဦးဇော်ခင်ဆီက အီးမေးလ် ဝင်ထားတာရှိတယ်၊ အဲဒါ အခုဖွင့်ကြည့်ရမယ်၊ သူ့ဆီ အိမ်ပုံစံပို့ထားတာနဲ့ ပတ်သက်ပြီး သူ အကြောင်းပြန်ထားတာ"

"အမယ်လေးနော် ... အီးမေးလ်ပို့ထားတယ်လို့တောင် ဖုန်းဆက်ပြောနေမှတော့ အဲဒီအကြောင်းပြန်ကိုပါ ဖုန်းထဲကနေပဲ တစ်ခါတည်း ပြောလိုက်တော့ ဘာဖြစ်သွားမှာမို့လို့လဲ၊ အဲဒီလူကလည်း"

"ဟ ... ပုံနဲ့တကွတွဲပြီး အချက်အလက်တွေ ပြင်ထားတာမို့ပေါ့ကွ၊ မင်းခဏလောက် တိတ်တိတ်လေးနေပြီး လုပ်နေတာကိုသာ အာရုံစိုက်စမ်းပါ"

"ဩော် ... သူ့ဟာသူ ပွင့်မလာသေးတာ တက်မလာသေးတာကို စောင့်ရင်းပါးစပ်ကြီး ပိတ်ထားရမယ်လို့ ငါ့နှယ် ခဏတော့ စောင့်ရမယ်လေ ဦးပဠရယ်၊ ပိုးက သိပ်လည်း ကျွမ်းတာမဟုတ်ဘူး ဖြည်းဖြည်းလုပ်ရမှာ"

"အီးမေးလ်ဖွင့်တာ ဖြည်းဖြည်းလုပ်ရမယ်ဆိုတာ ခုမှပဲကြားဖူးတယ်၊ မြန်မြန်ဖွင့်ဖွင့် ဖြည်းဖြည်းဖွင့်ဖွင့် ဘာလောက်ခက်ခက်ခဲခဲကွာလို့လဲ၊ ပါ့စ်ဝါ့ဒ်ရိုက်ထည့်ရင် ပွင့်လာမယ့်ဟာကို၊ ကဲ ... ကဲ ... ရပြီလား"

"အင်းပါ ... ပွင့်လာပါပြီ၊ ဟင် ... ဒါနဲ့ ကိုပါ့စ်ဝါ့ဒ် ပိုး မှမသိတာ"

"အခုပြောရင် သိပြီပေါ့"





"အမယ် ... ငါ့ယောက်ျားပါ့စ်ဝါ့ဒ် ငါသိရပြီပေါ့၊ သူ့အီးမေးလ်တွေ ဝင်ကြည့်လို့ရပြီပေါ့၊ ဘယ်ဆိုးလို့လဲ"

"အီးမေးလ်တွေ ဝင်ကြည့်တော့ မင်း ဘာများပျော်စရာရှိမှာလဲ၊ အလုပ်ကိစ္စတွေချည်းပဲ၊ ပျင်းပြီးတောင် မင်း ပြန်ပိတ်လိုက်ဦးမယ်၊ နောင်တွေ ဖွင့်ကြည့်ဖို့လည်း စိတ်ကူးမယဉ်နဲ့၊ အခု မင်းကိုပြောတဲ့ ပါ့စ်ဝါ့ဒ်ကို နက်ဖြန်လောက်ဆို ငါက အသစ်ပြောင်းလိုက်မှာ"

"ဟွန်း ... အမယ်လေး ... သများကလည်း စိတ်မဝင်စားပါဘူးနော်"

ပဠက သူ့အီးမေးလ်ကိုဖွင့်ဖို့ Pass word ကို ရွတ်ပြလိုက်လျှင် ပိုးရွှေလွှာက ကွန်ပျူတာနံဘေးက မှတ်စုစာအုပ်လေးမှာ ရေးမှတ်လိုက်ပါသည်။ အဲဒီနောက် လင်တော်မောင် "ပဠ"ရဲ့ အီးမေးလ်ကို သူပေးတဲ့ Pass word နှင့် ဖွင့်လိုက်ပြီးလျှင် ...

"ရပြီ ... အီးမေးလ်တွေ ဝင်နေတယ်"

"မနေ့ကအထိ အားလုံး ဖွင့်ဖတ်ပြီးသား၊ အသစ်က ဘယ်နှခုတောင် ဝင်နေလို့လဲ၊ ဦးဇော်ခင်ဆီက အီးမေးလ်တွေ့လား"

"အင်း ... တွေ့တယ်၊ နောက်ထပ် နှစ်ခုလောက်ပါပဲ၊ ဘယ်တွေကလဲတော့ မသိဘူး"

"ထားလိုက်ပါ အရေးကြီးမယ် မထင်ပါဘူး၊ ဦးဇော်ခင် အီးမေးလ်ပဲ ဖွင့်လိုက်၊ ပြီးရင် ဖတ်ပြစမ်းပါ၊ ပုံတွဲရက်ပါလား၊ ဘာကို ဘယ်လိုပြင်မယ် ပြောထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးရွှေလွှာက ဦးဇော်ခင်ဆီမှ ဝင်ရောက်နေတဲ့ အီးမေးလ်ကိုဖွင့်ကာ သူ မြင်သလောက် နားလည်သလောက် ပဋ္ဌကို ပြောပြ ဖတ်ပြနေပါသည်။

ပိုးရဲ့ချစ်လှစွာသောခင်ပွန်း "ပဋ္ဌ"ဟာ အာခီတက်အင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး အိမ်ပုံစံဒီဇိုင်းများဆွဲခြင်း၊ အင်တီးရီးယားဒက်ကရေးရှင်း ပြုပြင်ဆင်ယင်ပေးခြင်း လုပ်ငန်းတစ်ခု ဖွင့်လှစ်တည်ထောင်ထားပါသည်။ အောင်မြင်မှုရနေတဲ့ လုပ်ငန်းတစ်ခုဖြစ်ကာ ဝင်ငွေလည်း ကောင်းလှသည်။ ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ပိုးကတော့ အမ်ဘီဘီအက်စ်ထက်ပို၍ ဘာဒီပလိုမာဘာဘွဲ့မှလဲ ထပ်မယူဖြစ်၊ အစောပိုင်းက အလုပ်ဝင်လိုက်သေးသော်လည်း သုံးနှစ်လောက်အကြာမှာ ကလေးလည်းတစ်ဖက်နှင့်မို့ ဝန်ထမ်းဘဝက ထွက်လိုက်ပါသည်။

ဆေးခန်းကလေးတော့ ဆေးပညာတွေ မမေ့လျော့ရုံသဘောလောက် ရက်ခြားသာ ထိုင်ဖြစ်ကာ မနက်ပိုင်းတွေမှာ အိမ်ရှင်မကြီး သက်သက်သာ။

"အိုကေ ... အိုကေ ရပြီ၊ ဒီလောက်ဆို သူပြင်စေချင်တာတွေ သိပြီ၊ သူလိုချင်တဲ့ပုံစံ သိပြီ၊ ရုံးက ဆာဗာက နက်ဖြန်လည်း ကောင်းပါ့ဦးမလား မသိပါဘူး၊ သူ ပြင်ချင်တာ နည်းနည်းပဲဆိုတော့ ဒါလေးပြန်ပြင်လိုက်ပြီးရင် အဆင်ပြေပြီပေါ့၊ အင်မတန်ချေးများတဲ့ လူကြီးက ဒီတစ်ခါတော့ သိပ်ချေးမများလို့ တော်ပါသေးရဲ့"





"ကဲ ... ဒါဆို ပြီးပြီလား ကို၊ ရပြီလား"

"အင်း ... ရပြီ၊ ကျေးဇူးပဲ မိန်းမ၊ ထွက်လိုက်တော့ ပိတ်လိုက်တော့၊ ကိုမြင့်တို့လည်း စောင့်နေကြရော့မယ်၊ မင်းကွန်ပရက်ဆာကို ပြင်မနေချင်တော့ဘူးဆိုလည်း ပြီးရော လေ ပြင်မနေနဲ့တော့ နက်ဖြန်သန်ဘက် ကိုယ်အားတဲ့ အချိန်လေး အသစ်ထွက်ဝယ်ပေးပါ့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒါဆို ပြီးရော သင့်ခ်ယူးပဲ ကိုရေ၊ ဖုန်းချလိုက်ပြီနော်"

ပိုးက ဖုန်းကိုပိတ်ပြီး ကို့ရဲ့မေးလ်အကောင့်ထဲက လောက့်အောက် (log out)လုပ်ဖို့ ပြင်လိုက်ပါသည်။ log out ကို နှိပ်ချတော့မည် ပြင်ပြီးကာမှ ဖွင့်မဖတ်ရသေးတဲ့ အသစ်ရောက်နေတဲ့ အီးမေးလ်တစ်ခုနံဘေးမှာ မြင်လိုက်ရတဲ့ ဆပ်ဘ်ဂျက်စာတန်းကလေးက "I'll come back soon"ဆိုတာကို တွေ့လိုက်ရတာမို့ စိတ်ဝင်စားသွားရပါသည်။

ချက်ချင်းပဲ လက်က အလိုအလျောက်ပင် ထိုအီးမေးလ်ကို Click လုပ်ကာ ဖွင့်လိုက်မိပါတော့သည်။

"ဟေး ...

မောင်ကြီး ...

တို့ပြန်လာတော့မယ် သိလား ... တွေ့ကြစို့ ...။

တသွင်သွင် ..."

.........



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ပိုးသည် ရင်ထဲ ဒိန်းခနဲနေအောင် မြည်ဟည်းသွားရကာ မျက်လုံးကလေးပါ ပြူးကျယ်ထွက်သွားရသည်။ ဘုရားရေ။ တသွင်သွင် ...။ ပြန်လာတော့မယ် ဆိုပါလား။ ဘာကိစ္စပြန်လာမှာလဲ။ ကြည့်စမ်း ...။ ဟေး ... မောင်ကြီးတဲ့။ အရင်ကအကျင့်တွေကို မပျောက်သေးဘူး။ ပါးစပ်က အလွယ်လေး လက်လွှတ်စပယ် မဆင်မခြင် ရှိလှတာ။ နောက်သလိုလို ပြောင်သလိုလို အတည်လိုလို။

ပိုးရဲ့ရင်ခုန်သံတို့ဟာ ဒုတ်ဒုတ် ဒုတ်ဒုတ်နှင့် ရင်ဘတ်ပါ မြောက်ကြွတက်လာအောင် ပြင်းဖွာတိုးခုန်နေတာမျိုးပင်။ လူက ကြက်သေ,သေတယ်ဆိုသလို ငူငိုင်ငိုင်ကြီး မလှုပ်မယှက် ဖြစ်သွားရတော့တာ။ တသွင်သွင် ရောက်လာမယ် ဆိုခြင်းကြောင့် ပိုးတို့လင်မယားအကြားမှာ ကောင်းစရာ တစ်ကွက်မှမရှိ။ ပြဿနာတွေတက်ဖို့သာ ဆင့်ကဲ ဆင့်ကဲ ရှိသည်။

ပိုးရွှေလွှာက ငိုတောင် ငိုချင်လာရပါသည်။

ဟိုးအရင်ကတည်းက ငယ်ငယ်ကတည်းက အဲဒီ တသွင်သွင်ကြောင့် ပိုး ဘယ်နှခါလောက်များတောင် ငိုခဲ့ဖူးသလဲ။ မျက်ရည်တွေသာ စုခံထားရင် ဘယ်လောက်များများတောင်ဖြစ်နေမလဲ မပြောနိုင်ပါ။ ဝမ်းနည်းရ နာကျင်ရ ပူလောင်ရ။ သူ့ဘက်က ရည်ရွယ်သည်ဖြစ်စေ မရည်ရွယ်သည်ဖြစ်စေ ဒုက္ခပေးလှတဲ့ တသွင်သွင်ပါ။





ခုပင် မျက်စိထဲ ပြန်မြင်ယောင်သည်။

ဖားဖားဝေဝေ နွယ်နွယ်ခက်ခက် အောက်ပိုင်းတစ်ဝက် ရေလှိုင်းလို တွန့်လိပ်ဝဲနေတဲ့ ဆံပင်ထူကြီးနှင့် ဘောင်ကွပ်ထားတဲ့ ဘဲဥပုံမျက်နှာကလေး။ ထိုမျက်နှာကလေးထဲမှာ ရှိရှိနေသမျှ ပစ္စည်းအားလုံးတို့ဟာ ငေးကြည့်ရလောက်အောင် လှပအချိုးကျပြီး စွဲမက်ဖို့လည်း ကောင်းနေသေးတာ။

ခုခေတ် မျက်တောင်တုတွေလို ရှည်လျားထူထဲကော့ညွတ်တဲ့ သူ့ရဲ့မျက်တောင်အစစ်ကြီးတွေဟာ ဝဲခနဲ ပင့်လှန်လာလိုက် ဝဲခနဲ စင်းကျပိတ်သိမ်းသွားလိုက်။

နောက်ကွယ်က ရင်တုန်သည်းဖိုစရာ မှော်ပြကွက်တွေ အမျိုးမျိုးကို ရေ့ကကာဆီးထားတဲ့ ကတ္တီပါခန်းဆီးစလို။ ဒီခန်းဆီးအဖွင့်အပိတ်ကိုပဲ ရင်တမမ အသက်မရှူရဲပဲ ငေးစောင့်မျှော်လင့်နေရတာမျိုး။

ယောကျ်ားသားတို့ကို ဖမ်းစားနိုင်လွန်းတဲ့မိန်းမ။ မထိတထိ အပြုံးညှို့ကလေးနှင့် နှုတ်ခမ်းထူထူရဲရဲကလေးကလည်း အသက်ရှူမှားလောက်တာ။ တစ်ခွန်းမို့ တစ်ခွန်းဆိုသလို စမ်းရေစီးသလို လွင်လွင်သာသာ တသွင်သွင်လေး ပြောလိုက်ရင် ဤစကားတို့ကို ဘယ်ယောကျ်ားသား ငြင်းဆန်နိုင်မှာမို့တုန်း။ ခေါင်းခါငြင်းနိုင်မည့်သူ မရှိရုံမက ခေါင်းညိတ်ခွင့်ရဖို့ ဖြည့်ဆည်းခွင့်ရဖို့ အလုအယက် ဆုတ်တက် ဗိုလ်လုနေကြရတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲမှာ အိမ်က ကိုပဒ္ဓတို့လည်း အပါ။ ကိုပဒ္ဓတင် ဘယ်ကပါ့မလဲ။ သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းလည်းဖြစ် အပြိုင်ယှဉ်ဆုံး ပြိုင်ဘက်လည်းဖြစ်သည့် "လမင်းဆွေ"သည် လည်း အပါအဝင်လေ။ ငယ်ငယ်ကတည်းက ပြိုင်လာကြတဲ့ ပဒ္ဓနှင့် လမင်းဆွေ ဆိုသည့် သူငယ်ချင်းနှစ်ယောက်ဟာ ပညာရေးလည်းပြိုင် အချစ်ရေးလည်းပြိုင် နောက်ပိုင်း လုပ်ငန်းခွင်မှာလည်းပြိုင် သေတဲ့အထိ တစ်ခုမဟုတ်တစ်ခု ပြိုင်သွားမယ့်သူနှစ်ယောက်။

သူတို့နှစ်ယောက် "တသွင်သွင်"အတွက် ပြိုင်ဘက်ဖြစ်ကြတဲ့အခါ နှစ်ဦးသား မုန်းတီးစိတ်ဝမ်းကွဲကြမလောက် ဖြစ်ခဲ့ဖူးပါသည်။ ဒါတွေကို ပိုးမွှေးလွှာ အားလုံးသိခဲ့သလို လမင်းဆွေရဲ့ဇနီး "သက်စုထွေး"လည်း တစ်ခုမကျန် သိသည်သာ။ ပိုးနှင့် သက်စုတို့ဟာ တသွင်သွင်နှင့် ပတ်သက်လာလျှင် ခံစားခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက် ကိုယ်စီရှိခဲ့ကြပါသည်။ တစ်ယောက် ရင်အနာ တစ်ယောက် သိကြပါသည်။

အဲဒီ … သက်စု …

အခု … တသွင်သွင် လာမှာကို သက်စု သိပြီးပြီလား။ မသိသေးဘူးလား။ သက်စုနှင့် မတွေ့ဖြစ်တာ တစ်လလောက်တောင်ရှိပြီ။

ပိုးသည် ပျာယာခတ်သွားကာ သက်စုထံ ဖုန်းခေါ်ဖို့ ဖုန်းကို နံပါတ်ရှာသည်။





"သမီးရေ … ပိုးရေ"

"ရှင် … မေမေ"

"လာပါဦး … ပဒ္ဓ လှမ်းခိုင်းတာ မပြီးသေးဘူးလား၊ ဒီမှာ ကိုမြင့်တို့က စောင့်နေကြတယ် အားနာစရာ"

ပိုးက ကွန်ပျူတာခန်းမှ ခေါင်းကလေး ပြူထွက်လိုက်ကာ ယောက္ခမကို ပြုံးပြုံးလေးလှမ်း၍ …

"ခဏလေး မေမေ၊ ပိုး လုပ်စရာလေးတွေ ရှိသေးလို့ပါ၊ ကိုမြင့်တို့ကို ပြောလိုက်ပါတော့နော်၊ မပြင်တော့ဘူးလို့၊ ကိုက အသစ်ပဲ ဝယ်တော့မယ်တဲ့၊ ဒီအဟောင်းကို သူတို့လိုချင်ရင် ကိုနဲ့ပဲ စကားပြောတော့လို့၊ နော် … မေမေ၊ ပြောပေးပါနော်၊ ပိုး အရေးကြီးတာလေးရှိလို့"

"အေး … အေး … ပြီးရော … ပြီးရော၊ အဲလိုပြောလိုက်မယ်၊ လုပ် … လုပ် … လုပ်စရာရှိတာလုပ်"

○ ❦ ○

သက်စုထွေးသည် အာဗင်ကိုဖွင့်ကာ ဆနွင်းမကင်းဗန်းကို ထုတ်ယူလိုက်ပါသည်။ ဗန်းကို စတီးအခုပြားလေးပေါ် တင်လိုက်သည်။ ဓားတစ်ချောင်းနှင့်တုံးရန် စိတ်ရန် ပြင်ဆဲတွင် ဖုန်းက မြည်လာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဖုန်းစကရင်ပေါ်မှာ ပေါ်နေတဲ့ အမည်က "ပိုး ..."။ ပိုးတစ်ယောက်ကတော့ သက်စုမို့ အလုပ်များနေပြီဆိုရင် ဖုန်းလာတာ ထုံးစံတောင် ဖြစ်နေပြီ။ သက်စုက စားပွဲပေါ်ရှိနေတဲ့ဖုန်းကို မကိုင်သေးဘဲ ဓားရှည်နှင့် ဆန္ဒင်းမကင်း ဗန်းကို အကွက်ညီညီလေးတွေ တုံးလိုက်ပါသည်။ ကျင့်သားရနေ၍ လက်ကငြိမ်ကာ အတုံးက တန်းပြီးညီနေပြီ။

"မမ ဒီဗန်းသေးက တုံးမှာလား"

"ဟင့်အင်း ... အဲဒီဗန်းအသေးက အော်ဒါဗန်း၊ ဗန်းလိုက်ပေးမှာ ဘာမှမလုပ်နဲ့ အညို"

စားပွဲရဲ့တစ်ဖက်စွန်းထိပ်မှာက ငှက်ပျောသီးပူတင်းတုံးတွေကို ရွှေစင်က ပလတ်စတစ်ဘူးအကြည်အပါးလေးတွေထဲ စနစ်တကျ ထည့်နေပါသည်။ စားပွဲပေါ်မှာရော နံဘေးက မီးဖိုချောင်တွင် ကျောက်ပြားစင် တကွေ့တတန်းလုံးမှာ မုန့်ဗန်းတွေက တန်းစီနေသည်။ ဒါဟာ သက်စုထွေးရဲ့ အိမ်တွင်းစီးပွားရေး ဖြစ်ပါသည်။

ငှက်ပျောပူတင်း၊ ငှက်ပျောဆနွင်းမကင်း၊ အားလူးဆနွင်းမကင်း၊ ရွှေခြည်ဆနွင်းမကင်း၊ ပူတင်း flavour မျိုးစုံ ကျောက်ကျောများ။ သက်စုထွေးရဲ့ မြန်မာ့ရိုးရာမုန့်များကို ဖောက်သည်ယူထားတဲ့ ရုပါမားကက်များ၊ ဆိုင်များဆီသို့ "ငွေလမင်း" ဘဲဆိပ်နှင့် ဖြန့်ချိပါသည်။ အိမ်တွင်း တစ်နိုင်စီးပွားရေးဖြစ်သော်လည်း ဝင်ငွေကတော့ အတော်မက်လောက်ပါသည်။





"မမ ... ဖုန်းက လာပြန်ပြီ"

ခုနက ဆက်တိုက်မြည်ပြီး မကိုင်လိုက်လို့ ခေါ်သံရပ်သွားတဲ့ဖုန်းက ထပ်မြည်လာပြန်ပြီ။ ကြည့်လိုက်တော့ ပိုးပါပဲ။ အတုံး,တုံးနေတာ ပြီးသွားပြီမို့ သက်စုက လက်မှာစွပ်ထားတဲ့ အပူခံအဝတ်လက်အိတ်ထူကြီးကို ချွတ်လိုက်ကာ ဖုန်းကို ကမန်းကတန်း ကိုင်လိုက်ရသည်။

"ကဲ ... ပြော ... ပြော ... ပိုး ..."

"နင် ဘာလုပ်နေလဲ သက်စု၊ ခေါ်နေတာ ကြာပြီ"

"ငါ မုန့်တုံးလက်စ လှီးလက်စ ဖြစ်နေလို့ပါဟယ်"

"နင့်မုန့်ကို အသာထား၊ အရေးကြီးတယ်"

"အမယ် ... ငါ့အတွက်တော့ ငါ့မုန့်က အရေးအကြီးပဲ မိပိုးမ၊ ခုခဏနေရင် အိမ်က ထွက်ရတော့မှာ၊ ဆိုင်တွေ ပို့တော့မှာ၊ နင် ပြောစရာရှိတာ မြန်မြန်ပြော"

"သက်စု ... နင့်ကို လမင်း ဘာပြောသေးလဲ"

"ဘာကို ပြောတာလဲ၊ ဘာပြောရမှာလဲ"

"ထူးထူးခြားခြား ဘာမှ မပြောဘူးလား"

"ဟင့်အင်း ..."

"ဒါဖြင့် ညနေကျမှများ ပြောမလား၊ စာက ဒီနေ့မှပို့တာ ဆိုတော့၊ အင်းလေ ... ပြောချင်မှလည်း ပြောမှာပါ၊ ငါတောင် ငါ့ဘာသာ သိခွင့်ရလိုက်လို့"

"နင် ဘာတွေပြောနေတာလဲ၊ ရှင်းရှင်းလင်းလင်း ပြောဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ယောက်ျားဆီကို ဒီနေ့ အီးမေးလ်တစ်စောင် လာလိမ့်မယ် သိလား၊ ပဋ္ဌဆီကိုလည်း ဒီနေ့ပဲ လာတယ်"

"ဘာအီးမေးလ်လဲ"

"နှင် လန့်ပြီး အသက်ထွက်မသွားနဲ့ဦး၊ အီးမေးလ်က တသွင်သွင်ဆီက"

"ဘာ"

"အေး ... ပဋ္ဌဆီ ရောက်လာတဲ့ တသွင့် အီးမေးလ်ကို ခုန လေးတင်ပဲ ငါဖတ်ရတယ်၊ ငါဖတ်ရတယ် ဆိုတာက လည်း..."

ပိုးက အဖြစ်အပျက်ကို သက်စုကို ရှင်းအောင်ပြော ပြလိုက်ပါသည်။ သူပြောနေသမျှတောက်လျှောက် စကားတစ်လုံးမှ မထောက်ဘဲ တိတ်ပြီးနားထောင်နေသော သက်စုသည် ပိုးစကား ပြီးဆုံးသွားသည့်တိုင်လည်း တိတ်နေဆဲ။ ဘာသံမှ ထွက်မလာ။

"ဟဲ့ ... သက်စု"

"ဟင် ... ၊ ဟင် ... ပိုး ... အင်း ... အင်း"

"အဲသလောက်လည်း သေငယ်ဇော မျောမသွားပါနဲ့ဟယ်၊ နှင် အိုကေရဲ့လား၊ နှလုံးရောဂါတွေ ဘာတွေ ရနေဦးမယ်"

"ငါ နှလုံးတွေ တအားခုန်နေပြီ ဒုန်းဒိုင်းနဲ့ နေတာပဲ ပိုး"

"အေး ... ငါလည်း ဖတ်ဖတ်ချင်း အဲဒီအတိုင်းပဲ၊ ငါက ငါ့မျက်စိနဲ့မြင်ပြီး ဖတ်ရတာ ပိုတောင်ဆိုးတယ်၊ ကြောက် တောင် ကြောက်တယ်"





"သူ ... သူက ဘာလာလုပ်မှာလဲ၊ ဘာကိစ္စလဲ ဘာညာ ရေးမထားဘူးလား"

"မရေးထားဘူး၊ ရက်အတိအကျလည်း မပါဘူး၊ ဒါပေမဲ့ လာတော့မှာတော့ သေချာတယ်၊ လမင်းဆွေဆီလည်း သူ ဒီအတိုင်း အီးမေးလ်ပို့မှာပဲ သေချာတယ်"

"သူ ငါ့ကို ပြောပြမယ် မထင်ပါဘူး"

"အေး ... ငါသာ ငါ့ဘာသာ မမြင်လိုက်ရင် ပဋ္ဌလည်း ပြောပြမယ် မထင်ပါဘူး"

"နှင် အဲဒီအီးမေးလ်ကို ဖျက်ပစ်လိုက်လေ၊ ပဋ္ဌ မမြင်စေ နဲ့လေ"

"ဩော် ... ဘာထူးမှာလဲ သက်စုရယ်၊ နောက်ထပ်မရေး တော့ဘဲ နေမယ်တဲ့လား၊ မရေးရင်ကော ရောက်လာတော့ လာမတွေ့ဘဲ နေမယ်တဲ့လား၊ ငါ့မှာ စာကိုဖျောက်ဖျက်မှု နဲ့ မသမာတဲ့ နာမည်သက်သက်ပျက်ရုံ အဖတ်တင်ရဦး မယ်၊ ဒီအီးမေးလ်ကို ဖျက်ပစ်လို့ သူတို့ချင်း မတွေ့ကြ တော့ဘူး ဆိုရင်တော့ ငါဖျက်ပစ်မှာ သေချာလိုက်တာမှ၊ အခုတော့ ရင်တွေလေး ရင်တွေပူပြီး စိတ်တွေညစ်နေပြီ၊ အဲဒါကြောင့် နှင့်ကို ကြိုသိထားရအောင် ငါလှမ်းပြောတာ၊ ငါတို့ ဘာမှလုပ်လို့ မရဘူး သက်စု၊ သူ ရောက်လာမှာ ကို လက်ခံရင်ဆိုင်ရုံမှာပဲ၊ ဒါပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် တသွင်လာရင် လုံးဝမတွေ့ရဘူးလို့ ပဥ္စကို ပြောပါလားဟင်၊ နင် ပြောမယ်ဆိုရင် ငါလည်း လမင်းကိုပြောရဲတယ်၊ မိန်းမတွေ နှစ်ယောက်လုံးက တားမြစ်ကြတယ်ဆိုရင် သူတို့လည်း စဉ်းစားစရာတော့ ဖြစ်မယ်ထင်တယ်"

"နင် ထင်လား၊ ငါတော့ မထင်ပါဘူး၊ မဖြစ်မနေ တွေ့ကြမှာပဲ၊ ငါတို့ တားနေရင် စကားအဖတ်တင်ရုံပဲ၊ ငါတို့တောင် ရိုးလ်ကျသေးတယ်၊ တကယ်တော့ ငါတို့နှစ်ယောက်က သူတို့ဇနီးတွေလေ၊ ကိုယ့်နေရာနဲ့ ကိုယ်လေ၊ ဘာပဲဖြစ်ဖြစ် တသွင်သွင်ကလည်း သူတို့နဲ့ငယ်ပေါင်းငယ်ကျွမ်းဆွေပဲ မဟုတ်လား၊ သူတို့ကို တသွင်သွင်နဲ့သွားမတွေ့ရဘူးလို့ တားလိုက်ကာမှ သူတို့သိက္ခာကို စော်ကားရာ ကျသွားမှာမျိုးလည်း ဖြစ်သွားနိုင်သေးတယ်"

"အေး ... ဟုတ်တယ်၊ စိတ်ညစ်လိုက်တာဟာ"

"ငါလည်း ညစ်တာပဲ"

"ဒါပေမဲ့ ပိုးရယ်၊ ငါတို့ကိုတော့ သူတို့ ပစ်မသွားလောက်ပါဘူးဟာ"

"ပစ်တော့ ဘယ်ပစ်သွားပါ့မလဲဟဲ့၊ တသွင်သွင် ရောက်လာရင် သူတို့ နှလုံးတုန် ရင်ခုန် ယောက်ယက်တွေခတ်ပြီး ဆတ်စလူး နတ်ပူး ဖြစ်နေမှာကို အမြင်ကတ်တာလေ၊ ဖြစ်ကို ဖြစ်ကြမှာ"





"အေး ... သူတို့ ပြန်ပြီးတသသ ဖြစ်ကြမှာ၊ ဒဏ်ရာဟောင်းတွေ အသစ်ဖြစ်ကြမှာ၊ အတိတ်ကို လွမ်းမောတမ်းတကြမှာ၊ ဟိုအရင်လိုပဲ အမြီးလေးနန့်နန့် သရေလေးတများများနဲ့ ခယနေကြမှာကိုလည်း အသည်းယားတာလေ၊ ငါတို့အပေါ်ဆို သူတို့ ဘယ်တုန်းက အဲ့လောက်ခယလို့လဲ၊ ငါတို့ဘာလုပ်လုပ် သူတို့ ဘယ်တုန်းက အရှုံးတစ်ပိုင်း ခံစားရလို့လဲ၊ ဒါတွေ ပြန်မြင်ရမှာ သိပ်ရင်နာတာပဲ"

"အေးဟာ ...၊ ဒါတွေ လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်က ပြီးဆုံးသွားပြီထင်တာ၊ ငါတို့ နောက်ထပ် ရင်နာစရာ မခံချိမခံသာဖြစ်ရာ အသည်းတဆတ်ဆတ်ခါစရာတွေ နောက်တစ်သက်လုံး မကြုံရတော့ဘူးလို့ စိတ်အေးနေတာဟာ"

"သူ အပြီးပြန်လာတာတော့ မဟုတ်ပါဘူးနော်"

"ဘာဆို ဘာမှ မသိဘူး၊ ဘာမှမပါဘူး၊ စာက တိုတိုလေးရယ်၊ မောင်ကြီးလို့တောင် ပြန်ခေါ်လိုက်သေးတယ်၊ လမင်းဆိုပို့တဲ့ အီးမေးလ်ထဲလည်း လမင်းကို အရင်လိုပဲ မောင်တော်လို့ ခေါ်ဦးမှာပဲ သေချာတယ်"

"တောက် ... ငါ ဒီနေ့ စိတ်ခါတ်ကျသွားပြီ ပိုးရာ"

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



(၂)

လမင်းဆွေသည် ထိုင်ရာက ထရပ်လိုက်၊ ရုံးခန်းတွင်းမှာ ဟိုဟိုဒီဒီပတ်လျှောက်လိုက်၊ ပြတင်းမှန်ကျယ်ကျယ်ကြီးမှ အပြင်ဘက်ကို တခဏ ရပ်ငေးကြည့်လိုက်၊ ဆုံလည်ကုလားထိုင်မှာ လာပြန်ဝင်ထိုင်လိုက်၊ ဖွင့်ထားလက်စ အီးမေးလ်ကို တစ်ခါပြန်ကြည့်လိုက်၊ ဖိုင်တွေ ဟိုရွှေ့ဒီရွှေ့ ထပ်လိုက်၊ ထိုင်ရာမှထ,ရပ် ပတ်လျှောက်လိုက်နှင့် စိတ်တွေ ဂနာမငြိမ် ယောက်ယက်ခတ်နေသည်။

မှန်ပြတင်းနား တစ်ကြိမ်ရပ်ကာ အပြင်ဘက်သို့ လက်ပိုက်ငေးကြည့်နေရာက စိတ်ထဲမှာ ကလိ ကလိ ဖြစ်လာပါသည်။ ပဋ္ဌ ...။ ဒီကောင် ဘာကြောင့် ဖုန်းမဆက်ပါလိမ့်။ ကိုယ်တိုင်ကတော့ ပဋ္ဌဆီ ဖုန်းခေါ်လိုက်ဖို့ကို သုံးကြိမ်ထက်မနည်း စဉ်းစားပြီးပြီ။ သို့ပေမဲ့ ဟိုကောင်တောင် ငြိမ်သက်နေတာ ငါက စိတ်လှုပ်ရှားသလို ဖြစ်ပြနေလို့ ကောင်းပါ့မလားဆိုတဲ့ ဆင်ခြင်မှု





နှင့် အတွေးကို ဖျက်ပစ်လိုက်ပြီး ဖုန်းမဆက်ဖြစ်အောင် ထိန်းနေတာ။

ထိန်းရင်း ထိန်းရင်းက စိတ်က ပိုပြီးကလိကလိ ဖြစ်လာပါသည်။ ဘာကြောင့် ဟိုကောင် ဒီလောက်တည်ငြိမ်ရတာလဲ။

ဒီကိစ္စဟာ ဟိုကောင့်အတွက် တည်တည်ငြိမ်ငြိမ်နေနိုင်စရာကိစ္စ မဟုတ်တာ လမင်းဆွေ အသိဆုံးပေါ့။ ဟိုကောင်ဟာ ကိုယ့်ထက်တောင် ပိုပျာယာခတ်တတ်ခဲ့သူပဲ။ နှစ်တွေကြာသွားလို့ ဟန်ဆောင်နိုင်လာတာများလား။

ဒါဖြင့် ကိုယ်တိုင်ကရော ဒီလောက် နှစ်တွေကြာတာကို ဘာကြောင့် ဟန်မဆောင်နိုင်သေးဘဲ ဖြစ်နေရပါလိမ့်။ ကိုယ်က ပိုခွဲလမ်းခံစားခဲ့ရလို့ ဖြစ်မှာပေါ့။ ဟုတ်တယ်။ ဟိုးငယ်ငယ်ကတည်းက တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံ ငြင်းခုန်ခဲ့ရတဲ့ အချက်ပဲလေ။ သူ ပိုချစ်တယ်၊ ငါပိုချစ်တယ်၊ သူပိုခွဲလမ်းတယ်၊ ငါပိုအသည်းကျွမ်းတယ်နှင့် ငြင်းခုန်ရန်ဖြစ်လို့ မဆုံးနိုင်အောင် ရှိခဲ့တာ။

ကိုယ့်အချစ်က ပိုတာချည်းသာ ဖြစ်ချင်ခဲ့တာ နှစ်ယောက်လုံးပင်။ တသွင်သွင့် အမြင်မှာ အသိစိတ်မှာ ကိုယ်ကပိုချစ်ပါတယ် ဆိုတာကို လက်ခံယုံကြည်နိုင်အောင် ယှဉ်ခဲ့ပြိုင်ဆိုင်ခဲ့ရတာလည်း လှရောစိတ်ပါ တပင်တပန်း။ ကိုယ့်ရူးသွပ်မှုကို အချင်းချင်းလည်း ပြခဲ့သည်။ နှစ်ပေါင်းများစွာလေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကြည့်စမ်း။ ဒီတစ်သက် ကိုယ်တွေသာ အလည်ရောက်မသွားရင် ပြန်ဆုံစရာမရှိတော့လို့ ထင်ထားခဲ့တဲ့ တသွင်သွင်က ကိုယ်တွေဆီကို အရောက်လာပြီး ပြန်လည်ဆုံစည်းရတော့မယ့်ကိစ္စ။ ဒါကို ဟိုကောင် ပဋ္ဌ ... အေးအေးဆေးဆေး လက်ခံရင်ဆိုင်နိုင်စွမ်းရှိမယ် မထင်ရေးချ မထင်ပါဘူး။

တသွင်သွင် ... ပဋ္ဌထံမျှား သတင်းမပို့လို့လား။

ဒါဟာလည်း တစ်ရာ,ရာခိုင်နှုန်း မဖြစ်နိုင်တဲ့ကိစ္စ။ တသွင်သွင်ဟာ ဒီကနေ ထွက်သွားခဲ့တဲ့ အချိန်အထိ ပဋ္ဌနှင့် လမင်းဆွေ အပေါ် ဘယ်တစ်ယောက်ကိုမှ နှမ်းတစ်စေ့စာ ပိုပုံမပြခဲ့တာပဲ။ တန်းတူဆင်တူ ဆက်ဆံလွန်းလို့ကိုပဲ နှစ်ယောက်လုံး ကြိတ်မနိုင်ခဲမရ ဆတ်ဆတ်တွန့် နေကြရတာ မဟုတ်လား။ ခုလည်းပဲ ကိုယ့်ထံတောင် အီးမေးလ်ဝင်လာလျှင် ဟိုကောင်ထံကိုလည်း ဒီအီးမေးလ်မျိုး ဝင်ကိုဝင်မှာ သေချာပါသည်။

ပဋ္ဌ ...

မင်း ဘာကြောင့် ငြိမ်နေတာလဲ။

သွေးရိုးသားရိုးတော့ မဖြစ်နိုင်။ ဘာတွေဟန်ဆောင်ပြီး ဘာတွေ ဉာဏ်နီဉာဏ်နက် ထုတ်နေသလဲမှ မသိတာ။ ဉာဏ်နီဉာဏ်နက် အရာမှာတော့ ဒီကောင် ပဋ္ဌက လမင်းဆွေထက် မသိမသာ နှာတစ်ဖျားသာခဲ့တာ မဟုတ်လား။ တသွင်သွင်နှင့် ပတ်သက်လျှင် အဲဒီကောင် တစ်ကိုယ်လုံး ကလိမ်ကကျစ်ချည်းပဲဟာ။





ခုလို ... တသွင်သွင် ပြန်လာမှာ သိလျက်နှင့် ငြိမ်သက်တိတ်ဆိတ်ပြီး ဘာသံမှမထွက်၊ ဘာအဆက်အသွယ်မှပြုမလာပုံထောက်ရင် ဒီကောင် တစ်ခုခုတော့ ကလိမ်ကကျစ်ကြံစည်နေလို့ပဲ။ သွေးရိုးသားရိုးနဲ့တော့ ဒီကောင် ငြိမ်သက်မနေနိုင်စွမ်းတာ လမင်းဆွေ သိပါသည်။ ဒီတော့ ကိုယ့်ဘက်က စတင်ပျာယာခတ် စိတ်လှုပ်ရှားနေပုံ မပြချင်လို့ လမင်းဆွေက ပဋ္ဌထံ မဆက်သွယ်ဘူးဆိုလျှင် ဒီကောင် ပဋ္ဌကို ကြိုက်သလို ကလိမ်ကကျစ်ဉာဏ်ထုတ်ဖို့ အချိန်တွေ ပေးထားသလိုသာ ဖြစ်သွားလိမ့်မည်။

ဒီအခွင့်အရေးပေးလို့ မဖြစ်ဘူး။ လမင်းဆွေက ယတိပြတ် ဆုံးဖြတ်လိုက်ကာ စားပွဲပေါ်က ဖုန်းကိုလှမ်းယူကောက်နှိပ်လိုက်ပါသည်။ ဟိုတစ်ဖက်က တော်တော်နှင့် ကောက်မကိုင်ပါ။ တောက် ... ဒီကောင် တမင်သက်သက် အထာလုပ်ပြနေတာ။ ဒီကောင့်အကျင့် ဒီလိုချည်းပဲ။

လမင်းဆွေက နောက်တစ်ကြိမ် ထပ်နှိပ်ခေါ်လိုက်ပါသည်။ ဒီတစ်ခါတော့ တစ်ဖက်မှာ သုံးလေးချက်မြည်ပြီးလျှင်...

"ဟယ်လို ... ဟေ့ကောင် ဘာတုံး"

"မင်းက မအားဘူးပေါ့ ... ဟုတ်လား"

"ခုန ဧည့်သည်တစ်ယောက် အပြန်ကို နှုတ်ဆက်နေလို့ပါကွ၊ မင်းဖုန်းမှန်း ငါ သိပါတယ်၊ ဧည့်သည်ပြန်ရင် ပြန်ဆက်မလို့ပါ၊ အခု ဖုန်းက နောက်တစ်ခေါက် ထပ်မြည်



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ညှိသည်က မြန်မြန်ထွက်သွားတာနဲ့ ငါကိုင်လိုက်တာ၊ မင်းကတော့ စ,တာနဲ့ လာပြီ ... ခနဲ့ဖို့"

"မခနဲ့ပါဘူး ပဋ္ဌရာ၊ ခနဲ့နေ ရွဲ့နေရမယ့် အရွယ်လားကွာ၊ ငါတို့တွေ လူကြီး ဖြစ်နေပြီပဲဟာ"

"ဟား ဟား ... အဲဒီလေသံကြီးကိုက နော်မယ်လိမဟုတ်ဘူးလားလို့၊ ပြော ဟေ့ကောင်၊ အကြောင်းထူး ရှိလား"

"မင်းရော အကြောင်းထူး မရှိဘူးလား"

"ဒီလိုပါပဲကွာ ... နေ့စဉ်နဲ့အမျှကတော့ ထူးတယ်ပြောလည်းရ၊ မထူးဘူးပြောလည်း ရတာတွေချည်းပေါ့"

တွေ့လား ... ဒီကောင် စကားကို လည်သလို ကွေ့ပတ်ပြောနေပြီ။

"အဲဒီထဲကမှ ဒီနေ့ ဘာမှ ထူးထူးခြားခြား မရှိဘူးလား"

"ဒီနေ့ ! ... နေပါဦး မင်းမှာ ဒီနေ့ တစ်ခုခုထူးလို့လား"

"ငါ့ကို ပြန်မေးမနေနဲ့လေ၊ ငါက မင်းကို မေးနေတာ"

"မေးမနေပါနဲ့ လမင်းရာ၊ မင်း ပြောစရာရှိတာ တစ်ခါတည်း တဲ့ပြောလိုက်ပေါ့ကွ၊ ဘာများ ဝေ့ပတ်နေတာလဲ"

ပဋ္ဌအသံက ပုံမှန်ပင် မြူးမြူးရွှင်ရွှင် တက်တက်ကြွကြွ။ အီးမေးလ်ဖတ်ထားရလို့ပဲ မြူးရွှင်နေတာလား ပုံမှန်ဘာမှ မဟုတ်ဘဲ နဂိုနေလား။

"မင်း ငါ့ကို စကားလေး ဘာလေး ပြောစရာ မရှိဘူးလား ပဋ္ဌ"





"ဟာ ... ရှိတာပေါ့ကွ၊ ငါတို့ မတွေ့ဖြစ်တာတောင်ကြာနေပြီဟာ၊ တစ်လလောက်တောင် ရှိမလား မသိဘူးနော်ဟေ့ကောင်၊ ဒီကြားထဲ ပြောစရာတွေတော့ အများကြီးပေါ့ကွာ၊ နေပါဦး ... မင်း တစ်ခုခု ဖြစ်နေသလိုပဲ၊ မင်းဘာဖြစ်လဲ ဟေ့ကောင်၊ ဘာပြဿနာရှိလဲ"

"ပြဿနာရှိစရာလားကွ၊ ဘာမှ မရှိဘူး၊ မင်းပြောသလိုပဲ ငါတို့ မတွေ့တာ ကြာပြီ၊ ဒီညနေ တွေ့ကြရအောင်၊ ဘီယာသောက်မလား"

"ဘီယာ ... အင်း ... မဆိုးပါဘူး၊ ငါတောင် ခုပဲ ရုံးဆင်းတော့မှာ၊ ပိုးကို လှမ်းပြောလိုက်ရင် ကောင်းမယ်ထင်တယ်"

"ပြောမနေပါနဲ့တော့ကွာ၊ တော်ကြာ ဟိုကိစ္စရှိလို့ ဒီကိစ္စရှိလို့ နောက်နေ့မှသွား ဖြစ်နေဦးမယ်၊ ငါလည်း သက်စုကို မပြောတော့ဘူး၊ သူတို့ဘာသာ နောက်ကျနေမှ ဆက်ပစေ"

"ပြီးရောလေ ... ဒါဆို ငါ ဘယ်ကိုထွက်လာရမလဲ"

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စက ရှေ့မှာထိုင်နေတဲ့ လမင်းဆွေကို အကဲခတ်ကြည့်မိသည်။ လမင်းဆွေ ဆိုတဲ့နာမည်နှင့် လိုက်ဖက်အောင်ပင် သူ့မျက်နှာက လမင်းကြီးနှယ် ဝင်းဝင်းပပ ဖြူဖြူစင်စင် ရှိလှပါသည်။ အသားက ဖြူလွန်းတော့ လက်ချောင်းလက်သည်းတွေများဆိုလျှင် သွေးခြေများ ဥနေသလား ထင်ရအောင်ကို ထိပ်ကလေးတွေ ရဲနေတာ။ ခပ်စင်းစင်းဖြောင့်ဖြောင့် ဆံပင်ကို ဒီကောင်ငယ်စဉ်ကတော့ ကုပ်ထောက်တဲ့အထိ ရှည်ဝဲဝဲလေး ထားခဲ့သည်။

လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်၊ နှစ်,နှစ်ဆယ်က ခုခေတ်လို ကိုရီးယားမင်းသား မင်းသမီးတွေ ခေတ်မစားသေးလို့ပင်။ ခေတ်သာစားခဲ့ရင် လမင်းဆွေ တစ်ယောက် ကိုရီးယားမင်းသားလေးလိုပဲ ဆိုတဲ့ ချီးမွမ်းနှစ်သက်မှုမျိုး ခံယူရပေဦးမည်။ အင်း... ခုလည်းပဲ သုံးဆယ့်ငါးနှစ်ဆိုတဲ့ အသက်အရွယ်ဟာ ဒီခေတ်မှာ အလွန်ကြီးရင့်နေတာမှ မဟုတ်တာ။ သူ့အသက်နဲ့သူ ကြည့်ကောင်းနေသေးတာပင်။

"ဟော့ကောင် ... ရော့ ... မင်းကြိုက်တာ မှာဦး"

"မင်းမှာလိုက်ရင် ပြီးတာပဲလေ"

"မင်းက ချဉ်ငန်စပ်တွေနဲ့မှ အာထိတာဆို၊ ငါက အရသာချိုဖျော့ဖျော့တွေပဲ မှာထားတာလေ၊ မင်းကြိုက်တာ ထပ်မှာလိုက်ပါ ... ရော့"





ပဥ္စက လမင်းဆွေ လှမ်းပေးသော မီနူးစာအုပ်ကိုယူ၍ ဟိုဟိုဒီဒီ လှန်ကြည့်လိုက်ပါသည်။ စာအုပ်ကိုလှန်နေတဲ့ ပဥ္စရဲ့ စတိုင်ကျကျ ဟန်ပန်ကို လမင်းဆွေက အကဲခတ်သည်။

ဒီကောင်ကတော့ ကိုယ်တိုင် ကိုယ့်လုပ်ငန်းနဲ့ကိုယ် လူကြီးပိုင်း ဝင်နေတာတောင် ရင်ဘတ်ကြယ်သီးတွေ နှစ်လုံးဖြုတ်ထားတုန်း။ ကိုယ့်အလုပ်ခွင် ကိုယ့်အဆင့်နဲ့အလိုက် စတိုင်ပဲန်လိုမျိုးကို မဝတ်ဘဲ ဂျင်းဘောင်းဘီသာ ခုထိဝတ်တုန်း။ သူ့ရဲ့ထောင်ဖွာဖွာ ဆံပင်တွေဟာ နဖူးပေါ် ရှုပ်ယှက်ခတ်တုန်း။

အသားညိုညို မျက်ခုံးမည်းမည်းကြီးနှင့် မေးရိုးအကျအင်မတန်လှတဲ့ ပဥ္စဟာ သူ့ထက် ဖျတ်လတ်ပုံလည်း အမြဲထာဝစဉ်ပေါက်နေတတ်သည်။ ဒီကောင် အသက်သာကြီးလာတယ် လက်ပတ်နာရီ ပတ်ထားတဲ့ဖက်မှာပဲ နိုင်းတူးဖိုက်လက်ကောက်ထူကြီးမျိုးကို မက်မက်မောမော တတွဲတည်း ဝတ်ဆင်တတ်တုန်း။

ငယ်ငယ်က သူတို့ဆုံတွေ့ကြတိုင်း တသွင်သွင်ဟာ ပဥ္စကို ...

"ဟား ... မောင်ကြီးကတော့ မိုက်တယ်ကွာ"လို့ ချီးမွမ်းထောပနာတတ်သလောက် သူ့ကိုတော့ "မောင်တော် ... နင်ကတော့လေ ရိုးချည်းပဲ"တဲ့။ ပဥ္စရဲ့ဒီဇိုင်းကို တသွင်သွင်ပိုပြီးနှစ်ခြိုက်လေသလားလို့ တွေးမိလျှင် ပဥ္စရဲ့ဝတ်စားဆင်ပြင်ပုံမျိုး သူလည်း လိုက်ဝတ်မလား စိတ်ကူးခဲ့ပေမယ့် သူနဲ့ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ဖက် မအပ်စပ်ကာ သူ့ပုံစံက ရှင်းရှင်းသန့်သန့် ဆင်ယင်မှသာလျှင် လင်းလက်တောက်ပြောင် အရောင်ထွက်တာမို့ သူ့အသွင်ကို ပြုပြင်ပြောင်းလဲဖို့ သူ စိတ်ကူးလို့မရခဲ့။

"ဟော့ကောင် ... မင်း ငါ့ကို ဘာကြည့်နေတာလဲ ... အဟက်ဟက်"

သူ့အတွက် ပူချဉ်နေ်စပ် ဟင်းပွဲမျိုး မှာလိုက်တဲ့ ပဒ္ဒက လမင်းဆွေကို လှမ်းမေးလိုက်ပါသည်။

"ဒီလိုပါပဲကွာ၊ ငယ်ငယ်တုန်းက မင်းပုံစံနဲ့ ခုလောလောဆယ် မင်းပုံစံကိုတွေးပြီး ယှဉ်ကြည့်နေတာပါ၊ မင်းဘာမှ မပြောင်းလဲဘူးလို့"

"မင်းကော ပြောင်းလဲလို့လား၊ အရင်ရော ခုရော ဒီလိုပါပဲ၊ ဝန်ခံရမယ်ဆိုရင် ဟိုးငယ်ငယ်ကတည်းကနေ ခုထိ မင်းကို ငါ မနာလိုရတာ တစ်ချက်တော့ ရှိတယ်"

"ဘာလဲကွ"

လမင်းဆွေက ရယ်ဟဟ မေးမိသည်။

"မင်းဆိုတဲ့ကောင် ချွေးကော ထွက်တတ်ရဲ့လားလို့လေ... ခစ် ခစ်"

"ဒါဆို ... ငါကလည်း မင်းကို မနာလိုတာ တစ်ချက်တော့ ရှိတယ်"

"ဘာတုန်း"

"မင်းက စိတ်ညစ် စိတ်ဓာတ်ကျတတ်ရဲ့လားလို့"





ပဒ္ဒက လမင်းဆွေကို မျက်ခုံးပင့်၍ ကြည့်လိုက်ကာ ...

"ဟော့ကောင် ... ဘာလဲ၊ မင်း အခု တစ်ခုခု ဖြစ်နေလား၊ စိတ်ညစ်စရာ တစ်ခုခုများ ရှိနေသလား ဟော့ကောင်"

"ဘာမှ စိတ်ညစ်စရာ မရှိပါဘူး ဆိုမှကွာ"

"တကယ်နော်၊ မင်း ဒီနေ့ ခါတိုင်းလို ကြိုကြိုတင်တင် ချိန်းတာမျိုး မဟုတ်ဘဲ ရုတ်တရက် ချက်ချင်းတွေ့ဖို့ ချိန်းတာလည်း ဖြစ်နေတော့ မင်းမှာ ကိစ္စတစ်ခုခုတော့ ရှိလိမ့်မယ်လို့ ထင်တယ်၊ တစ်ခုခုများ ဖြစ်နေလားလို့ပါ"

လမင်းဆွေက ပဒ္ဒကို စူးစူးစိုက်စိုက် ကြည့်လိုက်ပါသည်။ ဒီကောင် တကယ်ပဲ ဘယ်လိုမှကို လှုပ်လှုပ်ရှားရှား မဖြစ်တာလား။ တသွင်သွင်က ကိုယ့်ထံသာ အကြောင်းကြားပြီး ပဒ္ဒထံ အကြောင်းမကြားဘဲ နေလိမ့်မယ် မထင်ပါ။

တသွင်သွင်ဟာ ပဒ္ဒနှင့် လမင်းဆွေ နှစ်ယောက်အကြားမှာ ဘယ်သူ့အပေါ် ပိုတယ်လို့ ဘယ်လိုမှ သဲလွန်စရှာ မရအောင် သာတူညီမျှရုံရှိလွန်းတဲ့သူ မဟုတ်လား။ အဲဒီအတွက်ကြောင့်ပဲ မွေးကတည်းကနီးပါး ပေါင်းသင်းခင်မင်လာသော သူတို့သူငယ်ချင်း အရင်းအချာ နှစ်ယောက်ကြားမှာ မနာလိုမှုတွေ ပြိုင်ဆိုင်မှုတွေ တစ်ဦးအပေါ်တစ်ဦး မကြည်လင်မှုတွေ ရှိခဲ့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ဟာ ချစ်လည်း အင်မတန်ချစ်ကြတဲ့ သူငယ်ချင်းတွေ။ တသွင်သွင်နှင့် ပတ်သက်လျှင် တစ်ဦးအပေါ် တစ်ဦး အမြင်လည်းကတ် အချဉ်လည်းပေါက် မရှုစိမ့် မနှာလို အနိုင်မခံ အရှုံးမပေးကျင့်လည်း စွဲမြဲခဲ့ကြရတဲ့ သူငယ်ချင်းတွေ။

"အေး ... ငါ တစ်ခုခု ဖြစ်နေသလား ဆိုရင်တော့ ဖြစ်နေတယ်ပဲ ရှင်းရှင်းပြောတော့မယ်၊ ဘာဖြစ်နေတာလဲဆိုတော့ မင်းကို အံ့သြနေတာ"

"ငါ့ကို ! ... ငါက ဘာဖြစ်နေလို့လဲ"

"မင်းက ဘာမှမဖြစ်သလို ဘာမှထူးခြားသလို ဖြစ်နေလို့"

"ငါက ဘာဖြစ်ရမှာလဲ၊ ဘာမှ ထူးထူးခြားခြားမှ မရှိတာ၊ ကဲပါကွာ ... လမင်းရာ၊ ရှင်းရှင်းပြောစမ်းပါ၊ ငါထူးခြားခန့်ပေါက်နေရမယ့် အကြောင်းက ဘာလဲ၊ ဘာကိစ္စရှိနေသလဲ"

လမင်းဆွေသည် ပကတိ ဣန္ဒြေရနေတဲ့ ပဥ္စရုပ်ကို ကြည့်ကာ ဇဝေဇဝါ ဖြစ်လာသည်။

"ပဥ္စ ... မင်း ဒီနေ့ အီးမေးလ်တွေ ဘာတွေ စစ်သေးလား"

ပဥ္စက မျက်မှောင်တွန့်လိုက်ရင်း ...

"အင်း ... စစ်တယ်၊ ဘာဖြစ်လို့လဲ"

"ဟင် ... မင်းဆီမှာ ထူးထူးခြားခြား ဘာမေးလ်မှရောက်မနေဘူးလား"





"မရောက်ပါဘူး၊ မရောက်ဘူး ထင်တာပဲ၊ ဒီလိုကွာ၊ ငါတို့ ရုံးခန်းကွန်ဒိုမှာ ဒီနေ့ ဆာဗာကျနေတယ်၊ ကွန်နက်ရှင်မရဘူး၊ ဒီတော့ ငါက ငါစစ်စရာရှိတဲ့ မေးလ်ကို အိမ်ကိုလှမ်းပြီး ပိုးကို စစ်ခိုင်းတယ်"

"ဘာ ..."

လမင်းဆွေရဲ့ "ဘာ"ကြီးက အထိတ်တလန့်ရှိလှ၍ ပဥ္စက လန့်သွားရင်း ...

"ဘာလဲကွ"

"မင်း ... မင်း ... ပိုးရွှေလွှာကို မေးလ်စစ်ခိုင်းတယ်၊ သူ ... သူက မင်းရဲ့ပါ့စ်ဝါ့ဒ်ကို သိနေတာလား၊ မင်းကပြောထားတာလား"

"ဒီနေ့လယ်မှ လှမ်းစစ်ခိုင်းရင်း ပြောပြလိုက်တာလေ၊ ပါ့စ်ဝါ့ဒ် သူသိနေလည်း ဘာမှအရေးမကြီးဘူး၊ ငါ့မေးလ်ဘောက်စ်က သန့်သန့်လေး ဟော့ကောင်၊ ဘာအရှုပ်အရှင်းမှ မရှိဘူး၊ ဒါပေမဲ့ နောက်နေ့တော့ ငါ့ပါ့စ်ဝါ့ဒ် ချိန်းမှာပါ"

"မင်း မေးလ်တွေ စစ်ပြီးတော့ ပိုးက ဘာမှမပြောဘူးလား"

"ဟင့်အင်း ... ငါကြည့်ခိုင်းတဲ့ မေးလ်တစ်ခု ဝင်နေလား ရှာတယ်၊ ဝင်နေတယ်ဆိုတော့ ငါ့ကို ဖတ်ပြတယ်၊ ပြောပြတယ် အဲဒါပဲလေ"

"သွားပြီ ... အဲဒါ"

"ဘာသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင် နှစ်စောင်ဆိုရင်တော့ ဖတ်ကို ဖတ်မှာသေချာတယ် ဟော့ကောင်၊ ပိုး သိမှတော့ သက်စုလည်းသိပြီ၊ ဖုံးထားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး”

“ဟော့ကောင် ... မင်းကို တသွင် ရေးတာ စာကဒါပဲလား”

“ဒါပါပဲ ဆိုမှ”

“ဟော့ကောင် ... ဟော့ကောင်၊ မြန်မြန်စားသောက်ပြီးပြန်ရအောင်၊ ငါ စာဖတ်ကြည့်ချင်ပြီ”

လမင်းဆွေက ချက်ချင်း ပျာယာခတ်သွားတဲ့ ပဥ္စကို မကြည့်မသာ ကြည့်မိသည်။

○ ❦ ○





(၃)

“ထမင်းစားမယ်”

ကွန်ပျူတာအခန်းဝကနေ သံပြတ်နှင့် လာအော်လိုက်သော ပိုးရွှေလွှာ အသံကြောင့် ပဥ္စက ခေါင်းထောင်ကြည့်လိုက်ရင်း ...

“လာမယ် ... လာမယ်”

“နှစ်ခွန်း မခေါ်ဘူးနော်”

“လာမယ် ပြောနေတာကိုကွာ ... မင်းကလည်း”

“လာမယ်သာ ပြောနေတာ ခေါင်းက ကွန်ပျူတာမော်နီတာကြီးထဲ ကျွံဝင်တော့မယ်လေ၊ ဖင်ကကော ကြွလို့လား”

“ဟား ... ဘာဖြစ်နေတာလဲ မိန်းမ၊ ပြဿနာပဲ”

“ကြည့်လို့ကို မရဘူး”

“ဒါဆိုလည်း ဘာဖြစ်လို့ လက်ပိုက်ရပ်ကြည့်နေသေးလဲ”

ပိုးရွှေလွှာသည် လက်ပိုက်ကို ဖြုတ်ချလိုက်ကာ အခန်းထဲ တဖြတ်ဖြတ် လျှောက်ဝင်လာရင်း ...



www.burmeseclassic.com

www.burmeseclassic.com



လမင်းဆွေက သူ့မျက်နှာကိုသူ လက်ဖဝါးနှစ်ဖက်နှင့် ပွတ်လိုက်ရင်း ...

"အင်း ... မင်းက ဒီနေ့အဖို့ မင်းရဲ့မေးလ်ဘောက်စ်ကို မင်းဘာသာမင်း ဖွင့်မကြည့်ရသေးလို့ ဒီလောက်တည်ငြိမ်သွေးအေးနေတာကိုး"

"မင်းပြောတာ ငါ နားမလည်ဘူး လမင်း"

"ဒီနေ့ တသွင့်ဆီက မေးလ်ရောက်တယ်"

"ဘာ ... မင်းဆီကိုလား"

"အေး ... မင်းဆီကိုလည်း ရောက်မှာ သေချာပါတယ်"

"ဟင် ... ဘာ ... ဘာ ... တဲ့လဲ"

"သူ ပြန်လာမယ်တဲ့ တွေ့ကြမယ်တဲ့"

"ဟင်"

ပဥ္စရဲ့ မျက်ခုံးအစုံက ပင့်တက်ကာ တစ်ခဏကြောင်တက်တက် ငြိမ်သက်နေလေသည်။ ခေါင်းထဲမှာတော့ အတွေးရှုပ်ယှက်ခတ်။ လမင်းဆွေဆီ မေးလ်ပို့ရင်း သူ့ဆီလည်း မပို့ပဲ ချန်ထားမည်တော့ သူ မထင်ပါ။ ဒါဆို တသွင်သွင်ရဲ့စာကို နေ့လယ်က ပိုး မြင်သွားလောက်ပြီပေါ့။ ပိုး ဒီအတိုင်းထားမလား ဖွင့်ဖတ်ကြည့်မလား။ ဟား ...။

"စာက ... ဘာ ... ဘာတဲ့လဲ အတိအကျ ပြောစမ်းပါ ဟော့ကောင်"





"တို့ ပြန်လာမယ် မောင်တော်တဲ့ ... တွေ့ကြရအောင်တဲ့၊ ငါ့ဆီမှာတော့ ဒါပဲ၊ မင်းဆီတော့ မသိဘူးပေါ့"

"ငါ့ဆီလည်း ဒါမျိုးပဲ နေမှာပေါ့၊ ဒီလောက်ဆိုရင်တော့ ပိုး တွေ့သွားလည်း အရေးတော့ သိပ်မကြီးပါဘူး"

"ပိုး တွေ့မှတော့ ခုလောက်ဆို သက်စုကို လှမ်းပွားပြီးပြီပေါ့ကွ၊ ငါက အဲဒါ မင်းနဲ့တိုင်ပင်မလို့၊ သူတို့နှစ်ယောက်ကို အသိမပေးဘဲ ထားမလားလို့၊ သိရင် စာရင်းရှုပ်ပြီး နားငြီးတာပဲ အဖတ်တင်မှာ၊ သူတို့နဲ့ တသွင်က ဒီလောက်ကြီးလည်း ချစ်ကြ ခင်ကြတာ မဟုတ်ဘူး၊ ကြည်တောင် မကြည်ကြသေးတာ၊ တသွင်ကလည်း မင်းသိတဲ့အတိုင်း ငါတို့ကိုပဲ ခေါ်တွေ့ပြီး သူတို့နှစ်ယောက်ကို မခေါ်ဘူး မတွေ့ဘူး ဆိုတာမျိုးလည်း လုပ်ချင်လုပ်မှာ၊ သူလုပ်ချင်ရာလုပ်တာ၊ ဒီတော့ သူတို့မသိတာ နားအေးတယ်ဆိုပြီး မပြောကြစို့နဲ့လို့ မင်းကို တိုင်ပင်မလို့ဟာ၊ ခုတော့ မဖြစ်တော့ဘူးပေါ့"

"မင်းပြောတာ မှန်တယ်၊ သူတို့သိရင် နားပူတော့မှာအမှန်ပဲ၊ ငါ့အီးမေးလ် ဖွင့်တယ်ဆိုပေမယ့် ငါဖတ်နိုင်းတဲ့စာပဲ ဖတ်ပြီး တခြားဟာတွေ ပိုးက ဖတ်ချင်မှဖတ်မှာပါ၊ မြင်ချင်မှ မြင်ဦးမှာပါ"

"ထင်လား ... မင်းကလည်း၊ မင်းမေးလ်တွေက အစောင် ၂၀ အစိတ် ဝင်နေရင်တော့ ပျင်းပြီး ဖတ်ချင်မှ ဖတ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



"လေသံက ဘယ်လိုဖြစ်နေတာလဲ၊ ဘာအားကိုးနဲ့ သံပြတ်ဖြစ်နေတာလဲ ဦးပဥ္စ"

"ရောဂါပဲ မိန်းမရာ၊ ဒုက္ခပါပဲ၊ သံပြတ်ဖြစ်နေတာက မင်းလား ငါလား၊ နေရင်းထိုင်ရင်း ပြဿနာရှာနေပြန်ပြီ၊ ဒီမှာ အလုပ်လက်စလေးတွေ ရှိနေသေးတယ်လေ၊ မင်းက လာဆိုတာနဲ့ သတိ ... သက်သာ ... အေးစေ ... အမြန်လျှောက် ဆိုပြီး လာရမှာလား"

"အလုပ် လုပ်နေတာပေါ့လေ ... ဟုတ်လား"

"အေးလေ"

ပိုးက ရှုပုပ်ပုပ် မျက်နှာနှင့် ပဥ္စ အနားရပ်ကာ ကိုယ်ကိုကိုင်း၍ မော်နီတာကို ကြည့်လိုက်ပါသည်။ ဖွင့်ထားတဲ့ ကော်လံတွေထဲမှာ အီးမေးလ်ကိုပါ တစ်ကော်လံ ဖွင့်ထားတာ မြင်လိုက်ရတာမို့ ပဥ္စကို ခပ်တည်တည်ကြည့်ရင်း ...

"ရှင် အဲဒီအီးမေးလ်ကို ကြည့်လို့မဝတာပေါ့ ဟုတ်လား"

"ကျွတ် ... ပိုးကွာ၊ ငါ နားငြီးလာပြီနော်"

ပဥ္စက လူကိုလှုပ်ရှားလိန်တွန့်လိုက်ရင်း အီးမေးလ်ကိုပါ လော့ဂ်အောက် လုပ်လိုက်ပါသည်။ ဝုန်းဒုန်းနှင့် ခုံကိုအသံမြည်အောင် တွန်းတိုက်ထွက်ရင်း ...

"ကဲ ... လာ သွားစားမယ်"

"ဟွန်း ... မဖြစ်လွန်းလို့ ပြောလိုက်ရတဲ့ ပါ့စ်ဝေါ့ဒ်ကို အဲဒီည အိမ်ပြန်ရောက်တာနဲ့ တစ်ခါတည်းကို ပြန်ပြင်ပစ်လိုက်တာပဲ"





"ပြင်လိုက်မှန်း မင်း ဘယ်လိုလုပ် သိလဲ၊ မင်း နောက်နေ့ ထပ်ဖွင့်ကြည့်လို့ပဲ ဖြစ်ရမယ်"

"ဖွင့်ကြည့်တော့ရော ဘာဖြစ်သေးလဲ၊ အခုလည်း ဖွင့်လို့မှ မရတာ၊ ရှင်တို့ဟာ ရှင်တို့ ဘာတွေ အပြန်အလှန် ပို့နေနေ ကျွန်မ မြင်စရာ အကြောင်းမှ မရှိတာ၊ အဲသလို မမြင်ရစေချင်လို့ကို ပြန်ပြောင်းပစ်လိုက်တာပဲ မဟုတ်လား"

ပိုးက ထမင်းစားခန်းဆီ လျှောက်သွားနေတဲ့ ပဥ္စ နောက်က ကပ်လိုက်လာရင်း ပါးစပ်က ပေါက်ပေါက်ဖောက်သလို တတွတ်တွတ် ပြောလာသည်။ ထမင်းစားပွဲမှာ ရောက်နှင့်နေပြီဖြစ်တဲ့ ပဥ္စရဲ့အမေ ဒေါ်ခင်လေးတင်နှင့် သားတော်မောင်"လိုတရ" က သူတို့နှစ်ဦးကို လှမ်းကြည့်နေပါသည်။ ဒေါ်ခင်လေးတင်က မြေးဖြစ်သူ လိုတရကို ထမင်းခွံ့ကျွေးနေတာကို လက်စသတ်ရင်း ရေသောက်ဖို့ ရေခွက်လေး တိုးရွှေ့ပေးလိုက်ပါသည်။

"ဘယ်တုန်းကရော ဒီပါ့စ်ဝေါ့ဒ်ကို မင်းနဲ့ရှယ်ထားတာမို့လို့လဲ၊ အဲဒီနေ့ကလည်း ကြည့်ဖို့လိုလို့ ပြောလိုက်တာ၊ နောက်တော့ အသစ်ပြောင်းလိုက်တာ ဘာဖြစ်လဲ၊ လင်နဲ့မယားဆိုပေမယ့် လူတွေမှာ ပရိုက်ဗိတ်စီဆိုတာ ရှိသေးတယ်၊ ငါ့အလုပ်ကိစ္စတိုင်းကို မင်း သိစရာမှ မလိုတာ၊ မိန်းမတွေသိရင် ဟိုလိုလေးလုပ်ပါလား ဒီလိုလေး လုပ်ပါလားဆိုတဲ့ ဝေဖန်ချက် အကြံပြုချက်တွေက ဖိုစ်နဲ့လာဦးမယ်၊ ကိုယ့်အလုပ်ကိစ္စကိုယ် အာရုံရှင်းရှင်းနဲ့ လုပ်ပါရစေ၊ မင်း သိချင်စရာအကြောင်းလည်း ရှိမှမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအလုပ်ကိစ္စတွေလည်း မသိချင်ပါဘူး"

"မသိချင်ရင် ဘာဖြစ်လို့ ပစိပစပ် လိုက်လုပ်နေတာလဲ"

"အလုပ်အကြောင်းတွေကို မဟုတ်ဘဲ ဘာကိုရည်ရွယ်ပြော နေသလဲ ရှင်အသိဆုံးပါ ပဥ္စရယ်၊ မသိချင်ယောင်ဆောင် မနေပါနဲ့၊ အလုပ်နဲ့ ရောချမနေပါနဲ့"

"မင်း ငါ့ပါ့စ်ဝါ့ဒ်ကို မသိရတာနဲ့ ပြဿနာလိုက်ရှာနေ တာတော့ အဓိပ္ပာယ်မရှိဘူးနော် ပိုးမွှေးလွှာ၊ မင်းရဲ့ပါ့စ်ဝါ့ဒ် ကော ငါ သိတာမို့လို့လား"

"ရှင်မှ မသိချင်တာ၊ သိချင်ရင် ပြောပြထားဖို့လည်း ဝန် မလေးဘူး၊ အီးမေးလ်ရော ဖေ့စ်ဘွတ်ရော ဒီပါ့စ်ဝါဒ်ပဲ၊ အီးမေးလ်ထဲလည်း ဘာစာမှ အဆန်းတကြယ် ဝင်တာ မဟုတ်ဘူး၊ အမျိုးလေး ဘာလေး သူငယ်ချင်းလေး အဝေး ရောက်နေတဲ့သူတွေနဲ့လည်း ဖေ့စ်ဘွတ်ကပဲ တွေ့နေနိုင် တာ၊ တကူးတက အီးမေးလ်ပို့နေရအောင် ဘယ်သူမှ အရေးကိစ္စမရှိဘူး၊ ရှင်ဖွင့်ကြည့်လည်း ဖေ့စ်ဘွတ်က နိုတီ တွေအပြင် ဘာမှတွေ့ရမှာ မဟုတ်ဘူး"

"အဲဒီတော့ ဘာဖြစ်လဲ၊ ငါလည်း မကြည့်ချင်ပါဘူး စိတ်လည်းမဝင်စားဘူး"

"ဘယ်စိတ်ဝင်စားမလဲ၊ ပိုးမွှေးလွှာတို့က ငယ်ကျွမ်းဆွေနဲ့ စာအသွားအပြန် လုပ်နေတာမျိုးမှ မရှိတာ၊ ဘာစိတ်ဝင် စားစရာရှိလို့လဲ"





"ကျွတ်"

ဒေါ်ခင်လေးတင်က သားနှင့် ချွေးမကို တအံ့တဩ ကြည့်ရင်း ...

"ဟဲ့ ... ဒီနှစ်ယောက်က ဘယ်လိုဖြစ်နေကြတာတုန်း၊ တစ်ခွန်း နှစ်ခွန်း ရန်စနေကြတာလားလို့၊ မပြီးနိုင်မစီးနိုင် နဲ့ ဘာဖြစ်နေကြတာလဲ"

လူကြီးက မေးလိုက်၍ ပိုးက နှုတ်ရှိန်သတ်ကာ နှစ်ဦးလုံး ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ကြပါသည်။ နှစ်ဦးစလုံးရဲ့ မျက်နှာက မှုန်တေတေ။ ဒေါ်ခင်လေးတင်က သားနှင့်ချွေးမကို တစ်လှည့်စီကြည့်ရင်း ...

"ကလေးတွေလည်း မဟုတ်တော့ဘဲနဲ့ ဘယ်လိုဖြစ်နေကြ တာတုန်း၊ ကလေးရှေ့မှာ ငယ်ကျွမ်းဆွေတွေရော ဘာတွေ ရော၊ ဘာပြဿနာတက်နေကြတာတုန်း"

ဒီစကားလုံးကို သုံးလိုက်တဲ့ ပိုးမွှေးလွှာက သူ့ကို တိုက်ရိုက်ပြောလိုက်သလို ဖြစ်တာမို့ ခေါင်းလေးထောင်လာပြီး...

"မေမေ့သားသာ မေမေ မေးကြည့်ပါတော့"

"ခိုင်ခိုင် မောင်လေးကို လာခေါ်သွားတော့၊ သားလေး ... သွား၊ မမခိုင်ခိုင်နဲ့ သွားဆော့ရင်ဆော့တော့၊ ဒီနေ့ကျောင်း ပိတ်ရက်ဆိုတော့ နေ့လယ် တစ်ရေးအိပ်ရမယ်နော်၊ ဂိမ်းမ် တွေ ဆော့မနေနဲ့၊ ညနေကျရင် စာလည်း နည်းနည်းကျက် ရမယ်၊ လိမ္မာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လိုတရက ရှစ်နှစ်အရွယ် သုံးတန်းကျောင်းသားလေး ဖြစ်နေပါပြီ။ အဘွားစကားကြောင့် ထမင်းစားပွဲအနားမှာ အပြေးအလွှား ထွက်သွားတဲ့ လိုတရလေး ခပ်လှမ်းလှမ်းရောက်မှ ဒေါ်ခင်လေးတင်က သူ့ထမင်းပန်းကန်ကို ရှေ့ဆွဲယူလိုက်ရင်း...

"ကဲ... ကဲ... ဘာဖြစ်နေကြတာလဲ ပြောကြပါဦး၊ တစ်စွန်းတစ်စ ကြားတာနဲ့တင် ငါ ရင်တွေတုန်လွန်းလို့"

တကယ်တော့ ဒေါ်ခင်လေးတင်ဟာ ပိုးအတွက် ယောက္ခမလို့သာ ဆိုရသော်လည်း ကိုးတန်း ဆယ်တန်း ကျူရှင်ဝိုင်းကတည်းက ကလေးတွေချင်းရော မိဘချင်းတွေပါ ဆွေတွေမျိုးတွေလို ရင်းရင်းနှီးနှီး စည်းစည်းလုံးလုံး ရှိခဲ့ကြတာဖြစ်၍ အဲဒီတုန်းကတော့ တစ်ယောက်ရဲ့အမေဟာ-သူတို့အားလုံးရဲ့အမေပါ။ ကိုးတန်း ဆယ်တန်း နှစ်နှစ်စလုံး တစ်ယောက်ရဲ့အမေဟာ ကျန်တစ်အုပ်စုလုံးကို ကိုယ့်သားသမီးနှင့်မခြား အလျဉ်းသင့်သူက အလှည့်ကျ ကျွေးမွေးဂရုစိုက်ခဲ့ကြတာမို့ ယောက္ခမတော်စပ်ခဲ့ရချိန်မှာလည်း မကြေလည်စရာ အဖုအထစ် ဆိုတာမျိုး ချွေးမနဲ့အကြား မရှိခဲ့။

"ဘာမှမဟုတ်ဘူး မေမေ၊ မေမေ ထမင်းအေးဆေးစားပါ၊ ဘာမဟုတ်တာကို ချဲ့ထွင်ပြီး ပြဿနာရှာနေတာ"

"အေးပါ ... အဲဒီ ဘာမဟုတ်တာကိုပဲ မေမေ့ကို ပြောစမ်းပါဦး"





"မေမေ"

ပိုးက စိတ်လှုပ်ရှားသော အသံနှင့် ဖျတ်ခနဲ ခေါ်လိုက်ပြီးလျှင် ...

"တသွင်သွင် ပြန်လာတော့မယ် မေမေ၊ အဲဒါ သူရော လမင်းရော နှစ်ယောက်သား မျောက်ဖင် သွေးစုနာပေါက်သလို အကြီးအကျယ် မူပျက်နေကြတယ်"

ကမူးရှူးထိုး နိဒါန်းမပျိုး ပြောချလိုက်ပါသည်။

"သူ့ဟာသူလာတာ ဘာဖြစ်လဲ"

"အေး ... နင်တို့ ဖြစ်နေလို့ပေါ့"

ဒီအချိန်မှာ "ကို"တွေ ဘာတွေ လုပ်မနေနိုင်တော့ပေ။ သူငယ်ချင်းဘဝက လာတာဖြစ်၍ နင်နဲ့ ငါတွေ နှုတ်ကျိုးခဲ့ပြီးမှ ဒီလူတစ်ယောက်ကို မျက်စိစုံမှိတ် ချစ်မိချိန်မှာ ကဗျာဆန်ဆန် နုနွဲ့ရင်ဖိုမိချိန်၌ "ကို"လို့ တမြတ်တနိုး ခေါ်ခဲ့မိတာဖြစ်သည်။ ခုချိန်မျိုးတော့ ။ ပါ။

ဒေါ်ခင်လေးတင် မျက်ခုံးများက ပင့်တက်သွားရင်း...

"ဟင် ... ပဋ္ဌ၊ တကယ်လား"

"အင်းလေ ... အဲဒါ ဘာဖြစ်လဲ မေမေကလည်း၊ ကိုယ့်ဘာသာ ထမင်းစားပါဗျာ၊ သူ အရှုံးထတာနဲ့ ထမင်းစားလိုက်ပျက်မနေပါနဲ့"

"ဟဲ့ ... မင်း ငါ့ကိုတောင် မပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ပိုးကိုလည်း သူ မပြောပါဘူး မေမေ၊ သူ့အီးမေးလ် သူ ခိုင်းလို့ ဖွင့်ကြည့်ပေးတုန်း စာတွေ့လိုက်ရလို့သာ၊ အဲဒီ နေ့ကတည်းက ဒီအီးမေးလ်ပဲ တဖွင့်ဖွင့်၊ သူ့ကိုယ်သူလည်း သ,သလား မမေးနဲ့၊ ခြေထောက်တွေ ဖြူနုအောင်ဆေးသွား စိမ်ရတာက တစ်မျိုး"

"ပိုးနော် ... ငါ စိတ်တိုလာပြီ၊ အီးမေးလ်ဆိုတာ ငါ့အလုပ် နဲ့ငါ နေ့တိုင်း မဖွင့်မဖြစ် ဖွင့်ကိုဖွင့်စစ်ရတဲ့အရာ၊ မင်း ဒီလိုပြောနေတော့ ကိုယ့်အလုပ်ကိုယ် လုပ်ရတာတောင် ဘယ်လောက် လူက နေရထိုင်ရ ကျဉ်းကျပ်လဲ၊ ခြေထောက် ကလည်း ငါ့ဘာသာ အလုပ်ပင်ပန်းလို့ အညောင်းပြေချင် ရင် ဆေးစိမ်ပြီး နှိပ်နေကျပဲဟာ၊ ဘာခုမှ ဖြူနုချင်လို့ ဖြစ် ရတာလဲ"

"ညောင်းလို့ ညာလို့ ခြေထောက်ဆေးစိမ်တာက နှစ်ပတ် မှတစ်ခါလောက်ပါ ပဋ္ဌရယ်၊ တစ်ခါတလေ ညောင်းသာ ညောင်းတယ်၊ သွားရမှာတောင် ရှင် ပျင်းနေတတ်သေးတာ၊ ခုတော့ ဒီအီးမေးလ်လာပြီး နှစ်ရက်လည်းနေရော ခြေ ထောက်ဆေးစိမ်တဲ့အပြင် မျက်နှာပါ ကြေးချွတ်လာသေး တာ မေမေ၊ အဲဒါ လှချင်နေတာ မဟုတ်လို့ ဘာလဲ"

"နေစမ်းပါဦး ပိုးရယ်၊ မေမေ မေးစမ်းပါရစေဦး သူ့ကို၊ ညည်းဝင်မပြောနဲ့တော့၊ ညည်းပြောသမျှလည်း သူကငြင်း နေမှာပဲ၊ ကဲ ... ပဋ္ဌ၊ ဘယ်တုန်းကလာတာလဲ ဒီအီးမေးလ်"





"သုံးရက်ရှိပြီ"

"ငါ့ကို ဘာလို့မပြောတုန်း"

"ဟာ ... မေမေကလည်း၊ ဘာလို့ အရာတိုင်း မေမေ့ ပြောနေရမှာလဲ၊ ကလေးကျနေတာပဲ၊ ကျွန်တော်က ကလေး အဖေတောင် ဖြစ်နေပြီ"

"အရာတိုင်းတော့ ငါလည်း မသိချင်ပါဘူး အာရုံနောက် လွန်းလို့၊ ဒီကိစ္စမျိုးတော့ သိချင်တာပေါ့၊ ပြောပြရမှာပေါ့"

"လာတော့လည်း မေမေသိမှာပဲဟာ"

"မရှယ်လီရော ပါလာမှာလား"

"မသိဘူးလေ၊ ဒါတွေ တစ်ခုမှ မသိဘူး မေမေရာ၊ သူ လာမယ်ပဲ လှမ်းပြောတာ"

"ဘယ်လိုလာတာလဲ၊ အလည်လား၊ အလည်ဆို ဘယ် လောက်ကြာကြာ နေမှာလဲ၊ ဒါမှမဟုတ် အပြီးလား၊ အပြီးတော့ မဖြစ်နိုင်ပါဘူး၊ ဟိုမှာလည်း သူ့အလုပ်အကိုင် က အဆင်ပြေပြီး ကောင်းနေတာပဲဟာ"

"အဲဒါတွေ ကျွန်တော် မသိပါဘူးဆို"

"ဟဲ့ ... လာမယ်ဆိုတာ တစ်ခွန်းတည်း ပြောတာတော့ ဟုတ်ပါ့မလား"

"ဟုတ်တယ်၊ မယုံ မေမေ့ချွေးမ မေးကြည့်ပေါ့၊ သူ ဖတ် ရတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုးတွေ့တဲ့စာကတော့ အဲဒါပဲ မေမေ၊ ဟေး ... မောင်ကြီးတဲ့၊ တို့ ပြန်လာတော့မယ် သိလား ... တွေ့ကြစို့တဲ့"

"အမယ်လေး ... တွေ့ကြစို့တဲ့ ဘယ်လိုဟာကြီးလဲ၊ ဒီကောင်မလေးဟာလေ ငယ်ငယ်က အတိုင်းပဲ၊ ပြောလိုက်ဆိုလိုက်ရင် မထော်မနန်းနဲ့ တုတ်ထိုးအိုးပေါက်၊ ကောင်း၏ မကောင်း၏ သင့်၏မသင့်၏ ဘာမှ မစဉ်းစားဘူး၊ ဖွတ်တရွတ်ပဲ"

"ဟုတ်တယ် မေမေ၊ ပိုးလည်း သူ့ကို အဲဒါတွေ ပြောချင်တာပေါ့၊ သူက အပြောကို မခံဘူး၊ စကားစလိုက်တာနဲ့ ဝူးဝူးဝါးဝါး ထလုပ်တယ်"

"ဘယ်တော့ လာမှာလဲ"

"မသိဘူးလေဗျာ ... ကျွတ်"

"သူက စာထပ်မပို့ဘူးလား"

"မပို့ပါဘူးဆို"

"အခုမှဖြေတာ မေမေ၊ ပိုး အရင်က မေးတုန်းက ဘာမှ မဖြေဘူး၊ မေမေ့ရှေ့မို့ အခုမှပြောတာ၊ ဟုတ်ကော ဟုတ်ရဲ့လားလည်း မသိဘူး၊ ဟိုက ထပ်မပို့ရင်တောင် မေမေ့သားကတော့ အခုလာထားတဲ့စာကို ပြန်မှာပဲလေ၊ သူတို့လား စာမပြန်ဘဲနေမှာ၊ စာဘယ်လိုပြန်လိုက်လဲမေးတာ မပြောပြဘူး ပိုးကို"

"ပဋ္ဌ ... ပြောစမ်း၊ စာဘယ်လို ပြန်လိုက်လဲ"





"ဟား ... ဒီယောက္ခမနဲ့ ဒီချွေးမတော့"

"ပြောလေ ... မင်း စာဘယ်လိုပြန်လိုက်လဲဆိုတာ"

"ဘယ်လိုပြန်ရမှာလဲ မေမေရယ်၊ အေး ... တွေ့ကြမယ်ပေါ့၊ ဝမ်းသာတယ်ပေါ့၊ ရောက်ခါနီး ရက်သေချာ အတိအကျပြော၊ ဘာညာပေါ့ ... ကျွတ်"

"ရက်အတိအကျ သိတော့ ရှင်က ဘာလဲ သွားကြိုမလို့လား"

"ဟ ... ပိုးရွှေလွှာ၊ သွားကြိုသင့် ကြိုရမှာပေါ့၊ သူတို့အမျိုးတွေက ဒီမှာ မကျန်သလောက် ကမ္ဘာ့နေရာအနှံ့ပျံ့ကျဲနေတာ၊ ဒီမှာ လူခံရှိသေးရဲ့လားတောင် မသိဘူး၊ ဆယ့်နှစ်နှစ်တောင် မြန်မာပြည်နဲ့ ကင်းကွာထားတာ သူ့အတွက်အားလုံးက စိမ်းနေမှာ"

ပိုးရွှေလွှာက မကျေမနပ်ရုပ်လေးနှင့် ယောက္ခမဘက်အားကိုးအားထား လှည့်ကြည့်လိုက်ပါသည်။ ဒေါ်ခင်လေးတင်ထံက ဒီတစ်ကြိမ် ကန့်ကွက်သံ အဆောတလျင် ထွက်မလာ။ မျက်နှာတွေတွေဝေဝေနှင့် စဉ်းစားနေဟန်ရှိပြီး ...

"အင်း ... တသွင် လာရင်တော့ သူလိုအပ်တာလေးတွေ ကြည့်ရှုဆောင်ရွက်ပေးရတော့မှာကတော့ ရှောင်လွှဲလို့မရဘူး သမီး၊ မရှယ်လီတို့ ကိုသန့်တို့ မျက်နှာက ရှိသေးတာ၊ ပြီးတော့ စိတ်ရှုပ်ရဦးမှာ တွေးပြီးသာ မေမေ အာရုံတွေနောက်နေတာ၊ တကယ်တော့ မဆက်မဆံ မကူညီချင်ရ

www.burmeseclassic.com



အောင် ဘာအကြောင်းမှလဲ မရှိဘူး၊ တသွင်က ဘာမှလဲ ကိုယ်တွေအပေါ် မကောင်းတာ လုပ်ထားတာ မရှိဘူး"

ပိုးသည် စားလက်စ ထမင်းလုပ်ပင် နင်ရသည်။ မေမေက ဒီလိုပြောမှတော့ အိမ်က ကိုယ်တော်ချောက မြင်းတောင်ပံ တပ်သလို ကဆုန်ပေါက်ပြီး ပျံတက်တော့မှာပေါ့။ ခုကိုပဲ သူ့အမေ ခုလိုပြောလိုက်တဲ့ စကားကြောင့် ကျေနပ်ဘဝင်ကျသွားတဲ့ မျက်နှာကြီးက မုန်းစရာကောင်းလိုက်တာ။ မာန်တက်သွားတဲ့ရုပ်။ တောက်။ အမယ်လေးနော် ... အသည်းနှလုံးတွေ စပ်ဖျဉ်းဖျဉ်း ရှိလိုက်တာ။

○ ❦ ○





(၄)

"ဟေး ... ဘိုးဘိုးကြီး လာတယ်၊ ဘွားဘွားကြီး လာတယ်၊ မီးမီးဖို့ ဘာမုန့်ပါလဲ"

အိမ်ရှေ့က မြတခက်လေးရဲ့ အောက်ဟစ်မြည်ကြွေးသံ ကြားလျှင် သက်စုထွေးသည် သူ့ပါယောင်ယမ်း၍ ဆွေ့ဆွေ့လေး နှစ်ချက်လောက် ခုန်လိုက်မိပါသည်။ အမယ်လေး ... ဒေဝါအပေါင်း နတ်မြတ်ကောင်းတို့က ဖေးမကူကယ်လိုက်တာ။ ဝမ်းသာလိုက်တာ။

"အမယ်လေး ... ဒီအိမ်ထဲ ဝင်လိုက်လို့ကတော့ မုန့်နံ့တွေက မွှေးကြိုင်နေတာပဲ၊ ဒီလောက် မုန့်တွေလှိုင်ဘောလယ်နေတဲ့ သမီးတို့အိမ်ကိုလာတာ ဘိုးဘိုးက မုန့်ဝယ်လာရဦးမှာလား ငါ့မြေးရဲ့၊ အမယ်လေး လာပါဦး ဘိုးဘိုးဆီ"

"ဒီအဘိုးကတော့ ခါးနာပျောက်ကာစကို သူ့မြေးထွေးမကြီးကို ချီနေပြန်ပြီ၊ ကြည့်လုပ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အဘွားရယ်၊ ခါးမနာတော့ပါဘူး၊ ငါ့မြေးက အမေနဲ့တူတော့ ဝဝကစ်ကစ်၊ အဖေနဲ့တူတော့ ရှည်ရှည် ပိုင်းပိုင်း နှစ်ယောက်ပေါင်းတော့ ထွားထွားကျိုင်းကျိုင်းကြီး ဟား ဟား ဟား"

အိမ်ရှေ့က မြေးအဘိုး မြေးအဘွားတို့ရဲ့ ပြောဆိုရယ်မောသံတို့ဟာ ဆူညံနေပါသည်။ သက်စုက အာဗင်အချိန်စေ့ မီးပိတ်ခါနီးဖြစ်၍ ခဏဆက်ရပ်နေတာဖြစ်ပြီး လူကတော့ ပြေးထွက်သွားချင်လှပြီ။ ယောက္ခမတွေ ဆိုပေမယ့် ကိုယ့်မိဘတွေလိုပင်။ ငယ်ငယ်ကတည်းက သူ့မိဘကိုယ့်မိဘ တန်းတူညီတူရှိသေလေးစား ချစ်ခင်ခဲ့ရသည်ဖြစ်၍ သူရော ပိုးမှာပါ ယောက္ခမချွေးမ ပြဿနာရယ်လို့ မရှိတာ မင်္ဂလာတစ်ပါးပင်။

"သမီးလေး ... ရော့၊ သမီးဖို့ ချောကလက် ပါတယ်၊ ဘိုးဘိုးက စ,နေတာ"

"ဝေး ... ဟေး"

ဒီလောက် ပြေလည်ချစ်ခင် ကြည်လင်သာယာသော အိမ်ထောင်ရေးကလေးကို သက်စုက တန်ဖိုးကြီးစွာ ထားလှပါသည်။ နည်းနည်းကလေးတောင်မှ အလှုပ်ခတ် မခံနိုင်ပါ။ ဒါကိုတွေးရင်း ချက်ချင်းဝမ်းနည်းချင်သလို ဖြစ်လာသည်။

"သက်စု ... အလုပ်တွေ များနေတာလား"

"ပြီးတော့မယ် မေမေ၊ အခုလေးပဲ ပြီးတော့မယ်၊ စိတ်ပေးခဲ့ရင် ရပြီ၊ ဘူးထဲကို သူတို့သေချာထည့်တတ်ပြီ"





"လမင်းရော"

"ရှိတယ် မေမေ၊ အိပ်ခန်းထဲမှာ"

"အိပ်နေတာလား"

"ခုနကတော့ ခုတင်ပေါ်မှာ Leptop တစ်လုံးနဲ့ တွေ့တာပဲ မေမေရေ၊ အလုပ်လုပ်နေတာပဲ ထင်ပါရဲ့"

သက်စုရဲ့ စကားအသွားအလာကို ယောက္ခမကြီး ဒေါ်ဝင်းဝင်းနုက သတိပြုမိပုံမရပါ။ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ရင်း မုန့်ဗန်းတချို့ကို အတုံးတွေလှီးစိတ်ပေးနေသော သက်စုရဲ့ လှုပ်ရှားမှုကိုသာ စိတ်ဝင်တစား သဘောတကျ ကြည့်နေပါသည်၊ သားရဲ့သူငယ်ချင်းကနေ ချွေးမဖြစ်လာတာဖြစ်၍ ချွေးမ မဖြစ်မီကပင် ရင်းနှီးချစ်ခင်ပြီးသော သက်စုကို ဒေါ်ဝင်းဝင်းနုက သဘောကျသည်။

ဆယ်တန်းဖြေကြတော့ သူတို့စာသင်ဝိုင်းက ကလေးအားလုံးဟာ ပညာရည် မတိမ်းမယိမ်း သူမသာ ကိုယ်မသာ ဖြစ်ကြပေမယ့် ဆယ်တန်းဖြေခါနီး အချိန်ပိုင်းမှာ သက်စုထွေးလေး တစ်ယောက် အာရုံကြော အားနည်းတဲ့ရောဂါဖြစ်ကာ တမူးမူး တဝေဝေနှင့် ကျန်းမာရေးနှင့် မပြည့်စုံရှာ။ ဆယ်တန်းအတွက် အားကြိုးမာန်တက် မကြိုးစားနိုင်ရှာတော့။ အောင်လာကြတဲ့အခါ ဆေးကျောင်း၊ စက်မှု၊ ရေကြောင်း စသည်ဖြင့် အသီးသီးဝင်သွားကြချိန်မှာ သက်စုခမျာ အမှတ်မကောင်း လိုင်းကောင်းမမီ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးဘွဲ့လေးတစ်ခုသာရတဲ့ သက်စုဟာ ကျောင်းပြီးသွားတဲ့နောက်မှာ အချက်အပြုတ်နှင့် မုန့်ဖုတ်သင်တန်းတွေ လိုက်တက်ခဲ့သည်။ ခုဆိုရင်လည်း သားဖြစ်သူ လမင်းဆွေရဲ့ အလုပ်က ဝင်ငွေကောင်းကောင်း ဟန်ဟန်ပန်ပန် ဖြစ်ပေမယ့် သက်စုက ကလေးတစ်ဖက်နှင့် သာမန်အိမ်ရှင်မဘဝကို မခံယူဘဲ သူ့ဟာသူ တစ်နိုင်တစ်ပိုင် မုန့်ဖုတ်လုပ်ငန်းနှင့် အိမ်တွင်းစီးပွား ရေးကလေး ဖန်တီးသည်။

သူ့အလုပ်လေးကလည်း ဝင်ငွေကောင်းနေကာ အိမ့်စီးပွားရေးကို တစ်ဖက်တစ်လမ်း အပိုအလျှံ ဖောဖောသီသီ ရှာဖွေပေးနိုင်သည်သာ။ သူ့ကြည့်လိုက်လျှင် အလုပ်နှင့် လက်နှင့်မပြတ်။ သမီးကလေးကိုလည်း ကောင်းစွာပြုစုစောင့်ရှောက် အုပ်ထိန်းနိုင်ကာ ယောက္ခမတွေထံကိုလည်း လျှာအရင်းမြက်မြက် ဟင်းမျိုးစုံ ချက်ပို့လိုက်တတ်သေးသည်။ ဒေါ်ဝင်းဝင်းနုက သားချည်း နှစ်ယောက်မွေးထားတာမို့ ချွေးမနှစ်ယောက်ရတဲ့အထဲ သားကြီးရဲ့ ချွေးမအကြီးက သူ့အထာကလေးနဲ့သူ ရောရောနှောနှော မရှိလှတယ်မို့ ချွေးမငယ် သက်စုထွေးကို သမီးလေးနှယ် ချစ်ရပေသည်။

"မနက်က ဖုန်းမျှော်နေတာ၊ ဒီနေ့ ပိတ်ရက်မို့ လာကြမယ် များ ပြောမလားလို့လေ၊ တော်တော်နဲ့ ဖုန်းမလာတော့ အဘိုးက သွားမယ် ... သွားမယ် ထ,ထ,ချည်း လုပ်နေတာ၊ ဒီတစ်ပတ် မလာလောက်ကြတော့ဘူးပေါ့၊ မုန့်အော်ဒါတွေ များလို့ ထင်တယ်လို့"





"အော်ဒါတွေက ပုံမှန်ပါပဲ မေမေရယ်၊ မနေ့တည်းက ပြောပါတယ် မေမေ့သားကို၊ ဒီနေ့ မေမေတို့အိမ် သွားရအောင်လို့၊ အလုပ်တွေရှိတယ် မအားဘူးတဲ့လေ"

"သြော် ... အေးလေ၊ သူ အလုပ်တွေများလို့ နေမှာပေါ့"

"အလုပ်ပဲများသလား ဘာလဲတော့ မသိပါဘူး"

"အဲဒါ ဘာပြောတာတုံး သက်စုရဲ့၊ တခြား သူ ဘာတွေ လုပ်နေလို့လဲ"

"ခုရက်ပိုင်းကို တစ်ချိန်လုံး ကွန်ပျူတာနဲ့ မျက်နှာအပ်နေတာ"

"အေးလေ ... အလုပ်ကိစ္စတွေ နေမှာပေါ့"

သက်စုက အလုပ်ကို လက်စသတ်လိုက်ကာ လက်က အဝတ်လက်အိတ်တွေကို ချွတ်လိုက်ပါသည်။ ပန်းကန်နှစ်ချပ်တွင် မုန့်မျိုးစုံကို အတုံးလှလှတွေရွေးချယ် အစီအရီပြင်၍ အိမ်ရှေ့က ယောက္ခထီးတို့မြေးအဘိုးထံ တစ်ပန်းကန် အပြေးသွားချကာ ယောက္ခမရှေ့၌ တစ်ပန်းကန် လာချပေးရင်း ခပ်နိုးနိုးဝင်ထိုင်လိုက်ပါသည်။

"မဟုတ်ဘူး မေမေ၊ ဒီနေ့ မေမေတို့အိမ် မလာချင်တာ သက်စု တိုင်မှာစိုးလို့ပဲ နေမှာ"

"ဟင် ... ဘာကိုတိုင်မှာလဲ၊ ဘာကိစ္စတွေ ရှိလို့လဲ"

"ရှိတာပေါ့"

ဒေါ်ဝင်းဝင်းနုက နှုတ်ခမ်းကို စူထားတဲ့ သက်စုထွေးကို စေ့စေ့ကြည့်လိုက်ပါသည်။ သက်စုဟာ ငယ်ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးကစ်ကစ်ကလေး၊ အရပ်က ငါးပေနှစ်လက်မ တအားကြီး ပုရှာတယ် ပြောမရပေမယ့် လုံးကစ်နေ၍ ပုပုလုံးလုံးလေး ထင်ရသူပါ။

မင်္ဂလာဆောင်ခါနီးမှာ သားဖြစ်သူက အနိုင်ယူဗိုလ်ကျပြီး ဆယ့်ငါးပေါင်ကျအောင်ချ ဆို၍ အတော်ခံကာ မပိန့်ပိန့်အောင် ချခဲ့ရှာသော ချွေးမဟာ မင်္ဂလာဆောင်ဓာတ်ပုံတွေထဲ သွယ်သွယ်လျလျ လှလှကြွကြွလေး ဖြစ်နေပေမယ့် လက်ထပ်ပြီးတော့ ဒုံရင်း ဒုံရင်းဖြစ်ကာ ကလေးတစ်ယောက်လည်း မွေးပြီးရော နို့တိုက်ရတာနှင့် မကာမိအောင် နင်းကန်အစားသောင်းကျန်းကာ အတော်ကို ဝတက်လာသည်။

ခုလည်း အလုပ်နဲ့ လက်နဲ့မပြတ် ဇယ်စက်သလို တလှုပ်လှုပ် တရှားရှား ဆိုပေမယ့် လှုပ်ရှားလို့ လောင်ကျွမ်းသမျှ ကယ်လိုရီတို့ဟာ သူထပ်ဖြည့်တာကို မီအောင်မလောင်ကျွမ်းနိုင်လေရာ ...။

"သက်စုရေ ... သမီးလည်း စိတ်ချဉ်းဟော့၊ ညည်းယောက်ျားက အလှကကြိုက်ပါဘီသနဲ့ကို၊ ပစ္စလက္ခတ် မနေစမ်းနဲ့၊ ဥမ္မာဆိုရင် '...'ဟိုတယ်မှာ Gym ပုံမှန်သွားကစားတယ် ပြောတယ်၊ အဆီကို တက်မလာဘူး၊ ငါ့သမီးကို ပိုချစ်လို့ လှစေချင်လို့ ပြောနေတာနော်"

ချွေးမအကြီး ဥမ္မာနှင့်ယှဉ်လျှင် ယောက္ခမက ကိုယ့်အပေါ်သာ သိသိသာသာ မေတ္တာပိုတာ သက်စုထွေး နားလည်ပေသည်။





"Gym ကလည်း မသွားအားပါဘူး မေမေရယ်၊ နေ့စဉ်ပုံမှန်သွားလုပ်မှ ကျမှာလေ၊ တစ်ပတ်လောက်လုပ်လို့ ကျမယ်ဆိုရင်တော့ သမီးလည်း တစ်ပတ်တိတိတော့ အသက်ပဲထွက်ထွက် လုပ်လိုက်ချင်ပါတယ်"

"တစ်ပတ်နဲ့ ကျမလားအေ့ မိသက်စုရဲ့၊ ဇွဲနဲ့ ဝီရိယနဲ့ အရှည်သဖြင့်လုပ်မှ ကျတော့မပေါ့၊ ကိုယ်တိုင်လည်းကားမောင်းပြီး ကလေးကျောင်းကြိုပို့နေတာပဲ၊ အပို့ဖြစ်ဖြစ် အကြိုဖြစ်ဖြစ်နဲ့ တစ်ခေါက်တည်း ပေါင်းထွက်ပြီး တစ်နေ့တစ်နာရီလောက်တော့ ဖြစ်အောင်လုပ်ပေါ့"

"ကျောင်းပို့ပြီးပြန်ချိန်က မုန့်ဖုတ်ချိန်လေ မေမေ၊ အပြေးပြန်ရတာ၊ ကျောင်းမကြိုခင်ကျတော့ စောထွက်ပြီး မုန့်တွေ ဆိုင်ဝင်ချရတာလေ"

"ညနေဘက် ညဘက်ရော"

"မေမေ့မြေးမ မြတခက် ပြန်ရောက်ပြီဆို သူ့ကိစ္စက မနားရတော့ဘူး၊ ဆရာမက ပါလာသေးတာ၊ သမီးအိမ်မှာရှိမှဖြစ်မှာလေ၊ ညကျတော့လည်း နောက်နေ့ မုန့်ကိစ္စ ကြိုစီစဉ်လုပ်ကိုင်ရတာမျိုးတွေက ရှိသေးတာ မေမေရဲ့"

"ဒါဆိုလည်း အိမ်မှာ ပြေးစက်ဖြစ်ဖြစ် ဝယ်ထားပြီး အားတဲ့အချိန်လေးတွေ ရေမချိုးခင်တို့ ဘာတို့ တက်ပြေးလေ"

"အဲဒါတော့ သမီးလည်း စဉ်းစားနေပါတယ်"

"စဉ်းစားမနေနဲ့ မြန်မြန်လုပ်၊ ဒီထက် ဒီထက် ဝဝလာရင် ပြန်ချရခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး အခု အရမ်းဝနေပြီပေါ့နော်"

"အရမ်းဝတယ်တော့ မဟုတ်ဘူးလေ၊ အတော်တော့ပြည့်ဖြိုးနေပြီ"

"ပြည့်ဖြိုးတယ်ဆိုတာ ကိုယ်ချစ်တဲ့သူကိုမို့ သက်သက်ညာညာ လျှော့ပြောတဲ့စကားလုံးပါ မေမေရာ၊ ဟုတ်တယ် ... သမီးလည်း စိတ်ပျက်တာပဲ"

"မင်္ဂလာဆောင်ခါနီးတုန်းကတောင် တစ်လခွဲလောက်နဲ့ ဆယ့်ငါးပေါင်ကျအောင် ချခဲ့သေးတာပဲ သက်စုရယ်"

"အခုက ပိုခက်မှာ မေမေရဲ့"

"ဆင်ခြေချည်းပဲ သက်စုရယ်၊ အေးပေါ့၊ ဒီယောကျ်ား ကိုယ့်လက်ထဲရောက်ပြီးပြီ ကိုယ်ပိုင်ပြီဆိုတော့ ချချင်စိတ်လည်း မရှိတော့ဘူးပေါ့လေ၊ ပျင်းပြီပေါ့"

"ဟီး ဟီး ဟီး"

သက်စုက ယောက္ခမအပြောကို ချစ်စနိုး ရယ်မောမိပါသည်။

"မေမေ မှတ်မိသေးလား၊ သမီးကို တသွင်သွင်က သက်စု ထွေး ဝက်ပုလေး လို့ ခေါ်ခဲ့တာလေ၊ ခုများမြင်ရင် ဘယ်လိုများခေါ်မယ် မသိဘူး"

ဒေါ်ဝင်းဝင်းနုက မျက်ခုံးကြီးပင့်ရင်း ...

"ဒီတသွင်သွင်က ဘယ်ကပါလာတာလဲ၊ တသွင်သွင့်တော့ ပြောမနေပါနဲ့အေ၊ ပါးစပ်လေးတစ်ပေါက်က သူတစ်ပါး စပ်ဖျဉ်းဖျဉ်းဖြစ်အောင် ဘာလွတ်ရွှတ်တောက်က ပြောတတ်





တာ မဟုတ်လား၊ ဉာဏ်ကလည်းရှင်၊ ပိုးကိုလည်း သူ နာမည်ဖျက်တာပဲလေ၊ ပိုးရွှေလွှာ အရိုးပဒေသာ ဆိုပြီးတော့လေ ... ဟင်း ဟင်း"

"သူပဲ စဉ်းစားတတ်တယ်၊ အခု ပိုးလည်း အရိုးပဒေသာ မဟုတ်တော့ဘူး၊ အရိုးပဒေသာတောင် ဒီလောက် အသားတွေ တိုးလာတာ သမီးက အဆီတစ်ထပ် အသားတစ်ထပ် ဖြစ်တာ မဆန်းပါဘူး မေမေရာ၊ ဒါပေမဲ့ မဖြစ်ဘူး ချတော့ချမယ် မေမေ၊ သမီး ချမှဖြစ်မယ်၊ သူကဲ့ရဲ့လို့ဆိုးမှာ မဟုတ်ဘူး၊ သမီး ရှက်တယ်၊ သူ မလာခင်တော့ အနည်းလေးတော့ ဆယ်ပေါင်လောက်ကျမှဖြစ်မယ် မေမေ"

"ဘယ်သူလဲ၊ သူဆိုတာ ဘယ်သူလဲ၊ ဘယ်သူ လာမှာမို့လဲ"

"တသွင်သွင်လေ"

"ဘာရယ်"

ဒေါ်ဝင်းဝင်းနုက အလန့်တကြား ဖြစ်သွားရင်း ...

"တသွင်သွင်က ဘယ်ကို လာမှာမို့လဲ"

"မြန်မာပြည်ကိုလေ၊ ပြန်လာတော့မယ်"

"ဟင် ... တကယ်လား၊ ဘယ်တုန်းက ပြောလဲ၊ ဘယ်တော့ လာမှာလဲ"

သက်စုက သက်ပြင်းလေးတစ်ချက် ချလိုက်ရင်း...

"မေမေ့သားဆီ အီးမေးလ်လှမ်းပို့တယ်လေ သူ ပြန်လာတော့မယ်ဆိုတာ၊ ပဥ္စဆီလည်း အီးမေးလ်ပို့တယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီက အီးမေးလ်လာကြောင်း သမီးက ပိုးဆီကတစ်ဆင့် ကြားသိထားလို့ အဲဒီအီးမေးလ် ဖွင့်ပြလို့ ပြောတာ ရန်တောင် ဖြစ်ရတယ်၊ မပြဘဲတင်းခံနေတာ၊ ဘာမှမထူးတာ စာလေး တစ်ကြောင်း နှစ်ကြောင်းကို ဘာလို့ပြရမှာလဲဆိုပြီး၊ ပိုး တောင် ဖတ်ရတာ သမီး မဖတ်ရရင် သမီးက မျိုးစုံ ပြဿနာရှာမယ်လို့ ခြိမ်းခြောက်လို့ နောက်ဆုံး ဖွင့်တော့ ပြပါရဲ့၊ ဟုတ်ပါတယ် စာလေးက နှစ်ကြောင်းသုံးကြောင်း ပါပဲ၊ 'တို့ ပြန်လာတော့မယ် မောင်တော်ရေ ... တွေ့ကြ ရအောင်ဟေ့'တဲ့၊ ဘယ်တော့ လာမလဲတော့ သမီးလည်း မသိဘူး၊ နောက်ထပ် စာထပ်လာမလာတော့ သမီး မသိ တော့ဘူးလေ၊ သူကလည်း မပြောဘူး ...

အခု သိရတဲ့ အဲဒီစာလေးနှစ်ကြောင်းလောက်နဲ့ကို မေမေ့သားမှာ ဖြစ်နေတာ ကယောင်ကတမ်းနဲ့၊ သိပ်မှန်း တာပဲ မေမေ၊ ရုံးအလုပ် လုပ်တယ် လုပ်တယ်နဲ့ ဒါလေးကို တသသ ပြန်ကြည့်နေတာ မဆုံးဘူး၊ စာထပ်လာလား၊ သူဘယ်လို စာပြန်သလဲ အဲဒါတွေလည်း သမီးမသိဘူး၊ သူတင်မကဘူး၊ ဟိုအိမ်မှာလည်း ပဥ္စလည်း ဒီအတိုင်းပဲတဲ့၊ ပျာယာခတ်ပြီး ရွှစိထိုးနေကြတာ၊ ခါတိုင်း ကိုယ့်အလုပ်နဲ့ ကိုယ် သူတို့ လေးငါးရက်နေ့ တစ်ခါဖုန်းမပြောဖြစ်ကြပေ မယ့် ဒီရက်ပိုင်းတော့ တစ်ယောက်နဲ့တစ်ယောက် ဖုန်း ဆက်နေလိုက်ကြတာ ငယ်ငယ်ကအတိုင်းပဲ၊ တစ်ယောက် ယောက်က နှာတစ်ဖျား ကျောသွားမှာ ကိုယ်မသိလိုက်ရ





မှာစိုးပြီး အလွတ်မပေးစတမ်း အပြန်အလှန် ဆက်သွယ်နေ ကြတာလေ၊ အရင်က မေမေကြုံဖူးတဲ့ အတိုင်းပဲ"

ဒေါ်ဝင်းဝင်းနုက မျက်ခုံးကြီးပင့် နားထောင်နေရာ မှ စကားဆုံးလျှင် သက်ပြင်းကြီးတစ်ချက် လေးလေးပင်ပင်ချလိုက် ပါသည်။

"ဩော် ... ဒုက္ခ ... ဒုက္ခ ... ဒီကောင်မလေး ဘာလာရှုပ် ဦးမလဲ မသိပြန်ပါဘူး၊ သူလာရင်တော့ ဒီဗျတ်ဝိဗျတ္တနှစ် ကောင်က ဝဋ်ကြီးဝဋ်ငယ် ဆိုက်ဦးမယ်"

သက်စု မျက်နှာလေးက မလိုတမာ မှုန်တေသွား ရပါသည်။

"ဟိုလေ ... သူလာရင် သွားတွေ့မနေနဲ့တော့လို့ မေမေ့ သားကို ပြောကြည့်ပါလား"

"အမယ်လေး ... မတွေ့ဘဲနေလို့လည်းမရပါဘူး၊ တသွင်က ဘယ်နေမလဲ၊ သူ့ကို မတွေ့ရကောင်းလား ဖြစ်မှာပေါ့၊ မဖြစ်ပါဘူး၊ ကောင်းလည်း မကောင်းပါဘူး သမီးရယ်၊ တွေ့တော့ တွေ့ရမှာပေါ့၊ သူ ဒီလာရင် ဒီမှာ အစိမ်းသက် သက် ပြန်ဖြစ်နေမှာမျိုးဆိုတော့ လိုတာလေး ကူညီစောင့် ရှောက်ရဦးမှာပေါ့၊ ဝတ္တရားလည်းရှိတယ်၊ ပြီးတော့ ဒီလူ ဒီလူတွေချင်း ဒီလောက် မျက်နှာလွှဲခဲပစ်တော့ လုပ်လို့မရ ပါဘူး၊ သူ့အမေ မရှယ်လီတို့ သူ့အဖေ ကိုသန့်တို့ဆိုတာ မေမေတို့အားလုံးနဲ့ ဆွေမျိုးရင်းချာလို နေခဲ့တာ၊ ကိုသန့် ဆိုလည်း လမင်းအဖေနဲ့ရော ပဥ္စအဖေနဲ့ရော ညီအစ်ကိုလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ကြတာ၊ မရှယ်လီလည်း ဒီအဝိုင်းပဲ မေမေတို့နဲ့ ညီအစ်မတွေလိုပဲ၊ အင်မတန် သဘောမနော ပြည့်ဝတဲ့ လင်မယား၊ တသွင်လေးကို ဒီအဖေအမေ မျက်နှာနဲ့ သည်းခံချစ် ချစ်နေကြရတာပေါ့၊ မတွေ့လို့တော့ ဘယ်ရမလဲ၊ လမင်း မပြောနဲ့ မေမေတို့တောင် သူ့ကို ထမင်းလေး ဘာလေး သေချာဖိတ်ကျွေးရမှာပဲ"

သက်စုမျက်နှာလေးက ညှိုသွားရခိုက် ထမင်းစားခန်းထဲ လမင်းဆွေက ဝင်လာပါသည်။

"မေမေပြောတာ ကြားတယ်နော် သက်စု၊ ကြုံလာရင် ပကျိပကျိ မလုပ်နဲ့၊ ဝတ္တရားက ဝတ္တရားပဲ၊ အဓိပ္ပာယ်မရှိတာတွေ တွေးပြီး သဝန်တိုနေမယ် မကြံနဲ့"

"မင်းကလည်း သက်စု မခံချင်အောင် မပြောနဲ့၊ ငယ်သူငယ်ချင်းတွေတွေ့တာက တွေ့ကြ၊ မိန်းမတွေ ငြိုငြင်လာတဲ့အထိတော့ မင်းတို့က မဖြစ်စေနဲ့ပေါ့၊ တသွင်က ခုချိန်ထိ အပျိုကြီးပေမယ့် မင်းတို့ ပဥ္စတို့က အိမ်ထောင်သည် ကလေးအဖေတွေဆိုတာတော့ သတိရှိ၊ အဓိကအရေးအကြီးဆုံးကတော့ ကိုယ့်မိသားစုပဲ"

"ရှင် အဲဒါကိုတော့ ကြပ်ကြပ်ခေါင်းထဲထား၊ မမေ့နဲ့ ... ဒါပဲ"

"အဲဒါ မေ့စရာလား၊ ဒီသတင်း ကြားကတည်းက သူနဲ့ ပိုးနဲ့ ဖုန်းအပြန်အလှန်ဆက်ပြီး ထွန့်ထွန့်လူးနေကြတာ မေမေရာ၊ ဏ္ဍန္ဓေကိုမရဘူး"





"လူးမှာပေါ့၊ နင်နဲ့ ပဥ္စလည်း ထွန့်ထွန့်လူးနေတာကိုး၊ ငါတို့ ဏ္ဍန္ဓေမရလို့ ဘာမှမဖြစ်ဘူး၊ နင်တို့နှစ်ယောက် ဏ္ဍန္ဓေရပစေ"

"ဩော် ... တော်ကြစမ်းပါဟယ်၊ နှစ်ယောက်ကလည်း ငယ်ငယ်ကလို ကိုက်ဖို့ပဲ ကြံနေကြတယ်၊ သူ့ဟာသူလာတော့လည်း ဘာတတ်နိုင်မှာလဲ သက်စုရယ်၊ လမင်းဆွေက သမီးယောကျ်ားလေ၊ ဘာများ ကိုယ်ပူနေစရာ ရှိလို့လဲ၊ ကိုယ့်နေရာနဲ့ ကိုယ်ပဲဟာ"

"ဘာမှတော့ ပူစရာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ သူနဲ့ ပဥ္စ ဘယ်လောက်ရူးသွပ်ကြတယ်ဆိုတာ မေမေ အသိဆုံးပဲဟာကို၊ ခုကိုပဲ သူတို့စိတ်တွေ ဘယ်လောက်လှုပ်ရှားနေကြလဲ မြင်နေရတော့ အသည်းထဲ ကလိ ကလိ ဖြစ်တာပေါ့"

သက်စုထွေး အသံလေးက တုန်နေပါသည်။

○❦○



www.burmeseclassic.com

www.burmeseclassic.com



(၅)

လက်နှစ်ဖက်ကို လက်သီးဆုပ်၍ အပေါ်ဘက်သို့ ဆန့်တန်းထုတ်လိုက်ပြီး အားပါးတရ အကြောအချဉ် ဆန့်ပစ်လိုက်ကာ တသွင်သွင်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပါသည်။ အထိုက်အလျောက် အိပ်ရေးဝတဲ့အတွက် လူကလန်းဆန်းကြည်လင်နေပါသည်။ မနက်တွေမှာ လန်းဆန်းစွာ အိပ်ရာနိုးထခွင့်ရတဲ့ ကုသိုလ်ကံက ဘယ်လောက်တောင် ကောင်းလိုက်သလဲ။

ကိုယ်ပေါ်မှာ ခပ်လေးလေးပိနေတဲ့ ငွမ်းကပ်စောင်ပုံအောက်မှာ တသွင်သွင်က အသာအယာ ထွက်လိုက်ပါသည်။ ဆောဘီပင့်ခ်ကာလာ ပိုးသားညဝတ်အကျီနှင့် ဆောင်းဘီပွပွကလေးနှင့် ရေချိုးခန်းထဲ ဝင်လာခဲ့ကာ သူမရဲ့တစ်ရက်မပျက် ထုံးတမ်းစဉ်လာအတိုင်း ပဋ္ဌာန်း ၂၄ ပစ္စည်း ရွတ်ရင်း မျက်နှာသစ်သွားတိုက်ခြင်းအမှုကို ပြုလေသည်။ လေးငါးခေါက်ရရ ခုနစ်ခေါက်ရှစ်ခေါက်ရရ ကိုယ်လက်သန့်စင်တဲ့ကိစ္စ အပြီးတွင် ပဋ္ဌာန်းကိုလည်း အဆုံးသတ်လိုက်ပါသည်။





အိပ်ရာနံဘေးမှာ မနိုးခင်ကတည်းက လာထားပေးသွားတဲ့ ဗန်းကလေးထဲ နွားနို့ကရားနှင့် ပန်းသီးတစ်လုံး ရှိနေတာက အသင့်။ နွားနို့ကရားထဲက နွားနို့တို့က မပူလွန်းမအေးလွန်း အနေတော် နွေးနွေးဖြစ်နေပြီ။ နွားနို့တစ်ဖန်ခွက်ငှဲ့သောက်ရင်း ပန်းသီးကို ကလေးလို တကြွပ်ကြွပ် ကိုက်ဝါး၍ စားလိုက်ပါသည်။ ဒီလို အရပ်ဒေသမျိုးမှာ လူတိုင်း ကိုယ့်ဝန်တာ ဝေယျာဝစ္စကိုယ့်ဘာသာ လုပ်ကြရတာ များပေမယ့် တသွင်သွင့်မှာတော့ ဟိုးမြန်မာပြည်တုန်းအတိုင်း Breakfast ချိန် Breakfast အဆင်သင့်၊ ထမင်းဟင်းချိန် မြန်မာလိုစားမလား ဘိုလိုစားမလား မက္ကဆီကန်စာ စားဦးမလား နှစ်သက်ရာပုံစံ အဆင်သင့်၊ ကိုယ့်အဝတ် ကိုယ်မလျှော်ရ ဝေယျာဝစ္စမလုပ်ရ ဘဝမျိုးနှင့် ခုထိနေခွင့်ရတာကရော နည်းတဲ့ကုသိုလ်လား။

တသွင်သွင်က စားအပြီးတွင် အသားကပ်ကပ်ပျော့ပျော့ သက်သောင့်သက်သာရှိတဲ့ ဝတ်စုံလေးကို လဲဝတ်လိုက်ကာ ခုတင်ရဲ့ခြေရင်းဘက်ကျကျမှာရှိတဲ့ ပြတင်းပေါက်ရဲ့ခန်းဆီးများကို ဆွဲပင့်တင်လိုက်ပါသည်။ အပြင်မှာ နှင်းတွေကျနေလိုက်တာ။ သို့ပေမဲ့ အိမ်ထဲမှာတော့ Heater ဖွင့်ထား၍ အထိုက်အလျောက်တော့ နွေးပေသည်။

သူမရဲ့ Yoga Mat လေးကို ပြတင်းရှေ့ချခင်းလိုက်ပြီး ပြတင်းဘက် မျက်နှာမူ၍ တသွင်သွင်က တင်ပျဉ်ခွေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည်။ သူမရဲ့နံနက်ခင်း Yoga လေ့ကျင့်ခန်းကို စတင်လိုက်ပါသည်။ နူးညံ့သိမ်မွေ့ ဖြည်းညှင်းစွာ လှုပ်ရှားနေတဲ့ သူမရဲ့အရွေ့တို့အကြားက လှုပ်ရှားမှုတို့က ကကြိုးများနှယ် ညွတ်ပျောင်းလို့နေသည်။ မှိတ်ထားတဲ့ တသွင်သွင်ရဲ့ မျက်ခွံများအနားစပ်ကို မည်းနက်ကော့ညွတ်သော မျက်တောင်ကော့တို့က ဘောင်ခတ်ထားလျက်။ ဆိုးဆေးမတင်ရသေးသော သဘာဝနှုတ်ခမ်းဖူးက ငုံရာမှ တိုး၍ပွင့်အာတော့မည့် နှင်းဆီဖူးကဲ့သို့ မဖွတဖွ ကြွရွလှသည်။

ရေကြည်သောက်လျှင် မြင်ရမလောက်ဆိုတဲ့ လည်တိုင်မျိုးမို့ နုစိမ်းသော အကြောစင်စင်လေးတွေက ရင်ညွန့်စပ်ဆီအထိ လှရုံထက်မပိုသော ထင်ရှားမှုနှင့်။ သူမရဲ့လက်ချောင်းသွယ်ပျောင်းကလေးတွေကတော့ နုဖပ်သော မွေညင်းရှိန်းတို့နှင့် ဖော့ဖယောင်းနွယ်လို လှပတင့်တယ်လှလေသည်။ ကောင်းခြင်းငါးဖြာတို့သည် တသွင်သွင့် တစ်ကိုယ်လုံးမှာ အံ့ခွင်ဝင်ကျ နေသားတကျ။

ခါးကိုမတ်ထား၍ ပင့်ချီသော ရင်အောက်တွင် ရှပ်၍ချုပ်နေသော ဝမ်းဗိုက်က အနားကွေး ပြေပြစ်ညီညွတ်လှသော ခါးနှင့် တင်အကျတွင် တစ်သားတည်း ဆက်စပ်လျက်။ ဘယ်နေရာကလေးကို ကွက်ကြည့်ကြည့် ရင်သပ်ရှုမောရလောက်သော တသွင်သွင့်အလှသည် အားလုံးရောပေါင်းကာ ခြုံကြည့်တဲ့အခါ





ချက်လုံးခွာချင်စရာမရှိအောင် ထိုင်ငေးယူရမည့် အလုံးစုံပြေပြစ်တင့်တယ်သည့် အသရေနှင့်တည်း။

“တသွင်”

အခန်းဝမှ တသွင်သွင့် လေ့ကျင့်ခန်းအပြီးကို ရပ်ကြည့်နေဟန်ရှိသော ဒေါ်ရှယ်လီက ဘယ်လိုအချိန် ဘယ်လိုအနေအထားမှာ ပြီးဆုံးမယ် သိနေပြီးသားမို့ ပြီးဆုံးချိန်မှာပဲ ခပ်တိုးတိုးဖွဖွ အသံပြုလိုက်ပါသည်။

“မာမီ”

ပြုံး၍ လှည့်လာသော ချစ်သမီးကို ဒေါ်ရှယ်လီက ပြန်ပြုံးပြရင်း ...

“ကိုကိုကြီးက လေဆိပ်လိုက်ပို့မယ်တဲ့”

“အို ... ကိုကိုကြီးတို့ အလုပ်ရှုပ်ပါတယ်ဆို၊ တသွင် ကားမောင်းသွားပြီး ကားကို ပါ့ခ်လုပ်ခဲ့မယ်လို့ဆို မာမီကလည်း၊ ဘာမှလဲ အပန်းမကြီးပဲနဲ့”

“သမီးက အပန်းမကြီးပေမယ့် သမီးကိုကိုကြီးကလည်း သူ့ညီမကို လိုက်ပို့ပေးချင်သေးတာကိုး”

“သူတို့ကမှ အဝေးကြီးက ကားမောင်းလာရမှာလေ ... မာမီ”

“ဒါပေမဲ့ နက်ဖြန်မနက်ဆို လာကြပြီ၊ သားကြီးလာမှတော့ မေမေလည်း လေဆိပ်အတူလိုက်ပို့ဦးမယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



"အွိုး ... မာမီတို့ကလည်းနော်၊ တသွင့်ကို ချာတိတ်မက
လေး ကျနေတာပဲနော်၊ ကိုယ့်မွေးရပ်ဇာတိမြေ ပြန်မှာကို
တစ်မိသားစုလုံးနီးပါး လိုက်ပို့နေကြတော့မှာလား၊ ရှက်
စရာကြီး"

ဒေါ်ရှယ်လီက ရှေ့တိုးလာကာ သူ့ထက် ခေါင်း
တစ်လုံးနီးပါး အရပ်မြင့်တဲ့ သမီးဖြစ်သူကို ကြင်ကြင်နာနာသိုင်း
ဖက်လိုက်ပါသည်။

"သမီး ဘယ်အရွယ်ပဲရောက်ရောက် ဘာပဲလုပ်နေနေ
မာမီ့မျက်စိထဲတော့ ငါ့သမီးလေးက ကလေးလေးပဲ၊ အငြ
ဘေဘီလေးပဲ၊ စကားကြွယ်ကြွယ် ဂျစ်တူးကျကျ အနိုင်
ကျင့်တတ်တဲ့ အဆိုးမ ကလေးလေးပဲ"

တသွင်က မေမေ့ကို ပြန်ပြီးထွေးဖက်ထားလိုက်ပါ
သည်။

"အိတ်တွေအားလုံး အသင့်ပဲလား သမီး"

"အသင့်ပဲ မာမီ၊ အဝတ်အစားက သိပ်မများပါဘူး
တသွင် ဟိုကိုလှမ်းမှာပြီး ချုပ်ဖို့အပ်ထားတဲ့ ဝတ်စုံသစ်တွေ
ဟိုကျမှရွေးပြီး အသင့်ဝတ်ရုံပဲမှလား၊ လက်ဆောင်ပေး
ပစ္စည်းတွေက အများသားရယ်လေ၊ လပ်ဂေ့ဂျ်က တစ်ထ
လုံး ပိုနေတယ်ဆိုတော့ နှစ်ရာကျော်လောက်တော့ ဆော
ရလိမ့်မယ် ထင်တယ်၊ ဒါတောင် ဒီထက်ပိုပြီး မသယ်နိ





တော့လို့လေ၊ ဒီထက်ကို ပေးချင်သေးတာ၊ ထွက်လာပြီး
ကတည်းက သူတို့အားလုံးနဲ့ တွေ့မှမတွေ့ရတော့တာ၊
နောက်တစ်ခေါက် ထပ်တွေ့ဖို့ဆိုတာလည်း ဘယ်လိုမှ
မလွယ်ကူတဲ့ ကိစ္စလေ"

"အင်းပေါ့၊ ဘယ်လောက်ကျကျ ဆောင်ရမှာပေါ့၊ အားလုံး
ကို ဒက်ဒီနဲ့မာမီက သေသေချာချာ နှုတ်ဆက်တဲ့စကား
တွေ ပါးပေးဦးနော်၊ ဒက်ဒီ့ခွင့်က ဘယ်လိုမှ မရတာမို့လို့
ရယ်၊ မာမီ့ဒူးတစ်ဖက်ကလည်း ခရီးအရှည်ကြီးလေယာဉ်
စီးဖို့ ဘယ်လိုမှ အဆင်မပြေတာရယ် သေချာပြောပြဦးနော်
သမီး"

"စိတ်ချပါ မာမီရယ်"

"မန္တလေးသွားရမယ့် ကိစ္စကလည်း ..."

"အို ... မာမီကလည်းနော် ပူပန်နေတာပဲ၊ မန္တလေးသွား
ရင် တသွင် တစ်ယောက်တည်း မသွားပါဘူး၊ ဟိုနှစ်ယောက်
ကို ခေါ်သွားမှာလေ၊ ပဥ္စရော ... လမင်းရော နှစ်ယောက်
လုံး လိုက်ပို့ကြမှာပေါ့၊ မောင်သဲကလည်း အားလုံးအသင့်
စီစဉ်ဆောင်ရွက်ပေးနေတာ အစစအရာရာ သူတို့ကူညီပေး
လိမ့်မယ်၊ အကုန် အလွယ်တကူ အဆင်ပြေမှာ"

"ဟိုတယ်မှာ တစ်ယောက်တည်း တည်းဖို့ကရော အဆင်
မှ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... မာမီ၊ ဒါတွေပူရင်း အိုလာတော့မယ်၊ ရန်ကုန်မှာ အမျိုးမရှိပေမယ့် အမျိုးလိုလူတွေ ရှိတာပဲ၊ ဟိုတယ်မတည်းရင်လည်း အန်တီခင်လေးတို့ အန်တီနုတို့နဲ့ သွားနေလည်း ရတယ်၊ တသွင့်ဘာသာ လွတ်လွတ်လပ်လပ် နေချင်လို့ ဟိုတယ်မှာ နေမှာလေ"

"ပဥ္စတို့ လမင်းတို့ကိုလည်း သိပ်ဒုက္ခမပေးနဲ့နော် သမီး၊ ရန်ကုန်ရောက်တာနဲ့ ကားတစ်စီး ဒရိုင်ဘာတစ်ယောက်ကို တစ်လလုံးငှားလိုက်ပြီး ဟိုတယ်ရှေ့မှာသာ ထိုးထားလိုက်တော့၊ သွားစရာ လာစရာရှိတိုင်း လမင်းတို့ ပဥ္စတို့က အားတာမဟုတ်ဘူးလေ၊ ကိုယ့်ဘာသာ သွားတန်တာသွား၊ ပိုးရွှေလှာတို့ သက်စုဆွေးတို့နဲ့လည်း သမီး ခင်သင့်သလောက် ခင်တာပဲလေ၊ သူတို့လည်း အားတဲ့အခါ တစ်ယောက်တစ်လှည့် သမီးကို အဖော်လုပ်ပေးနိုင်တာပါပဲ"

"အင်းပါ မာမီရယ်၊ အဲဒါတွေ တသွင် ဘာတစ်ခုမှ မပူပါဘူး၊ ပြီးတော့ တသွင့်မှာလည်း သွားလာလည်ပတ်စရာ ဘာကိစ္စမှ ရှိတာမဟုတ်ပါဘူး မာမီရာ၊ မာမီ ဘာမှ ဟိုတွေး ဒီတွေး လျှောက်ပူမနေနဲ့"

"ဟိုကိုရောက်ရင်ရော လေဆိပ်လာကြိုမှာ ဘယ်သူလဲ ပြောပြီးပြီလား"

"အဟင်း ... နှစ်ယောက်လုံး ကြိုပစေလေ၊ တစ်ယောက်တည်းကို ကြိုခိုင်းရင် အဲဒီကောင်လေးတွေက စိတ်ကောက်





မှာလေ၊ မောင်ကြီးခေါ်ရင် မောင်တော်က မနာလိုမယ်၊ မောင်တော့်ကိုခေါ်ရင် မောင်ကြီးက မကျေနပ်မယ်၊ အဟင်းဟင်း ... မြင်ယောင်ပါသေးတယ် နားငြီးရမှာတွေ"

တသွင်သည် ကိုယ့်အတွေးနှင့်ကိုယ် သာသာလွင်လွင် တသွင်သွင်လေး ရယ်မောလိုက်ပါသေးသည်။ တသွင် ချစ်ရတဲ့ သူတို့နှစ်ယောက်။ ငယ်ငယ်ကလေးကတည်းက ချစ်ခင်ခဲ့ရတာမို့ သူတို့ထက်ပိုကာ ချစ်ခင်ရတဲ့ မိန်းကလေးသူငယ်ချင်းတောင် တသွင့်မှာ မရှိပေ။

တသွင် ချစ်သလောက် သူတို့ နှစ်ယောက်လည်း တသွင့်ကို သိပ်ချစ်ကြတာ တသွင် သိပါသည်။ သူတို့နှစ်ဦးအကြား တစ်ဦးအပေါ် တစ်ဦး စိတ်ဝမ်းကွဲစရာ ဆိုတာရယ်ကလည်း တသွင့်ကြောင့်သာ ဖြစ်ပွားခဲ့ရသည်။

အကြောင်းရင်းကတော့ သူတို့ထဲက တစ်ယောက်ကိုသာ တသွင်က ချစ်သူတစ်ယောက်ကဲ့သို့ အချစ်မျိုးနှင့် ချစ်သည် ဆိုတာ သူတို့လည်း သိခဲ့ကြလို့ပင်။

○ ❦ ○

"သားလေးရေ ... ဟော့ ... သား ... သား ... ဒီကိုကြည့် ဒီဘက်ကိုကြည့်"

"သားရေ ... လမင်းလေး ... မော့ကြည့်ပါဦး ...သားလေးရေ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုးရှေ့ ခပ်လှမ်းလှမ်းက မိဘသုံးစုံတွဲတို့သည် ပဥ္စ၊ လမင်းဆွေနှင့် တသွင်သွင်လေးတို့ရဲ့ သုံးယောက်တွဲ အမှတ်တရဓာတ်ပုံကို ရိုက်ဖို့အတွက် ကင်မရာအသီးသီးနှင့် ချိန်တဲ့သူကချိန်၊ ကင်မရာကိုကြည့်ဖို့ မြှူတဲ့သူမြှူ။

အဝါနုရောင် အမွေးရှည်ရှည် ကော်ဇောလှလှကြီးတစ်ချပ်ပေါ်မှာ အရုပ်တွေ ရောင်စုံဘောလုံးကြားကြီးတွေချကာ အဲဒီအလယ်မှာတော့ တစ်ယောက်နဲ့တစ်ယောက် လပိုင်းသာကွာခြားသော အသက်အရွယ် မတိမ်းမယိမ်း ကလေးသုံးယောက်တို့ဟာ ငုတ်တုတ်ကလေးတွေ ထိုင်နေကြပါသည်။ အားလုံးထဲမှာ တသွင်သွင်က အကြီးဆုံး။ ပြီးရင် ပဥ္စ၊ အငယ်ဆုံးက လမင်းဆွေ။

ခြံချင်းကပ်လျက် နေထိုင်ကြပြီး ချစ်ခင်ရင်းနှီးလှတဲ့ မိဘသုံးစုံတွဲတို့ဟာ သူတို့ရဲ့မတိမ်းမယမ်း ရင်သွေးသုံးယောက်ကိုပါ ရင်းနှီးချစ်ခင်စေလျက် ဒီကလေးသုံးယောက်ဟာ မွေးကတည်းက အတူစား အတူကစား ကြီးပြင်းလာခဲ့ကြတာ ဖြစ်ပါသည်။

"ဟဲ့"

တသွင်သွင့်ထံမှ အသံထွက်လာသည်။

နှစ်နှစ်ကျော်ကျော်အရွယ် တသွင်သွင်ဟာ ဆံပင်ထူအုပ်အုပ်လေးပေါ် ပန်းရောင်ဖဲပြားပွင့် အကြီးကြီးပါတဲ့ ဘီးကုပ်လေးတပ်ဆင်လျက် အဖြူနှင့် ပန်းရောင်ကွက်စိပ် ဂါဝန်လှလှလေးကို ဝတ်ဆင်ကာ မိန်းကလေးပီပီ ငယ်ကတည်းက လှချင်ပချင်





ခြင်းများချင်လှစွာ ဓာတ်ပုံရိုက်ဖို့ အိုက်တင်အမျိုးမျိုး လုပ်နေသော်လည်း သူ့ထက် သုံးလငယ်တဲ့ ပဥ္စ၊ ငါးလငယ်တဲ့ လမင်းဆွေတို့ကတော့ ဘာမသိ ဘာမသိ ရုပ်လေးတွေနှင့် သူတို့ပတ်ပတ်လည်က အရုပ်ကြီးတွေကို ခေါင်းငုံ့ငေးစိုက် စိတ်ဝင်စားနေကြကာ ဓာတ်ပုံရိုက်ဖို့ အာရုံမရှိ။

"ဟဲ့ ... ဆို"

တသွင်သွင်က ဓာတ်ပုံရိုက်ဖို့ အသင့်မဖြစ်တဲ့ ယောကျ်ားလေးနှစ်ယောက်ကို အတော်စိတ်မရှည်လှပုံနှင့် ဦးစွာ ပဥ္စရဲ့ခေါင်းကို လက်နှင့် ဘုတ်ခနဲ ရိုက်လိုက်လေသည်။ ဘောလုံးရောင်စုံကျားကြီးကို လက်ညှိုးလေးနှင့် တို့နေတဲ့ ပဥ္စက လန့်သွားပြီး ဖျတ်ခနဲ တသွင်သွင့်ကို လှည့်ကြည့်သည်။

"ဟဲ့ ... သမီး၊ မလုပ်ရဘူးလေ ... ခိ ခိ ခိ"

"တူက ဒီဘက်မကြည့်ဘူး"

တသွင်သွင်က သူ့ကို ဘာမှပြန်မလုပ်ရဲဘဲ မျက်လုံးအဝိုင်းကြီးနှင့် ကြည့်နေသော ပဥ္စကို မျက်စောင်းထိုးလိုက်ရင်း...

"ဟိုမှာကြည့်"

ပဥ္စက တသွင်သွင့်စကားကို နာခံစွာ ကင်မရာချိန်နေကြတဲ့ မိဘတွေဘက် အသင့်အနေထားနှင့် ငြိမ်ငြိမ်လေး ကြည့်နေလေတော့သောအခါ မိဘတွေမှာ သူ့ပုံစံလေးကို ပွဲကျပြီး ရယ်သံတွေကိုယ်စီနှင့် ဓာတ်မြှေဆည်မရ။

"ဟဲ့ ... နှမင်း"



www.burmeseclassic.com

www.burmeseclassic.com



လမင်းကို မပီကလာနှင့် န,မင်းဟု ခေါ်ရင်း တသွင်သွင်က လှည့်ကြည့်လိုက်ပြန်သည်။ လမင်းဆွေက သူ့နံဘေးက Pooh အရုပ်ကြီးကို လှမ်းဆွဲဖို့ ကြိုးစားနေလေရာ တသွင်သွင်က လမင်းဆွေရဲ့ နားရွက်တစ်ဖက်ကို ဆွဲယူလိုက်ပါသည်။

"ဟဲ့ ဟဲ့ ... သမီး သမီး ... မလုပ်ရဘူးဆို၊ ဒုက္ခပဲ ... တသွင်သွင်ကတော့၊ ဟီး ဟီး၊ သမီး ကိုယ့်မောင်လေးတွေလေ၊ အဲလို မလုပ်ရဘူးလေ"

တသွင်သွင်က သူ့အမေ စကားကို ဂရုမထား။ လမင်းဆွေရဲ့ခေါင်းကို ဒီဘက်လှည့်လာဖို့ နားရွက်ကနေ အတင်းဆွဲလှည့်နေရာ လမင်းဆွေသည် ရှုံ့မဲ့မဲ့ရုပ်နှင့် "အား ..."ခနဲ ငိုမဲ့မဲ့ ရေရွတ်ရင်း ဒီဘက်လှည့်လာရပါသည်။

တသွင်သွင်ကို နှုတ်ခမ်းကြီးအောက်ဘက်ကုပ်ကာ မကျေမချမ်းရုပ်နှင့် ကြည့်နေပေမယ့် လမင်းဆွေက ပြန်မလုပ်ရဲပါ။ မျက်လုံးပြူးကာ မာန်သလိုကြည့်နေတဲ့ တသွင်သွင့်ကိုသာ မျက်လုံးပေကလပ်နှင့်ကြည့်ရင်း ငိုချင်တာကို အောင့်ထားရတဲ့ ရုပ်နှင့်။

ပဥ္စရဲ့အမေနှင့် လမင်းဆွေရဲ့အမေတို့သည် ကိုယ့်သားတွေကို လုပ်ရကောင်းလားရယ်လို့ တသွင်သွင့်ကို အမျက်မထွက်နိုင်ပါ။ ကိုယ့်သားတွေရုပ် ကိုယ်ကြည့်ကာ သူတို့ကိုယ်တိုင်က ရယ်ချင်မဆုံး ဖြစ်လျက်သား။ သူတို့ရဲ့သားနှစ်ယောက်သည် တသွင်သွင့်ကိုတော့ ငယ်ကြောက်တွေပင်။ ဘာမှဆို ပြန်မလုပ်ရဲ။ မိဘက ဟန့်တာထက်ပင် တသွင်သွင့် မျက်စောင်းနှင့် တသွင်သွင်ရဲ့မြန်သောလက်ကို ကြောက်ကြသည်။





မိဘဆယ်ခွန်းပြောလို့ မကြည့်ပေမယ့် တသွင်သွင် ကုန်းအော်လိုက်လျှင် အပိုးကိုကျိုး၍ ကုပ်နေကြတော့သည်။ မိဘတွေအတွက် အတော့်ကို ပွဲကျစရာ ဟာသပင်။ ပဥ္စကတစ်ဦးတည်းသောသားဖြစ်၍ လမင်းဆွေက အသက်လေးနှစ်ကွာသော အစ်ကိုတစ်ယောက် ရှိပါသည်။ ခေါင်လေးတင်ရော ခေါ်ဝင်းဝင်းနှ ရောဟာ တသွင်သွင့်ကို သမီးမိန်းကလေး ရှားသွပ်သူများပီပီ သမီးရင်းနှင့်မခြား ချစ်ကြပါသည်။

ကိုယ့်သားတွေကို နိုင်တယ် ဗိုလ်ကျတယ်ဆိုပေမယ့် တသွင်သွင်ဟာ ဒီအဖော်နှစ်ယောက်ကို အင်မတန်မှ ခင်မင်တွယ်တာကာ သူ မုန့်တစ်ခုရလျှင် ပဥ္စနှင့် လမင်းဆွေကိုပါ ဆင်တူကျွေးမှ၊ သူ အရုပ်သစ်တစ်ခုရလျှင် ပဥ္စနှင့် လမင်းဆွေကိုပါ ဆင်တူဝယ်ပေးမှ ကျေနပ်တဲ့အထိ သူ့ရဲ့ကိုယ်ခွဲများနှယ် သံယောဇဉ်ကြီး ချစ်ခင်လှသည်။ ဒါကို မိဘသုံးစုံတွဲစလုံးအသေအချာ နားလည်သိရှိကြပါသည်။

အငယ်ဆုံးလေး ဖြစ်နေတဲ့ လမင်းဆွေဟာ တသွင်သွင်ရဲ့ ဗိုလ်ကျမှုတွေကြောင့် တစ်ခါတစ်ရံမှာ တသွင်သွင့်ကို စိတ်ကောက်နေတတ်ကာ တသွင်သွင်နှင့်တွေ့လျှင် ရှောင်ဖယ်ဖယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး အတူမဆော့ မကစားဘဲ နေနေတတ်သည်။ အဲဒီအခါမျိုးတွေမှာ အတင်းလိုက်ဖက် လိုက်ခေါ်ကာ ပါးကလေးလိုက်နမ်းပြီး မရမက စိတ်ပြေအောင် လိုက်ချော့တတ်တဲ့ တသွင်သွင့် အပြုအမူဟာလည်း မိဘတွေအတွက် ရယ်မောမဆုံး ဖြစ်စရာ ချစ်စဖွယ် အဖြစ်အပျက်လေးတွေပင်။

"ကဲ ... ကဲ ... ဟုတ်ပြီ ... ဟုတ်ပြီ၊ ဒီဘက်လှည့်လာပြီ၊ အားလုံး ဒီကိုကြည့်ကြမယ် သားတို့ သမီးတို့"

"လမင်းရေ ... ဒီကိုကြည့် ... ဒီကိုကြည့်"

"ပဥ္စရေ ... သားက တသွင့်နား နည်းနည်းကပ်လိုက်၊ ဟုတ်ပြီ ... နည်းနည်းတိုးဦး"

တသွင်သွင်ဟာ လူကြီးကလေးနှယ် ပဥ္စဘက်လှည့်ကြည့်လိုက်၊ လမင်းဆွေဘက် လှည့်ကြည့်လိုက်။ ပဥ္စရဲ့အင်္ကျီကော်လာ ခေါက်ဝင်နေတာကို ဖြေထုတ်ပေးလိုက်၊ လမင်းဆွေရဲ့နဖူးပေါ်ဝဲကျနေတဲ့ ဆံပင်ကို အပေါ်သပ်ကာ တင်ပေးလိုက်နှင့် အစ်မကြီးတစ်ယောက်လို အရိပ်တကြည့်ကြည့် ပြုပြင်ပေးပြီးသော အခါ ကင်မရာဘက်လှည့်၍ ပြုံးစိစိလေး ခေါင်းကိုစောင်းကာ ဓာတ်ပုံအရိုက်ခံဖို့အသင့် အိုက်တင်လုပ်လေသည်။

"ပဥ္စ ... တသွင့်ဘက်ကို ကပ်ဦး၊ လမင်းလည်း တသွင့်ဘက် တိုးလိုက်ဦး၊ ဟုတ်ပြီ ... နည်းနည်းတိုး ပခုံးလေးတွေ ထိထားကြ လိမ္မာတယ် မြန်မြန်လုပ်"





သူ့ဟာနဲ့သူ ပဲပေးရတာကတစ်ဖက်၊ မထိတထိ ကိုယ်ကိုယိမ်းနဲ့ကာ ရှက်သလိုလို ကြောက်သလိုလို လုပ်နေတဲ့ ယောကျ်ားလေးနှစ်ယောက်ကို စိတ်မရှည်နိုင်တော့တာကတစ်ဖက်၊ တသွင်သွင်က ဖျတ်ခနဲဆို တစ်ဖက်တစ်ချက်မှ ပဥ္စနှင့်လမင်းဆွေကို ပခုံးတွေပေါ်ကျော်၍ လည်ပင်းတွေမှ သိုင်းဖက်ဆွဲတိုးကပ်ပစ်လိုက်ပြီး အလယ်ကနေ မျက်လုံးလေးဝင့်ကာ ပြုံးပြုံးကြီး။

တဖျပ်ဖျပ် လင်းလက်သွားသော ကင်မရာမီးတွေ မိဘတွေရဲ့သဘောတကျ ရယ်သံတွေနှင့် သူတို့ရဲ့ ဥမမယ်စာမ ခြောက်အရွယ် အချိန်ကာလတို့က ချုပ်ငြိမ်တောက်ပခဲ့လေသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



(၆)

မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်သော လမင်းဆွေကို ယူနီဖောင်းနှင့် ဝန်ထမ်းမိန်းကလေးက ဆီးကြိုကာ ဆိုဖာတစ်ခုမှာ အရင်ထိုင်စေရင်း အေးမြသော ရေတစ်ဖန်ခွက်ကို ဦးစွာသွားယူလာကာ တရိုတသေ ကမ်းလိုက်ပါသည်။

"အစ်ကို ... ဘာလုပ်မလဲ၊ ဆံပင်ညှပ်မှာလား"

"အင်း ... ဆံပင်ကတော့ နည်းနည်းလောက်တော့ ညှပ်ရင်ကောင်းမယ် ထင်တယ်၊ အမိက,က ခေါင်းလျှော်ချင်တာ facial wash လည်း လုပ်ချင်တယ်၊ စောင့်ရမလားမသိဘူး"

"အစ်ကို လုပ်နေကျလူ ရှိလား၊ ဘယ်သူနဲ့ လုပ်ချင်တာလဲ အစ်ကို"

"ခေါင်းလျှော်တာ မျက်နှာဆေးတာတော့ ဘယ်သူဖြစ်ဖြစ် ကိစ္စမရှိပါဘူး၊ ဆံပင်ကတော့ ခါတိုင်းတုန်းက အော့ရှောင် ညှပ်နေကျပါ"





"သြော် ... ဒါဆိုရင် အစ်ကိုမစောင့်ရပါဘူး၊ ဆရာအော့ရှောင်က အခု ခေါင်းတစ်ခေါင်း ညှပ်နေတာ ဆယ်မိနစ်လောက်ဆို အားပါပြီ၊ အစ်ကို ခေါင်းအရင်လျှော်၊ မျက်နှာအရင်ဆေးနှင့်လိုက်ပေါ့၊ အဲဒီကပြီးရင် ဆရာအော့ရှောင် အားသွားတာနဲ့ အတော်ပါပဲ အစ်ကို"

"အိုကေလေ ... အခု လျှော်လို့ရပြီလား"

"ဟုတ်ကဲ့ ... ရပါပြီ၊ အစ်ကို ဒီဘက်ကြွပါ"

လမင်းဆွေက ရေဖန်ခွက်ကို တစ်ဝက်လောက်သောက်ပြီး မိန်းကလေး ညွှန်ပြခေါ်ဆောင်ရာ ခေါင်းလျှော်တဲ့ အခန်းဘက် လိုက်လာခဲ့ပါသည်။ သူ ဆံပင်ညှပ်ခေါင်းလျှော်နေကျဆိုင်ဖြစ်၍ တစ်ခါတစ်ရံလည်း မျက်နှာဆေးတာ ခြေထောက်ဆေးစိမ်တာမျိုးတွေ လာလုပ်လေ့ ရှိပါသည်။

ခေါင်းလျှော်တဲ့ အခန်းကျယ်ထဲတွင် ခေါင်းလျှော်အိပ်စင်အနက်ရောင်တွေ နှစ်ဆယ်ခန့် စီတန်းနေကာ တစ်ဝက်ကျော်လောက်က လူပြည့်နေပါသည်။

"အစ်ကို ရေနွေးနဲ့လား ရေအေးနဲ့လား"

"ရေအေးနဲ့ပဲ လျှော်မယ်"

"ဒါဆို ဒီဘက်စင်မှာ တက်လိုက်ပါ အစ်ကို၊ ခဏစောင့်ပါနော်၊ လျှော်သမား လာပါလိမ့်မယ်"

"ရတယ် ... အိုကေ"

လမင်းဆွေက အိပ်စင်ပေါ်တက်ရင်း လှဲချမည်အပြုဘေးကပ်လျက်စင်ကလူကို မျက်လုံးရောက်သွားပါသည်။ ဟား...



www.burmeseclassic.com

www.burmeseclassic.com



ရေစက်ကတော့ ဘာဆုံသလဲ မမေးနဲ့တော့။ ဆံပင်ရေစိုနှင့်ပက်လက်ခပ်မော့မော့ အနေအထား ဖြစ်ပေမယ့် အဲဒါဟာ ပဥ္စပဲလို့ မမှတ်မိနိုင်စရာမရှိ။

ပဥ္စကလည်း လမင်းဆွေ အသံကိုကြားသည်နှင့် ချက်ချင်းမှတ်မိသလို သူ့ရဲ့တစ်ဖက်လှည့်နေတဲ့ခေါင်းကို ဒီဖက်လှည့်ကာ မျက်လုံးဖွင့်ကြည့်လာသည်။ ထို့နောက် အကြည့်ချင်းဆုံသွားတဲ့ သူတို့နှစ်ယောက် အပြုံးချင်းဖလှယ်လိုက်ရင်း ...

"ဟော့ကောင် ... ဘယ်လိုလဲ"

"အေးကွာ ... ခေါင်းနောက်တောက်တောက် ငြီးစီစီရှိတာနဲ့"

"အေး ... ငါလည်း တူတူပဲ၊ ငါ့ဆံပင်က ရှည်လာရင် ဘုတ်သိုက်ဖြစ်နေပြီလေ၊ ဆံပင်လည်း ညှပ်ချင်တာနဲ့"

"ညနေ ဘယ်လိုလဲ"

"ဒီလိုပဲလေ"

"မင်း လေဆိပ်ပဲ တန်းလာမှာလား"

"လေဆိပ်တန်းမလာလို့ ဘယ်ဝင်ရမှာလဲကွ၊ နာရီဝက်လောက်တော့ ကြိုရောက်အောင် လာလိုက်မယ်လေ၊ မင်းကော"

"အေးပေါ့ ... တူတူပဲပေါ့"

လမင်းဆွေအတွက် လျှော်သမား ရောက်လာကာ ခေါင်းစလျှော်တာမို့ နှစ်ဦးသား စကားခဏ ပြတ်သွားပါသည်။ နှစ်ယောက်လုံးဟာ တသွင်သွင့်ကို လေဆိပ်ဆင်းကြိုရမယ့်နေ့မှာ





ဆံပင်ညှပ် ခေါင်းလျှော် မျက်နှာဆေး စသဖြင့် ကိုယ့်ကိုယ်ကိုယ် မသိမသာ အရောင်တင်ကြတာ အပြန်အလှန် ပြုံးချင်စိတ်သဲ့သဲ့ ရယ်ပင်။

"ကွန်ဂရက်ကျူးလေးရှင်းကွာ ... လမင်း"

"ဘာလဲကွ ... မင်းက အရင်းအဖျားမရှိ"

"ဩော် ... မင်း '... ကွန်ဒိုစီမံကိန်း'နဲ့ အခန်း ၂၀ အတွင်း ဒက်ကရေးရှင်း ကွန်ထရက်ရတယ်ဆိုတာ ငါကြားတယ်လေ"

"အမယ်လေး ပဥ္စရာ ... မင်းက ဒါကို ကွန်ဂရက်လုပ်နေသေးတယ်၊ ပြီးခဲ့တဲ့လက မင်း '.......' အိမ်ရာစီမံကိန်းမှာ လုံးချင်းတွေ ရလိုက်တာရော ငါ့ကို ဘာမှလဲ မကျွေးသေးဘူး၊ နှစ်ထပ်လုံးချင်းတွေ မဟုတ်လား၊ အဲဒါတွေ ဘယ်တော့ စဝင်ရမှာလဲ"

"နောက်လဆန်းလောက် စဝင်တော့မယ်ကွ၊ သူတို့ ဒီလကုန် အိမ်တွေအပ်ရပြီလေ၊ လကုန်လောက် အိမ်တွေအပ်ရင် ငါ နောက်လဆန်းလောက် အတွင်းပိုင်း ဝင်ရတော့မှာပေါ့၊ မင်း ... ဟိုစင်ကာပူပရောဂျက်ရော သိပြီးပြီမဟုတ်လား"

"အေး ... သိတယ်လေ၊ တောင်ဥက္ကလာကဟာ မဟုတ်လား"

"အဲဒါက အခုမှ စတာလေ၊ မြေရှင်းတာပဲ ရှိသေးတယ်၊ ၂၀၁၇ အကုန်လောက်တော့ ပြီးလိမ့်မယ်၊ ငါမှန်းထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကျရင် မင်းနဲ့ငါ တွဲတင်ကြည့်မလား လမင်း၊ သူတို့ ပရောဂျက်က ကြီးတယ်၊ ကွန်ဒိုခန်းပေါင်း သုံးလေးရာရှိမှာ”

“အဲဒါက သူတို့ စင်ကာပူက အင်တီးရီးယားဒက်ကိုရေး ရှင်းကုမ္ပဏီတွေပဲ ပြန်ချပေးမယ်လို့ ကြားနေတာလေ”

“ဆပ်ဘ်ကွန်ထရက်တွေ ပြန်ချပေးမယ် ကြားလို့လေ၊ မင်းလည်း မင်းနည်း မင်းဟန်နဲ့ လိုက်ကြည့်၊ ငါလည်း ငါ့ဘာသာ လိုက်ကြည့်မယ်၊ ဘယ်သူချိတ်မိချိတ်မိပေါ့၊ နှစ်ယောက်ပေါင်းပြီး လုပ်ရအောင်၊ စင်ကာပူကုမ္ပဏီတွေပဲ ပေးတယ်ဆိုရင်တော့လည်း မတတ်နိုင်ဘူးပေါ့”

“အေးလေ ... စုံစမ်းကြည့်သေးတာပေါ့၊ တစ်ခုခုကြားရင် မင်းကို ပြောမယ်လေ၊ မင်းလည်း ပြောပေါ့”

“အေး ...”

လမင်းဆွေက သူ့ကို ခေါင်းညွှတ်နေရင်း ပဥ္စဘက်ကို ခေါင်းစောင်းလှည့်ပေးရတဲ့အခိုက် မျက်လုံးတစ်ချက်ဖွင့်ကြည့်လိုက်သည်။ ပဥ္စရဲ့မျက်နှာမှာ Cream အမြှုပ်တဖွေးဖွေးနှင့် မျက်နှာဆေးနေလေပြီ။ ဟိုးအရင်ကတော့ ပဥ္စဟာ သူ့ရဲ့တစ်ကိုယ်ရေ သန့်ရှင်းရေး လှပရေး ကိစ္စတွေကို ဒီလောက်ထိ ဂရုတပြု စိတ်ဝင်တစား လူတစ်ယောက်မဟုတ်။ ပေပေတေတေ သူနေချင်သလိုနေတဲ့ သူစားမျိုး။

ခုနောက်ပိုင်းမှာ ဒီလိုကိစ္စတွေ လုပ်လာတာလား၊ ဒါမှမဟုတ် ဒီနေ့မှပဲ တသွင့်ကို ကြိုရမှာမို့ အထူးဖြစ်စဉ်အနေနဲ့





ခုမှလုပ်တာလား မသိပါ။ အိမ်ထောင်ကျပြီးတဲ့နောက်မှာ ပဥ္စနှင့် လမင်းဆွေတို့ဟာ စိမ်းသွားတယ်တော့ မဟုတ်ပေမယ့် အရင်က ထက်တော့ အများကြီး အတွေ့ကျဲသွားတာ အမှန်ပေ။ ဟိုးအရင်ကတော့ နေ့စဉ်မဟုတ်တောင် တစ်ရက်ခြားလောက်တော့ သူတို့ အမြဲတွေ့ဖြစ် ဆုံဖြစ်နေတာ။ သူတို့ဆိုတာ တသွင်ပါ ပါဝင်သည်။

“ပဥ္စ”

လမင်းဆွေက မနေနိုင်ပဲ တစ်ခွန်းစ,လိုက်ပါသည်။

“အေး”

“မင်း တစ်ယောက်တည်း လာမှာလား”

အရင်းအဖျား မပါသော်လည်း ပဥ္စက ဘာကိုရည်ရွယ်တာလဲ တန်းသိပါသည်။

“ဘာဖြစ်လို့လဲ”

“ကျွတ် ... မေးတာ ချက်ချင်းမဖြေဘူး၊ မင်းအကျင့်က ပျောက်ကိုမပျောက်ဘူး၊ တစ်ကွက်ကို ချန်ချင်တယ်”

“ဟား ဟား ... မဟုတ်ပါဘူးကွာ၊ မင်း ဘာဖြစ်လို့မေးတာလဲလို့ပါ”

“ဘာဖြစ်လို့ မေးတာလဲဆိုတော့ သက်စုက သူလည်းလိုက်မယ် ဇွတ်လုပ်နေလို့ကွာ၊ ဘယ်လိုမှကို ပြောမရဘူး၊ သူလည်း လိုက်ကြိုမယ် ဆိုတာကနေ မလျှော့ဘူး၊ တားလို့လည်း မရဘူးကွာ၊ အဲဒါ မင်း ပိုးကိုမခေါ်ဘူး ဆိုရင်တော့ ငါက ပိုးတောင်မလိုက်ဘူးလို့ သက်စုကို ပြောလို့ရတာ ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင်တော့ ပြောမနေနဲ့တော့"

"ဟင် ... ပိုးကရော လိုက်မှာတဲ့လား"

"ဘယ်လိုလုပ် တားလို့ရမှာလဲကွာ၊ မင်းက ဘာကိစ္စလိုက် မှာလဲ တစ်ခွန်းလေး ပြောမိလို့ မနေ့က အကြီးအကျယ် ပြဿနာတက်တာ၊ ငါ့အမေလည်း မနေရ၊ မေမေကခေါ် သွားလိုက် လုပ်တယ်လေ၊ ပိုးပါလို့ မဖြစ်တဲ့အကြောင်း ရင်း ဘာမှမရှိဘဲနဲ့ ပြဿနာအဖြစ်ခံပြီး ချန်ထားရစ်ခဲ့မှာ အဓိပ္ပာယ်မရှိဘူးပေါ့၊ အလကားနေရင်းနဲ့ ခဏတဖြုတ်လာ တဲ့ တသွင့်အတွက်ကြောင့် ကိုယ်လင်မယား ပြဿနာတက် ပြီး ကျန်ခဲ့တာမျိုးဖြစ်ရင် အဓိပ္ပာယ်မရှိဘူး မဖြစ်သင့်ဘူး တဲ့၊ အဲဒါကလည်း ဟုတ်နေတာပဲလေကွာ၊ ဒီတော့ ဘယ် တတ်နိုင်မလဲ၊ လိုက်ချင်လည်းလိုက်ပေါ့လို့ ပြောရတော့ တာပေါ့"

"အေးလေ ... ပိုးတောင် ပါမယ်ဆိုရင်တော့ ငါလည်း သက်စုကို ဘယ်လိုမှ တားလို့ရတော့မှာ မဟုတ်ပါဘူး ဟုတ်ပါတယ်လေ၊ တအားကြီး မရင်းနှီးပေမယ့်လည်း သူတို့လည်း တသွင်နဲ့က သိတော့ သိနေကြတာပဲဟာ"

"အေးကွာ ... ငါလည်း တသွင် ပြန်လာတာ ဝမ်းသာရမှာ လား စိတ်ရှုပ်ရမှာလားတောင် မသိတော့ပါဘူး"

"တူတူပဲ ပဋ္ဌရာ"

နှစ်ယောက်သားရဲ့အသံတွေဟာ နွမ်းလျလျအားငယ် နေကြပါသည်။ အမှန်တကယ်ကတော့ သူတို့နှစ်ယောက်လုံး





ရင်ထဲတွင် တသွင်သွင် ပြန်လာမည့်ကိစ္စဟာ စိတ်လှုပ်ရှားချင်စရာ ကိစ္စတစ်ခုဖြစ်သည်။ အဲဒီစိတ်လှုပ်ရှားမှုကို ပတ်ဝန်းကျင်မှာဖုံးဖုံး ဖိဖိ လုပ်ထားလို့ ရချင်ရဦးမည်။ ကိုယ့်ကိုယ်ကိုယ်တော့ ဘယ်လို လုပ် လိမ်ညာလို့ ရမှာလဲ။ ပြီးတော့ တသွင်သွင် လာမှာမို့ ရင်တွေပန်းတွေတုန်ကာ စိတ်လှုပ်ရှားမိတာကိုလည်း ဇနီးမယား တွေက ဘယ်လောက်ပဲ စကားနာထိုးထိုး မဖြစ်အောင် ဘယ်လို ထိန်းချုပ်ရမှာလဲ။

သူတို့မှာ သားနှင့် မယားနှင့်။ သူတို့ဂုဏ်သိက္ခာ တသွင်သွင့်ဂုဏ်သိက္ခာတို့အတွက် မဟုတ်မဟတ် မရိုးမသား ဖောက်တိဖောက်ပြားလည်း လုပ်ကြမည့်သူတွေ မဟုတ်။ သို့သော် ရှင်းမပြတတ်ပါ။ တသွင်နှင့် သူတို့ တွေ့ကြဆုံကြတဲ့အခါ ဇနီး မယားတွေကို မပါစေလိုတာကတော့ အမှန်ဖြစ်သည်။

သူတို့ရုပ် သူတို့အမူအရာ သူတို့အပြောအဆိုတွေ ဟာ တသွင်သွင်နှင့် တွေ့တဲ့အခါ ဘယ်လိုဖြစ်နေမလဲ သူတို့ ကိုယ်တိုင်ပင် သေချာမသိ။ အဲဒီဟန်ပန်မူရာတို့ကို ဇနီးမယားတွေ မမြင်စေလိုပါ။ စိတ်လွတ်လက်လွတ် ဆက်ဆံပြောဆိုခွင့်ရချင် တာတော့ အမှန်ပင်ဖြစ်သည်။ ဒါကို မိန်းမတွေက ပြဿနာရှာနေ တော့ ဒီပြဿနာကို ဘယ်လို Deal လုပ်ရမယ် သူတို့ကိုယ်တိုင် တွေးတတ်။ ဒါကြောင့် စိတ်ရှုပ်ရသည်။ ပျော်သင့်သလောက် လည်း မပျော်နိုင်တော့။

သူတို့နှစ်ယောက်လုံး ခေါင်းလျှော်စင်မှ ထ,လိုက် ကြပါသည်။ ခေါင်းလည်းလျှော်ပြီး မျက်နှာလည်း ဆေးပြီးကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဘက် ပြန်ထွက်လာကာ ကပ်လျက်ရှိသော ဆံပင်ညှပ်ခုံနှစ်ခုမှာ နေရာယူဝင်ထိုင်လိုက်ကြသည်။

မှန်ထဲကနေတစ်ဆင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် မသိမသာ လှမ်းအကဲခတ်နေမိကြပါသည်။ မွေးကတည်းက ချစ်ခင်ရင်းနှီးလာတဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့ နှလုံးသားချင်းကို အနည်းငယ် အေးစက်သွားစေခဲ့တဲ့ အကြောင်းရင်းကတော့ အသီးသီးရဲ့ရင်ထဲမှာ ယုံကြည်ခိုင်မာခြင်း တစ်ဝက်၊ မယုံမရဲ သတ္တိနည်းခြင်း တစ်ဝက်တို့နှင့် ကိုယ့်ဘက်ကိုယ် သာသာထိုးထိုးယက်ပြီး တွေးထားမိတဲ့ မျှော်လင့်ချက် အတွေးကိုယ်စီကြောင့်ပင်တည်း။

ဒီအတွေးချင်းဟာလည်း ထပ်တူညီခဲ့သည်။

"ကလင် ... ကလင်"

ဖုန်းမြည်သံကြောင့် ပဥ္စက ခြုံလွှမ်းထားတဲ့ ဝတ်ရုံကြီးအောက်ကို လက်လျှိုကာ ဘောင်းဘီအိတ်ထဲကဖုန်းကို နှိုက်ယူလိုက်သည်။ ထင်တဲ့အတိုင်း မိန်းမဆီကဖုန်းပင်။ လမင်းဆွေဘက် တစ်ချက်နှာခေါင်းရှုံ့ပြပြီး ဖုန်းနားထောင်မည်ပြုစဉ် လမင်းဆွေရဲ့ဖုန်းကပါ တတီတီ မြည်လာခဲ့ပါသည်။ သူ့ဖုန်းသူ ထုတ်ကြည့်လိုက်သော လမင်းဆွေရဲ့မျက်နှာကလည်း မှုန်တေသွားပါသည်။

ပဥ္စက လမင်းဆွေကို ပြုံးစိစိကြည့်ရင်း ဖုန်းမကိုင်သေးဘဲ ...

"ဟော့ကောင် ... သူတို့နှစ်ယောက် တစ်နေရာထဲမှာရှိနေတာ ဖြစ်လိမ့်မယ်ကွ"





"အေး ... ဖြစ်နိုင်တယ်"

"အဲဒါဆိုရင်တော့ ဒီညနေဝတ်ဖို့ အဝတ်အစားအသစ် အတူလိုက်ရှာဝယ်နေလား ဆံပင်ပြုပြင်ဆိုင် ရောက်နေသလား တစ်ခုခုပဲ"

"ဒါပဲနေမှာပေါ့၊ ဒီကိစ္စအတွက် သူတို့ချင်း တိုင်တိုင်ပင်ပင် လုပ်နေမှာ သေကိုသေချာတယ်"

ပဥ္စက တခစ်ခစ်ရယ်ရင်း ဖုန်းကိုဖွင့်လိုက်ပါသည်။

"ဟယ်လို"

"ကို ... ဘယ်မှာလဲ"

အမယ် ... ကိုတဲ့။ စိတ်ကောင်းဝင်နေတာလား၊ ချော့ချော့မော့မော့ လုပ်နေတာလား တစ်ခုခုပင်။

"အပြင်မှာပေါ့ ... ဘာဖြစ်လို့လဲ"

"အပြင်မှာဆိုတာ ဘယ်နေရာလဲ၊ သေချာပြောလေ၊ ရုံးမှာ မဟုတ်ဘူးပေါ့"

"အေး ... ကိစ္စရှိလို့ အပြင်မှာ"

"ဘယ်အချိန် ပြန်လာမှာလဲ"

"ဩော် ... ကိစ္စပြီးရင် ပြန်လာမှာပေါ့၊ မေးနေစရာလား"

"အလုပ်တွေရှုပ်ပြီး အိမ်ပြန်မခေါ်အားတော့ဘူးလိုလိုနဲ့ လူလည်ကျပြီးတော့ လေဆိပ်ကို တစ်ယောက်တည်းမသွားလိုက်နဲ့နော်၊ အဲဒါ သတိပေးတာ၊ တကယ်လို့ တစ်ယောက်တည်း တန်းသွားလိုက်ရင်လည်း ပိုးနဲ့သက်စုက နှစ်ယောက်ပေါင်းပြီး လေဆိပ်ကို လိုက်ဖြစ်အောင်ကို လိုက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို တကူးတက လှမ်းပြောနေသေးတယ်၊ အဲဒါမျိုးက ကလေးတွေလုပ်တဲ့ ကလေးအထာတွေပါကွာ၊ ပဥ္စတို့က ဒါမျိုးမလုပ်ဘူး ... ဟုတ်ပလား၊ ကဲ ... ဒါပဲ၊ အလုပ်ရှုပ်နေတယ်"

ပဥ္စက ဖုန်းကို ပိတ်ချလိုက်ပြီး တစ်ဖက်ကိုနားစွင့်လိုက်ပါသည်။

"ဆိုင်တစ်ဆိုင်မှာ ရောက်နေပါတယ်ဆိုမှ သက်စုရာ"

"ဘာဆိုင်လဲ၊ နောက်က တဂူးဂူးနဲ့ အသံတွေကြားနေရတယ်"

လမင်းဆွေက ဒရိုင်ယာနှင့် ဆံပင်မှုတ်နေတဲ့ မိန်းကလေးကို လက်ကာပြလိုက်ပြီး ဒရိုင်ယာရပ်ဖို့ အမူအရာပြလိုက်၍ မိန်းကလေးက ဒရိုင်ယာကို ပိတ်လိုက်ပါသည်။

"ဘယ်သိမလဲ၊ မင်းဖုန်းလိုင်း မကောင်းလို့နေမှာပေါ့၊ မင်းရော အခု ဘယ်ရောက်နေလဲ"

တစ်ဖက်က အလှပြင်ဆိုင်တစ်ခုထဲမှာ သက်စုသည် ခေါင်းပေါ်က ဆက်တင်အလိပ်ကြီးတွေကို ခေါင်းလေးငုံ့ကာစမ်းရင်းသပ်ရင်း ...

"ဘယ်ရောက်ရောက်ပေါ့"

"မင်းတောင် ဘယ်ရောက်ရောက်ဆိုရင် ငါ့ကို ဘာဖြစ်လို့လာမေးနေသေးတာလဲ၊ တသွင်သွင် ရောက်ပြီး နောက်တစ်ရက်လောက်မှ စစ်ရင်ဆေးရင် ဘာမှမပြောလိုပါဘူး၊





အခု ဘာအရေးကြီးလို့ လှမ်းမေးနေရတာလဲ၊ ကဲ ... ဒါပဲလား"

"စောစောပြန်လာခေါ်နော်၊ တန်းထွက်မသွားလိုက်နဲ့ဦး"

"တန်းထွက်သွားလိုက်လည်းပဲ မင်းက လေဆိပ်ကို မဖြစ်မနေ နောက်ကလိုက်လာမှာ မဟုတ်လား၊ အပင်ပန်းခံပြီး တန်းသွားမနေဘူး၊ အလုပ်ကိစ္စတွေပြီးရင် အိမ်ပြန်လာခဲ့မယ်"

"အင်းပါ ... သိပါတယ်၊ ရှင်ရော ပဥ္စရော အိမ်ပြန်ရေမိုးချိုး ကိုယ့်ကိုယ်ကိုယ် လှပမွှေးကြိုင်အောင် ပြင်ဆင်သ,ပြီးမှ လေဆိပ်သွားကြမယ်ဆိုတာ သိပြီးသား၊ ရုံးကထွက်လာတဲ့ ပင်ပန်းနေတဲ့ ကဖြစ်ကညစ်ရုပ်တွေနဲ့တော့ တသွင်သွင်ကို သွားမတွေ့ဘူးဆိုတာ သိပြီးသားပါနော်"

"သိလည်း ပြီးရောပေါ့"

"ဟွန်း ..."

"ဒါပဲ ... ဒါပဲ"

လမင်းဆွေ ဖုန်းပိတ်လိုက်လျှင် ပဥ္စက တဟိဟိရယ်မောနေပါသည်။ ကိုယ်တွေ့ရဲ့အဖြစ်ကို ကိုယ့်ဘာသာလည်း ရယ်ချင်ပက်ကျိ။ လမင်းဆွေကတော့ ရယ်တောင် မရယ်နိုင်သလို ဖြစ်နေကာ ...

"တသွင် ဒီမှာနေမယ့် တစ်လကျော်ကို ဒီမိန်းမတွေနဲ့ ဘယ်လိုကျော်ဖြတ်ရမလဲတောင် မသိပါဘူးကွာ။ မိန်းမတွေ



www.burmeseclassic.com

www.burmeseclassic.com



အလကား အကဲသိပ်ပိုကြတယ်၊ ငါတို့က ဘာဖြစ်နိုင်တာ
မှတ်လို့၊ ကိုယ့်ဘဝနဲ့ ကိုယ်ပဲဟာ၊ အဲဒါကို ခဏတဖြုတ်
သဘောထားကြီးကြီး ထားမပေးနိုင်အောင် ဖြစ်နေကြတာ"

ပဍ္ဍက ခေါင်းလေးဆတ်ရင်း သက်ပြင်းတစ်ချက်
ရှိုက်လိုက်ပါသည်။

"သူတို့ကိုလည်း အပြစ်တော့ သိပ်မဆိုသာပါဘူးကွာ"

လမင်းဆွေက မျက်လုံးဝင့်ကာ လှမ်းကြည့်သည်။

"ငါကလည်း စဉ်းစားထားတယ်ကွ၊ ပိုးရွှေလွှာ ဘယ်
လောက် တကောက်ကောက် တကပ်ကပ် လိုက်နေနေ ငါ
ကတော့ သူမပါဘဲ သူမသိဘဲ တသွင်နဲ့ငါ စကားအေး
အေးဆေးဆေး တစ်ရက်တော့ ချိန်းပြောဦးမယ်လို့"

"ဘာ ... ဘာ ... ငါလည်း မပါဘူးလား"

"မင်းက ဘာဖြစ်လို့ ပါရမှာလဲ"

"ဩော် ... မင်းက ငါတောင် မကြားစေချင်တဲ့ စကားမျိုး
တွေ တသွင်နဲ့ နှစ်ယောက်တည်း ပြောမယ်ပေါ့၊ ငါလည်း
အဲဒီလိုပဲပေါ့ကွ၊ ငါလည်း သူ့ဆီက သိချင်တဲ့စကားတွေ
ရှိသေးတာပဲ၊ ငါလည်းပဲ တသွင်နဲ့ သီးသန့်နှစ်ယောက်
တည်း ချိန်းဦးမှာပေါ့"

"ချိန်းပေါ့၊ မင်းကို ဘယ်သူကဘာပြောနေလို့လဲ၊ မင်းဟာ
မင်း မင်းမိန်းမကို မီးသေတယ် ပိုင်တယ် လုံအောင်ဖုံးနိုင်
တယ်ဆိုရင် ကြိုက်တာလုပ်လို့ရတာပဲ၊ငါလည်းရတာပဲလေ"





သူတို့နှစ်ယောက် ကိုယ့်ရှေ့က မှန်ချပ်ကြီးတွေထဲက
တစ်ဆင့် တစ်ယောက်ကိုတစ်ယောက် စူးစိုက်၍ ကြည့်နေကြပါ
သည်။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တစ်ယောက်ကိုတစ်
ယောက် ကြည့်မရပုံ အမြင်ကတ်ပုံမျိုးနှင့် ရင်ထဲကိုယ်စီ ကလိ
ကလိ ဖြစ်လာကာ မကျေမချမ်း ဖြစ်လာကြတာပင်။

"ပဍ္ဍ"

"ဘာလဲ"

"မင်း ငါ့ကိုတော့ တစ်ကွက်ကျော ကလိမ်ကကျစ်မလုပ်
နဲ့နော်"

"ဟော့ကောင် ... မင်း ဘာစကား ပြောလိုက်တာလဲ၊ ငါ
က မင်းကို ဘယ်တုန်းက တစ်ကွက်ကျော ကလိမ်ကကျစ်
လုပ်ခဲ့ဖူးလို့၊ လုပ်ချင်းလုပ် မင်းပဲလုပ်ခဲ့မှာ"

"ငါ ဘာလုပ်လို့လဲ၊ ဘာမှမလုပ်ဘူး"

"ဟော့ကောင် လမင်း ... မင်းဆိုတဲ့ကောင်က ငါ့ဘာလုပ်
မလဲ၊ တသွင့်ကို အမြဲပြောပြီး အတို့အထောင် သံတော်ဦး
တင်နေကျလူလေ၊ ငါဆို ဘယ်တော့မှ အဲလိုအလုပ်မျိုး
မလုပ်ခဲ့ဖူးဘူး"

"မလုပ်ခဲ့ဖူးဘူး ဆိုတာက ငါ့မှာကိုက မင်းအတို့အထောင်
လုပ်လို့ရနိုင်တဲ့ မကောင်းကွက်ကို မရှိတာလေ၊ မင်းထောင်
ချင်တာတောင်မှ ငါက အပြစ်မရှိတော့ မင်း ဘာမှထောင်
လို့ ချွန်လို့ တွန်းလို့ မရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ငါကကော ဘာအပြစ်တွေ လုပ်နေတာမို့ လို့လဲ၊ မရှိ့ရှိတာရှာကြံပြီး ရေမချိုးတာမျိုး အောက်ပြုတ်ကျတဲ့မုန့် ကောက်စားတယ် ဆိုတာမျိုးကအစ မင်းအသေးစိတ်သွားသွား သိကျွာချတာ၊ တော်ပါပြီကွာ၊ ဆက်ပြောရင် မင်းနဲ့ငါ ပြဿနာတက်ရလိမ့်မယ်၊ အသက်တွေလည်း ကြီးလာပြီ၊ ဘာပြဿနာမှ မဖြစ်ချင်တော့ဘူး ဟော့ကောင်"

"ငါလည်းပဲ ပြဿနာမဖြစ်ချင်လို့ ပြောနေတာပေါ့ကွ၊ တစ်ယောက်အပေါ်တစ်ယောက် လူကြီးစိတ်မွေးကြမယ်လို့ ငါက အဆိုပြုနေတာ"

"မင်းလိုကောင်က ပြောရတယ်ပဲ ရှိသေးကွာ"

"ပြောရတာပေါ့ကွ၊ မင်း ဉာဏ်များပြီဆို ငါက ဘာမှသိတာ မဟုတ်ဘူး၊ ခံလိုက်ရတာ"

"တော် ... တော် ... ဟော့ကောင် ... မင်း တော်တော့... ကျွတ်"

နှစ်ယောက်သားဟာ မှန်ချပ်ထဲကနေ တစ်ယောက်ကိုတစ်ယောက် မျက်နှာလွှဲပစ်လိုက်ကြပါသည်။

○ ❦ ○





(၇)

ဝဝကစ်ကစ်လေး ဖြစ်နေတဲ့ သက်စုသည် ပေါင်တစ်ဝက်လောက် အရှည်ရှိသော မပွလွန်း မတင်းကျပ်လွန်း ကိုယ်တိဘလောက်စ် ကြေးနီရောင်လေးနှင့် အောက်က အသားထပ်ဘောင်းဘီ အဆင်ရှုပ်ရှုပ်ကလေးကို တင်းတင်းရစ်ရစ်ဝတ်ထား စတက်ပ်ညှပ်ပြီး ဖွကောက်ထားသည့် ဆံပင်လေးနှင့် သူ့ရဲ့ ဖြူဖြူဥဥဘောဘီဖော့စ်လေးနှင့် လိုက်ဖက်ကာ အသွင်တစ်မျိုးပြောင်းနေပါသည်။

အောက်က တော်တော်မြင့်တဲ့ ရှူးစ်အသားရောင်ကလေးနှင့်မို့ ခါးအောက်ပိုင်းပုံသဏ္ဌာန် သွယ်သွားသလိုဖြစ်ကာ တော်တော်ကြည့်ကောင်းနေတာကို လမင်းဆွေက အဝေးကလှမ်းအကဲခတ်ရင်း တကူးတက တသွေးတမွေး ပြင်ဆင်လာတဲ့ သူ့မိန်းမကိုသူ ကျိတ်အမှတ်ပေးနေမိပါသည်။ ဒီလိုမြင်ရတော့လည်း အိမ်မှာမြင်နေကျ ပါတိတ်စပန့်သား ဂါဝန်ပွကြီးတွေနှင့် ဖားဖား



www.burmeseclassic.com

www.burmeseclassic.com



လျှားလျှား ကပိုကယို အိမ်ရှင်မပုံပျောက်ကာ အတော်အသွေးအရွေး တက်သွားပင်။

ဘာပဲဖြစ်ဖြစ် တသွင်သွင့်ရှေ့မှာ ကိုယ့်ရဲ့မိန်းမဟာ ကြည့်မကောင်း ရှုမကောင်း ဖြစ်နေမှာမျိုးတော့ လမင်းဆွေ မလိုလားတာ အမှန်ပင်။ မိန်းမ မလှမပခြင်းဟာ ယောကျ်ားကိုလည်း ဂုဏ်မရှိစေဘူးလို့ လမင်းဆွေက ခံယူပါသည်။ မိန်းမတစ်ယောက် အိမ်ထောင်သည်ဘဝမှာ ပျော့ပျော့ရွှင်ရွှင် တက်တက်ကြွကြွ လှလှပပ မိန်းမဖြစ်ရကျိုးနပ်နေခြင်းသည်သာလျှင် ခင်ပွန်းယောကျ်ားရဲ့ဂုဏ်ကျက်သရေကို တောက်ပြောင်စေတာ မဟုတ်လား။

ပဥ္စကို လှည့်ကြည့်လိုက်တော့ ပဥ္စသည်လည်း သူ့မိန်းမသူ မသိမသာ လှမ်းလှမ်းအကဲခတ်ကာနေသည်။ လမင်းဆွေက ပြုံးလိုက်ရင်း ...

"ဟော့ကောင် ပဥ္စ၊ ပိုးက ဒီလိုဆိုတော့လည်း ကုမ္ပဏီတစ်ခုခုက အမှုဆောင်ဒါရိုက်တာလိုလို ဘာလိုလို၊ ဟက်ဟက်"

ပိုးရွှေလှာက သက်စုလောက် တစ်ရစ်ကစ်မနေပေမယ့် ပြည့်ပြည့်ဖြိုးဖြိုးတော့ ဖြစ်နေပြီပင်။ သို့ပေမဲ့ အခုဝတ်စားထားပုံကြောင့် သူက Smart ဖြစ်နေပါသည်။ အောက်က ဘလောက်စ်လည်ဝိုင်းလေးရော ဒူးနားတိတိ စကတ်လေးကပါ အဖြူရောင်ပြောင် ထူထူအိအိ ချပ်ချပ်ကပ်ကပ်။ အပေါ်က ကုတ်အနက်လေးထပ်ကာ ဝတ်ထားလိုက်၍ လမင်းဆွေ ပြောသလို တကယ်ပဲ ကုမ္ပဏီအဆင့်မြင့်ဝန်ထမ်းပုံ ထွက်နေတာ။





ဖြောင့်စင်းသော ပိုးရွှေလှာရဲ့ဆံပင်ပျော့ပျော့အိအိလေးတွေက ပခုံးကျော်ရုံရှည်ကာ ရင်ဘတ်ရှေ့တချို့ ကျောဘက်တချို့ တဖျပ်ဖျပ်ပြေးကာ ပေါ့ပါးလွတ်လပ်တဲ့စတိုင်။ ကြိုးသိုင်းထားတဲ့ ဖိနပ်အနက်အမြင့်ကလေးကလည်း လှကိုမတ်ကြော့စေသည်။

"ဟင်း ဟင်း ... ပိုးရော ... သက်စုရော အတော်ကြီးတော့ ကြိုးပမ်းအားထုတ်လာကြတာပဲ၊ ဘာပဲဖြစ်ဖြစ်ပါကွာ သူတို့ကြည့်ကောင်းနေတာက ကြည့်မကောင်းနေတာထက်တော့အများကြီး ကျေနပ်စရာ ကောင်းတာပဲ မဟုတ်လား"

"သက်စုဝတ်စုံက သူ ဒီနေ့မှ ဝယ်လာတာ ဖြစ်မယ်၊ ငါ အရင်က မတွေ့ဖူးဘူး ... ဟား ဟား ဟား"

"အေး ... ပိုးလည်း ဒီတိုင်းပဲ၊ သူတို့နှစ်ယောက် ဒီနေ့ ချိန်းထွက်ကြတာပဲလေ၊ တိုင်ပင်ပြီး ဝယ်ခြမ်းပြင်ဆင်ကြမှာပေါ့"

"အင်း ... သူတို့လည်း ဒီကိစ္စအတွက်ကို တော်တော်ပရက်ရှာကြီးပုံရတယ်"

"အေးလေ ... ဒါကြောင့် ငါလည်း ပိုးကို ပြောတာ၊ မင်းတို့ အဲလောက် တပင်တပန်းခံပြီး အင်အားတွေ သုံးနေစရာ မလိုပါဘူးလို့"

"အဲဒီတော့ ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့ရမလဲ၊ ဒေါကန်တာပေါ့ကွ၊ အော်လိုက်တာအရမ်း သူ့ဟာသူ ဘယ်လိုလုပ်လုပ် ဘယ်လိုပြင်ဆင်ဆင် ဒါ သူ့အတွက် သူလုပ်တာ တသွင့်အတွက်လုပ်တာ မဟုတ်ဘူး၊ ဒီစကား ထပ်မပြောနဲ့ဆိုပြီး ဒေါတွေကန်တာကွာ"

"ဟား ဟား ဟား၊ တသွင် လာမှာမို့လို့ တသွင်နဲ့ရင်ဆိုင်နိုင်ဖို့ ယှဉ်ပြိုင်နိုင်ဖို့ သူတို့ကြိုးစားပမ်းစား လုပ်နေကြတယ် စွပ်စွဲရင် ဘယ်ကြိုက်ပါ့မလဲကွ၊ မင်းကလည်း အလကား ပြဿနာတက်အောင် သွားပြောနေသေးတယ်"

"အေးကွာ၊ အမှန်တိုင်း ပြောရရင် ပိုးက ငါတော်တော်မီးသေတဲ့ မိန်းမပါကွာ၊ ဘာကိစ္စနဲ့မှ ငါ့ကို against မလုပ်တဲ့ မိန်းမကွာ၊ ခုတလောကျမှပဲကွာ ဒီကိစ္စနဲ့ပတ်သက်ပြီး ခံအော်လိုက်၊ ဆန့်ကျင်လိုက်၊ ဆတ်ဆတ်ထိကို မခံတာ"

"တူတူပဲ ပဋ္ဌ၊ သက်စုလည်း ဒီတိုင်းပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ရင် လုံးဝသည်းညည်းမခံဘူး ဆိုတဲ့ ပုံစံနဲ့ လုံးဝကိုစစ်မျက်နှာဖွင့်ထားတာ"

"ဟစ် ဟစ် ဟစ် ... ဩော် ... မိန်းမတွေ ... မိန်းမတွေ"

"အေးကွာ၊ ငါတို့က သူတို့ကိုပစ်ပြီး တသွင်သွင့်နောက်ပါသွားနိုင်တာ ကျနေတာပဲ၊ အဓိပ္ပာယ်မရှိတာ ဖြစ်နေကြတယ်"

"အဲသလို ပါမသွားဘူးဆိုတာ သူတို့ သိပါတယ် လမင်းရ"

"ဒါဆိုလည်း အေးဆေးနေကြပေါ့ကွာ"





"မဟုတ်ဘူး ... ပါသွားမှာ ကြောက်နေကြတာမှ မဟုတ်တာ၊ ငါတို့နှလုံးသားတွေ နည်းနည်းကလေးလောက်လှုပ်ရှားသွားမှာကိုလည်း လက်မခံနိုင်ဘူး၊ ငါတို့စိတ်တွေ နည်းနည်းကလေး ယောက်ယက်ခတ် ယိုင်ညွှတ်သွားမှာကိုလည်း လက်မခံနိုင်ဘူး၊ ငါတို့ တကယ်ဖြစ်နေမှာထက်ကို ပိုဖြစ်မယ် ထင်နေကြတာလေ၊ ဒါကို မနာလိုနိုင်အောင် သဝန်တိုနေတာလေ၊ တစ်လလောက်ကတော့ ဒီပြဿနာတွေကို မဖြစ်မနေ ရင်ဆိုင်လိုက်ရပေါ့ကွာ"

ပိုးနှင့်သက်စုသည် စောင့်ဆိုင်းတဲ့ ခုံကလေးတွေမှာ ထိုင်နေရင်း ကိုယ့်ယောကျ်ား ရှိတဲ့ဘက်ကိုလည်း ကိုယ်အကဲ ဘခတ်ခတ် ပြုနေမိပါသည်။ ဘယ်လောက်ထိ ဂနာမငြိမ်ဖြစ်နေကြလဲလို့ပင်။

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် မျက်နှာချင်းဆိုင် လက်ပိုက်ရပ်ကာ မသဲမကွဲ ပြောနေကြတဲ့ စကားတွေကတော့ ဘာစကားမျိုးများ ဖြစ်နေမလဲ သိချင်ပါဘိ။

"ပိုး ... ငါ ဒီအကျီနဲ့ ပိုများဝသလို ဖြစ်လား"

"မဖြစ်ပါဘူးဆို ... လှတယ်"

"ဟုတ်ရဲ့လားဟယ်"

"ဘယ်လိုပဲဖြစ်နေနေ ငါတို့ အခုမှ ဘာမှလဲ ထပ်လဲလို့ရတာမှ မဟုတ်ဘဲ၊ အကောင်းဆုံး လိုက်ဖက်မယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တာ နှစ်ယောက်တိုင်ပင် ရွေးချယ်ထားကြတာပဲဟာ၊ ဒီအတိုင်းနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် အတင့်တယ်ဆုံးဖြစ်အောင် ကြိုးစားနေပေတော့ပဲ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် အပြည့်သာ မွေးထားတော့ ... ဒါပဲ"

"ယုံကြည်ချက် ဘယ်လောက်ထားထား အဲဒီ တသွင်သွင်ရဲ့ ဒူးလောက်မီအောင် မလှမှာ သေချာနေတော့ အဲဒီ ယုံကြည်ချက်က ရွတ်ခနဲ ပျောက်သွားတာပဲ"

"ဒီမှာ သက်စု၊ လောကကြီးမှာ လှတယ်ဆိုတာက အားသာချက်တစ်ခု ဖြစ်ပေမယ့် အလှတစ်ခုတည်းနဲ့ ပြီးနေတာ မဟုတ်ဘူး နင်သဘောပေါက်ထား၊ ကမ္ဘာပေါ်မှာ ရုပ်ဆိုးဆိုးမိန်းမတွေ သူ့အရည်အချင်း သူ့ကွန်ဖစ်ဒန့်စ်နဲ့သူ တင့်တယ်နေတာ အများကြီး"

"ဥပမာ ပြောပါဦး"

"ကွန်ဒိုလီဇာရိုက်စ် ပေါ့ဟာ"

"အဟီး"

"ဗျူးပီဂိုးလ်ဘတ်ကော ဆိုးလိုက်တဲ့ရုပ်၊ ဒါပေမဲ့ သူ့ကို တခုတ်တရ ကြည့်နေကြရတာပဲ"

"နင်ပြောတာ လူမည်းချည်းပဲ"

"ဂလဲင်ကလို့စ် ဟာ၊ အဖြူလေ၊ ရုပ်ကိုကြည့်ဦး ဆိုးလှချက်၊ ဒါပေမဲ့ မိုက်တယ်လေ၊ နင် ခုလိုဖြစ်နေတာကိုက





တပန်းရှုံးနေပြီး ငါရော ဘယ်လောက်လှနေလို့လဲ၊ ဒါပေမဲ့ မပူပါဘူး၊ ငါ ပဋ္ဌကို ရထားတယ်၊ အဲဒါ လှလို့မှမဟုတ်တာ၊ နင်လည်း လမင်းကို ရထားတယ်၊ တသွင်သွင့်ကို မရရင် ရူးသွားမလား ထင်ခဲ့ရတဲ့ သူတို့နှစ်ယောက်ကို ငါတို့ အပိုင်ရထားတယ် ပြီးပြီပေါ့ဟာ"

"သူတို့ကို ဟိုကမှ မယူတာကိုး ... ဟွန်း"

"အကြောင်းပြချက်က အရေးမကြီးပါဘူး၊ ဘာဖြစ်ခဲ့သလဲ၊ အဲဒီအဖြစ်အပျက်ကပဲ အရေးကြီးတယ်"

"တသွင်သွင်က ဘယ်လောက်တောင်များ မှုန်းခြယ်လာမလဲ မသိဘူးနော်၊ အပုံစား ရောက်ချလာမှာ သေချာတယ်၊ ပြီးတော့ သူက ခုထိအပျို၊ အသက်သုံးဆယ့်ငါး,ခြောက်တွေချင်း အတူတူ သူက အပျိုကြီးဆိုတော့ နုလည်းနုနေမှာပဲ"

"နင် အဲဒါတွေပဲ တွေးမနေနဲ့ ငါတွေးနေတာက တခြား"

"နင်က ဘာတွေးနေတာလဲ"

"သူက ပဋ္ဌနဲ့ လမင်းဆွေကို ဘယ်သူ့ကိုမှ မပိုရ မလိုရ မသာစေရ မနာစေရအောင် အမြဲညီညီမျှမျှ ဆက်ဆံခဲ့တာဟဲ့၊ ဒါကြောင့် တစ်ယောက်တည်းကိုပဲ သူ ချစ်ပါတယ် ဆိုတုန်းက အဲဒါ သူလား ကိုယ်လား ဆိုတာ သူတို့နှစ်ယောက်လုံး မကွဲပြားခဲ့ မရိပ်မိခဲ့ကြဘူး၊ ကိုယ့်ကိုလို့ပဲ လည်း သူတို့နှစ်ယောက်လုံး ထင်ကြတယ်၊ ငါမဟုတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သူများလားလို့လည်း သူတို့နှစ်ယောက်လုံး မလိုတမာ
အစိုးရိမ်ကြီးခဲ့ကြတယ်၊ တသွင်သွင်ကလည်း အဖြေပေး
တော့မလို လုပ်ပြီးမှ ဘာမှမပြောခဲ့ပဲ ထွက်သွားတယ်"

"အင်း ... အဲဒီတော့ အခု ဘာဖြစ်လို့လဲ"

"အခု ပဥ္စရော လမင်းဆွေရော သူ့ကို နှစ်ယောက်လုံး
လာကြိုကြတယ်လေ၊ ဇနီးကိုယ်စီလည်း ပါတယ်၊ တသွ
သွင်က တစ်ယောက်တည်း"

"အဲဒီတော့"

"တသွင်သွင် ဘယ်သူ့ကားနဲ့ လိုက်မလဲ၊ တစ်ယော
တည်းရဲ့ကားပေါ်ပဲ လိုက်လို့ရတယ်၊ အဲဒါကို ငါ သိချ
နေတာ၊ သူလိုက်တဲ့ကားရဲ့ ပိုင်ရှင်ကို သူ ပိုပြီး မျက်နှ
သာ ပေးလိုက်သလို ဖြစ်မှာလေ"

"ဟင် ... ဟုတ်တယ်၊ ငါလည်း ခုမှ တွေးမိတယ
တသွင်သွင်က တစ်ယောက်တည်းကို ချစ်တယ်ဆိုတ
ဘယ်တစ်ယောက်လဲလို့ ငါတစ်သက်လုံး သိချင်နေတာ

"နင်တင်မကဘူး ငါရောပဲ၊ ဟိုနှစ်ယောက်ရောပဲလေ၊
တို့နှစ်ယောက်က ငါတို့ထက်တောင် ပိုသိချင်ဦးမ
တသွင်သွင် ဒီမှာနေတဲ့ ကာလအတောအတွင်းမှာလည
ဒီအဖြေကို သိရဖို့ သူတို့ ကြိုးစားကြလိမ့်မယ်လို့ ငါထ
တယ်"

"သိတော့ ဘာလုပ်မှာလဲ"





"သိတော့ ဘာမှတော့ လုပ်လို့မရဘူးလေ၊ သိရတာပေါ့၊
ဘာမှလုပ်လို့မရပေမယ့် သိရတာကိုက သူတို့အတွက်
ကျေနပ်မှု၊ ပြည့်စုံမှု၊ ဆုလာဘ်ပဲလေ"

"ဒါဆို ငါတို့ကားပေါ် လိုက်လာရင် သူချစ်တာ လမင်း
ဆိုတဲ့ သဘောလား"

"အဲလိုမျိုး ကောက်ချက်ချလို့ ရမလားလို့ ငါကတွေးနေ
တာ၊ နင့်လို ငါလှလား မလှလား၊ ဒီဝတ်စုံနဲ့အဆင်ပြေ
လား မပြေလား ငါ သိပ်စိတ်မဝင်စားတော့ဘူး"

"ငါတို့ကားပေါ် မလိုက်ပါစေနဲ့"

"ဟဲ့ ... အတ္တကိုကြီးတယ် သက်စုမ"

"ပဥ္စက တော်သေးမှာပဲ၊ လမင်းက သူ့ကားပေါ် တသွင်
သွင် ပါလာရင် ပါးစပ်မပိတ်နိုင်အောင်ပျော်ပြီး တစ်ညလုံး
တောင် အိပ်မယ်မထင်ဘူး၊ ဒါကြောင့်ပါဟာ"

"ပဥ္စလည်း ဒီလိုပဲပေါ့၊ ငါလည်း ငါတို့ကားပေါ် သူ
မလိုက်စေချင်ဘူး"

"နင်ကလည်းဟာ နင်တို့ကားနဲ့ပဲ တင်သွားလိုက်၊ နင်တို့
ကားက ပိုကြီးတယ်"

"ကြီးတာနဲ့ ဘာဆိုင်လဲ၊ ဘာမှမဆိုင်ဘူး"

"အေး ... ဒုက္ခပဲဟာ၊ ငါ့ကားပေါ် သူပါလာမှာ ငါမလို
ချင်လိုက်တာ၊ နင်လည်း ဘယ်ဖြစ်ချင်ပါ့မလဲနော်၊ ရင်တွေ
မောလိုက်တာ၊ ငါတော့ ဒီတစ်လအတွင်း စိတ်တွေဖိစီးပြီး
ပိုစားတာနဲ့ ပိုဝလာတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဖိစီးပါတယ်ဆိုမှ ဝ,စရာလားဟဲ့"

"ငါက စိတ်ဖိစီးရင် သရဲမရဲစားရော ပိုးရဲ့၊ နင် သိသားနဲ့"

ပိုးရွှေလွှာနှင့် သက်စုထွေးသည် ကိုးတန်း ဆယ်တန်း နှစ်နှစ် ဝိုင်းကျူရှင် အတူတူ တစ်ဝိုင်းတည်း ယူခဲ့ကြတာ။ တက္ကသိုလ် တက်ကြတော့ တကွဲတပြားပါ။ သို့ပေမဲ့လည်း ခင်မင်ရင်းစွဲက မပျက်ခဲ့ဘဲ တတွဲတွဲနှင့် ခုထိ ခင်မင်စည်းလုံးဆဲ။ ပဥ္စကို တစ်ဖက်သတ်ကြီး ကျိတ်ချစ်ခဲ့တဲ့ ပိုးရွှေလွှာနှင့် လမင်းဆွေကို တိတ်တခိုး မြတ်နိုးသဒ္ဒါပိုခဲ့သော သက်စုထွေးတို့ဟာ အဲဒီအဖြစ်အပျက် အခြေအနေကြောင့်ပဲ ပိုပြီးသွေးစည်းချစ်ကြည်ခဲ့ကြတာပင်။

သူတို့ချစ်ခင်ရတဲ့ ကောင်ကလေးတွေဟာ တသွင်သွင်တည်း ဟူသော မိန်းကလေးတစ်ယောက်ကို နှစ်ဦးလုံးအပြိုင်အဆိုင် ကြွေသက်ကျဆုံးနေလိုက်ကြတာ ဆိုတာ။ ဟိုက ခါးခါးသီးသီး ငြင်းပစ်လိုက်လျှင် နှစ်ယောက်သား ခေါင်းချာစိုင်းအောင် ကြေကွဲကာ အလူးအလဲ ဖြစ်နေတဲ့အခါ ဒီဘက်က တစ်ဖက်သတ်ချစ်ရသူ နှစ်ဦးမှာ သူတို့ကို ဖေးမရ ကြင်နာရ ပျာပျာသလဲဂရုစိုက်ကြရ။ အဲဒီ ကြင်နာယုယ ဂရုစိုက်မှုများထဲမှာ လက်သာသလိုမွှေ့ာနေကြပြန်ပြီးလျှင် ဟိုက လက်ဖျောက်တစ်ချက် တီးလိုက်တာနှင့် နှစ်ယောက်သား ကောက်ခနဲ အလုအယက် ပါသွားကြပြန်ကာ ဒီကနှစ်ယောက်ကို မေ့လျော့ပစ်ပယ်ကြပြန်လေသည်။





ဤသို့လျှင် အကြိမ်ကြိမ် အဖန်ဖန် ကပြအသုံးတော်ခံနေတဲ့ ပြဇာတ်ကြီးကို သူ့မိဘ ကိုယ့်မိဘတွေ ကြားက မျက်စိနောက် အမြင်ကတ်လာကြတော့တဲ့အထိ။ တသွင်သွင့်ကို မွေးကတည်းက ကိုယ့်သမီးလေးလို ချစ်လာခဲ့ကြတဲ့ ပဥ္စအမေနှင့် လမင်းဆွေအမေတို့ဟာလည်း အရွယ်ရောက်လာချိန်မှာတော့ သူတို့သားတွေကို မှောက်လိုမှောက် လှန်လိုလှန် ထင်သလို ခြယ်လှယ်ကစားနေတဲ့သဏ္ဍာန် ဖြစ်နေတဲ့ တသွင်သွင့်ကြောင့် သားတွေအလူးအလိမ့် ဖြစ်နေကြတဲ့အပေါ် တော်တော်တော့ ရင်နာတတ်ကြပြီ ဖြစ်လေသည်။

ဒီမိန်းကလေးကို ချစ်ပင် ချစ်ငြားသော်လည်း သူနဲ့ရမှဖြင့် ကိုယ့်သား တစ်သက်လုံး လူလုံးမလှအောင် တစ်ဖက်ဆောင်းနင်း အနိုင်ကျင့်ခံရကာ နလန်ပင် မထူနိုင်မှာ အသီးသီးဆွေးတောစိုးရိမ်လာကြတာမျိုးပင်။ ကိုယ့်သားအပေါ် 'အလွန်အင်မတန် ကောင်းနိုင်လွန်းလှတဲ့ မိန်းကလေးတို့ကလည်း အနားမှာအသင့်။ ဒီမိန်းကလေးတွေဟာလည်း တသွင်သွင့်လောက်နှစ်ရှည်လများ မွေးကတည်းက ချစ်ခင်လာရတာ မဟုတ်ဘူးဆိုသော်မယ့် ကျောင်းမှာ ကျူရှင်ဝိုင်းမှာ တတွဲတွဲ တရှန်းရှန်းမို့ သူ့ကလေး ကိုယ့်ကလေး မခွဲခြား အားလုံး ကိုယ့်သားကိုယ့်သမီးတွေလို ဖြစ်နေတာပဲ မဟုတ်လား။

ပဥ္စကိုလိုလို လမင်းဆွေကိုလိုလို ဘယ်သူ့ကိုမှ မဟုတ်ဘူးလိုလို အကဲဖမ်းမရအောင် ခြယ်ချင်တိုင်း ခြယ်လှယ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ တသွင်သွင် လက်ထဲ ကိုယ့်သားအပ်လိုက်ရမှာကို အမေတွေ ရတက်မအေး ဖြစ်လာကြတဲ့အခါ ပိုးနှင့် သက်စုတို့ကို သက်ဆိုင်ရာ ယောက္ခမလောင်းတို့ကပါ လိုလိုလားလား ဖူးဖူးမှုတ်လာကြတော့တာပါ။

"ဟော့ကောင် ... Landed တဲ့ လေယာဉ်ဆိုက်ပြီ"

ပဒ္မစကားကြောင့် ပဒ္မရော လမင်းဆွေပါ ရုတ်တရက် ပျာပျာယာယာတော့ ဖြစ်သွားကြရသေးသည်။ ကိုယ့်ယောက်ျား တွေ ကိုယ်အကဲခတ်နေတဲ့ ပိုးနှင့် သက်စုလည်း ချက်ချင်းသိသွားကာ ခုံတွေပေါ်က ထ,လာပြီး ကိုယ့်ယောက်ျားအနား ကိုယ်ကပ်ကြလေသည်။

"ဟိုလေ ... ဟို ... ဟို ..."

"ဘာတုန်း ... သက်စု"

"ပြီးရင် ... ဟို ... သူက ... ဘယ်သူ့ကားနဲ့ ..."

ပဒ္မနှင့် လမင်းဆွေက တစ်ယောက်မျက်နှာ တစ်ယောက် ဖျတ်ခနဲ စိုက်ကြည့်လိုက်ကြပါသည်။ အကြည့်က "မင်းပဲခေါ်သွားလိုက်လေ"လို့ အဓိပ္ပာယ်မဆောင်ပါ။ "ငါခေါ်သွားလို့ ဖြစ်တယ်လေ"ဆိုတဲ့ အဓိပ္ပာယ်ကိုသာ ဆောင်နေသည်။

"သူ့ကို ဘယ်ပို့ရမှာလဲ၊ သူက ဘယ်မှာ တည်းမှာလဲ"

ပိုးက ဝင်မေးလိုက်ပြန်ပါသည်။

"ဆီဒိုးနားမှာ တည်းမှာတဲ့"





"ဟင် ... ဒါဆို နင်တို့နဲ့ နည်းနည်းပိုနီးတာပေါ့ သက်စု၊ နင်တို့ကားနဲ့ပဲ ခေါ်သွားလိုက်တော့ပေါ့"

ပိုးရဲ့စကားကို ပဒ္မက လက်မခံနိုင်သလို ဖြစ်သွားရသလိုပင် သက်စုကလည်း ပျာပျာသလဲပင်။

"အမယ် ... နင်တို့နဲ့လည်း မဝေးပါဘူး ပိုးရယ်၊ ငါ့ခုန ပြောသလိုပဲလေ၊ နင်တို့ကားက ကြီးတော့ နင်တို့ခေါ်သွားလိုက်ပေါ့"

ဒီတစ်ခါတော့ ထိုစကားကို လမင်းဆွေက လက်မခံနိုင်သလို ခေါင်းကုတ် နဖူးကုတ် လိန်တွန့်နေဆဲ ပဒ္မကဝင်က ...

"ဘယ်သူ့ကားနဲ့ ခေါ်ခေါ်ပါ၊ သူ မလိုက်တဲ့ကားက အိမ်တန်းပြန်လို့တော့ မရသေးဘူးလေ၊ ဟိုတယ်ကို လိုက်ရဦးမှာပဲပေါ့၊ ဟိုမှာနေသားတကျ နေရာကျပြီဆိုမှ အားလုံးတူတူပြန်ကြရမှာပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်၊ ပဒ္မပြောတာ ဟုတ်တယ်၊ ရောက်ရောက်ချင်းကြီးလေ၊ ဟိုတယ်တော့ အားလုံးလိုက်သွားကြမှ ဖြစ်မှာပေါ့"

ပိုးနှင့် သက်စုက ကိုယ့်သက်ဆိုင်ရာလူဆီကိုယ် ချက်စောင်းအသီးသီး ပစ်လွှတ်မိကြပါသည်။ ပဒ္မရော လမင်းဆွေပါ နှစ်ယောက်စလုံးက မိန်းမကြိုက်ပါ့မလားတောင် မတွေးကြတော့ပုံနှင့် နောက်ကျတဲ့ခြေထောက် သစ္စာဖောက် သဘောထား



www.burmeseclassic.com

www.burmeseclassic.com



သလို တသွင်သွင့်ကို မြင်ရနိုင်မည့် မှန်ချပ်ကြီးဆီ တိုးကပ်သွား ကြပါသည်။ ပိုးနှင့် သက်စုပါ မှန်ချပ်နားကပ်လာကာ မှန်ချပ်နှ နဖူးကပ်လျက် အထဲခပ်လှမ်းလှမ်းကို မြင်ရသလောက် ငေးမျှော် ကြည့်ကြလေသည်။

"တွေ့လား ပိုး"

"ဟင့်အင်း၊ သူက ပုံစံပြောင်းရင်လည်း ပြောင်းနေမှာ ငါ သေချာတောင် မျက်စိထဲ မမြင်ဘူး ဖြစ်နေတယ်"

"သူက အရုပ်မြင့်တယ်လေ၊ ထင်တော့ ထင်ရှားနေမှာ ပါ"

"ဟဲ့ ... ဟဲ့ ... ဟိုက ကုတ်အင်္ကျီ အနီရဲရဲနဲ့ တစ်ယောက် ထင်တယ်"

"ဟင် ... ဟုတ်လား၊ ဟုတ်တယ်နော် ... အဲဒါပဲ"

"ကြည့်လေ ... အဲလိုပုံစံပဲ မဟုတ်လား၊ အောက်က ဘောင်းဘီကအဖြူနဲ့၊ အမယ်လေး တောက်ပပြောင်ရောင် နေတာပဲ"

အတွင်းအင်္ကျီက အနက်ပေါ် ပုလဲပုတီးဖြူဖြူတစ်ကုံး ဆွဲထားကာ နေကာမျက်မှန်ဝိုင်းကြီးကလည်း အထဲရောက်တဲ့ထိ မချွတ်တဲ့ပုံသဏ္ဌာန်ကို သက်စုက မဲ့ရွဲ့ရင်း ...

"နေကဖြင့် ဝင်နေတာကြာပေါ့၊ ခုထိ နေကာမျက်မှန်တပ် ထားတာက ဘာသဘောလဲ၊ ရှီးကများလွန်းတယ်"

"မျက်စိနာနေလားမှ မသိတာ ... ခိ ခိ ခိ"





"ဟိုမှာ ... ဟိုမှာ ... ဘေးက ဘိုတစ်ယောက်နဲ့ တရင်း တနှီး ရယ်လို့ မောလို့ပါလား၊ ကြည့်စမ်း ... ကြည့်စမ်း"

"ဩော် ... နိုင်ငံခြားမှာချည်း ဆယ်နှစ်ကျော်ပြီပဲဟာ၊ ဘိုတွေနဲ့ တရင်းတနှီး နေတတ်တာကတော့ ရိုးနေရော ပေါ့ဟ"

ပိုးနှင့် သက်စုက သူ လှုပ်ရှားရွေ့ပြောင်းရာ နေရာ တို့ကို မြင်ရအောင် ရွေ့ရင်း ရွေ့ရင်း လိုက်ကြည့်နေကြပါသည်။ ကြွကြွဆွဆွနှင့် လိုအပ်တာထက်ပိုကာ သွက်နေတဲ့ ဟန်မူရာကို တစ်ချက်မလွှတ်ကြည့်ရင်း တစ်ယောက်နှင့်တစ်ယောက် အတင်း ပြောလိုက် ဝေဖန်လိုက်။ ကုတ်အင်္ကျီ အနီဟာလည်း ကောင်တာ တစ်နေရာမှာ ဘာပြဿနာရှိတယ်မသိ ငြင်းငြင်းခုန်ခုန်နှင့် တော် တော်နှင့် မပြီးနိုင် ဖြစ်နေပါသည်။ သက်စုက မှန်ချပ်ထဲ သဲမဲ ကြည့်နေရာမှ ပဥ္စတို့ လမင်းဆွေတို့ရှိရာဘက် တစ်ချက်လှမ်း ကြည့်လိုက်ကာ ...

"ဟင် ... လမင်းတို့ရော"

"ဟင် ... ဘယ်ရောက်သွားလို့လဲ၊ ဟိုမှာ ... ဟိုမှာ ... ဟဲ့"

ပဥ္စရော လမင်းဆွေရောဟာ ခရီးသည်တွေ ထွက် လာတဲ့ အပေါက်ဝရှိရာဘက် ခပ်သွက်သွက် သွားနေကြတာပင်။ သူတို့နှစ်ယောက်က သွားနေပြီဆိုတော့ ပိုးနှင့်သက်စုသည် မှန် ချပ်တွင်းထဲက ကုတ်အင်္ကျီအနီထံ နောက်ဆံတငင်ငင်နှင့်ပင် လှည့်ကြည့် လှည့်ကြည့်လုပ်ရင်း ပဥ္စတို့သွားရာဘက်ဆီ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်သံ တတောက်တောက်နှင့် ခပ်သွက်သွက် လိုက်ကြရပါတော့သည်။

ပဥ္စတို့အနား ပိုးတို့ မရောက်သေးခင် ...

"ဟေး ..."

ခပ်ကျယ်ကျယ် အော်လိုက်တဲ့ ချိုလွင်လွင်အသံတစ်ခုနှင့်အတူ ထွက်ပေါက်ကနေ အမြန်လျှောက်နေရာက ဝမ်းသာအားရကြီး အပြေးထွက်လာသော တသွင်သွင် အစစ်ကို သူတို့ လှမ်းမြင်လိုက်ရပါတော့သည်။

အင်းလေးချည်သားထူထူ အနီမှိုင်းရောင် အင်္ကျီလက်ပြတ်ပွပွလေးဟာ ဗမာအင်္ကျီလိုလို ဘလောက်စ်အတိုလေးလိုလို ဖြူသော သွယ်သော သူမရဲ့ခန္ဓာကိုယ်ပေါ် ခပ်မှိန်မှိန်ကလေး။ အောက်ကတော့ အနက်ရောင် အစိမ်းရောင် အနီပုပ်ရောင်သုံးရောင်ဒေါင်လိုက်စင်းအဆင် ချင်းရိုးရာထဘီလေး ခပ်တိုတိုနှင့်။ ခြေဖမိုးဖြူဝင်းဝင်းလေးတွေကတော့ ဘွတ်ရှူးအနက်လေးမှာ စွပ်လျက်သား။ မှိန်မှိန်တုပ်တုပ် မြန်မာပုံစံနှင့် မထင်မှတ်ဘဲ ရောက်လာသော တသွင်သွင့်ကို ပိုးရော သက်စုပါ ငေးမောနေမိကြပါသည်။

တစ်လှမ်းပြေးတိုင်း ဝဲဖွာသွားသော ပျော့နွယ်တဲ့ဆံပင်ကြီးတွေက လှိုင်းလုံးညိုညိုကြီးတွေနှယ် သူမမျက်နှာတစ်ဝိုက် ရိုက်ခတ်နေသည်။

"ဟေး ... မောင်ကြီး၊ မောင်တော်ရေ ... အဟီး ... ပျော်လိုက်တာဟေ့"





နှုတ်ဖျားက အသံလွင်လေးက ဘေးဘီရှိ ဘယ်သူ့ဘယ်သူ့ကိုမှ ဂရုမစိုက် မရှက်မကြောက်စွာ။ ပဥ္စနှင့် လမင်းဆွေသာမက လေဆိပ်မှာ ဧည့်သည်အကြိုရောက်နေကြသော လူများစုတို့ဟာ တသွင်သွင်ရဲ့ ဝမ်းသာအားရ ပျော်မြူးလှတဲ့ သဏ္ဍာန်ကို ငေးမောကြကာ အပျော်တွေပင် ကူးစက်သလို သူတို့ပါ ခပ်ပြုံးပြုံး ဖြစ်နေကြတော့သည်။

သူတို့ ထင်နေသူကတလွဲ တကယ့် တသွင်သွင်က တစ်ပုံစံ။ ဘယ်လိုပင်ဖြစ်စေ ကိုယ့်ယောကျ်ားအနား ကိုယ်ရောက်ဖို့ တတောက်တောက် တခွပ်ခွပ် အသံမြည်အောင် အပြေးလာနေကြတဲ့ သက်စုနှင့် ပိုးတို့ သက်ဆိုင်ရာဆီ မရောက်နိုင်သေးခင်မှာပင် တသွင်သွင်တည်းဟူသော ပျော်မြူးမဆုံး အနီအမျိုးသမီးက လက်နှစ်ဖက်ကိုကား၍ ဆန့်တန်းကာ ပဥ္စနှင့် လမင်းဆွေအနား ရောက်သွားသည်နှင့် နှစ်ယောက်စလုံးကို သူ့လက်နှစ်ဖက်ထဲ တစ်ပြိုင်နက် သိမ်းကျုံးဖက်လိုက်ပါသည်။

"မောင်တော် ... မောင်ကြီး၊ ပျော်လိုက်တာဟယ် ... ငါ ပျော်လိုက်တာ"

"ဟင်"

"ဟယ်"

တသွင်သွင်က ရိုးရိုးပျော်တာ မဟုတ်ဘဲ မောင်ကြီးရဲ့ညာဘက်ပါးကိုတစ်ချက်၊ မောင်တော်ရဲ့ဘယ်ဘက်ပါးကိုတစ်ချက် တရွှတ်ရွှတ် ဆက်တိုက်နမ်းမွှေးလိုက်လေလျှင် ပိုးနှင့်သက်စု



www.burmeseclassic.com

www.burmeseclassic.com



မှာ ခြေလှမ်းလေးတွေ စုံရပ်ပြီး ပါးစပ်အဟောင်းသားနှင့် အသည်းနှလုံးတွေပင် ပြုတ်ကြွေသွားရတော့သလိုပင်။

"နင်တို့ မိန်းမတွေကော ... ပိုးရွှေလွှာနဲ့ သက်စုတွေးရော"

"ဟို ... ဟိုမှာ"

နှစ်ယောက်သားဟာ မျက်နှာရဲရဲနှင့် စကားအထစ်ထစ်။ တသွင်သွင်သည် ပဥ္စနှင့် လမင်းဆွေကို လွှတ်ကာ နောက်နားက ပိုးနှင့်သက်စုကို အပြေးဖက်လိုက်ပြန်ပါသည်။ ခုနလိုတော့ တရှုတ်ရှုတ် မနမ်းပါတည်း။ ပဥ္စတို့ လမင်းဆွေတို့က မျက်နှာပူတာနှင့်ရောကာ အီလည်လည်ရုပ်တွေနှင့် တသွင်သွင့် ပစ္စည်းသေတ္တာတွေ တွန်းယူလာတဲ့ သူဆီက လက်လွှဲယူကာ အလုပ်ရှုပ်ချင်ယောင်ဆောင်နေကြပါသည်။

"သွားကြစို့ ... သွားကြစို့ ... ငါ ဗိုက်ဆာလာတယ်၊ ဆီဒိုးနားမှာပဲ ဒင်နာစားလို့ ဖြစ်မလား"

"အင်း ဖြစ်တယ်လေ ... သွားကြတာပေါ့၊ နင် ဘယ်ကားနဲ့လိုက်မလဲ တသွင်သွင်"

"နင်တို့နှစ်ယောက် ကားနှစ်စီးပေါ့"

"အင်း"

တသွင်သွင်က ပဥ္စနှင့် လမင်းဆွေကို တစ်ချက်စီကြည့်ကာ သူ့ထံကအဖြေကို ရင်လှိုက်သည်းဖို စောင့်မျှော်နေဟန်ရှိတဲ့ ပိုးနှင့် သက်စုကိုပါ အပြုံးနှင့် တစ်ဆက်တည်း အကဲခတ်ကြည့်လိုက်ရင်း ...





"နင်တို့နှစ်ယောက် ပစ္စည်းတွေသယ်ပြီး တစ်စီးသွားတော့၊ ငါတို့မိန်းမသုံးယောက် စကားပြောရင်း တစ်စီးစီးမယ်၊ ပိုး ... မောင်းနိုင်တယ် မဟုတ်လား၊ သူတို့အတင်းတွေ ချကြတာပေါ့ ... ခိ ခိ ..."

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



(၈)

"နင် ဘာလို့ ဒီမနက် အစောကြီး ထရတာလဲ ပဋ္ဌ"

အိပ်ခန်းတံခါး ဖျတ်ခနဲ ပွင့်လာကာ လှမ်းမေးလိုက်သော ပိုးရွှေလွှာကြောင့် ကိုယ့်ဟာကိုယ် ခါတိုင်းထက် ထူးခြားစောစောထမိသော်လည်း ဒီလိုအပြောခံရမှာကြောက်လို့ကို အိပ်ခန်းထဲက မထွက်ဝံ့ဘဲ ဟိုလျှောက် ဒီလျှောက် လုပ်နေသော ပဋ္ဌက အိုးတိုးအမ်းတမ်း ဖြစ်သွားရင်း ...

"နိုးနေတာကိုးဟ"

"ကို"ခေါ်ဖို့ဝေးလို့ "ရှင်"တောင် မဟုတ်ဘဲ ဆယ်တန်းတုန်းကလို "နင်"နဲ့ သုံးချလိုက်တဲ့ ပိုးရွှေလွှာရဲ့အတွင်းမနော‌ထဲက မကျေမချမ်း အောင့်သက်မှုကို ပဋ္ဌ ရိပ်မိသည်။

"ဘာကိစ္စ နိုးလာရတာလဲ"

"ဒါတော့ သူ့ဟာသူ နိုးလာတာပဲလေ"





"ဪ ... ဟုတ်သားပဲ၊ တသွင်သွင် ရောက်နေတော့ နင်မိုးလင်းတာနဲ့ သွားချင်စိတ်ပေါက်ပြီး နိုးလာတာဖြစ်မှာပေါ့"

"ကျွတ်"

ပဋ္ဌက အခန်းထဲက ထွက်လာကာ ထမင်းစားခန်းဆီလျှောက်လာပါသည်။ နိုးမှန်းသိပြီးမှတော့ မထူးတော့ဘူးလေ။ အရေးထဲ သူ့ကိုမြင်သော ဒေါ်ခင်လေးတင်က ...

"ဟဲ့ ... သား၊ အစောကြီး နိုးလာပါလား"

"တသွင်သွင် ရောက်နေတယ်လေ မေမေရယ်"

ပိုးစကားကြောင့် ဒေါ်ခင်လေးတင်ပါ အမ်းသွားရပါသည်။

"အရင်နေ့တွေများ အလုပ်နောက်ကျနေပါ့မယ် ဆိုပြီးအကြိမ်တစ်ရာ ဝင်နှိုးမှ ထ,တဲ့သူကလေ"

ပဋ္ဌက ပိုးကို စိတ်မရှည်သလို ကြည့်လိုက်ပါသည်။

"ဒီနေ့တော့ သူ ဆီဒိုးနားကို ပြေးချင်နေမှာပေါ့ ... ဟွန်း"

မပြီးနိုင် မစီးနိုင်သော ပိုးကို ပဋ္ဌက ခပ်တည်တည်ကြည့်ရင်း ...

"ကိစ္စအထူးမရှိရင်တော့ ရသလောက် အိပ်တာပေါ့ကွာ၊ ကိစ္စဝိစ္စရှိရင်တော့လည်း ထ,ရမှာပဲပေါ့၊ အဲဒါ ဘာထူးဆန်းလို့လဲ"

"ရှင့်အထူးကိစ္စဝိစ္စက ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ တသွင်က မနေ့ညကမှ ရောက်တာ၊ ဒီမနက် သူ ဘာအစီအစဉ်ရှိလဲ သွားတော့ မေးရဦးမှာပေါ့၊ ပစ်ထားလို့ ရတာမှ မဟုတ်တာ၊ လိုတာလုပ်ပေးရဦးမှာပဲလေ၊ သူ့ဆီသွားမှာ ဘာဖြစ်လို့လဲ၊ မသင့်တော်တဲ့ကိစ္စမှ မဟုတ်တာ၊ ခုနေ ကိုယ် အမေရိကသွားရင်လည်း မိုးလင်းတာနဲ့ ဘာလိုလဲ သူ ပေါက်ချလာမှာပဲ၊ ပေါက်ချလာစရာတောင် မလိုပါဘူး၊ သူတို့အိမ် မဖြစ်မနေ ဝင်တည်းခိုင်းအိပ်နိုင်းဦးမှာ၊ ကိုယ့်ဆီရောက်လည်း ကိုယ်တာဝန်ကျေရမှာပဲ၊ ဟုတ်တယ်၊ အခု ရုံးမသွားခင် ဆီဗိုးနားကို ခဏဝင်သွားမလို့၊ အဲဒါ ဘာဖြစ်လို့လဲ"

မိုးက ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။ ပဠ္ဌ မထူးရှော့ခင်းပြီ။ ငါလျှာရှည်မိလို့ မဝံ့မရဲ မဟုတ်တော့ဘဲပေါ်တင်ဖြစ်သွားပြီဟု တွေးမိကာ ကိုယ့်ပါးစပ်တောင် ကိုယ်ပိတ်ရိုက်ချင်မိသွားရပါသည်။

"အမယ်လေး ... ဘာမှ မဖြစ်ပါဘူး ပဠ္ဌရယ်နော်၊ ရော့... ရေတစ်ခွက်သောက်လိုက်ပါဦး၊ ဆက်တိုက် မရပ်မနားပြောလိုက်ရတာ အာခေါင်တွေ ဘာတွေ ခြောက်နေပါဦးမယ် မောင်ကြီးရယ်"

"ကျွတ် ... မိမိုး၊ နင် အဲလိုတွေ ပြောနေခြင်းအားဖြင့်ဘယ်သူမှ ဘာမှ အကျိုးမရှိဘူးဆိုတာ နင် နားလည်ဖို့





ကောင်းတယ်၊ အခြေအနေ အရပ်ရပ်က ရိုးရိုးလေးပဲ၊ အဲဒီရိုးရိုးလေးကို ရိုးရိုးလေးလိုပဲ နင်မြင်ရင် ကောင်းလိမ့်မယ်၊ တစ်လလုံးလုံး နေ့တိုင်း ဒီလိုတွေ ပြောနေဆိုနေရရင် အဓိပ္ပာယ်ကို မရှိဘူး၊ နည်းနည်းပါးပါး စိတ်သဘောထားကြီးစမ်းပါ"

သားနှင့်ချွေးမတို့ရဲ့ တင်းမာလုနီးနီး အနေအထားကြောင့် ဒေါ်ခင်လေးတင်မှာ စိတ်တွေညစ်ညူးရကာ ကမန်းကတန်းကြားဝင်ရပါသည်။ ကိုယ့်သားက မသွားဘဲ မတွေ့ဘဲ နေမည့်သူလည်း မဟုတ်တာ အသိဖြစ်၍ သွားလို့ကောင်း တွေ့လို့ကောင်းအောင် လမ်းခင်းရမည်သာ။ သားဘက်က လိုက်တာတော့မဟုတ်ပါ။ ပြဿနာနည်းအောင်သာပါ။

"အမယ်လေး ... သူတို့သူငယ်ချင်းသုံးယောက်က တစ်လအတွင်း တွေ့လို့ဆုံလို့ကို ပြီးမှာ မဟုတ်ဘူး သမီးရေ၊ အချိန်ကို လုယက်ပြီးကို တွေ့ကြမှာပဲ၊ သမီး စိတ်အေးအေး စိတ်ရှင်းရှင်းသာ ထားလိုက်၊ နို့မို့ သမီးပဲ စိတ်ပင်ပန်းရမှာလေ၊ သူတို့သုံးယောက်က ငယ်ငယ်ကများဆိုခွဲလို့တောင်မရအောင် ပူးချည်ထားသလို လုံးထွေးနေတာသမီးရေ"

"အခုက ငယ်ငယ်လေးတွေလည်း မဟုတ်ကြတော့ဘူးလေ၊ အဲဒီတော့ အသင့်အတင့်ပေါ့၊ ဒါကို မိုးကပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခုက ကိုယ်သွားတာ လာတာဟာ အသင့်အတင့် ဟုတ်သလား မဟုတ်သလားတောင် မှင်း ဝေဖန်ဖို့အခြေ အနေ မရှိသေးပါဘူး၊ မနေ့ကမှ ရောက်တယ်၊ ခုမှပထမ ဆုံး တစ်ခေါက်သွားဖို့ ပြင်တာရှိသေးတယ်၊ မင်းဆက်ဆံ ပုံက ငါက လွန်လွန်းအားကြီးနေတာလိုလို ဖြစ်နေပြီ၊ အဓိပ္ပာယ်ကို မရှိဘူး ပိုး"

"ကဲ ... တော်ပါတော့၊ တသွင်ကကော ဘာအစီအစဉ်တွေ ရှိတယ်တဲ့လဲ ပဋ္ဌ၊ သားကလည်း ရုံးတစ်ဖက်ရှိတာဆိုတော့ မေမေလည်း သူ့ကို အဖော်လုပ်ပေးနိုင်သလောက် လုပ် ပေးရအောင်လေ"

"တခြားအစီအစဉ်တွေ သေချာမသိသေးပါဘူး မေမေရဲ၊ ဒီညနေတော့ မေမေ့ကိုရော အန်တီဝင်းနုတို့ကိုရော သူ လာတွေ့ လာကန်တော့မယ် ပြောတာပဲ၊ ဒီနေ့လယ်ပိုင်း သူ ဘာလုပ်ချင်လဲ အခုမှ မေးရမှာ"

"အေး ... မေးလိုက်ပေါ့၊ ပြီးတော့ သား ရုံးသွားလိုက်၊ မေမေ့ဆီ ဖုန်းပြန်ဆက်လေ၊ လိုအပ်ရင် မေမေအားပါတယ်"

"တသွင်သွင်က လိုလားတယ်ဆိုရင် ပိုးလည်းပဲ သူလုပ် ချင်တဲ့ကိစ္စဝိစ္စတွေ အဖော်ပြုပေးဖို့ရော ကားမောင်းပေးဖို့ ရော ဝန်မလေးပါဘူး မေမေ"

"အေးပေါ့ ... တချို့ရက်တွေ တချို့ကိစ္စတွေကျတော့ လည်း သမီးတို့ သက်စုတို့နဲ့ မိန်းမချင်း ရွယ်တူချင်း ပိုတောင် သွားရလာရတာ အဆင်ပြေဦးမှာပါ"





ပဋ္ဌက ကော်ဖီသောက်ကာ မုန့်အနည်းအကျဉ်းစား လိုက်ပါသည်။ ပြီးတာနဲ့ ထမင်းစားပွဲကထသည်။ သူ ဆီဒိုးနား သွားဖို့ကိစ္စဟာ အတည်ပြုပြီး ဖြစ်သွားတဲ့ပုံစံနှင့် အိပ်ခန်းဆီ ပြန်ထွက်သွားတဲ့ ပဋ္ဌကို ပိုးက မျက်စောင်းရွယ်ရင်း ကျန်ရစ်ခဲ့ ပေါ့သည်။

○ ❦ ○

"သက်စု ... ဒီမုန့်တွေက မိုက်ကရိုဝေ့ဗ်မှာ နည်းနည်းနွေး ဖို့ လိုမလား"

မီးဖိုထဲမှ သက်စုသည် မီးဖိုဝတိုင် ကိုယ်တိုင်ပန်း ဆန်ကိုင် ရောက်လာသော လမင်းဆွေကို မကြည်မလင်လှည့် ကြည့်ရင်း ...

"ဘာလုပ်ဖို့လဲ၊ ဒီမုန့်တွေ ရှင်က ဘယ်တုန်းကစားလို့လဲ"

"ကိုယ်တော့ မစားဘူးလေ၊ ဒါပေမဲ့ ဒီမြန်မာမုန့်တွေ တသွင်သွင်က အရင်ကလည်း ကြိုက်တယ်၊ အခု ဒီရောက် တုန်းလည်းဖြစ်တော့ စားချင်လိမ့်မယ်ထင်လို့လေ၊ သူ့ကို ဒီမုန့်တွေ Breakfast စားဖို့ သွားပေးလိုက်မယ် စိတ်ကူး လို့"

သက်စုက ဒီဘက်လှည့်လာကာ ...

"ဒီမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



ခါးကိုပါ ဂါဝန်ပွပေါ်ထောက် ခေါင်းပါ ငဲ့လိုက်
သေးလျက် ...

"သူ Breakfast စားဖို့ ရှင်က ပူရမယ့် အနေအထားလား၊ ဆီဒိုးနားမှာတည်းနေတာ၊ ဆီဒိုးနားဆိုတာ ဧည့်သည်တွေ Breakfast စားစရာမရှိတဲ့ ဟိုတယ်လား၊ အပြင်ကလာ ပို့ရင် ဝတ်နိုင်တဲ့ ဟိုတယ်လား၊ သူ့ဟာသူ ဘူဖေးတောင် စားနေရမှာ၊ ရှင်က ဘာလို့ ပူပန်နေရတာလဲ"

လမင်းဆွေ မျက်နှာက ရဲသွားရင်း ...

"ငါက ဘာလို့ပူရမှာလဲ၊ မပူပါဘူး၊ ပူလို့မှမဟုတ်တာ ဒီမြန်မာမုန့် သူစားရရင်ကြိုက်မှာ တွေးမိလို့လေ"

"ဒီမှာ လမင်း ... နင့်မိန်းမ သက်စုထွေး ဘယ်နေ့မနက် မှာ ဘာ Breakfast စားသလဲ၊ Breakfast ရော စားရသေး ရဲ့လား၊ နင့်မိန်းမ ဘယ်လို Breakfast မျိုး ကြိုက်လဲ ထွက်ဝယ်ပေးလိုက်ဦးမှ ဆိုတာမျိုး ငါတို့အိမ်ထောင်သက် အတွင်း နင် ဘယ်နှခါ တွေးဖူးသလဲ ... ဟင်"

လမင်းဆွေ မျက်နှာက နီမြန်းလာပါသည်။

"ဒီတသွင်သွင် ခုမှ ရောက်လာတာ နောက်တစ်မနက်က စပြီး သူစားမယ့် Breakfast အတွက်ပါ နင်တွေးတော ပူပင် စေတနာပေါက်နေတာ ဘာသဘောတုန်း ... ဟင်"

"ဟ ... သူက တစ်ခေါက်တလေလေး လာလည်တဲ့ ဧည့် သည်လေ"





"မဆိုင်ပါဘူး၊ ဧည့်သည်နဲ့ နင့်မိန်းမနဲ့ ဘယ်သူက နင် သေတဲ့ထိ လက်တွဲရမယ့်သူလဲ၊ နင်သေတဲ့ထိ နင့် Breakfast ကို ပြင်ကျွေးနေရမယ့် မိန်းမကိုတော့ နင် အတုံ့အလှည့် လေးတောင် တစ်ကြိမ် စေတနာမပေါက်ဘဲ ခုတော့ ထူး ဆန်းနေပါလား"

"ကျွတ် ... တော်တော့ဟာ၊ နင့်မုန့်တွေ နင်မသဒ္ဓါလည်း ရှိပစေတော့"

"မသဒ္ဓါစရာလား၊ တလွဲမလိုက်နဲ့၊ ငါလုပ်တဲ့မုန့် စား မယ့်သူတိုင်းကို ငါသဒ္ဓါတယ်၊ နင် ဖြစ်နေပုံကို ကြည့် မရလို့ ပြောနေတာ လမင်း"

"ငါက ဘာဖြစ်နေလို့လဲ၊ သူ့အကြောင်းပဲ တဖွဖွပြောနေ လို့လား၊ ကျွတ် ...၊ နင်တို့မိန်းမတွေ အဲဒါတွေ သိပ်ခက် တာ၊ စိတ်သဘောတွေက သိပ်သေးကွေးတာပဲ၊ နင်သိထား ဖို့က ငါတို့နဲ့ တသွင်သွင်က ဟိုးလေးဖက်ထောက်ကတည်း က ခင်လာတဲ့ တကယ့် ငယ်သူငယ်ချင်းတွေ"

"သိတယ်လေ ... ငယ်သူငယ်ချင်းမှန်းလည်း သိတယ်၊ ငယ်ချစ်တွေမှန်းလည်း သိတယ်လေ၊ နင် ဘယ်လိုအလူး အလဲ မွှန်ခဲ့သလဲ ငါမျက်စိနဲ့ မမြင်ဖူးခဲ့လို့လား"

"တော်တော့ သက်စု၊ နင် ထပ်မပြောနဲ့တော့၊ စောစော စီးစီး ရန်မဖြစ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စောစောစီးစီး ရန်မဖြစ်ချင်ရင် စောစောစီးစီး အဖြစ်သည်း မနေနဲ့လေ၊ ဟိုတယ်ကို မုန့်လေးပြေးပို့လိုက်ချင်သေးတယ်၊ သွားဖို့အကြောင်းရှာနေတာ"

"ဘာမှ သွားဖို့အကြောင်းရှာစရာ မလိုဘူး သက်စု၊ အခု ရုံးမသွားခင် သူ့ဆီ ခဏတော့ ဝင်ရမှာပဲ၊ ဘာလိုအပ်လဲ ဘာအစီအစဉ်ရှိလဲ မေးရမှာပဲ၊ သွားမှာက သွားမှာပဲ၊ သွားရင်းနဲ့ မုန့်ယူသွားလား စဉ်းစားမိတာ၊ မယူနဲ့ဆိုလည်း မယူဘဲ သွားရုံပဲ၊ ဘာမှအရေးမကြီးဘူး"

"ဘာ ... နင် မိုးလင်းတာနဲ့ မျက်စိနှစ်လုံးပွင့်တာနဲ့ တွေ့ချင်စရာလား"

"တော်တော့ ... တော်တော့ဟာ သက်စု၊ ဒီတစ်လကို ဘယ်လိုဖြတ်သန်းရမလဲတောင် ငါ မစဉ်းစားတတ်တော့ဘူး၊ ငါ နင့်ကို ဒီထက်တော့ ပိုအထင်ကြီးပြီး တွေးထားပေးမိတာ၊ ဒီလောက်ထိတော့ အသေးစိတ် လိုက်ပြဿနာရှာနေမယ်ကို မထင်တာ၊ နင်တို့ မိန်းမတွေက မိန်းမကို ရိုးရိုးဖွင့်ပြောပြီး အသိပေးပြီးလုပ်တဲ့ ယောကျ်ားမျိုးဆို အထင်မကြီး အမှတ်မပေးကြဘူး၊ မိန်းမ မသိအောင်လုပ်ချင်ရာလုပ်ပြီး မိန်းမရှေ့ကျ ကုပ်ကုပ်လေးနေ မိန်းမကို အရေးပေး ဒီလိုယောကျ်ားမျိုးမှ နင်တို့က အကောင်းမှတ်တာ"

"အဲဒီစကားက ဘာအဓိပ္ပာယ်လဲ"





"ဒီလိုပဲ ပြောလိုက်တာပဲ၊ အဓိပ္ပာယ် ကိုယ့်ဟာကိုယ်ဖော်ပေါ့"

သက်စုသည် ဘာဆက်ပြောရမလဲ မသိဘဲ နှုတ်ခမ်းကြီးကိုက်လျက် အံကြိတ်နေမိပါသည်။ လမင်း တသွင်သွင့်ဆီသွားမယ်၊ ဘာလုပ်မယ် ညာလုပ်မယ် သိခွင့်မရတော့ဘဲ လမင်းနှုတ်ပိတ်ပြီး ထင်သလို လုပ်နေမှာကိုလည်း အကြီးအကျယ်ပူပန်စိုးရိမ်သွားမိပါသည်။

"တီတီ ... တီတီ"

လမင်းဆွေက အိမ်ရှေ့စားပွဲပေါ်က သူ့ဖုန်းကိုသွားယူလိုက်ကာ ...

"ဟယ်လို"

"ဟယ်လို ... ဂွဒ်မောနင်း မောင်တော်ရေ"

"အာ ... ဂွဒ်မောနင်း၊ အေး ... နင်နိုးပြီလား"

"အေး ... နိုးပြီလေ၊ မောင်ကြီးဆီတောင် ဆက်ပြီးပေါ့ဟ၊ နင်တို့က စောစောစီးစီး အလုပ်မသွားခင်လေး ငါ့ဆီတစ်ခေါက်တစ်ကျင်း မဝင်ကြတော့ဘူးလားလို့ပေါ့၊ နင်တို့ တစ်နေကုန် အလုပ်သွားနေပြီး ညနေမှ ငါတို့တွေ့ကြရမှာလေ၊ မောင်ကြီးက သူ လာနေပြီတဲ့၊ နင်ကကော"

"အား ... ငါက ခုပဲ လာတော့မလို့ဟ"

"ဒါဆိုပြီးရော၊ မြန်မြန်လာဟ၊ လွမ်းတယ်ဟ"

"အဟင်း ဟင်း ... ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ချိုတမြမြ တသောသော ရယ်နေတဲ့ လမင်းအသံ ကို နားထောင်ရင်း သက်စုက အမြင်ကတ်ကတ်နှင့် ကုန်းအော် လိုက်ပါသည်။

"ဒီမှာ မုန့်ဖွေးထားပြီးပြီ၊ ဘူးနဲ့အသင့်၊ ယူသွားတော်မူပါ မောင်တော်ဘုရာ့ ..."

○ ❦ ○

ဆံပင်တွေ ငယ်ထိပ်ပေါ် လုံးတင်ပြီး ကလစ်ပြား နှင့် ကပိုကရိုဖိလျက် လည်တိုင်ကရှင်းရှင်း၊ မျက်နှာက မိတ်ကပ် ကင်းကင်း၊ ညဝတ်ချည်ဘောင်းဘီရှည်အစင်းပွပွ၊ တီရှပ်လည်ပင်း ကျယ် ပျော့တွဲတွဲ အဖြူပွပွနှင့် ဟိုတယ်အိပ်ခန်းထဲက ဆိုဖာပေါ် တင်ပျဉ်ခွေထိုင်ကာ ဆန္ဒမ်းမကင်း အီအီလေးကို အားပါးတ တိုးကော်ခပ် စားနေသော တသွင်သွင့်ကို ပဥ္စရော လမင်းဆွေ ငေးကြည့်နေကြပါသည်။

"ဟဲ့ ... သက်စုထွေးက တော်တယ်ဟဲ့၊ စားလို့ကောင်း လိုက်တာ၊ အင့် ... မောင်ကြီး ... နင့်ပါးစပ်ဟ၊ တစ်ဇွန်း မြည်းကြည့်"

"စားပါ ... နင့်ဟာနင်စား၊ ငါက ဒီမှာ ကြိုက်သလောက် စားလို့ရနေတာ၊ သက်စုကလည်း အိမ်အတွက် မကြာမကြာ ပို့ပေးနေတာ၊ နင်က ရောက်တုန်းစားရတာ"





"ဩော် ... ရောက်တုန်းစားလည်းပဲ ဗိုက်ပြည့်ရင် ပိုစားလို့ မှ မရတော့တာကို အင့်ပါဆိုမှ၊ တစ်ဇွန်းကူစား၊ မောင် တော်တော့ မကျွေးတော့ဘူး၊ နဂိုကမှ သူက မြန်မာမုန့် တွေ မကြိုက်ပါဘူးဆိုမှ မြန်မာမုန့်အိတ်စပေါ့တ်မိန်းမနဲ့ ရတယ်လို့ ... အဟစ်၊ လောကကြီးက တစ်ခါတလေ ကမောက်ကမဟဲ့ ... နော်၊ ဖြစ်ချင်တာ ဖြစ်နေတာ"

တသွင်သွင်က သူ့ရဲ့ပန်းရောင်နှုတ်ခမ်းထူလေးကို အောက်ကုပ်၍ မဲ့သည်။

"အမယ် ... နင်က လောကကြီးကို စကားထဲထည့်ပြော လို့ ... ဟား ဟား"

"ဟုတ်တယ်လေ၊ ငါလည်း အသက်ကြီးလာပြီလေဟဲ့၊ လောကကြီးတို့ ဘဝတို့ ကံကြမ္မာတို့ တရားဓမ္မတို့ ငါ စိတ်ဝင်စားရတော့မှာပဲပေါ့ဟဲ့"

"ကံကြမ္မာတို့ တရားဓမ္မတို့တောင် ပါသေးလား တသွင် ရာ ... ဟင်း ဟင်း"

"ပါတာပေါ့ ... ငါတို့ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ လျစ်လျူ ရှုထားလို့ရတဲ့ အရာတွေမှ မဟုတ်တာကို၊ တစ်ခါတစ်ခါ မှာ ဆန်းကြယ်တယ် ထင်ရတာတွေ ဖြစ်တတ်တယ်၊ နင် တို့ဘဝတစ်လျှောက်ကိုလည်း လေးလေးနက်နက်ပြန်ဆန်း စစ်ကြည့်ရင် ထူးခြားတဲ့ အဖြစ်အပျက်လေးတွေ ထွက်လာ မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စနှင့် လမင်းက တသွင်သွင်ရဲ့ သန့်သန့်စင်စင် လှပသော မျက်နှာချောချောကလေးကို ငေးစိုက်ကြည့်နေမိကြပါသည်။ ဒီမျက်နှာကလေးဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ်ကတော့ အခုထက် တောက်တောက်ကြွားကြွား တက်တက်ကြွကြွ ရှိခဲ့သည်။ အခုလည်းပဲ တောက်ပတက်ကြွမှုတွေ လင်းလက်နေပေမယ့် တည်ငြိမ်မှုလေး စွက်နေပြီမို့ တသွင်သွင့် အဆင်းသဏ္ဍာန်က အလှသက်သက်ထက် လေးနက်စင်ကြယ်မှုက ပိုမိုကြီးစိုးပါသည်။

"နင့်မှာရော ထူးခြားတဲ့ အဖြစ်အပျက်တွေ ဘာရှိလဲ"

"အခု ငါ ဒီကိုရောက်လာတယ်လေ မောင်တော်"

"ဒါက သိပ်မထူးခြားပါဘူးဟာ၊ နင်မလာချင် မလာအားရင်သာလေ၊ လာချင်ရင် အချိန်မရွေး ပြန်လာလည်နေလို့ရတဲ့ ကိုယ့်ဇာတိမွေးရပ်မြေပဲ"

"ငါ ပြန်လာချင်စိတ် ဖြစ်လာတာကိုက ထူးခြားမှုလေ"

"ဘာဖြစ်လို့ ... ဘာထူးခြားမှုနဲ့ ပြန်လာချင်စိတ် ဖြစ်တာမို့လို့လဲ၊ နင်ပြန်မလာတော့ဘူး ဆိုပြီးမှ"

"နင်တို့ကို လွမ်းလို့လေ မောင်ကြီး"

မျက်လုံးတောက်တောက်ပပလေးတွေကိုတစ်ယောက်တစ်လှည့်စီ ဝင့်ကာ ဝင့်ကာ ကြည့်ရင်း ပြောလိုက်တဲ့ တသွင်သွင့်ကို ဘာပြန်ပြောရမလဲ မသိသလို ပဥ္စတို့နှစ်ဦးသား အငေးသားကြည့်နေမိကြသည်။ တသွင်သွင်က ချစ်စဖွယ် ပြုံးလိုက်ရင်း—





"ငါ တကယ်လွမ်းတာနော်"

"........"

"နင်တို့နှစ်ယောက်က အခု မြန်မာပြည်မှာရှိနေတဲ့ လူဦးရေ သန်း ၆၀ ထဲက ငါအချစ်ဆုံး နှစ်ယောက်လေ"

ပဥ္စနှင့် လမင်းဆွေ နှစ်ယောက်သားဟာ လေးလေးနက်နက်လေး ပြောလိုက်တဲ့ တသွင်သွင့် စကားလုံးများအောက်မှာ ဆွံ့အငြိမ်သက်သွားကြပါသည်။ ဘာဆိုဘာမှ ပြန်မပြောနိုင် ပြန်မပြောတတ်။ တသွင်သွင်က မုန့်ဘူးကို အဖုံးလေးပိတ်၍ ထိုင်နေရာဆိုဖာပေါ်မှ ထ၊ရပ်လိုက်သည်။ အခန်းရဲ့ပြတင်းပေါက်တစ်နေရာဆီ လျှောက်သွားလိုက်ရင်း ဝါဖန့်ဖျော့တော့ ခန်းဆီးစကြီးကို ဆားဆွဲဟ၍ ပြင်ပကို လှမ်းမျှော်ကြည့်လိုက်ပါသည်။

တစ်ခဏ ငြိမ်သက်နေပြီးမှ ပြတင်းကို ကျောပေး၍ သူ့တို့နှစ်ယောက်ဘက်လှည့်ကာ လက်ပိုက်ရပ်လိုက်ရင်း ...

"ငါ အခုလာတာ နင်တို့နှစ်ယောက်ကို တွေ့ချင်လို့သက်သက် လာခဲ့တာ၊ နင်တို့နဲ့တွေ့ဖို့ အဓိကလာခဲ့တာ။ မန္တလေးက ဒက်ဒီ ငါ့ကိုပေးထားတဲ့ မြို့သစ်က မြေနဲ့အိမ်ကို လှူဖို့ကိစ္စလည်း ရှိပေမယ့် ဒါက ငါကိုယ်တိုင်မလာချင်တော့ရင်လည်း ရတယ်၊ ရှေ့နေက လုပ်ပေးနေတာပဲ၊ ခုလည်း ငါ ခဏသွားပြီး ရေစက်ချရုံနဲ့ရတယ်၊ အားလုံး ရှေ့နေက အဆင်သင့် စီစဉ်ပေးနေတာ၊ ရှေ့နေတောင် ခုခဏနေရင် ရောက်လာလိမ့်မယ်၊ ငါ မနက်စောစောကဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထားတယ်၊ နင်တို့ကိုလည်း ငါ့ရှေ့နေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ 'မောင်သဲ'တဲ့"

"ဘာ … ရှေ့နေနာမည်ကလည်း ဘယ်လိုကြီးလဲ၊ မောင်သဲတဲ့လား"

"အဲဒါ သူ့အိမ်နာမည်ဟ၊ နာမည်ရင်းကတော့ ရှိတာပေါ့"

လမင်းနှင့် ပဒ္မက တစ်ယောက်ကို တစ်ယောက် မတိုင်ပင်ဘဲ မသိမသာ လှမ်းကြည့်လိုက်ကြပါသည်။ အကြည့်ချင်းရဲ့အဓိပ္ပာယ်က အတူတူပင်။ သူတို့နှစ်ယောက်ကို တသွင်ခေါ်တဲ့ ချစ်စနိုးအမည်ဟာ "မောင်ကြီး"နဲ့ မောင်တော်"။ အခု အသစ်ကြားရတဲ့ "မောင်သဲ"ဆိုတဲ့ Nick name လေးဟာ ဒီရှေ့နေရဲ့ အရင်ကတည်းကရှိတဲ့ အိမ်နာမည်လား။ နာမည်ပေးသန့်တဲ့ တသွင်သွင်ရဲ့ သီးသန့်မှည့်ခေါ်ချက်လား။

"နင့်ရှေ့နေက ဘယ်အရွယ်လဲ"

"ရှေ့နေက ဘယ်အရွယ် ရှိပြီလဲ"

ပဒ္မနှင့် လမင်းရဲ့ မေးခွန်းနှစ်ခုဟာ မတိမ်းမယိမ်း စကားလုံးလေးပဲလွဲကာ တစ်ထပ်တည်း ထွက်လာပါသည်။ တသွင်သွင်က မျက်ခုံးလေးပင့်ကာ တလွင်လွင် ရယ်မောလိုက်ရင်း …

"အဟင်း ဟင်း ဟင်း … နင်တို့နှစ်ယောက်ဟာ အရင်အတိုင်းပဲ၊ အမြဲ အလုအယက်ပဲ၊ စိတ်တူဆန္ဒတူ၊ အရာရာထပ်တူ၊ ရှေ့နေက နင်တို့ ငါတို့အရွယ်ပါပဲဟ၊ ဒါကြောင့်လည်း ငါက မောင်သဲပဲ ခေါ်လိုက်တာပေါ့"





"ဟ … ရှေ့နေကို မောင်သဲလို့ ခေါ်စရာလား"

"အေးလေ … မလေးမခန့်နဲ့၊ အလုပ်သဘောလည်း မဆန်ဘူး"

"ဟင် … ဘာလို့လဲ၊ အလုပ်သဘော ဆန်စရာလိုလို့လား"

"လိုတာပေါ့၊ ငယ်ပေါင်းကြီးဖော်မှ မဟုတ်တာ၊ အလုပ်ကိစ္စအတွက် ဆက်ဆံရတာပဲဟာ"

"ဒါပေမဲ့ ရင်းတော့နှီးတယ်လေ"

"နင်နဲ့ ဒီမြန်မာပြည် ရန်ကုန်မြို့က ရှေ့နေနဲ့က ဘယ်လိုလုပ် ရင်းနှီးတာလဲ"

"သူက ဒီက ဥပဒေနဲ့ ကျောင်းပြီးကတည်းက ဟိုမှာ မာစတာ လာယူသွားတဲ့သူ၊ သူ့အဖေက ဟိုက ဘဏ်မှာ အလုပ်လုပ်တာလေ၊ သူ့အဖေနဲ့ ငါ့အဖေနဲ့လည်း အစကတည်းက ရင်းနှီးတယ်၊ ဟိုမှာလည်း ပြန်ဆုံကြတော့ ရင်းနှီးခင်မင်နေတာပေါ့၊ သူလည်း မကြာ မကြာ ဟိုကိုလာလည်နေတာပဲလေ၊ ရင်းနှီးတာပေါ့၊ သူက မကြာခင် ဟိုကို အပြီးထွက်တော့မှာ၊ ဟိုမှာပဲ အလုပ်လုပ် အခြေချတော့မှာ"

ပဒ္မနှင့် လမင်း တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်မိကြပြန်သည်။

"နင်တို့က ဘာကိစ္စ သူ့အကြောင်း စိတ်ဝင်စားနေတာလဲ၊ ငါ နင်တို့နှစ်ယောက်ကိုလှမ်းလို့ တွေ့ဖို့ နင်တို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာပါ ဆိုတာကိုတော့ စိတ်မဝင်စားဘဲနဲ့ နင်တို့ နှစ်ယောက် ဒါကို အလေးအနက် ထားသင့်တယ်နော်”

“အေးပါ ... စိတ်ဝင်စားပါတယ်”

“အလေးအနက်လည်း ထားပါတယ်ဟ”

“နင်တို့ သိထားဖို့က အခု ဒီတစ်လဟာ နင်တို့နဲ့ ငါ နောက်ဆုံးအပြီးတွေ့တာလည်း ဖြစ်သွားနိုင်တယ်”

“ဟင် ... ဘာကြောင့်လဲ”

“ဘာဖြစ်လို့လဲ၊ နင်က နောက် ဘယ်တော့မှ ပြန်လာမလည်တော့ပြန်ဘူးလား”

“နင်လာမလည်လည်း ငါတို့ လာလည်ဖြစ်တာမျိုးရှိရင် တွေ့နိုင်သေးတာပဲဟာ၊ စကားကို အကုန်မပြောစမ်းပါနဲ့”

တသွင်သွင်က ပြုံးလိုက်ရင်း ...

“နင်တို့က သားနဲ့ မယားနဲ့ မိသားစု ကိုယ်စီနဲ့လေ၊ နင်တို့ လာလည်နိုင်ဖို့ ဆိုတာမျိုးက ဆောက်ဖြစ်မှကျောင်းတကာ မရေရာလှပါဘူးဟာ၊ ထားလိုက်ပါ၊ ငါပြောချင်တာက ဒီအချိန် တစ်လလောက်အတွင်း ငါ နင်တို့နဲ့ပျော်ပျော်နေချင်တယ်၊ နင်တို့နဲ့ ပျော်ပျော်နေတယ်ဆိုတဲ့ကိစ္စမှာ နင်တို့မိသားစုတွေကိုလည်း ချန်ထားလို့ မရဘူးဆိုတာ ငါ နားလည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် နင်တို့အလုပ်တွေကိုတော့ ဒီရက်ပိုင်းမှာ အရမ်းလောဘမကြီးပဲ နည်းနည်းလျှော့ပေး၊ အဲဒါ မေတ္တာရပ်ခံတာ မဟုတ်ဘူးဟေ့၊ ဒါ





အမိန့်ပဲ၊ ငါ့ကို အချိန်ပေးဖို့ အာရုံထဲ ထည့်ထားကြ၊ ငါ ဒါပဲ ပြောမယ်”

လက်ညှိုးလေး တထောင်ထောင်နှင့် ပြောလိုက်သော တသွင်သွင့် ဟန်ပန်မှာ ငယ်မူငယ်သွေးတွေ ပါလာပါသည်။ ငယ်ငယ်က အတိုင်းပင်။ အမိန့်တဲ့ ...။ မလွန်ဆန်ဝံ့သော အာဏာပြင်းလွန်းတဲ့ အမိန့်၊ သိမ်မွေ့သော နူးညံ့မှုအမိန့်။ ရင်ကိုခွင်း ထွင်းဖောက်မယ့် သံမဏိမြား။ အင်း ... အဲလိုသာ သီချင်းစာသားအတိုင်း ညည်းတွားလိုက်ချင်ပါတော့ရဲ့။

“ဟဲ့ ... ကြားကြရဲ့လား၊ နှုတ်တွေပိတ်ပြီး ဘာဖြစ်နေတာလဲ”

“ကြားပါတယ်ဟ”

“အေးပါ ... ကြားပါတယ်”

“အေး ... ပြီးရော၊ အဲဒါကြောင့် နင်တို့နှစ်ယောက်ကို ငါ ချစ်တာပေါ့ဟ၊ ငါ ဘယ်လောက်ကြာကြာ ဟိုမှာရောက်နေပါစေ၊ နင်တို့နှစ်ယောက်က ငါ့စိတ်ထဲမှာ အမြဲရှိတယ်၊ အမြဲလည်း သတိရတယ်၊ ငယ်ငယ်တုန်းက အကြောင်းတွေပဲ အမြဲတမ်း ပြန်တွေးမိနေတတ်တာ တစ်ခါ တစ်ခါ မျက်ရည်တောင်ကျတယ်”

“နင် အပိုတွေ မပြောစမ်းပါနဲ့၊ အဲလောက် သတိရနေတဲ့သူက တစ်နှစ်မှတစ်ခါလောက် အီးမေးလ်က မွေးနေ့ဆုတောင်းပို့တာလား ... ဟုတ်လား၊ ဒီမှာ အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com



တွေ သိပ်မသုံးနိုင်ခင်ကဆိုလည်း Birthday Card လေး၊ Season greeting Card လေး ပို့လိုက်ရုံနဲ့ တစ်နှစ်စာ ပြီးသွားတာပဲလေ ... ဟွန့်"

"မောင်ကြီးနော် ... ဟွန့်က ပါသေး၊ မိန်းမကျနေတာပဲ ရန်တွေ့သန်လိုက်တာ"

"ဒီကောင်ပြောတာ မှန်တယ်လေ၊ နင့်ကိုသာ ငါတို့နှစ်ကောင်က ခဏ ခဏ သတိရတာပါ၊ နင်က ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းပါ တသွင်ရာ"

"ဩော် ... အဲဒါက ကွယ်ရင်မေ့ တွေ့တောင်လှည့်မကြည့်တာထက် ပိုပြီးမကောင်းဘူးလား မောင်တော်ရဲ့ ... ဟက် ဟက် ဟက်။ နင်တို့ပဲ အပြောကောင်းကြတယ်၊ ငါ့မှာ ဆင်ခြင်ရတဲ့ အပိုင်းတွေ ရှိသေးတယ်ဟဲ့ ... အကောင်တွေရဲ့"

"ဘာ ... နင်က ..."

"အေးပေါ့၊ နင်တို့မိန်းမတွေက ငါ့ကို ကြည်လားမသိ မကြည်လားမသိလေ၊ ငါသိသလောက် ငါ့ကို အစာမကျွေးကြပါဘူးနော်၊ ငယ်ငယ်က ဟိုအရင်က နင်တို့နှစ်ယောက် ငါ့ကိုကျွမ်းပစ်ပြီး သေအောင်ကြိုက်ကြတာ သူတို့လည်း သိကြတာပဲကို"

ပဥ္စနှင့် လမင်းရဲ့မျက်နှာတွေ နီမြန်းသွားကြရပါသည်။





"အမယ်လေး ... ရှက်မနေကြပါနဲ့၊ နင်တို့ဖြစ်ပျက်နေတာတွေ နင်တို့အသိဆုံး၊ ပြီးတော့ ငါက နင်တို့နှစ်ယောက်လုံးကို သိပ်ချစ်တော့ ဟိုလူ့လည်း ပြတ်ပြတ်မငြင်း၊ ဒီလူ့လည်း ပြတ်ပြတ်မရှင်း၊ အခြေအနေက ကံကြမ္မာအရ အဲသလိုပဲ ဖြစ်ခဲ့တယ်လေ၊ ဒါကြောင့် သူတို့က ငါ့ဆို ကြည့်မရဘဲ ချဉ်ဖတ်ဖြစ်ခဲ့တာ ငါ သိတယ်လေ၊ ဒီတော့ ဆင်ဆင်ခြင်ခြင် နေရတာပေါ့၊ တစ်ချိန်လုံး ဆက်သွယ်နေလို့ ကောင်းပါ့မလား၊ နင်တို့နှစ်ယောက် ငါ့ရဲ့ခေါင်းထဲ စိတ်ထဲ ရင်ထဲ အသည်းထဲ ရှိရင်ပြီးတာပဲ မဟုတ်လား ဟယ်"

ပဥ္စရော လမင်းပါ မျက်နှာတွေ ခပ်အိုအိုဖြစ်နေကာ ပဥ္စက ရုတ်တရက် သူ့ဆံပင်တွေကို ထိုးဖွပစ်လိုက်ရင်း ...

"အေး ... စကားတိုက်ဆိုင်တုန်း ငါ နင့်ကိုမေးချင်တာ ရှိတယ် တသွင်"

"ဟုတ်တယ် ... ပဥ္စ မေးချင်တာမျိုး ငါလည်းမေးချင်တယ်"

ပဥ္စက လမင်းကို ရှုသိုးသိုးကြည့်ရင်း ...

"လုပ်ပြီ ... လုဝင်လာပြန်ပြီ၊ ငါ ဘာမေးမှာ မင်းသိလို့လား"

"သိတာပေါ့၊ ဒီကမ္ဘာမှာ မင်းနဲ့ ငါ့လောက် စိတ်ချင်း အတွေးချင်း ဆန္ဒချင်း ထပ်တူကျတဲ့ ကောင်တွေ ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့် မင်းမေးလိုက်"

"အာ ... ဒါကတော့ မင်းပဲ မေးလိုက်ပါ၊ မင်းမေးလည်း တူတူပါပဲ"

"ပြီးရော ... ငါမေးတုန်း မင်း ဖြတ်ဖြတ်မပါနဲ့"

လမင်းက ပဒ္မကို ဘုကြည့်ကြည့်လေသည်။

"ဒီမှာ တသွင်၊ ငါလည်း သိချင်တယ် လမင်းလည်းသိချင်တယ်၊ တကယ်တော့ဟာ အဖြေတစ်ခုဟာ ကိုယ်သိချင်တဲ့အချိန် တကယ်လိုအပ်တဲ့ အချိန်မှာ သိရမှသာ အခြေအနေတစ်ခုကို သက်ရောက်ဖန်တီးမှု ဖြစ်စေတာပါ၊ အချိန်ကာလတွေ ကြာမြင့်သွားတဲ့ အခါကျတော့ ဒီပုစ္ဆာတစ်ပုဒ်ရဲ့အဖြေက သိရသည်ဖြစ်စေ မသိရသည်ဖြစ်စေ ထူးခြားပြောင်းလဲသွားနိုင်တဲ့ အခြေအနေမျိုးတော့ ရှိမလာနိုင်တော့တာ မှန်တယ်၊ ဒါပေမဲ့ ငါရော လမင်းရော ဒီအဖြေကို ခုချိန်ထိ သိချင်တာအမှန်ပဲ၊ ငါတို့နှစ်ယောက်လုံး စာမေးပွဲတစ်ခု ဖြေခဲ့ကြတယ်၊ နှစ်ယောက်လုံး အောင်ပါတယ်လို့ နင်ပြောခဲ့တယ်၊ တစ်ယောက်က ရိုးရိုးအောင်တယ်၊ တစ်ယောက်က ဂုဏ်ထူးထွက်တယ်တဲ့ ...

နင့်စိတ်ထဲမှာ တစ်ယောက်ကို ရွေးချယ်ပြီးပါပြီလို့ နင် နောက်ဆုံးမှာ ဝန်ခံတယ်လေ၊ အဲဒီ result ကို အောက်ဖို့ နေ့ရွှေ့ လရွှေ့နဲ့ နင် အချိန်တွေ ဆွဲခဲ့ပြီး





နောက်ဆုံးမှာတော့ နင်သွားတော့မယ်၊ မသွားခင် ပြောခဲ့မယ်လို့ နင်ကိုယ်တိုင် ပြောခဲ့တယ်၊ ငါရော လမင်းရော နင့်ကို နောက်ဆုံး လေဆိပ်လိုက်ပို့ခဲ့တဲ့ အချိန်ထိ နင် ဘာပြောခဲ့မလဲကို မျှော်လင့်တုန်းပဲ၊ ဒါပေမဲ့ ဘာဖြစ်မှန်း မသိဘူး၊ နင် ကတိမတည်ခဲ့ဘူး၊ ဘာမှမပြောခဲ့ဘူး ...

အေး... အဲဒီအဖြေကို ငါရော လမင်းရော ဒီတစ်လအတွင်းမှာ သိချင်တယ်၊ ခုချိန်မှာ ငါတို့မှာ မိသားစုတွေနဲ့ဆိုတာ မှန်တယ်၊ ပြီးတော့ ငါတို့နှစ်ယောက်လုံး အိမ်ထောင်ဦးစီး ယောကျ်ားကောင်းတွေပါ တသွင်၊ နင်ပြောပြလိုက်လို့ ငါတို့ဘဝတွေထဲမှာ ထူးခြားပြောင်းလဲမှု ဘာမှဖြစ်မလာနိုင်တော့ပါဘူး၊ ဒါကို ငါတို့ နားလည်ထားပြီးသလို နင်လည်း နားလည်ထားပြီး စိတ်ရှင်းရှင်း လိပ်ပြာသန့်သန့်နဲ့ အဲဒီတုန်းက ပြောပြဖို့ ပျက်ကွက်ခဲ့တဲ့ စကားကိုပြောပါ"

ပဒ္မက ကမူးရှူးထိုး အလောတကြီးနှင့် အရှည်ကြီးပြောချလိုက်ပါသည်။ ပဒ္မ စကားအဆုံးမှာ ခဏတော့ တိတ်ဆိတ်နေကာ အတန်ငယ်ကြာမှ တသွင်က လက်ပိုက်ကိုဖြုတ်၍ ခါးစောင်းဖက်ကို ဟန်ပါပါ ထောက်လိုက်ပါသည်။

"ဒီမှာ ... ငါ ဘာလို့ မပြောခဲ့လဲ ပြောပြရမလား"

"ပြောပြ"



www.burmeseclassic.com

www.burmeseclassic.com



"အေး … ပြော"

"နင်တို့မိန်းမတွေ ပိုးရွှေလွှာနဲ့ သက်စုတွေး၊ အဲ … အဲဒီ နှစ်ယောက်ထဲက တစ်ယောက်က သူ့ချစ်သူကို သူ သိပ်ကိုချစ်လို့ သူ့လက်ထဲက မလုပါနဲ့ ချမ်းသာပေးပါလို့ ငါ့ကို ငိုပြီးပြောတယ်၊ သူ သိပ်ချစ်တာပါတဲ့၊ ဒါပေမဲ့ သူ့လူရဲ့စိတ်နှလုံးက ငါ့ဘက်ကို အင်အားသာပါတယ်တဲ့၊ ငါက ငြင်းလိုက်မှသာလျှင် သူ့ကို ပိုအာရုံညွှတ်မှာတဲ့၊ ငါမရှိရင်တော့ အဲဒီအချစ်ကို သူ ရမှာသေချာပါတယ်တဲ့"

"ဟင်"

"ဟာ"

"ငါ အရမ်းစိတ်မကောင်း ဖြစ်တာပဲ၊ နင်တို့မိန်းမတွေက နင်တို့ကို သေအောင်ချစ်တာနော်၊ အဲဒီအကြောင်းရင်းကပဲ ငါ့ကို ဒက်ဒီနောက် လိုက်ဖြစ်ဖို့ တိုက်တွန်းအားဖြစ်ခဲ့တယ်၊ ဒါတောင် ငါ အကြာကြီးနေဖို့ အပြီးနေဖို့တော့ မစဉ်းစားသေးပါဘူး၊ ငါ ဟိုရောက်ပြီးတဲ့အခါ ဒီမှာ ဘာတွေပြောင်းလဲမလဲဆိုတာ ငါ စောင့်ကြည့်ခဲ့တာ၊ သူပြောခဲ့သလို ငါမရှိရင် အဲဒီအချစ်တစ်ခုက နောက်မိန်းကလေးတစ်ယောက်ဆီကို ဖျတ်ခနဲ တကယ်ပဲ အလွယ်တကူ ရောက်သွားမှာလားပေါ့၊ ဟုတ်တယ် … ရောက်သွားခဲ့တယ်။ နင်တို့နှစ်ယောက်လုံး ရှေ့ဆင့် နောက်ဆင့် သူတို့နဲ့ လက်ထပ်သွားကြတယ်လေ၊ အဲဒီတော့မှ ငါ မပြန်တော့ဘဲ အကြာကြီး ဆက်နေဖြစ်သွားဖို့ ဆုံးဖြတ်ချက် ကျသွားတာပါ …





တကယ်တော့ ငါ အမှန်အတိုင်း ပြောတာပါ၊ ငါ သွားဖို့ လေဆိပ်ရောက်တဲ့အထိ ပြောမယ် မပြောဘူး ချီတုံချတုံ စဉ်းစားတုန်း၊ ဒါပေမဲ့ ငါ ပြောမသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ ငါစောင့်ကြည့်ဦးမယ်လို့၊ ဖူးစာဆိုတာကို ငါယုံတယ်၊ ဖူးစာဆိုတာ နီးနီးနေမှ ဝေးဝေးနေမှ မဟုတ်ဘူးလေ၊ ဖူးစာသာ တကယ်ပါခဲ့ရင် ဟိုးအရှေ့စွန်းကလူနဲ့ အနောက်စွန်းကလူလည်း ဆုံစည်းလက်တွဲရမှာပဲ၊ ဖူးစာမပါရင် ငါတို့လို ခြံချင်းသုံးခြံကပ်ပြီး နေခဲ့လည်း လွဲရတာပဲ"

"ဟာ … အဲဒါ နင်မဖြေခဲ့လို့ လွဲတာလေ"

"အေးလေ၊ နင်ဖြေခဲ့ရင် နင်ရွေးတဲ့သူနဲ့ နင် လက်တွဲဖြစ်ပြီပေါ့"

"နေပါဦး … နေပါဦး … ငါ တစ်ခုတွေးမိပြီ"

ပဋ္ဌက မျက်စိကို မှေးမှိတ်ကာ နဖူးကို ပွတ်နေရင်း…

"ပိုးနဲ့ သက်စု နှစ်ယောက်ထဲက တစ်ယောက်က နင့်ကို ငိုပြီး တောင်းပန်တယ်နော်၊ အဲဒါကြောင့် နောက်ဆုံး နင် မဖြေခဲ့တော့ဘူး၊ ဒီတော့ ရှင်းရှင်းပြောရရင် ငါနဲ့လမင်း နှစ်ယောက်ထဲက နင် ချစ်သူလို ချစ်နိုင်တဲ့ တစ်ယောက်ဟာ အခု နင့်ကို တောင်းပန်ခဲ့တဲ့သူရဲ့ ယောက်ျားပေါ့"

"ဟာ … ဟုတ်တာပေါ့၊ တောင်းပန်တဲ့သူရဲ့ယောက်ျား ဖြစ်နေတဲ့သူကို နင်ရွေးမှာမို့လို့ မရွေးရက်တော့တာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကို နင့်စိတ်ထဲက ရွေးချယ်ဖို့ ဆန္ဒရှိ
တာဆိုရင် နင် အဖြေပေးဖြစ်မှာပဲလေ”

တသွင်သွင်က သက်ပြင်းတစ်ချက် သိသိသာသာ
ချလိုက်ကာ ပခုံးလေးနှစ်ဖက်ကို တွန့်လိုက်ပါသည်။

“နင့်ကို လာတောင်းပန်တာ ငိုတာ ဘယ်သူလဲ”

“ပိုးလား ... သက်စုလား”

“ဟင့်အင်း ... ငါ မဖြေဘူး မောင်တော်နဲ့ မောင်ကြ
ရေ”

“ဘာလဲ ... ငါတို့လင်မယားတွေ ပြဿနာတက်မှာစိုးလို့
လား တသွင်၊ ဘာမှ မဖြစ်စေရပါဘူး၊ နင် စိတ်ချပါ
ပြောမှာသာ ပြောပြပါ”

“မပြောဘူးဟာ၊ ဘာမှမှ မထူးတော့တာလေ”

“မထူးဆိုတာ ငါတို့ သိသားပဲ၊ ဒါပေမဲ့ ပြောပြလိုက်တော
ဘာဖြစ်လဲ၊ နင်က ငါတို့နှစ်ယောက်ကို တစ်ခုခု ပြောင်းလ
သွားမလားလို့ အထင်သေးတာလား၊ နင့်ကိုယ်နင် အထင်
ကြီးတာလား”

တသွင်သွင်က လမင်းကို မျက်စောင်းကြီး ထိုးလိုက်
ရုံနှင့် အားမရသေးဘဲ မြန်မြန်ပြေးလာကာ နားရွက်တစ်ဖက်က
ဆွဲလိမ်လိုက်ပါသည်။

“အား ... နာတယ်ဟ၊ တသွင် ... နင် ... နင် ခုထိ ငါ
ကို နားရွက်ဆွဲစရာလား၊ ငါ ကလေးမဟုတ်တော့ဘူး”





“ရော့ ... အင့် ... ကလေးမဟုတ်တော့လို့ နောက်တစ်
ဖက်ပါ”

တသွင်သွင်က လမင်းရဲ့နောက်နားရွက် တစ်ဖက်
ကိုပါ ဆွဲလိမ်လိုက်ပြန်လျှင် လမင်းဆွေက ရှုံ့မဲ့ပြီး နေရာက
ထထွက်ပြေးပါသည်။ ပဉ္စက လမင်းကို တကိကိရယ်ရင်း ပွဲကျ
လို့မဆုံးပေ။ တသွင်သွင်က ပြတင်းပေါက်နား ပြန်လျှောက်လာ
ကာ အပြင်ဘက်ကို ခဏရပ်ငေးကြည့်နေပါသည်။

အင်မတန်ချစ်ရတဲ့ ဒီငယ်သူငယ်ချင်း နှစ်ဦးထဲက
တစ်ဦးကို အဖြေပေးလိုက်မယ်လို့ တသွင် စဉ်းစားခဲ့ဖူးသည်။
စဉ်းစားလိုက်တိုင်း ကျန်ရစ်ခဲ့မယ့် နောက်တစ်ဦးကို ကရုဏာသက်
တဲ့စိတ်က တသွင့်နှုတ်တို့ကို ဆွဲ့အစေခဲ့တာချည်းပါ။ အဲဒီရဲ့
နောက်ပိုင်း တသွင့်ကို ရင်နာနာနှင့် ကိုယ်တိုင်ဖွင့်ဟ တောင်းပန်
လာတဲ့ စကားလေးတွေကို ကြားလိုက်ရပြီးတဲ့ နောက်မှာတော့
တသွင်က အဖြေပေးဖို့ကို အကန့်အသတ်မရှိ ဆုတ်ဆိုင်းလိုက်ပြီး
ဒက်ဒီနောက် လိုက်သွားခဲ့တာ။

သို့ပေမဲ့ သူတို့နှစ်ယောက်လုံးရဲ့ စိတ်ထဲမှာ တသွင်
က သူတို့ကို အရူးလုပ်သွားခဲ့တယ်ပဲ ထင်လေသလား။ အဝေးကို
ထွက်သွားပြီး အခြေအနေကို စောင့်ကြည့်နားစွင့်နေတဲ့ တသွင့်
ကို နှစ်ယောက်လုံး ဘယ်သူမှ မစောင့်ခဲ့ကြဘူး မဟုတ်လား။
ချစ်ခဲ့မိဖူးတဲ့အတွက် ရင်တွေလည်း နာကျင်ခဲ့ဖူးပါသည်။ ဒါကြောင့်
လည်း သူတို့ကို တတ်နိုင်သလောက် အဆက်ပြတ်ပြတ်လေး နေ
ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ..."

တသွင်က သူတို့ဘက်လှည့်လိုက်ရင်း ...

"နင်တို့နှစ်ယောက်လုံး သိပ်မကြာပဲ လက်ထပ်လိုက်ကြ တာပဲလေ၊ ဒါနဲ့တောင် ငါ့ဆီက ဒီအဖြေကို သိချင်ကြသေး တယ် ... ဟုတ်လား၊ ဒီအဖြေက နင်တို့နှစ်ယောက်နဲ့ တန်တော့လို့လားဟဲ့ မောင်ကြီးနဲ့ မောင်တော်ရဲ့"

"ဒါတော့ နင်က လေဆိပ်မှာ ငါ အဖြေမပေးတော့ဘူးလို့ ပြောသွားတာကိုး တသွင်ရဲ့"

"အဲဒါ နင်တို့စိတ်ကို ငါ စမ်းသပ်တာလေ၊ အဲဒါက တကယ့် Final Exam လေ၊ စာမေးပွဲကြီးမှာ နင်တို့နှစ် ယောက်လုံး ကျတယ်၊ အရည်အချင်း မမီတဲ့ဟာတွေ၊ ငါ့ ကို ဘာမှအပြစ်လာပြောမနေနဲ့။ နင်တို့ ရှေ့ဆင့်နောက် ဆင့် လက်ထပ်ကုန်တော့ ငါ့မှာ အသည်းတောင်ကွဲရတယ် သိရဲ့လား၊ တော်တော်လေး ကုယူရတယ်၊ ခရီးလေးထွက် လိုက် အပန်းလေးဖြေလိုက် စာလေးဖတ်လိုက် သီချင်းလေး နားထောင်လိုက် ချက်ပြုတ်စားသောက်လိုက်နဲ့ အဟက် ဟက် ဟက် ..."

"တသွင် ... နင် ခုထိ ပြောင်ချော်ချော် ပြောနေတုန်းပဲ နင် ငါတို့နှစ်ယောက်ကို ဟိုတုန်းတည်းက အရူးလုပ်လာ တာ ခုထိလုပ်တုန်းပဲ"





"ငါက လုပ်တယ်ပဲထားဦး နင်တို့ ရူးလို့လား၊ မရူးတဲ့ အပြင် ဘဝတွေက သောင်းသောင်းဖြဖြ သာသာယာယာပဲ မဟုတ်လား ... ဟွန်း"

အခန်းတွင်းဖုန်းလေး ရုတ်တရက် မြည်လာ၍ တသွင်က သွားကိုင်လိုက်ရင်း ...

"ဩော် ... ဩော် ... ဟုတ်ပြီ ... လွှတ်လိုက်ပါနော်"

တသွင်သွင်က ဖုန်းပြန်ချလိုက်ရင်း "မောင်သဲ လာပြီ"ဟု ရေရွတ်လိုက်ပါသည်။

"ဘာ ... ဒီရှေ့နေကို နင်က ဒီအခန်းထဲ တွေ့မလို့လား"

"ဘာဖြစ်လို့လဲ နင်တို့လည်း ရှိတာပဲလေ"

"ငါတို့က ခဏနေ ရုံးသွားကြမှာလေ၊ နင်တို့နှစ်ယောက် တည်း ကျန်ခဲ့ရင် ဘယ်ကောင်းမလဲ"

"ဘာဖြစ်လို့ မကောင်းရမှာလဲ၊ သူ ဟိုကိုလာလည်ရင် ငါ တို့နှစ်ယောက်တည်းတောင် ဘီချ်တွေ ဖောလ်တွေ လျှောက် လည်ခရီးထွက်ဖူးသေးတာပဲ၊ သူက Gentleman ပါဟ၊ မျက်နှာတွေက ဘယ်လိုဖြစ်နေကြတာလဲ၊ ငါတို့လည်းခဏ နေရင် အပြင်ထွက်ရမှာပါပဲ၊ နင်တို့နဲ့တူတူ အောက်ဆင်း ကြမယ်လေ ဒါဆိုလည်း"

အပြင်ဘက်က တံခါးခေါက်သံ ထွက်ပေါ်လာတာမို့ ပဋ္ဌရော လမင်းပါ ရှေ့ကို စကားဆက်ခွင့် မရဘဲ အရှိန်သတ် လိုက်ရသည်။ တသွင်က "Come in"လှမ်းအော်လိုက်၍ တံခါး



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကာ လူတစ်ယောက် ဝင်လာပါသည်။ ဖြူသန့်ပြီး ကြည့်လို့ကောင်းလှတဲ့ လူရွယ် အခန်းထဲရောက်တာနှင့် သူရော တသွင်ပါ နှစ်ယောက်သား "hi"တွေ "hello"တွေနှင့် အပြေးအလွှားရင်ချင်းအပ် ဖက်လိုက်ကြတဲ့ မြင်ကွင်းကြောင့် ပဥ္စနှင့်လမင်း မျက်နှာတွေက ညှိုးပုပ်သွားရလေသည်။

○ ❦ ○





(၉)

"အဲဒီတုန်းက မင်း တသွင့်ကို သွားတွေ့လိုက်သေးလား"

"မတွေ့ပါဘူး ... ဘာကိစ္စ တွေ့ရမှာလဲ"

"ငါ့ကို ပြန်မချစ်ဖို့ သွားတောင်းပန်တာလေ"

"အောင်မာ ...၊ ငါနဲ့ ပိုးနဲ့ထဲက တစ်ယောက်သွားတောင်းပန်တယ် ဆိုတာနဲ့ပဲ အဲဒါ ငါဖြစ်ရရောလား၊ တသွင်သွင်မသွားခင်ကတည်းက နင် ငါ့ကို အီစီ အီစီ လုပ်နေပြီပဲ ဟာကို၊ အရိပ်အယောင်တွေပြပြီး ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့၊ အဲလိုလူမျိုးကို ငါကရဖို့ တသွင်သွင့်ဆီ တောင်းပန်နေစရာလားဟဲ့ လမင်းဆွေရဲ့၊ စကားကို ကြည့်ပြောဦး"

"နင် ညာနေတာ မဟုတ်လား သက်စု"

"ဘာ ... နင်ကများ ငါ့ကို ညာသလေး လိမ်သလေးနဲ့၊ ငါတစ်ယောက်တည်းရှိတာလား၊ ပိုးသွားတောင်းပန်တာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင်လို့ထင်နေတာလေ၊ အဲဒီတုန်းက အရိပ်တကြည့်ကြည့် မျက်ရည်တလည်လည်နဲ့ တသွင့်နောက် ပါသွားမှာ နင် အရမ်းစိုးရိမ်နေတာလေ ဒေါ်သက်စု"

"ဘာ"

သက်စုထွေးက လမင်းဆွေရဲ့လက်မောင်းတစ်ဖက်ကို သူ့ရဲ့လက်သီးဆုပ် ဘယ်ညာနှင့် တအုန်းအုန်းထုရိုက်ပစ်ရင်း

"ကဲ ... ကဲ ... နင့်ကိုရဖို့အရေး ငါက တသွင်သွင်ကို များ သွားအောက်ကျခံရဦးမယ်၊ သူ့နောက်ပါသွားလို့များ ငါ ဘယ်လောက် နင့်ကိုချစ်နေနေ မလွမ်းသေးဘူး သိရဲ့လား ရေစက်ချပြီး ထည့်လိုက်မှာဟဲ့ ... ကဲ ... ကဲ ..."

"အား ... နာတယ်ဟ"

○ ❦ ○

"အဲဒါ မင်းပဲဖြစ်လိမ့်မယ်လို့ ငါ ထင်တာပဲ၊ ဟုတ်တယ် မဟုတ်လား ပိုး၊ နင် တသွင့်ဆီ သွားပြောခဲ့တယ်မဟုတ် လား၊ သွားပြောလည်း ခုချိန်မှာ အပြစ်မဟုတ်တော့ပါဘူး ဟာ၊ အမှန်အတိုင်း ဝန်ခံစမ်းပါ"

"ငါ နားငြီးလှပြီနော် ပဋ္ဌ၊ အဲဒီတစ်ယောက်က ငါမှပဲဖြစ် ရမှာလား၊ သက်စုရော မဖြစ်နိုင်တော့ဘူးလား၊ နင် ဘာ လို့ ငါ့ကိုပဲ တကကတဲ စွပ်စွဲနေရတာလဲ"

"သက်စုက နင့်လောက် သွားပြောရဲမယ့်ပုံစံမှ မပေါက်တာ နင်က အဲဒီအချိန်က အရမ်းမွန်တက်နေတာလေ"





"ဘာ ... နင် သေလိုက် ပဋ္ဌ၊ ခုချက်ချင်း လဲသေလိုက်၊ ငါ ခုချက်ချင်း သက်ပျောက်ဆွမ်းလေး သွပ်ပေးလိုက်မယ်"

"နင်က ဘာလို့ စိတ်တိုရတာလဲ၊ ငါကလည်း နင့်ကိုအပြစ်တင်နေတာ မဟုတ်ပါဘူး၊ အဲဒါ နင်လားဆိုတာ သိချင်တာ သက်သက်ပဲ၊ သိရလည်း ဘာမှမဖြစ်ဘူး၊ အမှန်အတိုင်း သိရရင် ပြီးရောလေ ... အဲဒါလေးပဲ"

"နင် ဘာကြောင့် ဒီလောက်သိချင်နေသလဲ ငါမသိဘူးများ မှတ်နေလား၊ အေး ... နင်လိုချင်နေတဲ့ အခြေအနေကို မဟုတ်ဘူး၊ အဲဒါ ငါမဟုတ်ဘူး၊ တစ်ယောက်က လာငိုချင်းချခဲ့တယ်ဆိုရင် အဲဒါ သက်စုပဲ၊ ငါသွားပြောစရာ အကြောင်းကို မရှိဘူး"

"အဲဒီတုန်းက ငါ့ကို နင်ပြောခဲ့တော့ ငါသာ တသွင့်နောက် ပဲပါသွားပြီး နင့်ဘက်ပြန်လှည့်မလာရင် နင်သတ်သေမှာဆို"

"ဟဲ့ ... အဲဒါ ငယ်တုန်း နလပိန်းတုန်းနဲ့ ရူးလို့ပြောခဲ့တာပေါ့၊ နင့်ကို မရရင်ဘဲ သတ်သေစရာလား၊ နင်ကယုံသွားသေးတာလား ... ဩော် ... ကျွတ် ... ကျွတ်"

"ပြီးရော ... ပြီးရော၊ ငါ သိပ်တော့ယုံတာမဟုတ်ဘူးနော် ဒေါ်ပိုး၊ နင့်မျက်လုံးထဲမှာ ဖုံးကွယ်မှုတွေ ရှိနေတယ်လို့ပဲ ငါ မြင်နေတယ်"

"သေလိုက် ... နင် လဲသေလိုက်"

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... မိုး ... အခုအားလား"

"အင်း ... ဘာဖြစ်လို့လဲ"

"မင်း '...... ဖက်ရှင်ဟောက်စ်'ဆိုတာ သိလား"

"အင်း ... သိတယ်လေ"

"အဲဒီကို သွားပေးပါလား မိုး၊ ကူညီပါကွာ ... နော်"

မိုးရွှေလွှာက မျက်မှောင်လေးကုတ်သွားရင်း ...

"ဘာလုပ်ဖို့လဲ"

"တသွင့် ဝတ်စုံတွေ ရွေးစရာရှိလို့ပါ၊ မိုး သွားရွေးပေးလိုက်ပါ"

"ဘာ"

မိုးက အသည်းတယားယားနှင့် အော်ပစ်လိုက်ပါသည်။

"နင် ဘာပြောလိုက်တယ် ပဋ္ဌ၊ တသွင်သွင့် ဝတ်စုံတွေ ငါက သွားရွေးပေးရမယ် ... ဟုတ်လား"

"အေးလေ ... ဟုတ်တယ် မိုးရာ၊ ပလိစ်လေကွာ၊ ကူညီလိုက်ပါကွာ၊ သူမှ သွားမရွေးတတ်တာ၊ လမ်းတွေ ဆိုင်တွေ သူ နေရာမှ သေချာမသိတာ"

"မသိစရာလား၊ အပ်တော့ အပ်တတ်ပြီး ရွေးတော့မရွေးတတ်ဘူးလား"





"အပ်တာက ဟိုကတည်းက လှမ်းပြီး အွန်လိုင်းကနေ တစ်ဆင့် အပ်ထားတာတဲ့ မိုးရဲ၊ အခုမှ ရွေးရမှာမို့လို့ပါ၊ မင်းကလည်းကွာ သူက ညှော်သည်ပဲ ကူညီပေးလိုက်ပါဆို"

"အမယ်လေးနော်၊ ကိုယ့်နှားတောင် ကိုယ်မယုံဘူး၊ ရင်နာလိုက်တာ၊ သူက တိုက်ရိုက်အကူအညီတောင်းရင်တောင် ဘာမှမပြောလိုပါဘူး၊ နင်က ကြားထဲကဝင်ပြီး သူ့ဆီက မျက်နှာရဖို့ မိန်းမကို ခိုင်းရတယ်လို့ ပဋ္ဌရယ်၊ နင်တော်တော်ကို မျက်နှာပြောင်တာပဲနော်"

"ဟာ ... တော်တော့ဟာ၊ မရွေးပေးလဲ နေတော့"

"ဒီမှာ ပဋ္ဌ၊ နင်ရော လမင်းရော နှစ်ယောက်ရှိတာ၊ ဒီဝေယျာဝစ္စက ဘာဖြစ်လို့ နင့်ခေါင်းပေါ်ကတစ်ဆင့် ငါ့ခေါင်းပေါ် ရောက်လာရတာလဲ၊ နင်ကမှ ဘာဖြစ်လို့ တာဝန်ယူရတာလဲ၊ လမင်းတောင် မယူတာ"

"ဟ ... လမင်းလည်း သူ့ဟာနဲ့သူ ကူညီတာတွေ ရှိတာပေါ့၊ တော်ပြီကွာ ... တော်ပြီ၊ မင်းကို ခိုင်းမိတာ ငါမှားတာပါ၊ ဆိုင်နာမည်သိပြီး ပါးစပ်ပါရင် ရွေးလို့ရတာပဲ၊ ရတယ် နေပစေတော့၊ ငါဟာငါ နေ့လယ်ကျမှ ရုံးကနေ တစ်ခေါက်ထွက်ပြီး ရွေးပေးလိုက်မယ် ထားလိုက်တော့"

"ဘာ ... ဘာ ... ဟဲ့ ... ပဋ္ဌ"

"ဘာလဲ"

"နင်က ဘာကိစ္စ သွားရွေးပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်မှ မရွေးပေးချင်တာ၊ ဒီတော့ ငါပဲ ရွေးပေးလိုက်ရတော့မှာပေါ့"

ပိုးသည် အသည်းတယားယားနှင့် အံကိုတကျိကျိပါအောင်ကြိတ်ရင်း ...

"နေပစေ ... နင်မရွေးနဲ့၊ ကိုယ့်မိန်းမအင်္ကျီတောင် တစ်ခါမှ ရွေးမပေးဖူးဘဲနဲ့ တသွင်သွင့် အင်္ကျီမှ နင်သွားရွေးပေးရတယ်ဆိုရင် ရာဇဝင်ရိုင်းလွန်းလို့ပါ၊ နင် ကျွန်ခံမယ့်အစား ငါပဲ ကျွန်ခံလိုက်ပါ့မယ် ပဥ္စရယ် ... နော်"

"ဒါဆိုလည်း ပြီးရော၊ ဝတ်စုံ ဆယ်စုံတဲ့"

"ပိုက်ဆံကရော"

"ဪ ... နောက်တော့ ရမှာပေါ့၊ ကိုယ်လည်း ချက်ချင်းတော့ ဘယ်တောင်းလိုက်ပါ့မလဲ မိန်းမရယ်၊ နည်းနည်းပါးပါးကို စိုက်ထားလိုက်ပေါ့"

"နည်းနည်းပါးပါး ရမယ် အားကြီးကြီး၊ အဲဒီလိုဆိုင်မျိုးမှာ တစ်စုံချုပ်ထားရင် ချုပ်ခချည်းပဲ ခုနစ်သောင်း ရှစ်သောင်း၊ ပိတ်စတွေပါ ဆိုင်ကပဟာဆိုရင် တစ်စုံကို တစ်သိန်းခွဲ နှစ်သိန်းကျမှာ၊ ဆယ်စုံ ဆယ့်ငါးသိန်း သိန်းနှစ်ဆယ်ဟဲ့"

"ဟင် ... ဟုတ်လား၊ အဲလောက်တောင် ဈေးကြီးတာလား၊ ဘုရား ဘုရား... မင်းတို့မိန်းမတွေ ဝတ်စုံကလည်း စီးပွားပျက်ရချည်ရဲ့"





"ရှင့်စီးပွား ဘာမှမပျက်ဘူး ပဥ္စ၊ ရှင့်ရဲ့မိန်းမ ပိုးရွှေလွှာက အဲသလောက် ဈေးကြီးတဲ့ဆိုင်မှာ မချုပ်ဘူး၊ တစ်ကြိမ်တည်းနဲ့ ဆယ်စုံလည်း တစ်ခါမှ မချုပ်ဖူးပါဘူးနော်"

"အေးပါကွာ၊ ဗီရိုထဲမှာ ပိုက်ဆံရှိပါတယ် ယူသွားလိုက်၊ ပြီးရင် တသွင်က ပြန်ပေးမှာပါ၊ ဟုတ်ထိမနေနဲ့၊ ဒါဆို ဒါပဲနော် စိတ်ချမယ်၊ ဒီနေ့ပဲ သွားရွေးလိုက်"

ဖုန်းကိုပိတ်ကာ ပိုးရွှေလွှာက အံလေးကျိကျိကြိတ်နေလိုက်မိပါသည်။

○ ❦ ○

ပိုး ဖွင့်ပေးလိုက်သော တံခါးမှ သက်စုက ကားထဲ ဝင်ထိုင်လိုက်ရင်း ...

"ငါ ခုမှ မုန့်တွေပို့ပြီး ပြန်ရောက်တာ၊ ကမန်းကတန်း ရေချိုးရတယ်၊ အပြေးအလွှားနဲ့ ရေသာချိုးတယ် လူက ချွေးတွေပြန်ထွက်လာပြီး တကယ်ပဲ စိတ်တိုလိုက်တာ တအားပဲ"

ပိုးက ကားကို မောင်းထွက်လိုက်ရင်း ...

"စိတ်တိုမနေနဲ့တော့၊ ငါတို့မှ ဒီလိုလုပ်မပေးရင် ဟိုနှစ်ကောင်က ကိုယ်တိုင်ကိုယ်ကျ လုပ်ပေးမှာလေ၊ သူတို့ကိုပဲ သတ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ … ပန္နက ဝတ်စုံတွေ ရွေးပေးမယ်လုပ်တာ
ထားပါတော့ လမင်းက ကြိုးကြိုးချိတ်လုံချည် ဝယ်ပေးဖို့
တာဝန်ယူစရာလား၊ ငါသာ ဝယ်မပေးရင် သင်းကတသွင်
သွင့်အတွက် လုံချည်ကို ကိုယ်တိုင်ကိုယ်ကျ ဝယ်ပေးမလို့
တဲ့လား၊ အမယ်လေး … ပြောရင်း ဒေါသတွေ ထွက်လိုက်
တာ ဦးနှောက်တွေ ကွဲကုန်မလား ထင်ရတယ်"

"အေးလေ … လမင်းကလည်း၊ ထဘီကြီးကို ဝယ်ပေးမယ်
လုပ်စရာလား"

"သူကတော့ သူဝယ်ပေးမယ်ပြောတာ မဟုတ်ဘူးတဲ့၊ ငါ
ကို ဝယ်ခိုင်းပေးမယ်ပဲ ပြောတာတဲ့၊ တသွင်သွင်က ဒီနေ
ရော နက်ဖြန်ပါ ရှေ့နေနဲ့ စာရွက်စာတမ်းကိစ္စ ရုံးကိစ္စ
တွေ လုပ်စရာရှိလို့တဲ့၊ ညနေဘက်တွေမှပဲ အားတော့
ဆိုင်တွေက ပိတ်ကုန်ပြီပေါ့၊ အဲဒါကြောင့်တဲ့"

"ငါရွေးရမှာတင် ဆယ်စုံတောင်ဟာကို ကြိုးကြိုးချိတ်ထ
ဝယ်ရသေးလား"

"သူချုပ်ထားတာတွေက မင်္ဂလာဆောင်လောက်တော့ ဝတ်
လို့မကောင်းဘူးတဲ့၊ တသွင်သွင် ရောက်နေမှန်းသိတော့
မိတ်ဆွေတချို့ကလည်း ပွဲလမ်းတွေ ဖိတ်ကြတယ်တဲ့၊
ကြိုးကြိုးချိတ်က မင်္ဂလာဆောင်တစ်ခုသွားဖို့ရှိလို့ ဝတ်ရ
တဲ့၊ နင်ရွေးမယ့် ဝတ်စုံတွေထဲက အင်္ကျီတစ်ထည်ထည်
တိုက်ပြီး လိုက်မယ့်ချိတ် ဝယ်ပေးပါတဲ့"





"တစ်ခါတည်း ချုပ်ရဦးမှာပေါ့"

"အေးပေါ့"

"တကယ်ပဲ ဝဋ်ကြွေးပဲ၊ ပိုက်ဆံကလည်း သိန်းနှစ်ဆယ်လောက် စိုက်ထားရဦးမယ်"

"စိုက်လိုက်ပေါ့ဟယ်၊ နင့်ကို သူ လက်ဆောင်ပေးတဲ့ PRADA အိတ်က ဒေါ်လာနှစ်ထောင့်ရှစ်ရာတန်တာတဲ့ လမင်း ပြောတယ်"

"အမယ် … နင့်အတွက် LV အိတ်ကလည်း အဲသလောက်တန်တာပါပဲ"

"အေးဟဲ့ … ဈေးကြီးလိုက်တာ၊ ဘာလို့ ငါတို့ကို အဲလောက် ဈေးကြီးတဲ့ လက်ဆောင်တွေ ပေးရတာလဲ မသိဘူး၊ လက်သာခံရတယ်၊ အားနာစရာကြီး ရင်ခံတယ် တစ်မျိုးပဲ"

"ငါတို့ယောက်ျားတွေကို တစ်လ ဒုက္ခပေးဖို့ ချောဆွဲဖို့ လာဘ်ထိုးတာပေါ့ဟယ် နင်ကလည်း"

နှစ်ယောက်သား အောင့်သက်သက် မျက်နှာကလေးတွေနှင့် အီလည်လည် ဖြစ်နေကြပါသည်။ ရောက်ကတည်းက ညနေတိုင်းလိုလို ဒင်နာတွေ။ ပန္နအိမ်မှာတစ်လှည့် လမင်းအိမ်မှာတစ်လှည့် သီးသန့်နေသော လမင်းရဲ့အမေ ဒေါ်ဝင်းဝင်းနုရဲ့အိမ်မှာတစ်လှည့် အပြင်မှာတစ်လှည့် ပတ်ပြီးထွက်စားနေကြရသည်မှာ တကူးတက ပင်ပန်းလှပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပါ တကောက်ကောက် မလိုက်လည်း ပဠနှင့် လမင်းကတော့ လိုက်ကြမှာပဲမို့ ကိုယ့်အိမ်မှာမဟုတ်လည်း ဒင်နာ တည်ရှိရာကို သူတို့ပါ လိုက်ဖြစ်ကြရပါသည်။ မလိုက်ရလျှင် လည်း ကျေနပ်မည် မဟုတ်သလို လိုက်ရပြန်တော့လည်း ကိုယ့် မျက်စိရှေ့ ကိုယ့်ယောကျ်ားနှစ်ယောက်ကို တသွင်သွင်က တရင်း တနှီး ပြောဆိုဆက်ဆံနေတာတွေ၊ ကိုယ့်ယောကျ်ားတွေက တသွင် သွင့်ကို အရေးသယ်လုတာတွေကို ရင်ထဲ ဖုထစ်ခုခံကြရပြန်ပါ သည်။

"ဟဲ့ ... ပိုး"

"အင်း"

"နင့်ကို ပဠမေးသေးလား"

"ဘာလဲ"

"ဟိုလေ ... တသွင်သွင့်ကို သူ နိုင်ငံခြားမထွက်သွားခင် က ဟို ... ကျွန်မချစ်သူကို ချမ်းသာပေးပါလို့ သွားငိုယို ပြီး တောင်းပန်တဲ့ကိစ္စ၊ အဲ ... အဲဒါ ..."

ပိုးက သက်စုမျက်နှာကို လှည့်ကြည့် အကဲခတ် လိုက်ရင်း ...

"အင်း ... မေးတာပေါ့၊ မေးတာမှ ပိုက်စိပ်တိုက်ပြီး တရားခံစစ် စစ်တာ၊ သွားပြောတာ မင်းလား မင်းလား နဲ့"

"အေး ... ငါ့ကိုလည်း တစ်နေ့ တစ်နေ့ လမင်းက ဒါ မေးနေတယ်"





"တသွင်သွင်က ပြောတယ်တဲ့၊ ငါတို့ နှစ်ယောက်ထဲက တစ်ယောက်က အဲလို လာတောင်းပန်တယ်လို့"

"အေး ... ဟုတ်တယ်၊ အဲဒီတစ်ယောက်က ဘယ်သူလဲ ဆိုတာတော့ တသွင်သွင်က မပြောပြဘူးတဲ့လေ၊ ဒါကြောင့် သူတို့ သွေးအောင်သိချင်နေကြတာ"

"အဲဒါ နင်လား"

"အမယ် ... ငါက ဘာလို့ ဟုတ်ရမှာလဲ၊ နင် ဖြစ်မှာ ပေါ့"

"နင်တကယ် မဟုတ်ဘူးလား"

"နင်ရော တကယ် မဟုတ်ဘူးလား"

ပိုးက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"နင် စဉ်းစားကြည့် သက်စု၊ တစ်ယောက်က လာတောင်း ပန်တယ်၊ အဲဒါကြောင့် သူ အဖြေမပေးတော့ဘဲ ထွက်သွား တယ်ဆိုတော့ လာတောင်းပန်တဲ့ တစ်ယောက်ရဲ့ယောကျ်ား ဖြစ်နေတဲ့သူဟာ သူ အဖြေပေးဖို့ ရည်ရွယ်ခဲ့တဲ့သူ ဖြစ် မနေဘူးလား"

သက်စုက ငိုင်ငိုင်ကလေးနှင့် ...

"အေး ... အဲဒါလည်း ငါတွေးမိပြီးသားပါ"

"အေး ... အဲဒါကြောင့် ငါက သွားတောင်းပန်ခဲ့တာ ငါ ဟုတ်နေရင်တောင် ငါပါလို့ ပဠကို တစ်သက်မပြောဘူး၊ ဒါပေမဲ့ ငါ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နင့်လိုပဲ၊ သွားမျက်ရည်ခံထိုးခဲ့တာ ငါဖြစ်နေ ပါစေဦး၊ ငါပါလို့ လမင်းကို သေအထိ မပြောဘူး တသွင်သွင် ချစ်ခဲ့တာ ငါ့ကိုပါလားဆိုတဲ့ ရင်ခုန်မှုပီတိ အရသာကို လမင်းကို သေအထိ မခံစားစေရဘူး၊ ဒါပေမဲ့ အဲဒါလည်း ငါ ... ငါမဟုတ်ပါဘူး"

"ငါမဟုတ်ရင် နင်၊ နင်မဟုတ်ရင် ငါပဲလေ၊ နှစ်ယောက် လုံး မဟုတ်ဘူး ဆိုတာကတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

"ဒါဆို ငါမဟုတ်လို့ နင်ပဲဖြစ်မှာ"

"နင်နော် ... ကိုယ်လွတ်ရုန်းတယ်၊ ကဲပါ ... တော်ပြ ဒါကို ငါ မငြင်းချင်ဘူး၊ နင်ဖြစ်နေနေ ငါဖြစ်နေနေ ငါ တို့နှစ်ယောက်ကြားမှာ ဘာမှပြဿနာမရှိဘူး၊ သူတို့နှ ယောက်မှာပဲ ဒါက ပြဿနာဖြစ်နေတာ၊ အခု နင်ရော ငါ ရော မဟုတ်ဘူးလို့ သူတို့ကို ငြင်းနေကြတာပဲဟာ၊ အဲ တော့ ဘာမှပြဿနာမရှိဘူး မေ့ထားလိုက်"

"အေး ... အဲဒါကောင်းတယ် ပြီးတာပဲ"

"သက်စု ... သူ မန္တလေးသွားရင် နင်လိုက်မှာလား"

"မလိုက်လို့ ဖြစ်ပါ့မလား၊ ဟိုတစ်နေ့က အပြင်မှာ ငါတို့ ထမင်းစားရင်း တသွင်သွင် ပြောနေတာလေ၊ ရှေ့နေ့က ဟိုကို ကြိုသွားနှင့်မှာတဲ့၊ အဲဒီတော့ သူသွားတဲ့အချိန်က ပဥ္စနဲ့ လမင်းကို လိုက်ခဲ့လို့အတင်းခေါ်နေတာလေ၊ င တို့ကိုလည်း မကောင်းတတ်လို့ ထင်ပါရဲ့၊ လိုက်ခဲ့ လုပ်နေတာ"





"မကောင်းတတ်လို့ခေါ်ခေါ် စိတ်ရင်းနဲ့ခေါ်ခေါ် ငါကတော့ ကျန်ခဲ့ဖို့ကို ဘယ်လိုမှ စဉ်းစားလို့မရဘူး၊ သူတို့ ဘာစကား တွေ ပြောနေမလဲ၊ ပြုံးပြီးကြည့်နေကြမလား၊ ငါတို့ရှေ့ တောင် ထိပ်ခေါက် ခေါင်းထုနဲ့ ကွယ်ရာကျရင် ဘယ်လို များ ဆက်ဆံနေမလဲ၊ မိနစ်တိုင်း တွေးနေရတာနဲ့တင် ရူးလိမ့်မယ်"

"ငါလည်း တူတူပဲ၊ လမင်းက သိပ်မလိုက်စေချင်ရင် တောင် ဇွတ်လိုက်ဖြစ်အောင် လိုက်မှာ၊ လမင်းကလည်း မလိုက်ဖို့ မတားရဲပါဘူး၊ သူလိုက်ချင်တယ်လေ၊ သူလိုက် ချင်တော့ ငါ့ကို ထားရစ်ခဲ့ရင် ပြဿနာအကြီးအကျယ် တက်မှာပဲဆိုတာ သူ သိတာပေါ့၊ မုန့်ကိစ္စတောင် နှစ်ရက် လောက်နားမှာ ဆိုင်တွေကို ကြိုပြောထားဖို့ ပြောနေသေး တယ်"

"ငါတို့မပါရင် ကွယ်ရာမှာ ဘာတွေအပြောကြီး ပြောနေ ဦးမလဲ မသိဘူး၊ အပေါ်စီးကချည်းပဲ၊ မနေ့ကပြောတာ ကြည့်လေ၊ နင်တို့နှစ်ယောက်ရဲ့သားနဲ့သမီး နာမည်တွေက လိုတရ၊ မြတခက် ဆိုတော့ ငါ့နာမည်'တဝမ်းပူလေး'ထည့် မှည့်ထားကြတာပေါ့လေတဲ့"

"သူပြောလည်း ပြောချင်စရာလေ၊ ဟုတ်သားပဲ့ဟာ၊ ငါ့ သားရော နင့်သမီးရော နာမည်ထဲ 'တ'ပါနေတာ၊ သူ ပြောမှပဲ ငါတို့က သတိပြုတော့တယ်၊ လဲသေဖို့ပဲ ကောင်း တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက "……ဖက်ရှင်ဟောက်စ်"ရှေ့ ရောက်ပြီမို့ ကားကိုရပ်လိုက်ပါသည်။ နှစ်ယောက်သား ဆိုင်ထဲဝင်လာကာ ကြိုတင်ဖုန်းဆက်ထားသည့် တသွင်သွင့် သူငယ်ချင်းတွေဖြစ် ကြောင်းပြော၍ အသင့်ထုပ်ပိုးထားသော ဝတ်စုံဆယ်စုံကိုရွေးခဲ့ ကြပါသည်။ အားလုံးဟာ သုပခမ်းနားတင့်တယ်လှသော မြန်မာ ဝတ်စုံတွေပင်။ တသွင်သွင် လာမယ်ဆိုကတည်းက ဘိုဆန်ဆန် ရောက်လာမည် ထင်မိခဲ့သည်။ တသွင်သွင်နှင့် သွားလာတွဲယှဉ် ဝတ်ဆင်ဖို့ ဘိုဆန်ဆန် စကတ်တွေ ဂါဝန်တွေ ဘောင်းဘီတွေ ကျိတ်ပြီး ဝယ်လိုက် ခြမ်းလိုက်ကြရတာ။ ခုတော့ အားလုံး အလကားဖြစ်ကုန်သည်။

"အဲဒီမိန်းမကလည်း အသက်သာကြီးလာတယ် ရင့်မလာ ဘူးနော်၊ အမြင်ကတ်ကတ်နဲ့ပဲ ချိုးကျူးရမှာပဲ"

"အေး … ငါလည်း ဉာဏ်မမီအောင်ကို ဖြစ်နေတယ် ဘာဖြစ်လို့များ ဒီလောက်တောင် ဇွဲမက်စရာ ချစ်စရာလေး လှနေရတာလဲဆိုတာ၊ ရှေးကုသိုလ် ရှေးဆုတောင်း အင်… တန်ကောင်းတဲ့မိန်းမ၊ မွေးကတည်းက အတူကြီးလာရတဲ့ ဟိုနှစ်ယောက် မပြောနဲ့၊ ငါတောင် မုန်းတဲ့ကြားက သူ… ချစ်စရာကောင်းလိုက်တာ ဆိုတဲ့ အတွေးပေါက်လာတာကို မနည်းတွန်းလှန်နေရတယ်"

"ဟုတ်ပါတယ်လေ၊ သံယောဇဉ်ကလည်း နည်းမှမနည်း… တာ၊ သူနဲ့ ဒီလောက်ချစ်ခင်ရင်းနှီးမှတော့ သူ့ကို မစွဲမက်…





တဲ့ယောကျ်ား ရှိပါ့မလား၊ ပဋ္ဌ … သိပ်ချစ်ခဲ့တာကိုလည်း ငါ အပြစ်မြင်မနေချင်တော့ပါဘူး၊ နင်လည်း လမင်းကို အပြစ်မြင်မနေနဲ့တော့"

"အေးပါ … ဟိုတုန်းကတည်းက ငါသဘောပေါက်နား လည်ပြီးသားပါ၊ ငါ့ယောကျ်ားကို ငါရခဲ့တာ သူ မယူလို့ ရခဲ့တာ ဆိုတာကိုလေ … ဟွန်း"

သက်စုက အောင့်သက်သက်လေး ဆက်ရယ်နေပါသည်။

"ပဋ္ဌနဲ့ လမင်းထဲက တစ်ယောက်ကို သူ တော်တော်ချစ်ခဲ့ လား မသိဘူးနော်၊ အခုက မန္တလေးက မြေလှူဖို့ကိစ္စက သူ မလာလည်း ဖြစ်တာတဲ့၊ သူ တမင်လာတာ၊ ရောက် အောင်လာတာ၊ သူ ပဋ္ဌနဲ့ လမင်းကို တွေ့ချင်လို့ကိုလာ ခဲ့တာဟ"

ပိုးနှင့် သက်စု နှစ်ယောက်သား တိတ်ဆိတ်သွား ကြပါသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

“ကိုထင်ကျော်ရေ … ကျွန်တော် ဒီအလုပ်လေးကို ဒီအပတ်ထဲ ဖြတ်ချင်တယ်၊ ရွှေ့အပတ်ကျ ကျွန်တော် ခရီးသွားစရာလေး ရှိတယ်”

“ဟုတ်ကဲ့ ကိုလမင်း၊ နက်ဖြန် သန်ဘက်ခါဆိုရင် ပြီးပါတယ်၊ ကိုလမင်း နေပြည်တော်သွားဖို့လား”

“နေပြည်တော် မဟုတ်သေးဘူး၊ မန္တလေးကိုပါ၊ ကိုယ်ရေးကိုယ်တာကိစ္စလေးပါ၊ သိပ်မကြာပါဘူး နှစ်ရက်လောက်ပါပဲ”

လမင်းဆွေက သူ့ရဲ့လက်ထောက်ဖြစ်သော အင်ဂျင်နီယာလေး ကိုထင်ကျော်ရဲ့စားပွဲဆီ လျှောက်လာခဲ့ရင်း …

“ရွှေ့အပတ်ကို ‘……’အိမ်ရာထဲက လုံးချင်းအိမ်လည်း အပ်နိုင်မယ် ထင်တယ်”





“ရွှေ့အပတ်မှာ သေချာပေါက် အပ်နိုင်ပါတယ် ကိုလမင်း၊ အခုကိုပဲ အားလုံးပြီးသလောက် ရှိသွားပါပြီ၊ မီးဖိုခန်းက ကက်ဘိနက်တွေနဲ့ မီးဖိုခွင် ဖစ်တင်ချဖို့ပဲ ရှိပါတော့တယ်၊ ဒီနေ့ အဲဒါလုပ်နေကြတာ၊ ကျွန်တော် နက်ဖြန်သွားစစ်ပြီးရင်တော့ ကိုလမင်း တစ်ချက်လောက် ဘာလိုချင်သေးလဲ သွားကြည့်ဖို့ပဲ လိုပါတော့တယ်”

“ကောင်းတယ်ဗျာ၊ နက်ဖြန် ခင်ဗျားသွားစစ်တော့ ကျွန်တော်ပါ တူတူလိုက်ကြည့်လိုက်တာပေါ့၊ ပြင်ချင်တာမရှိတော့ရင်တော့ မန္တလေးမသွားခင် အိမ်ရှင်ကို အပ်လိုက်နိုင်တာပေါ့၊ ကျေးဇူးပဲဗျာ၊ ဒါနဲ့ ခင်ဗျားကို ကျွန်တော် တစ်ခုလောက် မေးချင်လို့ ကိုထင်ကျော်ရေ”

“ဟုတ်ကဲ့ ကိုလမင်း”

“အလုပ်ကိစ္စ မဟုတ်ပါဘူး၊ ပါစင်နယ်လ်ပါပဲ”

“ခင်ဗျာ … ဩော် … မေးပါ ကိုလမင်း”

“စပ်စုတယ်တော့ မထင်ပါနဲ့ဗျာ”

“ဟုတ်ကဲ့ … ရပါတယ်”

“လွန်ခဲ့တဲ့ နှစ်ရက်က ကျွန်တော် ဆီဒိုးနားကနေ ကိစ္စတစ်ခုသွားပြီး ပြန်အထွက် ခင်ဗျားကားဝင်လာပြီး ပါကင်ထိုးလိုက်တာ မြင်လိုက်လို့ပါ၊ ညနေဘက်လေ၊ ပိတ်ရက်ပါ အဲဒီနေ့က”

“ဩော် … ဟုတ်တယ်၊ ကျွန်တော်ရောက်တယ် ကိုလမင်း၊ ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ကားပေါ်က လူတစ်ယောက် ဆင်းလာတယ်လေ၊ ကိုထင်ကျော်က လိုက်ပို့တာထင်တယ်၊ အထဲလိုက်ဝင်မ သွားဘူး"

"ဟုတ်တယ် ကိုလမင်း"

"အဲဒါ ရှေ့နေ ကိုကျော်မိုးသည်း ဆိုတာလားလို့"

"ဟုတ်တယ် ... ဟုတ်တယ် ကိုလမင်း၊ ကျော်မိုးသည်းက ကျွန်တော်နဲ့ ငယ်သူငယ်ချင်းပါ၊ ငယ်ငယ်ကတည်းက ဆယ်တန်းထိ တူတူပေါ့၊ တက္ကသိုလ်မှာ လိုင်းကွဲသွားပေ မယ့် မကြာမကြာ ဆုံနေကျ သူငယ်ချင်း အရင်းပါ ခင်ပါ တယ် တွဲဖြစ်ပါတယ်၊ ကိုလမင်း ကျော်မိုးသည်းကို သိလို့ လား"

"တစ်နေရာမှာ မိတ်ဆက်ပေးတာနဲ့ ကြုံခဲ့ဖူးလို့ သိရုံသိ တာပါ၊ ခင်တော့ မခင်ပါဘူး"

"ကိုလမင်း သူနဲ့ အလုပ်ကိစ္စ ဆက်သွယ်ချင်တာများ ရှိ လို့လား၊ ကျော်မိုးသည်းက တော်တယ် ကိုလမင်း၊ George Washinton University ကနေ့ လောနဲ့မာစတာ ပြီးလာတာ၊ သူ့အတွက် ရွေးချယ်စရာ အလုပ်တွေလည်း တန်းစီနေတာ၊ သူက မကြာခင် ဟိုကိုပြန်သွားမှာလေ"

"သြော် ... သူက ... အင်း ... ဆင်ဂယ်လ်ပဲပေါ့"

"ဟာ ... ဟုတ်တယ်၊ အိမ်ထောင်မရှိပါဘူး၊ လူပျိုပဲ ကိုလမင်း"





"ဘာမှ အရေးမကြီးပါဘူးလေ၊ ကျွန်တော်က သူ့အကြောင်း နည်းနည်းလေး စိတ်ဝင်စားမိလို့ မေးကြည့်တာပါ၊ ကျေးဇူး ပဲ"

လမင်းဆွေက ခေါင်းတစ်ချက်ညိတ်ပြီး သူ့စားပွဲ ဘက် ပြန်လျှောက်လာပါသည်။ လျှောက်လာရင်းက မေးချင်နေ သေးတာကို ထပ်မေးသင့် မသင့် စဉ်းစားနေမိပါသည်။ သိပ် စပ်စုရာ ကျမလား။ တစ်မျိုးဖြစ်နေမလား။ အင်းလေ ... မထူးပါ ဘူး မေးမိလက်စနဲ့ ဆက်သာမေးလိုက်ပါတော့မယ်။ လမင်းက တစ်ချက်လှည့်ရင်း ...

"ဒါနဲ့ သူ့မှာ ရည်ရွယ်ထားတဲ့ ချစ်သူတွေ ဘာတွေရော ရှိလားဗျ"

"ဗျာ"

ကိုထင်ကျော်က အံ့သြသွားသလို ရေရွတ်လိုက်ပါ သည်။

"သြော် ... ခင်ဗျားနဲ့က သူငယ်ချင်းအရင်းဆိုလို့ မေး ကြည့်တာပါ၊ စပ်စုရုံသက်သက်ပါဗျာ၊ အရေးတော့မကြီး ပါဘူး"

"သြော် ... ဟင်း ဟင်း ... ကိုလမင်း အမျိုးတွေထဲက များ လူကြီးချင်း တီးခေါက်ရည်ရွယ်တာတွေ ရှိလို့များ လား၊ ဒီကောင့်ကို အဲလိုတီးခေါက်ကြ စကားစပ်ကြည့်ကြ တာတွေက အများသား ကိုလမင်းရဲ့၊ ကျော်မိုးသည်းက



www.burmeseclassic.com

www.burmeseclassic.com



သူ သဘောကျတဲ့ အမျိုးသမီး ရှိပါတယ်၊ ဟိုကပဲဗျ၊ အခု တောင် ဒီကိုအလည်ရောက်နေတယ် ပြောတယ်၊ ကျွန်တော် နဲ့တော့ မိတ်ဆက်မပေးဖူးပါဘူး၊ သူ့အမျိုးသမီး အနှောင့် အယှက် ဖြစ်မှာစိုးလို့တဲ့၊ ဟား ဟား၊ ပြေလည်ပြီးသား လား ကြိုးစားနေတုန်းလားတော့ ကျွန်တော် ရေရေရာရာ မသိဘူး၊ ဒီကောင်က ဒီကိစ္စကို မပွင့်တပွင့်နဲ့ လျှို့ဝှက် ချင်နေတာ ကိုလမင်းရ"

"သြော် ... သြော် ... ကျေးဇူးပါပဲ ကိုထင်ကျော်ရေ ဘာရယ်မဟုတ်ပါဘူး၊ ကျွန်တော်လည်း သိချင်တဲ့အကြောင်း လေးတစ်ခု ဆက်စပ်တာနဲ့ပါ"

"ရပါတယ် ကိုလမင်း၊ ဒါလောက် ပြောရတာ အပန်းကြီး စရာ မရှိပါဘူး"

လမင်းက ကိုယ့်စားပွဲမှာ ပြန်ထိုင်လိုက်ရင်း နာရီ တစ်ချက်ကြည့်လိုက်ပါသည်။ ဒီအချိန် ထမင်းစားချိန်ပဲ။ အလုပ် အနေအထား အတပ်မပြောနိုင်သေး၍ မနက်က တသွင့်ကို ဘာ မှမပြောခဲ့ရသော်လည်း အခုတခဏ အပြင်ထွက်မယ်ဆို ထွက်နိုင် တဲ့ အခြေအနေရှိသည်။ လမင်းဆွေက တသွင်သွင် ကိုင်ထားတဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်။ ဒီဖုန်းကို တသွင် ရောက်ပြီး နောက်တစ်နေ့မနက် ဆီဒိုးနားကို ရောက်လာတော့ ကျော်မိုးသည် က တသွင်ကိုင်ဖို့ သုံးဖို့ပေးခဲ့တာ။ သူရော ပဥ္စပါ တသွင့်ကို ဖုန်းတစ်လုံး စီစဉ်ပေးဖို့ သတိမရခဲ့ကြ။





ဖုန်းက တစ်ဖက်မှာ အတန်ကြာ မြည်နေပြီးမှ ...

"ဟယ်လို"

"ဟယ်လို ... ဘယ်သူ ... ဟာ ... ဟော့ကောင် ပဥ္စလား"

"အေး"

"မင်းက တသွင့်ဖုန်းကို ဘာကိစ္စ ကိုင်ရတာလဲ၊ မင်းနဲ့ရှိ နေတာလား"

"အေး ... ငါ ခဏအားတာနဲ့ တသွင့်ဆီ ဖုန်းဆက်ပြီး ဘာစားချင်လဲ မေးလိုက်တော့ တသွင်က ကဏန်းစားချင် တယ်ဆိုလို့ ... အဲဒါနဲ့၊ အခု တသွင်က အိမ်သာခဏသွား နေတယ်ကွ"

"မင်းကတော့ တော်တော်ခြေမြန်လက်မြန် ရှိတဲ့ကောင်ပါ ပဲ တကယ့်ကို အလေးပြုပါတယ် ပဥ္စရာ၊ အခု ဘယ်ဆိုင် မှာလဲ"

"အဟက်ဟက် ... မင်းက ဘာလဲ လာမလို့လား"

"ဟော့ကောင် ... အဟက် လုပ်မနေနဲ့၊ ဘယ်ဆိုင်မှာလဲပြော၊ ငါ မလာနဲ့ဆို မလာဘူး၊ ပိုးပဲလွှတ်လိုက်မယ် အဲဒီကို"

"ဟော့ကောင် ... မင်းဘိုးတော်၊ အကျင့်မယုတ်ပါနဲ့ကွာ၊ '......'ကဏန်းဆိုင်မှာ"

"ဟား ... မင်း တော်တော် တစ်ကိုယ်ကောင်းဆန်တဲ့ ကောင်၊ အဲဒီဆိုင်က မင်းရုံးခန်းနဲ့စာရင် ငါ့ရုံးခန်းနဲ့တောင် ပိုနီးသေးတာ၊ ငါ့ကို ဖုန်းတစ်ချက် ဆက်လိုက်ရင် ဘာဖြစ် သွားမှာလဲ၊ ကျိတ်ကျိတ်ကြိတ်တဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော ခုလိုအခွင့်ရေး ရရင် ငါ့ကို ဝမ်းသာအားရ လှမ်းခေါ်မှာလား၊ ဟော့ကောင် အပိုတွေ မပြောနဲ့၊ မင်းကို ဖုန်းလှမ်းဆက်ကြတော့မလို့ပဲ"

"ခုမှ အပိုတွေ လာလုပ်မနေပါနဲ့ကွာ"

"တကယ် ပြောနေတာ ဟော့ကောင်၊ ငါကတော့ ဆက်ဖို့ စကားစတာ မဟုတ်ပါဘူး အဟက်၊ မင်းလည်းသိမှာပို့ ကြို့ဝန်ခံထားတယ် ဟော့ကောင်၊ တသွင်က မင်းအားမအား ဖုန်းတစ်ချက်လောက်တော့ ဆက်ကြည့်လိုက်ရအောင်လို့ ခုနပဲ ပြောတာ၊ သူ အခု အိမ်သာခဏဝင်သွားလို့၊ သူ ထွက်လာရင် ဆက်ပေါ့လို့ ငါပြောထားတာ၊ ဟင်းပွဲတွေ လည်း ခုမှမှာထားတုန်း စုံအောင်တောင် မရောက်သေးပါ ဘူး၊ မင်းအားနေရင်လည်း လာလိုက်ပေါ့ကွာ။ တသွင် ဖုန်းမြည်လာတော့ ကြည့်လိုက်တော့ ပေါ်နေတာ မင်း နံပါတ်ဖြစ်နေလို့ ငါကိုင်လိုက်တာ၊ ငါတို့ ခုနမှရောက် တာပါ"

"မင်း သွားခေါ်လာတာလား ... မင်းကားနဲ့လား"

"အေး"

"အပြန်ကျ ငါပို့ရင်လည်း ရတယ်လေ"

"ဟား ဟား ဟား ... လမင်း၊ မင်း ငါးပြားဖိုးကအား ညှိနေမှာလား၊ အပိုတွေ သိပ်လျှောက်မပြောနဲ့ လာရင်လာ မလာရင်နေ"

"ငါလာခဲ့မယ်"





ပဥ္စက ဖုန်းပိတ်လိုက်စဉ်ပင် တသွင်သွင်က အနား ပြန်ရောက်လာကာ ...

"မောင်တော်လား"

"အေး"

"နင်ဆက်လိုက်တာလား မောင်ကြီး"

"ငါမဆက်ပါဘူး၊ ဒီကောင်က နင့်ဆီဆက်တာ သူ့နံပါတ် တွေ့လို့ ငါကိုင်လိုက်တာပါ၊ ငါ့ကို ကျိတ်သွားတယ်ဆိုပြီး ဒေါကန်နေသေးတယ်၊ ခုချက်ချင်း သူ လိုက်လာမယ်တဲ့"

"အဟီး ... နင်တို့နှစ်ယောက်ကလေ တကယ်ပဲ၊ မပြော လိုက်ချင်ဘူး၊ ပြိုင်နေကြတာချည်းပဲ"

ပဥ္စက တသွင်သွင့်ကို မျက်လုံးအစုံ အနည်းငယ် ခင်းမှေးကာ စိုက်ကြည့်လိုက်ပါသည်။ ထို့နောက် အောင့်သက် သက်ပြောမိသည်။

"အဲလိုပြိုင်နေကြအောင် နင် လုပ်ခဲ့တာပဲလေ တသွင်။ ငါတို့နှစ်ယောက် လူမှန်းသိကတည်းက စကားတွေကို သေချာပြောနိုင် နားလည်နိုင်တဲ့ အရွယ်ကတည်းက နင့်ရဲ့ ချစ်ခင်မှု နင့်ရဲ့ဂရုစိုက်မှု နင့်ရဲ့အလေးထားမှု ဒါတွေကို ငါတို့အပြိုင်အဆိုင် လိုချင်ခဲ့ကြရတယ်၊ နင် ဒီလိုလုပ်ရင် နင့်ကို မချစ်တော့ဘူးနော်၊ ငါ လမင်းကိုပဲ ချစ်တော့မယ် ဆိုတဲ့ စကားမျိုးကို ငါ သေအောင်ကြောက်ခဲ့သလို ဒါဆို ရင် နင့်ကို ငါမခေါ်တော့ဘူး ပဥ္စကိုပဲ ခေါ်တော့မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စကားမျိုးကို လမင်း အလူးအလဲ ကြောက်ရွံ့ခဲ့ရတယ်ဆိုတာ နင် သိပါတယ် ...

သုံးယောက်ထဲကနေ နှစ်ယောက်တည်းဖြစ်သွားပြီး တစ်ယောက်ပဲကျန်ခဲ့ရမယ့် အဖြစ်မျိုးကို ငါရော လမင်းရော ဘယ်လောက် အစိုးရိမ်ကြီးခဲ့ရလဲ၊ နင် ထားခဲ့မှာစိုးလို့ နင် ပိုမခင်မှာစိုးလို့ ပိုမချစ်မှာစိုးလို့ နင့်အကြိုက်ကိုလိုက်ကြတယ်၊ နင့်စကားကို နားထောင်ကြတယ်၊ နင့်မျက်နှာ တစ်ချက်တောင် အပျက်မခံရဲကြဘူး၊ နင်ကလည်း ငါတို့ နှစ်ယောက်ကလွဲရင် ဘယ်သူ့ကိုမှ အရေးမလုပ်တဲ့အထိ ငါတို့ သည်းခြေကြိုက်ဖြစ်အောင် မာန်တက်အောင် ထားခဲ့တာကိုး"

ပဉ္စ စကားတွေကို တသွင်သွင်က မျက်ခုံးလေးပင့် နားထောင်နေရင်း ...

"နင် ဒါတွေကို စိတ်နာနေတာလားဟင် မောင်ကြီး"

"စိတ်မနာပါဘူး၊ ငါရော လမင်းရောက အဲဒီအခြေအနေကို လိုလိုလားလား မက်မက်မောမော ရွေးချယ်ခဲ့တာပဲလေ၊ အဲဒီဘဝကို ကျေနပ်ခဲ့တာလေ၊ နည်းနည်းကလေးတောင် စိတ်မနာပါဘူး တသွင်၊ ငါဆိုလိုတာက ငါနဲ့ လမင်းဟာ နင်ပုံသွင်းထားခဲ့သလို တစ်သက်လုံး ပုံစံဝင်နေကြပြီလို့ နင်သိအောင် ပြောချင်တာ သက်သက်ပါ၊ ပြုပြင်လို့ မရတော့ဘူးလေ"





စားသောက်ဆိုင်ရဲ့ရှေ့ကို ကားတစ်စီး ဘီးပွတ်ဆွဲသံပြင်းကြမ်းနှင့် ဘရိတ်အုပ် ရပ်တန့်လိုက်သံကြောင့် ဆိုင်ထဲကလူတွေ လှည့်ကြည့်အကဲခတ်ကြသည်။ ကားထဲက အပြေးတစ်ပိုင်းထွက်လာတဲ့ လမင်းကိုမြင်လျှင် ပဉ္စက မျက်ဆန်ကို အပေါ်ဘက်လှန်ကာ ခေါင်းဖြည်းဖြည်းယမ်းရင်း ...

"ဒီကောင်လည်း ကားနဲ့လာတာလား ဒုံးပျံနဲ့လာတာလားတောင် မသိတော့ဘူး"

တသွင်သွင်က အားရပါးရလေး လက်ခုပ်တီးလျက်ရယ်လေသည်။ အထဲကို ကမူးရှူးထိုး ရောက်လာတဲ့ လမင်းက စားပွဲနားရောက်သည်နှင့် ...

"နင်တို့ ဘာတွေ ရယ်နေကြတာလဲ"

"ဟေ့ကောင် ... ရေအရင်သောက်လိုက်ဦးကွာ"

လမင်းက စားပွဲပေါ်က ရေဖန်ခွက်ကို တကယ်သောက်ချလိုက်ပါသည်။ ပဉ္စက သူ့နာရီသူ ငုံ့ကြည့်သည်။

"ဟေ့ကောင် ... အပိုတွေ ဟန်မျှားပြမနေနဲ့၊ ကံကောင်းလို့ မီးပွိုင့်တွေ အကုန်လွတ်တော့ ငါးမိနစ်ပေါ့ကွ"

"ဘယ်လောက်ပဲ မီးပွိုင့်လွတ်ပါစေဦး၊ မင်း လမ်းမှာဘာမှ တိုက်မလာတာ သေချာပါတယ်နော်"

"သေချာတယ် ဟေ့ကောင် မရယ်နဲ့၊ ငါက မင်းနဲ့ဖုန်းမချခင်ကတည်းက ကားပေါ်ရောက်နေပြီ၊ မင်း '......ကဏန်းဆိုင်' လို့ ပြောလိုက်ကတည်းက ရုံးခန်းထဲက ထွက်လာခဲ့ပြီးပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲလို ငါ့ကို အတင်းလိုက်ပြိုင်နေလို့တဲ့ တသွင်
ခုပဲပြောနေတယ်"

"ဟား ဟား … နင်တို့နှစ်ယောက် အမြဲပြိုင်နေကြတာ
ငါက မောင်ကြီးကို ပြောနေတာပါ မောင်တော်ရယ်၊ အ
မောင်ကြီးက ပြောတယ်လေ၊ အဲဒါ ငါ့ကြောင့်တဲ့၊ တစ်သ
လုံး ငါက ဒီပုံစံဖြစ်အောင် သွင်းခဲ့တာတဲ့"

လမင်းက ပခုံးတစ်ချက် တွန့်လိုက်ရင်း …

"ဒါတော့ ပဒ္မပြောတာ မှန်တယ်၊ ငါတို့က အသားသေ
ပြီဟ၊ ငယ်ငယ်တုန်းက နင့်ရဲ့ဂရုစိုက်မှုကို လုခဲ့ရတယ်
ပြိုင်ခဲ့ရတယ်၊ အရွယ်ရောက်လာတော့ နင့်ဆီက မျှော်လ
တဲ့အချစ်ကို လုခဲ့ပြိုင်ခဲ့ကြရတယ်၊ တကယ်တော့ အဲဒီတု
က ဒီကိစ္စကို နင် အပြတ်ဖြတ်ခဲ့ရင် ငါနဲ့ပဒ္မ ခုထိ ဒီ
ဆက်ဖြစ်နေစရာ အကြောင်းမရှိဘူးလေ တသွင်၊ ခုတော့
နင်က အပြတ်မဖြတ်ခဲ့ဘူးလေ၊ ပဟေဠိလုပ်သွားခဲ့တာ
အခုထိပဲလေ တသွင်၊ နင့်ဆီက တစ်ခုခု မသိရဘဲနဲ့ ငါ
တို့ရဲ့အပြိုင်အဆိုင်စိတ်က ဘယ်လိုလုပ် အဆုံးသတ်မှာလဲ"

"ငါ့အပြစ်တွေချည်းပဲပေါ့လေ"

တသွင်သွင်က ပြုံးမဲ့မဲ့လေး ပြောပါသည်။

"မတင်မကျ ဖြစ်နေသရွေ့က ဒီတိုင်းသွားနေမှာပဲ"

"အဲဒါ နင်တို့ ရူးနေတာပေါ့ မောင်ကြီးရဲ့၊ ငါမှ ဘယ်သူ့
ကိုမှ ရွေးမသွားတာ၊ နင်တို့နှစ်ယောက် အဆင့်တူ
ဆက်ပြိုင်နေစရာ အကြောင်းမရှိတော့ဘူး ပြိုင်နေလို့လည်း





နင်တို့မှာ ထူးခြားလာစရာ ဘာအကြောင်းမှ မရှိတော့ဘူး"

"ထူးခြားချင်လို့လည်း မဟုတ်ဘူး၊ တမင်တကာ တကူးတက ပြိုင်နေသေးတာလည်း မဟုတ်ဘူး၊ ပြိုင်တယ်ဆိုတိုင်းလည်း တစ်ယောက်အပေါ်တစ်ယောက် မနာလိုတိုရှည် မကောင်းမြင်နေတာ မဟုတ်ဘူး တသွင်၊ ငါတို့ တစ်သက်လုံး ပြိုင်ဆိုင်နေကြတာပဲ ဆိုပြီးတော့လည်း နင် စိတ်မကောင်း ဖြစ်မနေနဲ့၊ နင်နဲ့ပတ်သက်ပြီး အဖြေမသိလိုက်ရတဲ့ ပဟေဠိကလွဲရင် ငါနဲ့ပဒ္မ အိုကေပါဟ"

"ဟုတ်တယ် … လမင်းပြောတာ မှန်တယ်"

"အမယ်လေး … ပဒ္မပြောတာ မှန်တယ်၊ လမင်းပြောတာ မှန်တယ်နဲ့ သွေးစည်းနေလိုက်ကြတာ၊ အေးပါလေ … ငါ့ အပြစ်တွေပါဟယ်"

တသွင်သွင်က ပဒ္မနှင့် လမင်းကို မျက်စောင်းကြီး
ထိုးလိုက်ပြီး မဲ့ပြုံးလေး ပြုံးနေပါသည်။ တကယ်တော့ သူ
ချစ်ဆုံး ဒီကောင်လေးနှစ်ယောက်ဟာ မွေးကတည်းက သူ့ရဲ့
တ်နာကို ပြိုင်ဆိုင်လုယက်လာကြရင်းက အရွယ်ရောက် စိတ်
ရှားကစားချိန်မှာလည်း သူ့ရဲ့အချစ်ကို ရာဇဝင်မရိုင်းအောင်
ဆက်လက်လုယက်နေခြင်းရဲ့ နောက်ကွယ်အမှန်ခံစားချက်က
တို့ထင်သလိုမဟုတ် … လို့ တသွင်သွင် နားလည်ယူဆခဲ့တာ
ပါပြီ။ နှစ်ယောက်လုံး အလျှော့မပေးလိုခြင်း သက်သက်ပဲ
တ်လား။



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင်ကတော့ နှစ်ယောက်လုံးကို တရင်းတ... ချစ်ခင်ခဲ့ပါသည်။ နှလုံးသား လှုပ်ရှားတတ်တဲ့အရွယ် ရောက်... တော့လည်း တစ်ယောက်သောသူကို အကြင်နာပိုကာ ဘဝရဲ့လ... တွဲဖော်ဖြစ်ဖို့အထိ ရည်ရွယ်မြတ်နိုးခဲ့တာပင်။ ပိုးရွှေလှာနှင့် သ... စုထွေးတို့ကြောင့် အဖြေတစ်ခု မပေးခဲ့ဘဲ ထွက်သွားခဲ့စဉ်တုန်း... တသွင့်မှာ စိတ်ကူးလေးတစ်ခုနဲ့ပါ။

တသွင်ကချစ်တဲ့သူဟာ တသွင့်ကိုလည်း ထပ်... ချစ်ရိုးမြတ်နိုးရိုးမှန်လျှင် အပြီးအပိုင် ပြန်မလာတော့မှာ မဟု... တဲ့ တသွင့်ကို စောင့်နေမှာပဲလို့ပေါ့။ လောလောဆယ်မှာ ... ယောက်ကို ငြင်းထားရစ်ခဲ့ရတာနှင့် စာလျှင် သူတို့ထဲက ... ယောက်က လက်ထပ်သွား၊ တသွင့်ကို သစ္စာရှိရှိ စောင့်မျှော်... မယ့် တသွင်ချစ်တဲ့သူကို အေးအေးဆေးဆေး တစ်ချိန်... အပြိုင်လူ မရှိတော့ပဲ တစ်ယောက်တည်းကို ရွေးရုံပဲလို့ပေါ့...

စိတ်ကူးယဉ်လွန်းအားကြီးခဲ့မိသည်။ ကိုယ်ရွေး... သူက ကိုယ့်ကို စောင့်နေပြီး ကိုယ်မရွေးမယ့်သူက သူ့အနာ... မိန်းကလေးနှင့် လက်ထပ်သွားလိမ့်မည်လို့ ကွက်တိတွက်ဆ... မိတာက ဘယ်လောက် ကလေးဆန်မိုက်မဲလွန်းပြီး ဦးနှောက်... ရာ ကျလိုက်သလဲလို့။

“တကယ်တော့ ငါ ဘာမှအဖြေမပေးခဲ့မိတာက မှန်... တာ မဟုတ်လား၊ ဟင် ... နင်တို့ဖြေကြစမ်းပါ၊ နင်... နှစ်ယောက် ရှေ့ဆင့် နောက်ဆင့်ပဲ မိန်းမယူကြ၊ ...





ထပ်သွားကြတယ်လေ၊ နင်တို့ အလကားကောင်လေးတွေ၊ ဟုတ်တာလည်း မဟုတ်ဘဲနဲ့ အသည်းအသန် အလဲအကွဲ ဖြစ်ခဲ့ကြတာက နင်တို့နှစ်ယောက် ပြိုင်နေတာသက်သက် မဟုတ်လို့ ဘာလဲ”

တသွင်သွင်က ရုတ်တရက် စိတ်မထိန်းနိုင်ဘဲ ပြောချလိုက်ပါသည်။

“အာ ... အဲလိုမဟုတ်ဘူး၊ ငါတို့ပြိုင်ရုံသက်သက်နဲ့တော့ နင့်ကို အဲလိုဖြစ်ပါ့မလား ... မဟုတ်တာ”

“တော်စမ်းပါ မောင်ကြီးရာ”

“တသွင် ... နင် ထင်သလို မဟုတ်ဘူး၊ နင်က အဲလိုထင်လို့ အဖြေမပေးဘဲ ထွက်သွားခဲ့တာလား၊ နင်မှားနေပြီနော် တသွင်”

“တိတ်တော့ မောင်တော်၊ ဒါဆို နင်တို့နှစ်ယောက် ဘာဖြစ်လို့ မိန်းမရှေ့ဆင့်နောက်ဆင့် ယူလိုက်ကြသလဲ၊ ငါ မပြောလိုက်ချင်ဘူး”

“နင်က အဖြေမပေးတော့ဘူးလို့ ပြောသွားတာကိုး”

“ဩော် ... နင်တို့အချစ်က မြန်မြန်လက်တွေ့ရနိုင်မယ့်ဆီကို ဖျတ်ခနဲပြောင်းလိုက်လို့ ရတာမျိုးကိုး ... ဟုတ်လား မောင်ကြီး၊ အဖြေမပေးဘူးဆိုတာနဲ့ နောက်တစ်ယောက် ပိုးရွှေလှာဆီကိုပဲ နင့်အချစ်က ပြောင်းသွားတာပေါ့နော်၊ မောင်တော်လည်း တူတူပဲ၊ ငါ့ဆီကလည်း အဖြေမရခဲ့...



www.burmeseclassic.com

www.burmeseclassic.com



သက်စုဆီ ဖျတ်ခနဲ ပြန်ခုန်ကူးသွားရော တော်တော်အချစ်စစ်ပြီး ခိုင်မာတဲ့ဟာတွေ”

“နင်က အဆက်အသွယ်လည်း မလုပ်တော့ဘူးလေ”

“သေလိုက် မောင်တော် ... လဲသေလိုက်၊ ကိုယ့်အပြစ်ကိုယ် မစဉ်းစားဘဲ သူများကိုပဲ အပြစ်ပုံချဖို့လုပ်နေ”

“မဟုတ်ဘူး တသွင်၊ ငါ အမှန်အတိုင်း ပြောမယ်၊ ငါတို့ နှစ်ယောက်ထဲက တစ်ယောက်ကိုတော့ နင် ရွေးချယ်ဖို့ စဉ်းစားခဲ့တယ်၊ ဒါပေမဲ့ တစ်ယောက်ကိုရွေးပြီး တစ်ယောက်ကို ချန်ထားခဲ့ရမှာ နင် အားနာတယ်၊ စိတ်မကောင်းဖြစ်တယ်၊ ဒါကြောင့် နှစ်ယောက်လုံးကို မရွေးတော့ပါဘူးလို့ပဲ ငါယူဆခဲ့တာ၊ အဲဒီနောက်မှာ ငါဝန်ခံပါတယ်၊ နင်မရှိတော့ဘူး ဆိုရင်တော့ ငါလက်ထပ်ဖို့ ရွေးချယ်မယ့်သူဟာ ပိုးပဲ၊ မေမေကလည်း လိုလိုလားလား တိုက်တိုက်တွန်းတွန်း ရှိခဲ့တယ်ဟာ၊ အခြေအနေအရပ်ရပ်က အားပေးခဲ့တယ်လေ ပိုးကလည်း ငါ့အပေါ် သိပ်ကောင်းရှာပါတယ်၊ ငါ့ကိုလည်း သိပ်ချစ်တာ၊ အဲဒါကြောင့် ငါ စိတ်ဒုံးဒုံးချ ဆုံးဖြတ်လိုက်တာ”

တသွင်သွင်က ပဥ္စကို မျက်စောင်းထိုးလိုက်ပါသည်။

“ငါလည်း ပဥ္စပြောတဲ့အတိုင်း ထပ်တူထပ်မျှပဲဟာ၊ အဲဒီအတိုင်းလည်း တွေးခဲ့တယ်၊ အဲဒီအတိုင်း အခြေအနေက ပေးခဲ့တယ်”





တသွင်သွင်က လမင်းဆွေကို မျက်စောင်းလှည့်ထိုးလိုက်ပြန်ပါသည်။

“တော်တော့ ... နင်တို့နှစ်ကောင်ကို ငါလုပ်မိလိမ့်မယ်၊ နားထောင်ရတာ အမြင်ကတ်လိုက်တာ၊ ငါ အခု နင်တို့ နှစ်ယောက်ကို ချစ်ခင်တဲ့စိတ်၊ ကြည်လင်တဲ့စိတ်ကလေးနဲ့ပြန်လာတာ၊ ငါ့စိတ်တွေ မညည်းမညစ်ချင်ဘူး၊ ပြီးတော့ ငါ စိတ်လည်းမဆင်းရဲချင်ဘူး၊ ဝမ်းမနည်းချင်ဘူး၊ ပျော်ပျော်ကလေးနေပြီး ပျော်ပျော်ကလေးပဲ ပြန်သွားချင်တယ် ... ဒါပဲ”

“ဒါ ... ဒါပေမဲ့ ...”

“ဘာလဲ မောင်တော် ... ဘာအထွန့်တက်ဦးမှာလဲ”

“နင့်စိတ်ထဲမှာ အဲဒီတုန်းက ရွေးချယ်ခဲ့မိတဲ့ သူကိုတော့ ခုလို ရှားရှားပါးပါးလေး ပြန်ဆုံတုန်းမှာ ...”

“တော်တော့ ...”

“ဟုတ်တယ် တသွင်၊ ငါ ... ငါလည်း သိချင်တာ”

“အဟက်ဟက် ... ကတိမ်းကမူးဖြစ်ရုံလေး စိတ်လှုပ်ရှားရုံလေးပေါ့ ဟုတ်လား၊ ကဲ ... ငါက အဲဒါ ပဥ္စပဲ ... ဒါမှ မဟုတ် အဲဒါ လမင်းပဲလို့ အခုဖြေလိုက်မယ်ဆိုရင် နင်တို့က နင်တို့မိန်းမကို ပြတ်စဲပြီး ငါ့ဆီကို ပြန်လာနိုင်တာမို့လို့လား”



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စရော လမင်းပါ မျက်နှာတွေ အောက်သိုးသိုးနှင့် အိလည်လည်ဖြစ်ကာ တသွင့်ကိုမကြည့်ဘဲ မျက်နှာလွှဲလိုက်ကြပါ သည်။ လမင်းက ရေသန့်ဘူးကိုဖွင့်ကာ ဖန်ခွက်သုံးခွက်ထဲ လိုက်ထည့်နေသလို ပဥ္စက ရောက်လာတဲ့ကဏန်းပန်းကန်ကြီးကို ဟိုတိုး ဒီရွှေ့။

ချစ်ရသော ငယ်ပေါင်းနှစ်ယောက်ကို ကြည့်ကာ တသွင်သွင်က အသာအယာလေး ပြုံးလိုက်ပါသည်။ သူတို့အဖြေ ခက်ကြတာ မဖြေနိုင်တာဟာ စိတ်ဆိုးစရာလည်း မဟုတ်သလို ဝမ်းနည်းစရာလည်းမဟုတ်။ ဒါဟာ သဘာဝကျကျ ပုံမှန်အနေ အထားပဲ မဟုတ်လား။ သို့ပေမဲ့လည်း တသွင့် ရင်ထဲမှာ နှလုံး သားနေရာကတော့ စိုးစိုးစစ်စစ် ခပ်နင့်နင့်လေး ခံစားလိုက်ရတာ အမှန်ပါပင်။

ကိုယ်တစ်ယောက်တည်း ကျန်ရစ်ရလိမ့်မယ်လို့ ဟို တုန်းကတော့ တစ်ခါမှ မမျှော်လင့် စိတ်မကူးဖူးခဲ့ပေမယ့် အခု တော့ ကျန်ရစ်ခဲ့ရခြင်းမှာ နေသားတကျတောင် ဖြစ်ခဲ့ပါပြီ။ ဝေဒနာတို့လည်း ကျပါးသက်သာခဲ့ပါပြီ။ သို့ပေမဲ့ ခုလို သူတို့နဲ့ ပြန်ဆုံတွေ့လိုက်ရတဲ့ အချိန်မှာတော့ တသွင့် နှလုံးသားတို့ဟာ တစ်ဖန်ပြန်လည် မောနင့်ရသည်။ ခံတော့ ခံစားရပါသေးသည်လေ။

"ကဲပါဟယ် ... ကယောင်ချောက်ချားတွေ ဖြစ်မနေကြပါနဲ့ နင်တို့ကိုလည်း ငါက အမေရိကကို ခေါ်မပြေးပါဘူးဟဲ့ တကတဲပဲ"





လမင်းက ခေါင်းမော့လာကာ ...

"နင် အမေရိကားကို ခေါ်ပြေးမယ့်သူရှိပြီးသား မဟုတ်လား"

"ဘာရယ် ... မောင်တော်"

"မကြာခင် နင်ရှိတဲ့နေရာကို လိုက်လာမယ့်သူလေ"

"ဩော် ... နင် မောင်သဲကို ပြောနေတာကိုး ... အဟင်း ဟင်း"

"ငါ သတင်းကြားပြီးပါပြီ"

"ဘာသတင်းတွေများ ကြားနေတာလဲ မောင်တော်ရယ်"

ပြုံးစိစိလေး လုပ်နေသော တသွင့်သွင့်ကို မျက်ခနဲ ကြည့်ရင်း ပဥ္စက လက်သီးတစ်ချောင်း ထောင်လိုက်ကာ ...

"ငါ တွေးမိပြီ၊ တသွင် ... နင် ဒီကပြန်ရင် လက်ထပ် တော့မှာလား ... ဟုတ်လား၊ ငါတို့နှစ်ယောက်ကို နင် ဟိုလိုလို ဒီလိုလိုနဲ့ လာနှုတ်ဆက်တာမျိုး မဟုတ်လား"

"နင့်ဦးနှောက်ကို ရွှေချသားလိုက်တော့ မောင်ကြီး၊ ဇာတ် လမ်းအဆင်ကောင်းလို့"

"နင် အမှန်အတိုင်း ပြောစမ်းပါ၊ ဝေ့မနေနဲ့"

"ငါ့ဟာငါ ယောကျ်ားယူယူ မယူယူ လက်ထပ်ထပ်မထပ် ထပ် ငါကြိုက်တာ ငါလုပ်မယ်၊ မောင်သဲကို ယူချင်ယူ မယ် တခြားတစ်ယောက် ယူချင်ယူမယ်၊ ငါ့ဟာငါ တစ် ယောက်တည်း နေချင်နေမယ်၊ နင်တို့ကို ကြိုမပြောနိုင်ဘူး၊ နင်တို့ဘာသာ စောင့်ကြည့်ကြ၊ ကဲ ... ငါ့ကို ကဏန်းခွာ မပေးကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ညှပ်လေး ချပေးထားတယ်"

"ဘာဟိုမှာ ညှပ်လေးလဲ၊ မောင်တော် ... နင်က ဟိုလက်မကိုညှပ်ပေး၊ မောင်ကြီး ... နင်က ကိုယ်လုံးကြီးကြီးလေးတစ်ကောင်ဖွဲ့ပေး အပေါ်ခွံခွာလိုက်၊ မြန်မြန်လုပ်ကြဟာ၊ ငါဆာပြီ ... ဟွန်း"

တသွင်သွင့် မျက်နှာလေးက ဟိုးအရင်ကလို ဗိုလ်ကျကျရုပ်လေး ဖြစ်လာပါသည်။

○ ❦ ○





(၁၁)

ဗိုလ်ကျကျ ညစ်ကျယ်ကျယ် တသွင့်မျက်နှာကို ပဋ္ဌနှင့် လမင်းက ပြိုင်တူစိုက်ကြည့်နေပါသည်။ ခါးကိုထောက်ရင်း ဒီကဟို ဟိုကဒီ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတဲ့ တသွင်သွင့်ကြောင့် အတန်ကြာမှာ ပဋ္ဌက ရှုံ့မဲ့ကာ ...

"ဟား ... ငါ မူးလာပြီကွာ၊ ဘာပြောမှာလဲ ပြောရင်လည်း မြန်မြန်ပြော"

"အေး ... အေး ... နင် ငါ့ကို အော်တယ်နော် မောင်ကြီး"

"နင်က ငါခေါင်းမူးအောင် လုပ်နေတာကိုး"

"ဟိုမှာ မောင်တော်တောင် ဘာမှမဖြစ်ဘူး၊ နင်က ဘာကိစ္စမူးနေရတာလဲ၊ သိပ်အပိုတွေ လုပ်တယ်"

"ကဲပါဟာ ... ပြောမှာ ပြောစမ်းပါ တသွင်ရာ၊ နင်ဒီပုံစံနဲ့ လျှောက်နေတာ ကြာလှပြီ၊ ငါက ခေါင်းမမူးပေမယ့် မိုက်ဆာလာပြီ၊ အိမ်ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမတင့် ... မမတင့်ရေ ... မောင်တော်စားဖို့ ငှက်ပျော
သီးနှစ်လုံးလောက် ဖြုတ်ခဲ့ပေးပါ"

"ဟာ ... ငါ ငှက်ပျောသီး မစားချင်ပါဘူး"

"နင် ဘာစားချင်တာလဲ၊ ကိတ်မုန့်စားမလား"

"ဟာ ... မစားချင်ပါဘူး၊ အိမ်ပြန်ပြီး မေမေ့ကို လက်ဖက်
သုပ်ခိုင်းပြီး ထမင်းနဲ့ လက်ဖက်နဲ့ စားမှာ"

"အမယ်လေး ... လက်ဖက်က နင်တို့တစ်အိမ်တည်းရှိ
တာလား၊ မမတင့်ရေ ... ငှက်ပျောသီးမယူနဲ့တော့၊ လဖက်
သုပ်ပွဲကြီးကြီးလေး ချဉ်ငန်စပ် သုပ်ခဲ့ပေးပါနော်၊ ထမင်း
လည်း လိုချင်တယ်"

"ရမယ် ... ရမယ် ... တသွင်ရေ"

"ကဲ ... ကဲ ... နင်ပြောမှာ ပြောပါဟာ၊ ကြာတာ ...
အရမ်းပဲ"

တသွင်သွင်က ဆတ်ခနဲ ရပ်လိုက်ကာ ခါးထောက်
ဖြုတ်၍ လက်နှစ်ဖက်ကိုပိုက် ဖင်ကလေးပုပြီး လေသံနိမ့်ကာ...

"ငါ အခုပြောမယ့်ဟာကို နင်တို့ မာမီ့ကို ပြန်မပြောရဘူး
နော်"

"ဘာမို့လို့ ပြန်မပြောရမှာလဲ"

"နင်တို့ဘာသာ နင်တို့စိတ် နင်တို့သဘောနဲ့ လုပ်တာလို့
ပြောရမယ်"

"ဘာကိုလဲ"





"ဒီမှာ သေချာနားထောင်၊ ဒီနေ့ အောင်စာရင်းလည်းထွက်
နောက်နှစ်တက်ရမယ့် တန်းခွဲစာရင်းလည်းထွက်ပြီ မဟုတ်
လား"

"အေးလေ၊ ငါတို့ ခုပဲတူတူကြည့်ပြီး ပြန်လာတယ်လေ၊
ဘာဖြစ်လဲ"

"အေး ... နင်တို့နှစ်ယောက် ဘာအတန်းဝင်လဲ"

"အေတန်းလေ"

"ငါကရော"

"ဘီ ... နင် သင်္ချာတွေ တစ်ပုံကြီး ရှမ်းဖြေခဲ့တာကိုး၊ သိပ္ပံ
ကိုလည်း ကွက်လပ်ဖြည့်တွေ မှားလာတယ်လေ၊ အဲဒီတော့
ဘီဖြစ်ပြီပေါ့"

"နင်လျှာရှည်စရာ မလိုဘူး မောင်တော်၊ နင်တို့ ငါတို့
သုံးယောက်စလုံး အခု ရှစ်တန်းဖြေတဲ့အထိ နှစ်တိုင်း
တန်းခွဲတူတူ တက်လာတာ၊ အခုမှပဲ ငါတို့ အေတန်းနဲ့
ဘီတန်း ကွဲသွားပြီ"

"နင် ဘာလို့ အမှားတွေ ဖြေလာသေးလဲ တသွင်ရဲ့"

"ငါက တမင်မှားဖြေပါ့မလား မောင်ကြီးရယ်၊ ဘယ်သူက
အမှတ်နည်းချင်မှာလဲ၊ အတန်းဆင်းချင်မှာလဲ၊ အခု ငါ
အရမ်းဝမ်းနည်းပြီး ငိုချင်နေတယ်ဆိုတာ နင်တို့သိလား"

"ငိုချင်ရင် ဝမ်းနည်းရင်လည်း သနားစရာလေးဖြစ်အောင်
နေလေဟာ၊ ဝမ်းသာနည်းနေတယ်၊ ရပ်က အပေါ်စည်းက"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... မောင်တော်နဲ့ မောင်ကြီး၊ ဘီတန်းပဲဝင်တဲ့သူ
က အေတန်းကိုတက်ချင်တိုင်း တက်လို့မရဘူး၊ အေတန်း
ကလူတွေက ဘီတန်းကို ဆင်းချင်ရင် ပြောလို့ရတယ်
အဲဒီတော့ နင်တို့နှစ်ယောက် ကျောင်းသွားအပ်ရမယ့်နေ့
ကျရင် ဘီတန်းကို ပြောင်းလိုက်ကြ ... ဒါပဲ"

"ဘာ"

"ဘာ"

"ဟဲ့ ... တိုးတိုးလုပ်ကြစမ်းပါ၊ ဘာလို့ ဒီလောက်ထအော်
ရတာလဲ"

"နင်ပြောတာ အဓိပ္ပာယ်မှ မရှိတာ"

"အေးလေဟာ တသွင်ရာ၊ အေတန်းဝင်အောင် မနည်း
ကျက်ခဲ့ရပါတယ်ဆိုမှ အေတန်းဝင်ရက်နဲ့ ဘီတန်းကိုဆင်း
ရမယ်လို့"

"ဟဲ့ ... အေ, ဘီ ဆိုတာ တကယ်တော့ သတ်မှတ်ချက်
တွေပဲ၊ နင်တို့ ဘယ်အတန်းထဲဝင်ဝင် ဒီစာတွေကိုပဲ
ဆရာမတွေကပဲ သင်မှာပဲ၊ ဆင်တူပဲ။ ဘာမှ ထူးခြားေ
တာ မရှိဘူး၊ ဒီတော့ နင်တို့ ဘာမှလဲ နစ်နာစရာရှိတာ
မဟုတ်ဘူး၊ ဘီတန်းဆင်းခဲ့ကြ၊ ဟဲ့ ... ပြောနေတာ ကြား
လားလို့"

"ဘာလို့မနစ်နာရမှာလဲ၊ အေဝင်ရဲ့သားနဲ့ ဘီရောက်
မှာ"





"ဘီရောက်တော့ ဘာဖြစ်လဲ မောင်တော်ရဲ့၊ ပြောပြစမ်း
ဘာများထူးလဲဆိုတာ"

"အေတန်းကလူနဲ့ ဘီတန်းကလူ ကွာတာပေါ့၊ ထူးတာပေါ့"

"အေးလေ ... ဟုတ်တယ်၊ ငါ ဆရာမတွေကိုလည်း
မပြောရဲဘူး"

"နင်တို့ မပြောရဲရင် ငါ ဆရာမတွေကို လိုက်ပြောပေး
မယ်"

"အာ ... ငါတို့အမေတွေ ဆူမှာပေါ့"

"အန်တီခင်လေးတို့ အန်တီနုတို့ကို နင်တို့က နင်တို့
ဘာသာ အတန်းပြောင်းချင်တာလို့ ပူဆာပေါ့၊ မရမကပြော
ပေါ့"

"မေမေက ဘာလို့ပြောင်းချင်ရလဲဆိုရင် ဘယ်လိုဖြေမလဲ"

"တုံးပါ့ မောင်ကြီးရယ်၊ ဘီတန်းထဲမှာ တသွင်ရှိလို့
ပြောင်းချင်တာလို့ ပြောပေါ့"

"အာ ..."

"နင်တို့ ဘာဖြစ်နေတာလဲ၊ ပါးစပ်ကပြောတော့ဖြင့် တသွင့်
ကို ဘာဖြစ်တယ် ညာဖြစ်တယ် အလိုလိုက်မယ်နဲ့၊ အခု
လုပ်လေ၊ နင်တို့ အေတန်းတက်ခဲ့တယ်၊ ဘီတန်းတက်ခဲ့
တယ်ဆိုတဲ့ အချက်တွေက နင်တို့ဘဝတစ်လျှောက်မှာ
ဘာအရေးပါမှာမို့လဲ၊ နင်တို့နဖူးမှာ အဲဒီ အေတွေ ဘီတွေ
က ကပ်နေမှာမို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"နဖူးမှာ မကပ်ပေမယ့် ..."

မောင်တော်လမင်းက တသွင့် မျက်နှာကိုကြည့်က ပါးစပ်ဆက်မပွင့်ပဲ မဆက်နိုင် ဖြစ်နေရပါသည်။ ဇွဲပြီးကြည့်ေ တဲ့ တသွင့် မျက်စောင်းကိုလည်း လန့်လှသည်။ မောင်ကြီးဖ ကလည်း ရုပ်သာ ရှုပုပ်ပုပ်ဖြစ်နေသည်။ နှုတ်ကမဟ။

"ငါ တစ်ခွန်းပဲ နောက်ဆုံးပြောမယ်၊ ဘီတန်းထဲ နင်တ နှစ်ယောက် မလာရင်လည်းနေ၊ နင်တို့နဲ့ ငါ ရှေ့ဆက မပေါင်းရုံဘဲ၊ ငါ့ဘီတန်းထဲမှာရှိတဲ့ မောင်မောင်နိုင်တ စောမင်းဦးတို့နဲ့ပဲ ငါ ရှေ့လျှောက် ဆက်ပေါင်းသွားတေ မယ်၊ နင်တို့နှစ်ယောက်ကိုလည်း ငါ ဆက်ပြီးချစ်နေတေ မယ် မထင်နဲ့ ... ကြားလား၊ ငါနဲ့ပေါင်းတဲ့ တွဲတဲ့သူကို ငါက ချစ်မှာပဲ၊ နင်တို့ လုပ်ချင်သလိုလုပ်"

မေးစေ့လေး ပင့်ပင့် ပင့်ပင့်နှင့် ပြောပြီး မမတ ယူလာတဲ့ လက်ဖက်သုပ်ပန်းကန်ပြားကြီးကို ညော့ခန်းထောင့်နာ မုန့်စားပွဲပေါ်မှာပဲ တင်စေပြီး ကော်ဇောပေါ် ထိုင်ချလျက် ဖွ သုံးချောင်းတပ် ထမင်းဇလုံကြီးကို အားရပါးရ တီးမည့်ပုံနှ တသွင်သွင်က အသင့်ပြင်လိုက်ပါပြီ။

"ဟဲ့ ... တသွင်ရယ်၊ ညည်းကလည်းအေ ဗိုလ်ကျလှချ လား"

"မာမီ"





အပေါ်ထပ်ကဆင်းကာ အနားရောက်လာသော သူ့ အမေကိုမြင်လျှင် တသွင်သွင်က လျှာကလေးထုတ်လိုက်ရင်း ...

"မာမီ ကြားသွားတော့လည်း နားဖောက်ပြီးသား ဖြစ်တာ ပဲ ... အဟဲ"

"ဘာနားဖောက်ပြီးသားလဲ၊ ပဠတို့ လမင်းတို့ သူတို့ဟာ သူတို့ တော်လို့ အေတန်းဝင်တာ ညည်းက ဘီတန်းပြောင်း လာခိုင်းတာ တရားသလား တသွင်ရဲ့၊ ဖြစ်မှဖြစ်ရလေ၊ ခင်လေးတို့ ဝင်းနုတို့လည်း ကြားရင် စိတ်ကောင်းမှာ မဟုတ်ဘူး၊ မာမီတောင် စိတ်တိုလာပြီ၊ ဘာလို့ ဒီနှစ် ယောက်ကို ညည်း အနိုင်ဒီလောက်ကျင့်နေရတာလဲ"

"မာမီကလည်း အန်တီခင်လေးနဲ့ အန်တီနုက သူတို့နှစ် ယောက်ကို သမီးအနိုင်ကျင့်ဖို့ မွေးပေးထားတာပါ"

"ဟဲ့ ... ပြောလေ ဆိုးလေ၊ ညည်း အဲလောက်ဆိုးမနေနဲ့၊ ညည်းကို သားတို့က ငယ်ကတည်းက သံယောဇဉ်နဲ့ချစ် လို့ သည်းခံနေကြတာ၊ ဒီတိုင်းဆို ကြာရင် ချစ်တော့မှာ မဟုတ်ဘူး"

"မချစ်လည်းနေလေ၊ သူတို့ မပြောင်းလာလည်းနေ၊ တသွင် က မောင်မောင်နိုင်တို့ စောမင်းဦးတို့ကို ပြောင်းတွဲမယ်လို့ ပြောပြီးပြီပဲ"

"ဘယ်က မောင်မောင်နိုင် ဘယ်က စောမင်းဦးလဲ၊ တော် စမ်းအေ၊ ညည်းက မိန်းကလေး မဟုတ်ဘူးလား၊ မိန်းက လေး သူငယ်ချင်းသစ်တော့ မရှာဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေနဲ့ မပေါင်းချင်ပါဘူး အပြိုင်အဆိုင်နဲ့၊ မိန်းကလေးတွေနဲ့ပေါင်းရင် သူတို့ကို တန်းတူရည်တူ အခွင့်အရေး ပေးနေရမှာပေါ့လို့၊ တသွင်က တသွင့်ကို ဝိုင်းအရေးပေး အလိုလိုက်နေတာကိုပဲ လိုချင်တာလေ မာမိရဲ့၊ ယောက်ျားလေးတွေနဲ့ပေါင်းမှ သမီး ဦးစားပေးခံ ရမှာပေါ့၊ ဗိုလ်ကျလို့ ရမှာပေါ့၊ သူတို့ကို အနိုင်ကျင့်ရတာ အပြစ်မရှိဘူးလေ၊ မိန်းကလေးချင်း အနိုင်ကျင့်ရင် အပြစ် ဖြစ်နေမှာပေါ့"

လက်ဖက်သုပ်နှင့် ထမင်းကို အားရပါးရ ခပ်စား ရင်း တသွင်ကပြောကာ တစ်ဆက်တည်း ...

"ဟဲ့ ... မောင်ကြီးနဲ့ မောင်တော် လာစားလေ၊ ယောင် ပေပေကြီးတွေ လုပ်မနေနဲ့၊ နင်တို့ ခုချက်ချင်းလည်း ဘာ မှလုပ်စရာ မလိုဘူး၊ ကျောင်းအပ်တဲ့နေ့မှ ဆုံးဖြတ်ရမှာ၊ စဉ်းစားစရာ အချိန်တွေ ရှိသေးတယ်"

"တသွင်သွင်တော့ ပြောရင်းကကို မရပ်ဘူး၊ သားတို့စိတ် ပျက်မနေနဲ့၊ သွားစားကြ ... သွား၊ သူ့စကား အတည်ယူ မနေနဲ့၊ အာရုံနောက်တယ်၊ သားတို့ အတန်းပြောင်းစရာ လည်း မလိုဘူး မေ့လိုက်ကြ"

သို့ပေမဲ့ အဲဒီ တသွင်သွင့်စကားရဲ့ သက်ရောက်မှု ဟာ ကျောင်းအပ်ရက်ရောက်တော့ အားလုံးကို ဦးနှောက်ခြောက် စေခဲ့ပါသည်။ ပဥ္စကလည်း B တန်းပြောင်းမည်၊ လမင်းဆွေက





ကလည်း B တန်းပြောင်းမည် ဖြစ်လေရာ သူတို့ရဲ့အမေနှစ် ယောက်မှာ အံ့အားတသင့် ဖြစ်ကြရပါတော့သည်။ အမေတွေက မေးတဲ့အခါ သူတို့နှစ်ဦးရဲ့အဖြေစကားတွေဟာ တစ်ထပ်တည်း တစ်ခွန်းတည်း။

"တသွင်က B တန်းရောက်သွားတော့ သားလည်း B တန်း မှာပဲ နေချင်လို့၊ တသွင်နဲ့ တစ်ခန်းတည်းပဲ နေချင်တယ်"

ဒေါ်ခင်လေးတင်နှင့် ဒေါ်ဝင်းဝင်းနုမှာ ဘာလုပ်ရမည် သိ။ စိတ်ရင်းမှန်ကတော့ သားတွေရဲ့ တောင်းဆိုမှုဟာ အဓိပ္ပာယ် မရှိဘူး ယူဆကာ မနှစ်သက်နိုင်တာ အမှန်ပင်။ သို့ပေမဲ့ ကပ် ရပ်သုံးခြံဆက်ပြီးနေကာ သုံးအိမ်တစ်အိမ် အင်မတန် ခင်မင် ရင်းနှီးနေကြတော့ ယတိပြတ် ငြင်းရလည်း ခက်နေသည်။ ကိုယ့်အိမ်မှာတော့ ကိုယ်ကျိတ်ပြောကြပေမယ့် ဘယ်လိုမှပြောလို့ ကို မရတာ။

အဖေတွေကတော့ တန်းခွဲဆိုတာကို ဒီလောက်ကြီး အရေးတကြီး စိတ်ထဲမထားကြတာမို့ ...

"သူတို့ သူငယ်ချင်းတွေ အခန်းတူတူ တက်ချင်တာပဲဟာ တက်ပစေပေါ့ကွာ၊ ပြောင်းလို့ရလည်း ပြောင်းကြပစေပေါ့၊ ပြောင်းမရရင်တော့ မပြောင်းနဲ့ပေါ့"

ဒီလိုနှင့် မအေနှစ်ယောက် မတင်မကျ မအီမလည် ခံစားရသော်လည်း ပဥ္စနှင့် လမင်းဆွေတို့ ဘီတန်းကိုပြောင်းရွှေ့ သွားကြပါတော့သည်။ အဲဒီအကြိုးအကြောင်းဟာ ရှစ်တန်းကနေ



www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းတက်တဲ့ ကလေးတွေ မိဘတွေအကြားမှာပင် ပျံ့နှံ့သွား ရပါသည်။ တီးတိုးလုပ်ပြောစရာ ဖြစ်နေပြီး တသွင်သွင်ဆိုတာ ဘယ်လိုကောင်မလေးလဲ ဆိုတာမျိုး ဖြစ်ကြလျက် တချို့ဆို တကူးတကပင် လာကြည့်ကြတဲ့အထိ။

ရှစ်တန်းဖြေပြီးတုန်းက စာတော်သော ကလေးမိဘ တွေ နီးစပ်ရာစုကာ ကိုးတန်း ဆယ်တန်းအတွက် စာသင်ဝိုင်း စီစဉ်ကြသည်။ စာတော်တဲ့ ပဋ္ဌနှင့် လမင်းဆွေတို့ကိုလည်း ကလေးမိဘတစ်ယောက်က စကားကမ်းလှမ်းကာ သူတို့ဝိုင်းထဲ ပါမလားမေးထားတဲ့အတွက် ဒေါ်ခင်လေးတင်နှင့် ဒေါ်ဝင်းဝင်းနု တို့ တိုင်ပင်ကာ ပါဖို့လက်ခံထားပါသည်။ အဲဒီတုန်းက ဒေါ်ခင် လေးတင်က တသွင်သွင့်အမေ ဒေါ်ရှယ်လီကိုတော့ ဝိုင်းတူတူ ပါချင်သလား မေးခဲ့ပါသေးသည်။

"သူ့ဒက်ဒီက အိမ်မှာပဲ တစ်ယောက်တည်း ခေါ်သင်မယ် ပြောနေတယ်၊ မပါတော့ပါဘူး ခင်လေးရယ် ... နော်"

တစ်ယောက်တည်း အိမ်ကို ဘာသာစုံဆရာမခေါ် ကာ သင်တာကျတော့ ကုန်ကျစရိတ်ကလည်း များပြားပါသည်။ သူတို့က တစ်ယောက်တည်းသင်ဖို့ အာသီသရှိနေ၍ ဒေါ်ခင်လေး တင်နှင့် ဒေါ်ဝင်းဝင်းနုတို့က ပဋ္ဌနှင့် လမင်းကို နဂိုစီစဉ်ထားတဲ့ ဝိုင်းနှင့်ပဲ ထည့်ထားလိုက်တော့တာပါ။ စာတော်တဲ့ကလေးချည်း ခုနစ်ယောက်စုထားတဲ့ အဲဒီစာသင်ဝိုင်းထဲမှာ သက်စုထွေးနှင့် ပိုးစွေလွှာတို့ ပါလာခဲ့တာဖြစ်သည်။





ကျောင်းမှာ တစ်တန်းထဲ တစ်ခန်းထဲ တက်နေပေ မယ့် သိရုံအပြင် မခင်မင်ခဲ့ကြတဲ့ သက်စုထွေးတို့ ပိုးစွေလွှာတို့ နှင့် ပဋ္ဌ, လမင်းတို့ အဲဒီစာသင်ဝိုင်းမှာ စတင်ရင်းနှီးခင်မင်ကြ တာ ဖြစ်ပါသည်။

သက်စုထွေး၊ ပိုးစွေလွှာအပြင် လင်းလဲ့ဆိုတဲ့ မိန်းက လေးတစ်ယောက် ပါသေးကာ လင်းလဲ့ကလွဲလျှင် ကျန်တဲ့မိန်းက လေးနှစ်ယောက်တို့ဟာ ရုပ်ကလေးတွေ ချစ်စရာချောချော လှလှ လေးတွေ ဖြစ်တဲ့အခါ တသွင်က သိပ်မကြည်ဖြူချင်ပါ။

"နင်တို့နော် ... အဲဒီကောင်မလေး သုံးယောက်နဲ့ ခင်ရဲ့ ခင်ကြည့်၊ ရင်းနှီးရဲ ရင်းနှီးကြည့် ... ဟွန်း၊ ငါနဲ့တွေ့မယ်၊ အင်း ... နင်တို့ကို ငါမယုံပါဘူးသိလား၊ ငါ့ကွယ်ရာမှာ ကောင်မလေးတွေနဲ့ ဟီးဟီးဟားဟား လုပ်နေမှာပဲ"

"ဝိုင်းမှာ အချိန်ပြည့် စာသင်နေတာလေ စာသင်ချိန်လည်း ပြီးရော လာကြိုနေတဲ့ကားတွေနဲ့ ပြန်ရော၊ ဘယ်အချိန် သွားဟီးဟားရမှာလဲဟ"

"ရသလောက်ပေါ့ဟဲ့၊ စိတ်မချပါဘူး၊ ကျောင်းမှာတော့ နင်တို့နှစ်ယောက်ကို ငါ့ဘီတန်းထဲ ဆွဲထည့်ထားပြီ၊ ကျူရှင် ဝိုင်းမှာတော့ နင်တို့ဝိုင်းထဲ ငါပဲ ဝင်လာမှနဲ့တူတယ်"

"တက်နေတာ နှစ်လ သုံးလရှိမှ တစ်ဝက်တစ်ပျက်ကြီး"

"တစ်ဝက်တစ်ပျက်လဲ ဘာဖြစ်လဲ၊ ငါပါ လာတက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင်ဟာ သူ့အမေကို တကယ်ပင် ပူဆ
လိုက်ကာ ဘယ်လိုများ အရေးဆိုတယ် မသိ။ နောက်ဆုံးတော
ဒေါ်ရှယ်လီက ဒေါ်ခင်လေးတင်နှင့် ဒေါ်ဝင်းဝင်းနုထံ စကားက
လှမ်းလာသည်။ မိဘနှစ်ဦး စုပေါင်းတိုင်ပင် လုပ်ထားတဲ့ဝိုင်း
ဒေါ်ခင်လေးတင်တို့ ဆုံးဖြတ်ချက်နှင့်ပဲ ခေါ်ထည့်လို့ မရပ
ကျန်မိဘတွေဆီ ပြောကြည့်တဲ့အခါ ကျန်တဲ့မိဘငါးဦးလုံးတို့က
ညီညီညွတ်ညွတ် ကန့်ကွက်လိုက်ကြပါသည်။

တသွင်သွင်ကို သူတို့က စာတော်တယ်လို့ မသတ
မှတ်ချင်ကြတာအပြင် စာတော်တဲ့ သူငယ်ချင်းကောင်လေးနှ
ယောက်ကို သူရှိရာ ဘီတန်းထဲ အတင်းဗိုလ်ကျ၍ ခေါ်ယူထား
အဲ့ဖွယ်မိန်းကလေးအဖြစ် မိဘတွေက သတင်းကြားနှင့်ပင် မနှ
သက်ကြပါ။ ဒါကြောင့် အားလုံးက ငြင်းလိုက်ကြပါသည်။

ဤကိစ္စကြောင့် တသွင်သွင်ဟာ သူ့အိမ်မှာ ဝှ
ဒိုင်းတွေကြဲကာ တအီးအီး အသံပြုနှင့် အော်ဟစ်ငိုတာကို ဒေါ်ခ
လေးတင်နှင့် ဒေါ်ဝင်းဝင်းနုတို့ ပြေးချော့ကြရပါသေးသည်။
ဝိုင်းထဲ ဝင်ခွင့်မရတဲ့ တသွင်သွင်ဟာ အဲဒီဝိုင်းနှင့် ပတ်သက်လ
လျှင် စကားနာ ကြဲဖန်ထိုးသလား မပြောနှင့်။

ဝိုင်းထဲက လင်းလဲ့ဆိုတဲ့ ကောင်မလေးဟာ ပုလင
ဖင်လို မျက်မှန်ထူနှင့် မှန်ကြောင်စာကြောင် ပုံတုံးပန်းဆိုးလေးဖြ
ကာ သက်စုထွေးနှင့် ပိုးချွေလွှာကတော့ ချစ်စဖွယ်လေးတွေဖြ
သည်။ သက်စုက မျက်နှာလေးက ကော်ပတ်ရုပ်လို ဘောဘီဖ





လေးနှင့် တစ်တစ်ရစ်ရစ်လေး ချစ်ဖို့ကောင်းသလို ပိုးချွေလွှာက
လည်း ပိန်တာသွယ်ရှိုးလေးနှင့် မျက်လုံးဝိုင်းဝိုင်း ဘာဘီရုပ်လေး
လို ပုံစံမျိုး တစ်မျိုးချစ်စဖွယ်။

တသွင်သွင်သည် သူ မဝင်ရောက်ရသော ဝိုင်းထဲက
ထိုချစ်စဖွယ်မိန်းကလေးနှစ်ယောက်ကို ပဥ္စ၊ လမင်းဆွေတို့နှင့်
သဝန်တွေတိုက်ကာ အကောင်းမပြောဘဲ မနာလိုတိုရှည် နာမည်
ဖျက်တတ်သည်။

“ပိုးချွေလွှာရော ... သက်စုထွေးရော တကယ့်အန္တတ္တသညာ
တွေ၊ သူတို့နာမည်နဲ့ သူတို့အခြေအနေနဲ့က ကာရန်ကိုမိ
နေတာပဲ သိလား၊ ပိုးချွေလွှာ အရိုးပဒေသာပေါ့၊ အဟိ ...
သူနဲ့ မလိုက်ဘူးလား၊ ပိန်ညှောင်ရိုးလိုက်တာ တံတောင်
ဆစ်က အရိုးတောင် ထွက်နေတယ်၊ သက်စုထွေးဆိုလည်း
ကြည့် ... တစ်ရစ်ပြီး တုတ်ဖီးဖီးလေး၊ သက်စုထွေး ဝက်
ပုလေးပေါ့ ... ခစ် ခစ် ခစ်”

“ပိုးက အဲလောက်လည်း အရိုးပဒေသာ မဟုတ်ပါဘူးဟာ၊
သက်စုကလည်း ပြည့်ပြည့်ကစ်ကစ်လေးပါ၊ ဝက်ပုလို့တော့
မပြောသင့်ပါဘူး၊ အဲလောက်မှ မဝတာ”

“အောင်မာ၊ နင်တို့က သူတို့နှစ်ယောက်ကို ကာကွယ်လား
ဟုတ်လား၊ နောက်တစ်ခွန်း ထပ်ကာကွယ် ကာဆီးလုပ်နေ
ရင် ငါက သူတို့ကြားအောင်ကို လာအော်မှာ”

“နင်ဟာလေ တော်တော်ရစ်တယ် တသွင်မ”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ရစ်တယ်ဆိုတာ သိထားပြီး အပိုးကျိုးကျိုးလေး နေကြ၊ ငါထက် ပိုစင် ပိုအရေးပေးသွားလို့ကတော့ နင်တို့ကို ငါကလည်း ငယ်စာရင်း ဖြတ်မယ်မှတ်"

အဲသလို တသွင်သွင်လေးဟာ ပိုးနှင့်သက်စု နှစ်ယောက်တို့နှင့် ပဥ္စ၊ လမင်းတို့ နှစ်ယောက်ကို မျက်ခြည်အပြတ်မခံပေ။ ဖုန်းဆက် စာရင်းလည်း ဆက်ပြန်ပြီ၊ စာအုပ်အငှားအရမ်းအလဲအလှယ် သွားတာပြန်တာ သိလည်း လဲပြန်ပြီ၊ စကားပြောတာကြာရင် ကြာပြန်ပြီ၊ ဘာလေးလုပ်လုပ် လုပ်ပြန်ပြီနှင့် တစ်ချိန်လုံး ဆီလိုအပေါက်ရှာ သဝန်တိုနေတော့တာပင်။

ပဥ္စနှင့် လမင်းမှာ လှုပ်ခွင့်တောင်မရှိ။ ရိုးရိုးသားသား ဖုန်းလေးပြောနေရင်းတောင် တသွင့်ကို တွေ့လိုက်လျှင် လန့်ဖျပ်ပြီး ချက်ချင်း ဖုန်းချရတဲ့ထိပင်။ ဒီတော့ ပိုးရွှေလွှာနှင့် သက်စုထွေးကလည်း တသွင်သွင့်ကို ကျောင်းမှာ မျက်မှန်းတန်းနေတဲ့ကျောင်းသူချင်း ဖြစ်တာတောင်မှ မကြည်မလင် မရယ်မပြုံး စိမ်းစိမ်းတန်းတန်း ကင်းကင်းနေကြတာဖြစ်သည်။

မောင်ကြီးနှင့် မောင်တော်ကို ဘယ်ညာခြံရံပြီး ကျောင်းအတူသွားချည်ပြန်ချည် လုပ်နေကျ တသွင်သွင်ကတော့ မေးစေ့လေးကို မော်ပင့်ပြီး သူ့ရဲ့ကိုယ်ရံတော် သွေးသောက်ကြီး နှစ်ယောက်အတွက် မျက်နှာလေးကို ချီထားနေကြ။

တသွင်သွင်သည် သည်ငယ်ပေါင်းနှစ်ယောက်ကို အင်မတန်လည်း ချစ်ခဲ့သည်။ သူတို့လည်း ကိုယ့်ကိုချစ်တာ





ခဲ့ကြည်သည်သာမက ကိုယ့်ကြောင့် သူတို့စိတ်ကျဉ်းကျပ်ခဲ့တာတွေကိုလည်း ခုလိုအချိန်မှာ ပိုပိုသိသာလာပါသည်။ တကယ်တော့ သူ့ရဲ့ချစ်သောငယ်ကျွမ်းဆွေကြီး နှစ်ယောက်တို့ဟာ အဆုံးတော့ သူတို့အပေါ် ပိုမိုနူးညံ့ အနွံတာခံနိုင်သော လက်သာတဲ့မိန်းကလေးများကိုသာ တစ်ဘဝလုံးအတွက် ရွေးချယ်သွားခဲ့ကြတာပင်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

"တသွင်သွင့်ဘေးမှာ ငါ ထိုင်လိုက်မယ်"

နှုတ်သွက်သွက်နှင့် ပြောလိုက်တဲ့ သက်စုထွေး၏ လေယာဉ်ပေါ်တက်ကတည်းက တသွင့်သွင့်နောက် ကပ်ကာလိုက်လေသည်။ လက်မှတ်က ငါးစောင်။ ကျော်မိုးသည်းက တသွင်သွင့်ကိစ္စအတွက် မန္တလေးကို နှစ်ရက်ကြိုကာ သွားနှင့်ပါပြီ။

"ဟဲ့ ... အဲဒါဆိုရင် ငါကကော"

"သြော် ... နင်က နင့်ယောကျ်ားနဲ့ထိုင်ပေါ့ မိပိုးရဲ့"

"ဒါဆို လမင်းက တစ်ယောက်တည်းကြီး ထိုင်နေရမှာပေါ့"

"ထိုင်ပစေပေါ့၊ ငါးယောက်ဆိုတော့ တစ်ယောက်ကတော့ သတ်သတ်ထိုင်ရတော့မှာပဲလေ၊ ငါတို့က လင်မယားစုံတွဲတွေ ထိုင်နေပြီး တသွင်သွင့်ကို တစ်ယောက်တည်းပစ်ထားလို့ ဘယ်ရမလဲ"





တသွင်သွင်က သက်စုစကားကို လွှင်လွှင်သာသာ ရယ်မောလိုက်ပါသည်။

"အဟင်း ဟင်း ... စုံတွဲထိုင်ရင် ထိုင်ကြပါ၊ ရပါတယ်၊ တသွင်က ဘေးမှာ ကျတဲ့သူနဲ့ပဲ ထိုင်လိုက်ပါ့မယ်"

"အို ... မဟုတ်တာ၊ တို့နဲ့ထိုင်တော့ စကားလေးဘာလေး ပြောရတာပေါ့"

သက်စုထွေး စကားကြောင့် ဘာတွေများပြောတော့မှာပါလိမ့်ဟု ခေါင်းကြီးချင်သလိုလို ရှိရသည်မှာ လမင်းဆွေ။ စိတ်ဝင်တစား အသည်းတယားယား ဖြစ်သွားသူက ပိုးချွေလှာ။ သူကတော့ အဲဒါလည်း ကောင်းတာပဲဟုသာ ပေါ့ပေါ့ပါးပါး တွေးလိုက်နိုင်ပါသည်။

ဒီခရီးစဉ်ဟာ တစ်ညအိပ်သာ။ မနက်စောထွက် မန္တလေးကို ရှစ်နာရီလေးဆယ့်ငါးလောက်ရောက်။ ဟိုမှာ တစ်ခါတည်း ကျောင်းမြေနေရာ ရေစက်ချ အလှူပွဲ။ ညနေခင်း နားနားနေနေ လည်ပတ်စားသောက်။ ဟိုတယ်မှာ တစ်ညအိပ်။ နောက်နေ့မနက် နေ့လယ် ဈေးဝယ်ထွက်။ ညနေလေယာဉ်နှင့် ပြန်။ ခရီးကုန်ကို မမှောင့်တမှောင်ပြန်ဝင်။ ရက်တိုလေးမို့လည်း ပဋ္ဌရောသမင်းပါ အလုပ်မှ နှစ်ရက်စာ နားလို့ရအောင် စီစဉ်ခဲ့ကာ ပိုးနှင့် သက်စုလည်း ဖြစ်ချင်ရာဖြစ် ကလေးတွေ ယောက္ခမနှင့်ပစ်ထားကာ လိုက်ခဲ့နိုင်တာဖြစ်သည်။

ပိုးနှင့်သက်စုကို တသွင်သွင်က အတင်းမရမက ခေါ်ရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါနော်၊ ကျွန်မက သူတို့နှစ်ယောက်နဲ့ပဲ ရင်းနှီး
တာ မဟုတ်လား၊ ပိုးတို့ သက်စုတို့နဲ့က မခင်မင်မရင်းနှီ
ခဲ့ဘူး၊ ဆယ်တန်းအောင်စာရင်း ထွက်တုန်းက ပိုး ဂုဏ်ထူ
တွေအများကြီးထွက်လို့ ပိုးအိမ်မှာ ပါတီလေးလုပ်တော
ပဥ္စနဲ့ လမင်းကို ကျွန်မက ကျွန်မလည်း လိုက်ကိုလိုက်
မှာပဲလို့ ဖွတ်ဗိုလ်ကျပြီး လိုက်လာတုန်းကတစ်ခါ၊ နောက်
တက္ကသိုလ်တက်နေကြတုန်း ပိုးတို့ သက်စုတို့ စီစဉ်တဲ
ပျော်ပွဲစားကို ကျွန်မပါ အတင်းရောကာရော ဖွတ်လိုက်
ချလာတာ တစ်ခါ ...

ဆုံဖူး စကားပြောဖူးတဲ့ အကြိမ်လေးတွေမှာ ပိုးတ
သက်စုတို့ ကျွန်မကြောင့် စိတ်အနှောင့်အယှက်ဖြစ် စိတ
ကျဉ်းကျပ်ခဲ့ကြမှာ တွေးမိတယ်၊ ကျွန်မက စိတ်ထဲမေ
သလို တဖွတ်ထိုးလုပ်တတ်တဲ့ ဉာဉ်ဆိုတော့ ရှင်တို့ချည်း
ဆို သာသာယာယာဖြစ်နေတတ်တဲ့ အခြေအနေက ကျွန်
ပါလာရင် ညစ်ထွေးထွေး နောက်ကျိကျိ ဖြစ်သွားရော
ခုလို အသက်ကြီးလာတဲ့အချိန်မှာ ပြန်တွေးတော့ ပိုးတ
သက်စုတို့ကို အားနာခဲ့တာတွေ ရှိတယ်။ ဒီတစ်ကြိမ်တော
ကျွန်မကို လိုလိုလားလားလေး သဘောထားပြီး လိုက်
ပေးပါနော်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မရဲ့မြန်
ပြည်ပြန်လှူဖြစ်တဲ့ အလှူရေစက်ချလေးမို့ ပဥ္စနှင့် လမင်
ကိုလည်း ပါစေချင်မိပါတယ်၊ ဒါပေမဲ့ ပိုးနဲ့သက်စုမလိုက်





ဖြစ်ရင်တော့ ကျွန်မ သူတို့ကိုလည်း ခေါ်မသွားတော့ပါ
ဘူး၊ လိုက်ဖြစ်ရင်တော့ ကျွန်မ လက်မှတ်ငါးစောင်လှမ်း
တင်လိုက်တော့မယ်"

အဲဒီအပြောလေး အပေါ်မှာ နှစ်လိုဘဝင်ကျရတာမို့
ိုးနှင့်သက်စုက ကြည်ကြည်ဖြူဖြူ လိုက်ခဲ့ဖြစ်ပါသည်။

"ဒါပေမဲ့ တသွင်သွင် လက်မှတ်မဝယ်ပါနဲ့၊ သက်စုတို့
ငါးယောက်အတွက် လေယာဉ်လက်မှတ်ကို သက်စုကျခံ
ပါရစေ၊ တသွင်သွင်က ဒီကို ဧည့်သည်အဖြစ် လာတာလေ၊
သက်စု ပေးရမယ်ဆိုရင်တော့ သက်စု လိုက်ဖြစ်ပါတယ်"

"သက်စုက လေယာဉ်လက်မှတ် တာဝန်ယူလိုက်ရင် ပိုးက
ဟိုတယ်နဲ့ ဟိုမှာစားတာသောက်တာ ကုန်ကျစရိတ် တာဝန်
ယူပါရစေ"

တသွင်သွင်က ဝမ်းသာအားရ ဖြစ်သွားရှာပါသည်။
ျက်ပိုင်းမှ နီးနီးကပ်ကပ် အပြင်တွေ ဘာတွေ ထွက်စား၊ စကား
တွေ ဘာတွေ ပြောဖြစ်လိုက်သည်နှင့် တသွင်သွင်ဟာ အရင်းခံ
ိတ်ထား သဘောထား ကောင်းမွန်ဖြူစင်သူဆိုတာ ပိုးတို့အကဲ
တ်နိုင်သည်။ ငယ်စဉ်ကတော့ ပဥ္စနှင့် လမင်းဆွေတို့ကို သူအပိုင်
ုံးဆိုတဲ့ မာန်အတ္တနှင့် တသွင်သွင့် အပြုအမူတို့ အချိုးအချိတ်
ပြေပြစ်လှခဲ့တာ။ အဲဒီပုံစံဟာ ခုချိန်မှာ မရှိတော့တာပါ။

"သက်စု"

"ဘာလဲ ပိုး"



www.burmeseclassic.com

www.burmeseclassic.com



"တသွင်သွင့်ကို ပြတင်းဖက်ထားလိုက်လေ၊ နင် ဒီဘက်မှာ ထိုင်လေ"

ပိုးက သက်စုပြောမည့် စကားစမြည်တို့ကို သူပါ တစ်ဖက်ခြမ်းကနေ ကြားနိုင်အောင် စီစဉ်သည်။

"တသွင်သွင်က အဲဒီဘက်ပဲ ထိုင်ချင်တာတဲ့"

သက်စုက အတွင်းဘက်ပဲ ဝင်သွားပါသည်။ ဒါဆို ရင် သက်စု စကားပြောတဲ့အခါ တသွင်က ဟိုဘက်ကို ခေါင်း ယမ်းနားထောင်ရပါလိမ့်မည်။ နားအူနေမှာနှင့်ပေါင်းပြီး ပိုးရွှေလွှာ ဘာကိုမှ ကြားရတော့မှာ မဟုတ်ပါ။ သက်စု ဘာတွေများပြော မလဲဆိုတာကို ပိုးရွှေလွှာက စိတ်မဖြောင့် လက်မဖြောင့် ဖြစ်နေ ပါသည်။ သက်စုကတော့ လေယာဉ်တက်ကာ ကောင်းကင်ပေါ် ရောက်တာနှင့် တသွင်သွင့်ကို စကားပြောဖို့ စာလုံးစီကာ ချောင်း နေပါသည်။ တသွင်သွင်က မျက်စိလေး မှေးမှိတ်ထားသည်။

"တသွင်သွင် မူးလို့လား"

"ဟင့်အင်း ... နည်းနည်း အန်ချင်လို့ပါ"

"ဆေးသောက်မလား ...သက်စု ဆလင်းဘက်ဂ်မှာ ဆေး ပါတယ်"

"ဟင့်အင်း နေပါစေ၊ ကျွန်မက လေယာဉ်စီးတိုင်း အဲ ဖြစ်နေကျ"

"ဩော် ... ဒီလောက် နာရီတွေ အကြာကြီး စီးလာရတော တစ်ချိန်လုံး အဲလိုသာဖြစ်နေရရင် ဘယ်သက်သာမလဲနော်





"ဟုတ်တယ် ... မသက်သာဘူး၊ ကိစ္စမရှိဘူး သက်စု အာရုံမစိုက်ပါနဲ့ ရတယ် စကားပြောနေလိုက်ရင် ကျွန်မ အာရုံပြောင်းနေမှာပါ၊ သက်စု ကျွန်မကို ပြောစရာတစ်ခုခု ရှိတယ် မဟုတ်လား"

သက်စုဘက်ကို ပြုံး၍လှည့်ပြောလိုက်သော တသွင် င် မျက်လုံးကလေးများက အရောင်တစ်မျိုး တောက်ပလျက် က်စုမှာ ပြောစရာစကား ရှိနေတာကို အသေအချာ ထိုးထွင်း မြင်နေသလိုပင်။ သက်စုက ခေါင်းကို ယောင်ယောင်လေးမျှ တ်ကာ ...

"ဟုတ်တယ် ... တသွင်သွင်"

"ပြောလေ သက်စု၊ အရင်က မရင်းနှီးခဲ့ပေမယ့် ကျွန်မကို လမင်းဆွေနဲ့ ပတ်သက်ပြီး ညီအစ်မတွေလိုပဲ သဘောထားပါ၊ ဟိုးအရင်က ကျွန်မရဲ့အချိုးမကျမှုတွေကိုလည်း ကျွန်မ တောင်းပန်ပါတယ်"

"တသွင်သွင် တောင်းပန်စရာ မလိုပါဘူး၊ သက်စုက တသွင်သွင့်ကို ကျေးဇူးတင်စကား ပြောချင်တာပါ"

"ဘာကို ကျေးဇူးတင်တာလဲဟင်"

"တသွင်သွင် နိုင်ငံခြားကို ထွက်မသွားခင်တုန်းက"

သက်စုက စိတ်လှုပ်ရှားလာတဲ့ အသံတုန်ကလေးကို ိုးနှိမ့်လိုက်ရင်း ...

www.burmeseclassic.com



"လာတောင်းပန်ခဲ့တာ သက်စု ဆိုတာ သူတို့ကို အရ
သဖြင့် လမင်းဆွေကို ပြောမပြခဲ့တဲ့အတွက် ကျေးဇူးအများ
ကြီး တင်ပါတယ် တသွင်သွင်"

တသွင်သွင်က သက်စုရဲ့လက်ကလေးတစ်ဖက်
တဖတ်ဖတ်ပုတ်လိုက်ရင်း အပြုံးနှင့် စူးစိုက်ကြည့်ကာ ...

"မလိုပါဘူး သက်စု၊ ကျေးဇူးတင်ဖို့ မလိုပါဘူး၊ သူတို့
ကျွန်မ ဘယ်ပြောပါ့မလဲ"

"တစ်ယောက်က လာတောင်းပန်တယ်ဆိုတာ သိလာ
တည်းက လမင်းက အိမ်မှာ အဲဒါ နင်လား ဆိုတ
တတွတ်တွတ် မေးတော့တာပဲ၊ ပဉ္စကလည်း ပိုးကို တ
ကို မေးနေတာ၊ အဲဒါဘယ်သူလဲဆိုတာ သူတို့အသည်
အသန် သိချင်ကြတယ်၊ ဘာကြောင့်လဲဆိုတော့ ရှင်ရွေး
စိတ်ကူးခဲ့တဲ့ ကံထူးရှင်ဟာ သူများဖြစ်နေမလား ဆို
အတွေးနဲ့လေ"

သက်စုက ကိုယ့်ကိုယ်ကိုယ် ဟန်လုပ် ဂုဏ်တင်မ
ဖို့ မစဉ်းစားဘဲ ရိုးရိုးရှင်းရှင်း ပွင့်ပွင့်လင်းလင်းလေးပင် ပြောလိုက
လေသည်။

"အဟင်း ဟင်း"

လေယာဉ်မယ်လေး လာပေးတဲ့ ကော်ဖီနှင့် မုန့်
တသွင်သွင်က ခပ်အေးအေးပြုံးကာ ဖြည်းဖြည်းစားနေပါသည်





သက်စုကတော့ တသွင်သွင့်ကို တစ်ယောက်တည်း အနီးကပ်နေရခိုက်မှာ စိုက်ကြည့်အကဲခတ်နေမိပါသည်။

"စားလေ သက်စု၊ ဒီပတ်ဖ်လေးက စားလို့ကောင်းသား"

"မစားတော့ဘူး ကော်ဖီပဲ သောက်တော့မယ်၊ တို့မစားနိုင်ဘူး"

"ဒါဆို ကျွန်မ ကော်ဖီပါယူလိုက်၊ ကျွန်မ ကော်ဖီမသောက်ချင်ဘူး၊ ရေပဲသောက်မယ်၊ တောင်းလိုက်ဦးမယ်"

"တသွင်သွင်"

"ရှင်"

"စကားလက်စ မပြတ်ခင် တို့ကို တစ်ခုပြောစမ်းပါလား"

"ဟင် ... ဘာလဲ"

"တသွင်သွင် ချစ်ခဲ့တဲ့သူ ခေါင်းညိတ်ဖို့ ရည်ရွယ်ခဲ့တဲ့သူက လမင်းလား"

တသွင်သွင်က မျက်ခုံးလေးပင့်ကာ သက်စုကို ငိုင်ကြည့်နေပါသည်။

"ဟုတ်တယ် မဟုတ်လား၊ လမင်း မဟုတ်လား"

"ဘာဖြစ်လို့ လမင်းလို့ ထင်ရတာလဲ သက်စုရယ်"

"လမင်းမို့လို့သာ တို့က လာတောင်းပန်လိုက်တော့ တသွင်သွင် အဖြေမပေးဖြစ်တော့တာ မဟုတ်လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပဥ္စသာဆိုရင် တသွင်သွင့်အဖို့ ငဲ့နေစရာ အကြောင်းမရှိ ဘူးလေ၊ တို့က လာတောင်းပန်လိုက်လို့သာ တို့ကိုလည်း ငဲ့ပြီး"

"သက်စု ... ရှင် အဲသလိုကြီး တရားသေမယူဆနဲ့၊ ကျွန်မ လမင်းဆွေကို အဖြေပေးမှာလို့ တစ်ယူသန် တွေးမနေပါ နဲ့"

"ဒါပဲ ဖြစ်နိုင်တာလေ၊ ပဥ္စမှ မဖြစ်နိုင်တော့တာ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ သူလည်း ဖြစ်နိုင်တာပဲလေ"

"လာတောင်းပန်တာ သက်စုလေ"

"ကဲပါ ... စိတ်အေးအေးထားစမ်းပါ သက်စုရယ်၊ ကျွန်မ ဘယ်သူ့ကို အဖြေပေးဖို့ စဉ်းစားခဲ့လဲဆိုတာ ရှင်တို့က ဘာလို့ ဒီလောက်သိချင်ကြရတာလဲ၊ သိရင် ဘာထူးမှာလဲ၊ အခုအတိုင်းပဲ ဒီလိုလေးပဲ ထားလိုက်ပါ"

သက်စုက မျက်လွှာလေး မသိမသာချ မျက်လုံးဖွဲ့ ရင်း...

"တသွင်သွင် ... လမင်းဆွေကို ပြောလိုက်မှာ စိုးရိမ်တယ်၊ လာတောင်းပန်တာဟာ သက်စုထွေးပါ ဆိုတာရော၊ ပြီး တော့ တသွင်သွင် ချစ်ခဲ့တဲ့သူ ဘယ်သူဆိုတာ ပြောမယ် ဆိုရင်တော့ ကျွန်မကိုပဲ ပြောပါ ... လို့"

တသွင်သွင်က သက်ပြင်းလေးရှိုက်ရင်း သက်စုကို ကရုဏာပြုံးနှင့် ကြည့်လေသည်။ သူ့ခင်ပွန်း ယောကျ်ား လမင်း ဆွေလို့သာ ထင်နေတော့တာပင်။





"မပြောပါဘူး သက်စု၊ ရှင့်ကိုတော့ မပြောဘဲ မောင်တော့် ကို ပြောလိုက်တာမျိုး ကျွန်မ လုံးဝမလုပ်ပါဘူး၊ စိတ်ချ ထားပါ၊ စိတ်အေးအေးထားပါ"

"အဲဒါဆို ကျေးဇူးတင်ပါတယ် တသွင်သွင်"

○ ❦ ○

ဘုန်းတော်ကြီးထံမှာ တသွင်သွင် လှူဒါန်းသော ကျောင်းမြေနေရာ ရေစက်ချ အခမ်းအနားကို ကျော်မိုးသည်းက အစစအရာရာ အဆင်သင့် စီစဉ်ပြီးဖြစ်သည်။ ညှော်သည်ရယ်လို့ လှုပိုမပါပါ။ ပဥ္စတို့စုံတွဲ လမင်းဆွေတို့စုံတွဲ တသွင်သွင်နှင့် ကျော်မိုးသည်း၊ ဆရာတော်ရဲ့ ဝေယျာဝစ္စနှင့် တရားပွဲအခမ်းအနားပွဲ ကိစ္စအဝဝကို စီမံခန့်ခွဲပေးနေတဲ့ အဖွဲ့ရဲ့ဥက္ကဋ္ဌ လူကြီးတစ်ဦးဖြစ် သော ဒေါက်တာအောင်သာကျော် ဆိုတဲ့ အမျိုးသားကြီး။ ဒါပဲ ဖြစ်သည်။

ဆရာတော်က အလှူရေစက်မချခင် ဟောကြားနေ တဲ့ တရားကို ငိုင်ငိုင်ကလေးစိုက်၍ နားထောင်နာယူနေသော တသွင်သွင်ကို သက်စုနှင့် ပိုးတို့ ငေးကြည့်နေမိကြသည်။ အဖြူ ရောင်ဝတ်စုံလေးနှင့် တင်ပလွဲ ကျုံ့ကျုံ့လေးထိုင်ကာ ခါးလေး ရှေ့သို့ ခပ်ငိုက်ငိုက်ကိုင်း လက်တစ်ဖက် အားပြုထောက်လျက် ရွှေညိုရောင်ပိုးပဝါလေး ပခုံးတစ်ဖက်တင်ထားသော တသွင်သွင့် ပုံသဏ္ဌာန်လေးက ငေးကြည့်နေချင်စရာ ချစ်စရာ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်စုရော ပိုးရွှေလွှာရောသည် ကိုယ့်ယောကျ်ား အကဲလည်း ကိုယ်ခိုး၍ ခတ်ကြပါသည်။ ဤချစ်စရာသတ္တဝါ ကလေးကို ဘယ်ပုံဘယ်နည်း ရှုစားနေကြသလဲလို့ပင်။

ပိုးက ပဥ္စဘက်သို့ ကိုယ်ကိုကိုင်းကာ ...

"သူတို့နှစ်ယောက်က လိုက်တယ်နော်၊ တသွင်သွင်နဲ့ မောင်သဲလေ"

"........"

ပဥ္စက ဘာမှပြန်မပြော၍ ပိုးက မကျေနပ်ချင်။

"ပြောနေတာ ကြားရဲ့လား"

တိုးတိုးကြိတ်ကြိတ် ထပ်တွန့်လေသည်။

"ကြားပါတယ်ကွာ၊ တရားကို အာရုံစိုက် နာစမ်းပါ တရားဟောနေတုန်း စကားပြောစရာလား၊ ကလေးလည်း မဟုတ်တော့ဘူး"

"ဟွန်း"

ပိုးရွှေလွှာက မကျေနပ်သံပြုကာ ပဥ္စဘက် ယိမ်းနေ ရာမှ အနည်းငယ် နေရာပြင်ထိုင်ပြီး ဒီဘက်က သက်စုထွေးဘက် ယိမ်းလိုက်ပါသည်။

"နင် လေယာဉ်ပေါ်မှာ ဘာတွေပြောနေတာလဲ"

"အာလာပသလ္လာပပေါ့ဟဲ့"

"အေးလေ ... ဘယ်လိုဟာမျိုးတွေလဲ"

"ဩော် ... တစ်ခွန်းချင်း ဘယ်မှတ်မိပါတော့မလဲ မိပိုး ရယ် ... တကတဲ"





"တစ်ခွန်းချင်းလည်း မမေးပါဘူး ဒေါ်သက်စုရယ်၊ အဓိက ကို မေးတာ"

"အဓိက မရှိပါဘူး"

"ဟွန်း"

ပိုးက မကျေမချမ်း နှုတ်ဆိတ်သွားပါသည်။ လေ ယာဉ်ပေါ် တသွင်သွင့် နံဘေးနေရာ ယူခဲ့နိုင်ရင် ကောင်းသား။ သူ့မှာ တသွင်သွင့်ကို ပြောချင်တဲ့စကားတွေ ရှိနေခဲ့တယ်မဟုတ် လား။ တသွင်သွင်နှင့် ဆုံဖြစ်တဲ့အချိန်တိုင်း အဲဒီစကားကိုပြော ချိန်ရွယ် အခွင့်အရေး ချောင်းနေခဲ့ပေမယ့် နည်းနည်းကလေးမှ ကမလစ်။ ပဥ္စကတစ်မျိုး သက်စုထွေးကတစ်မျိုး အနားမှာ ချစ်ဝဲဝဲ မပြတ်ရှိနေသည်ချည်းပင်။ အခုလည်း ပိုးက တသွင် သွင့်ကို အခွင့်ကောင်းချောင်းကာ အကဲခတ် စောင့်ကြည့်နေပါ သည်။

တရားနာ ရေစက်ချအပြီး ဆရာတော်များကို ဆွမ်း ကပ်သည်။ ဆရာတော်များ ဆွမ်းဘုဉ်းပေးနေစဉ် တသွင်သွင်က ဦးမရဲ့ထောင့်တစ်နေရာမှာ ဒေါက်တာအောင်သာကျော်နှင့် ကျုံ့ ကျုံ့လေး ထိုင်စကားပြောနေပါသည်။ ထိုဆရာဝန်ကြီးဟာ ယခင် ကတည်းက တသွင်သွင့်အဖေနှင့်လည်း ရင်းနှီးခင်မင်သည်ဟုသိ သည်။ အခုတော့ အသက်အရွယ် ကြီးရင့်ပြီဖြစ်၍ ဆေးကုသရေး ဘက်၌လည်း အပတ်တကုတ် မလုပ်တော့ကာ ဘုရားတရားနှင့် ဆရာတော်ဝေယျာဝစ္စတို့၌သာ အချိန်ကုန်နေသူဟု သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တသွင်သွင့် ပုံစံက ထူးခြားတယ် မထင်ဘူးလား"

သက်စုက ခပ်တိုးတိုး ပြောလာသည်။

"ဘာထူးခြားတာလဲ"

"တစ်ချိန်လုံး မြူးတူးရွှင်ပျ လန်းဖြာနေတဲ့သူက ဒီနေ့တော

မျက်နှာပိုးလေးနဲ့ တစ်ခုခုကို ဝမ်းနည်းနေသလိုလိုပဲ"

"နှင်ကလည်း ဇာတ်လမ်းက ထွင်ပြန်ပြီ"

"နှင်ကကျတော့ အရိပ်အကဲ ဘာမှကို မမြင်ဘူး"

"သူ ဒီနေ့ ငြိမ်သက်တည်ငြိမ်နေတာတော့ မြင်သား

အလှူအတန်း လုပ်တဲ့အခါ ရေစက်တွေ ဘာတွေချ

အခါမျိုးမှာ လူဆိုတာ ပီတိဖြစ်ရင် ဝမ်းသာတာ တစ်

တည်းမဟုတ်ဘူး၊ ဝမ်းနည်း ဝမ်းသာ နှစ်မျိုးလုံး တစ်ပြ

နက် ခံစားရတာမျိုးလေ၊ ဒါကြောင့် ဖြစ်မှာပေါ့"

"နှင် သူတို့နှစ်ယောက်ကို ဘယ်လိုမြင်လဲ"

"မောင်သဲနဲ့ သူလား၊ သိပ်လိုက်တာပေါ့၊ ယူသင့်တယ်

မြင်တယ်၊ နှင်ရော အဲ့လိုမမြင်ဘူးလား"

"ဘယ်လိုများ ပြောလိုက်တာလဲ လုံးဝဥဿုံ ယူသင့်တ

ထင်တာပေါ့၊ ယူလိုက်ရင် အဘက်ဘက်က ကောင်းသွ

မယ်၊ ပဥ္စနဲ့ လမင်းလည်း တအုံနွေးနွေး သိချင်နေတ

မေးလို့မရတော့ဘူး မေးခွင့်မရှိတော့ဘူးလေ၊ သူတို့

ယောက်သာ လက်ထပ်မယ်ဆိုရင် ငါက မင်္ဂလာလက်

တောင် ဆင်တူလက်ဖွဲ့လိုက်ချင်သေးတယ်"





"ဟုတ်တယ် ... ငါလည်းပဲ စိန်ထည်တစ်ခုခုကို လက်ဖွဲ့ပစ်မှာ"

"ငါထင်တာတော့ သူတို့ယူတော့မှာပါ၊ ဒါပဲရှိတာပဲလေ၊ ခုချိန်မှာ လက်ထပ်သင့်တဲ့ အချိန်အရွယ်ရဲ့ နောက်ဆုံးပိုင်းကို ရောက်နေပြီလေ"

"ဒါဆိုလည်း ဘာဖြစ်လို့ မင်္ဂလာသတင်းစကားကို မပြောဘဲ မြုံထားလဲ"

"အေးလေ၊ မသိဘူး တစ်ခုခုပဲ"

ကျော်မိုးသည်းက သူတို့နှစ်စုံတွဲ ထိုင်နေရာအနား လျှောက်လာကာ ...

"ကိုပဥ္စ ... ကိုလမင်း ... ကျွန်တော်တို့အားလုံး တစ်ဝိုင်းစားကြရအောင်၊ ဆရာတော်တွေ ဘုဉ်းပေးတာ ပြီးကြပြီ၊ အစ်မတို့လည်း လာပါ၊ ဒီဘက်မှာ စားပွဲပြင်ထားပြီးပြီခင်ဗျ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကျော်မိုးသည်းက တသွင်သွင်နှင့် ဒေါက်တာအောင်သာကျော်ထံ သွားရောက် ထမင်းစားခေါ်နေပါသည်။

"အဲဒီ မောင်သဲက အရမ်းသဘောကျဖို့ ကောင်းတာပဲ၊ အစစအရာရာ အောက်ကျသက်ကိုကျေလို့၊ အကွက်ကိုစိလို့၊ သူ့အလုပ်ချည်းပဲ၊ တသွင်သွင်က လှလှပပလေး ထိုင်နေရုံပဲ၊ အိမ်က ဦးပဥ္စတို့နဲ့များ ကွာပ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒေါ်ပိုးတို့ကတော့ အသားလွတ် လူကိုဖွဲ့ပြန်ပြီ"

"ဟုတ်တယ်လေ"

"အတူတူပဲလေ မိပိုးရယ်၊ လမင်းဆွေရော ဘာထူးလို့လဲ၊ အိမ်မှာ ဘုန်းကြီးပင့်ပြီးများ ဆွမ်းကပ်ရင် သူကပျောက်နေလို့ ဆွမ်းလိုက်ဖို့ ဟင်းလိုက်ဖို့ တကြော်ကြော် လှမ်းခေါ်နေရတာ၊ ဘာဟင်းတွေနဲ့ ဆွမ်းကပ်မှန်းတောင် သိတာမဟုတ်ဘူး၊ အလိုက်သိအောက်သက်ကြေဖို့များ ဝေးလို့"

"ဟာ ... နင်တို့နှစ်ယောက်ဟာလေ ယောကျ်ားကိုဝေဖန်ပြစ်တင်ရမယ်ဆိုရင် စိတ်တူကိုယ်တူ"

"တကယ်ပါကွာ ... ခုမှတွေ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ကောင်းကွက်တွေတော့ မြင်တတ်လိုက်ကြတာ၊ ကိုယ့်ယောကျ်ားတွေ ကောင်းကွက်ဆို ဘယ်တော့မှ မြင်တတ်ကြတာမရှိဘူး"

"မြင်နေရတာ ရှင်းရှင်းကြီးပဲလေ ပဋ္ဌရဲ့၊ ခုကြည့်လေ၊ တသွင်သွင့် ကိစ္စဝိစ္စအားလုံး မောင်သဲပဲ ဒိုင်ခံဆောင်ရွက်ပေးနေတာပဲဟာ၊ ဟိုက ကြော့ကြော့လေး ထိုင်နေရုံပဲဟာ"

"အေးလေ ... တသွင်သွင်ကတော့ ကံကောင်းဦးမယ်၊ မြင်ယောင်ပါတယ်"

"ဘာကံကောင်းတာလဲ"

"မောင်သဲလိုလူနဲ့ လက်ထပ်ရင် တစ်သက်လုံး ငြိမ်းချမ်းနေမှာလေ လမင်းရဲ့"





"သူတို့ လက်ထပ်မယ်လို့ ဘယ်သူပြောလဲ၊ ဘာလဲ တသွင် ပြောတာလား"

"အမယ်လေး ... အလန့်တကြား နိုင်လိုက်တာ လမင်းရေ၊ ဖြည်းဖြည်းသက်သာ လုပ်ပါ၊ ရှင်တို့ တသွင်သွင်ကတော့ မပြောပါဘူး၊ ဒါပေမဲ့ ..."

"မဖြစ်နိုင်ပါဘူး၊ တသွင့်ပုံက ဒီလူနဲ့ လက်ထပ်မယ့်ပုံ မရပါဘူး"

ဝင်ပြီးငြင်းဆန်လိုက်သော ပဋ္ဌကို ပိုးက မျက်စောင်း ထိုးပစ်လိုက်သည်။

"ဒီလိုလူမှ မယူရင် ဘယ်သူ့ယူမလဲ၊ ကယောင်ချောက်ချား ငြင်းမနေပါနဲ့၊ တသွင့်သွင့်အတွက် ဒီလောက် အဘက်ဘက်က ကောင်းနေတဲ့သူ ယူသင့်တာပေါ့၊ တိုက်ကိုတိုက်တွန်းလိုက်ဦးမယ်"

"နေပါဦး ... နင်တို့နှစ်ယောက်ရဲ့ပြဿနာက ဘာတုံး၊ ဘာကို ပြဿနာဖြစ်နေကြတာလဲ"

"အေးကွာ ... တကယ်ပါပဲ၊ ဘာကိုပူလောင်နေမှန်း မသိပါဘူး"

"အေးပါ ... နင်တို့နှစ်ယောက် မပူလောင်ရင် ပြီးတာပဲ"

ပိုးရွှေလွှာက ခပ်မဲ့မဲ့ပြောပြီး ဆွမ်းစားခန်းမကြီးရဲ့ ဟိုးနောက်ဘက်ဆုံးက လက်ဆေးရာဇေစင်ဆီ ထ,လာခဲ့ပါသည်။ ဇေစင်မှာ တသွင်သွင် လက်သွားဆေးနေတာ တွေ့ရ၍ ခပ်သွက်

www.burmeseclassic.com



သွက် အပြေးတစ်ပိုင်း ရောက်အောင်သွားလိုက်ကာ တသွင်သွင် နံ့ဆားကပ်၍ ရပ်လိုက်ပါသည်။ တသွင်သွင်က လှည့်ကြည့်လိုက် ကာ ...

"ဩော် ... ပိုး၊ လက်ဆေးမလို့လား လာလေ"

"တသွင်သွင့်ကို ပိုး ပြောစရာရှိလို့"

"ဘာလဲဟင်"

"ဟိုလေ ... တသွင်သွင် နိုင်ငံခြားမသွားခင် တသွင်သွင် ကို လာတောင်းပန်တဲ့သူဟာ ပိုးဆိုတာ ပဥ္စကို လုံးဝမပြေ ပါနဲ့"

တသွင်သွင်က မျက်ခုံးလေးပင့်ကာ ပိုးကို ငေးကြည့် နေပါသည်။

"တစ်ယောက်က လာတောင်းပန်တယ်ဆိုတာ တသွင်သွင် ပြောလိုက်တော့ အိမ်မှာ ပဥ္စက တတွတ်တွတ်နဲ့ မပြီးနိုင် အောင်ကို မေးတော့တာပဲ၊ တသွင်သွင့်ကို သွားတောင်းပန် တာ မင်းလား ဆိုပြီးတော့လေ၊ အဟင်း ... ပိုး ထင်ပါ တယ်၊ သွားတောင်းပန်ရကောင်းလားလို့ အပြစ်တင်ချင် လို့မေးတာ မဖြစ်နိုင်ပါဘူး၊ သူတို့စိတ်ထဲမှာ ငါ့မိန်းမ သွားတောင်းပန်ခဲ့တာဆိုရင် တသွင်သွင် အဖြေပေးဖို့ကြ ရွယ်ခဲ့တာ ငါပဲဖြစ်မယ်ဆိုတဲ့ အတွေးနဲ့ သိချင်တာဖြစ်မှာ ပဲ၊ လမင်းဆွေလည်း သက်စုကို ပြန်မေးလိုက်တာ အကြိမ်ကြိမ် အခါခါပဲတဲ့"





တသွင်သွင်က သက်ပြင်းလေးရှိုက်ကာ ပြုံးလိုက် ပါသည်။

"ရှင် တကယ်ပဲ ပဥ္စကို ခေါင်းညိတ်ဖို့ ရွေးဖို့ ခံစားချက် ရှိခဲ့တာလားဟင်၊ ပိုး တောင်းပန်လို့ ခေါင်းမညိတ်တော့ တာလား"

"အဲသလို မဟုတ်ပါဘူး ပိုး"

"ဒါဖြင့် ..."

"ဟင် ... နင် ... နင်လည်း ငါ့လိုပဲ တသွင်သွင့်ကိုသွား ပြောခဲ့တယ်လား ဟုတ်လား"

နောက်က သက်စုထွေး အသံကြောင့် တသွင်သွင် ရော ပိုးရွှေလှာပါ လှည့်ကြည့်လိုက်ပါသည်။ သက်စု မျက်နှာက ဘာအံ့တသြ။ ပိုးရွှေလှာက သက်စုကို ဇဝေဇဝါကြည့်ကာ ...

"ဘာလဲ ... နင်လည်း ပြောခဲ့တယ်ပေါ့"

နှစ်ယောက်သား အံ့အားတသင့်နှင့် တသွင်သွင့်ကို ငြိုင်တူကြည့်လိုက်မိကြပါသည်။ တသွင်သွင်က နှုတ်ခမ်းလေးစေ့ ကာ ပြုံးရင်း ...

"အဟင်း ... ဟုတ်တယ်၊ ပိုးရော ... သက်စုရော ကျွန်မ ကိုလာပြောခဲ့ကြတယ်၊ အဖြေမပေးဖို့ တားခဲ့ကြတယ်၊ မောင်ကြီးနဲ့ မောင်တော်က နင် ဘာလို့အဖြေပေးမသွား ခဲ့တာလဲဆိုလို့ အဖြေတစ်ခုအနေနဲ့သာ ကျွန်မ ဖြေခဲ့တာပါ၊ ကျွန်မ ထင်တာက ရှင်တို့နှစ်ယောက်လုံး လာတားပြ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ခဲ့ကြတယ်ဆိုရင် ရှင်တို့ယောက်ျားတွေနဲ့ ရှင်တို့ပြဿနာများတက်မလားလို့ ဘယ်သူရယ်လို့ တိတိကျကျ မပြောဘဲ တစ်ယောက်တည်းက လာပြောခဲ့တာလို့ ကျွန်မ ပြောခဲ့တာပါ၊ တစ်ယောက်တည်းဆို ပိုးလည်းဖြစ်နိုင်တယ် သက်စုလည်း ဖြစ်နိုင်တယ်၊ သူတို့အပြစ်တင်လို့ ရမှာ ဟုတ်ဘူးဆိုပြီး တစ်ယောက်တည်းလို့ ပြောခဲ့တာ၊ ဒါကြောင့် အဲဒါဟာ ဘယ်သူပါဆိုတာလဲ ကျွန်မ ပြောမှာမဟုတ်ဘူး တကယ်တော့ ရှင်တို့နှစ်ယောက်လုံး ကျွန်မကို တားခဲ့ကြတာပါ"

ပိုးရွှေလွှာနှင့် သက်စုတွေးက တစ်ယောက်မျက်နှာ တစ်ယောက် ဖျတ်ခနဲကြည့်လိုက်မိကာ ပြိုင်တူလိုပင် မေးခွန်း ထုတ်လိုက်ကြပါသည်။

"ဒါဖြင့် ရှင် ... ရှင် ချစ်ခဲ့တာ ဘယ်သူလဲဟင် တသွင်သွင်"

○ ❦ ○





(၁၃)

ခရီးသွားတဲ့တစ်လျှောက် ရိုက်ကူးလာတဲ့ ဓာတ်ပုံတို့ကို ပဥ္စက ကင်မရာထဲကနေ ကွန်ပျူတာထဲကို ပြောင်းကာ သိမ်းဆည်းရင်း ပုံတွေကို တစ်ပုံချင်း ပြန်ကြည့်နေမိပါသည်။ ကိုယ်တစ်ယောက်တည်းဆိုရင် ဒီလို စိမ်ပြေနပြေ ထိုင်ကြည့်နေခဲ့မှာ မဟုတ်ပေ။ တသွင်သွင့်ပုံတွေ ကြည့်နေရကောင်းလား ရန် လုပ်ခံရဦးမှာ။ အခုက အနားမှာ ပိုးရွှေလွှာပါ လာထိုင်နေ၍ အတူကြည့်နေရတာမို့ စိတ်လုံလုံနှင့် သေချာကြည့်ရဲတာဖြစ်တော့ သည်။

"ဒါတွေ သူ့ကို ဓာတ်ပုံတွေကူးပြီး အယ်လ်ဘမ်နဲ့ ထည့်ပေးလိုက်ရင် ကောင်းမယ်ထင်တယ် ပိုး၊ စီဒီနဲ့ ပေးလိုက်တာထက်စာရင်လေ"

"ကူးမပေးချင်တာတော့ မရှိပါဘူး၊ ဒါပေမဲ့ အယ်လ်ဘမ်ကြီးဆိုတော့ သူ သယ်ရတာ ဝန်မကျယ်ဘူးလား၊ လမ်း



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီက ဓာတ်ပုံတွေလည်း ရှိသေးတာ၊ ရှင်တို့နှစ်ယောက်က ကင်မရာကိုယ်စီနဲ့ မရပ်မနား ရိုက်နေကြတာလေ”

“ဒါဖြင့် စီဒီနဲ့ပဲ ထည့်ပေးလိုက်ရမလား”

“အမှတ်တရသဘော ဖြစ်ချင်ရင်တော့ ပုံကောင်းကောင်းလေး တစ်ပုံလောက် ပုံကြီးချဲ့ ဘောင်လှလှလေးသွင်းပြီး ထည့်ပေးလိုက်တာက ပိုကောင်းဦးမယ်”

“အင်း ... ပိုးပြောတဲ့ အိုက်ဒီယာ ကောင်းတယ်၊ ဒါဖြင့် ပုံဝိုင်းရွေးပါဦး”

လင်မယားနှစ်ဦးသား တစ်ပုံချင်းဖွင့်က ပုံတွေကို ချဲ့ကာ စေ့စေ့စပ်စပ် ကြည့်ကြပါသည်။ ကြည့်ရင်းက ပိုးရွှေလွှာသည် ဝမ်းနည်းသလိုလို ဖြစ်လာသည်။ ဘယ်ပုံမှာ ဘယ်လိုကြည့်ကြည့် ပိုးရဲ့ပုံနှင့် တသွင်သွင့်ပုံသဏ္ဌာန်ဟာ အကွာခြားကြီးပင်။ ဘယ်လိုပင် ကိုယ်လည်းပဲ လှလှပပ ပြင်ဆင်ဝတ်စားထားပေမယ့် ရုပ်ရှင်မင်းသမီးလို မင်းပေါက်စိုးပေါက်လို ထူးထူးခြားခြား ပြတ်သားပေါ်လွင်လှပနေတဲ့ တသွင်သွင့် အဆင်းသဏ္ဌာန်ဟာ ဓာတ်ပုံတွေထဲမှာ ထင်းလင်းတောက်ပ ထွက်နေသည်။

အဲဒီ အလှအပလေးကို ပဋ္ဌ ငါမရလိုက်လေခြင်းရယ်လို့ နှမြောတသ လွမ်းဆွတ်စွာ ခံစားမျိုသိပ်နေလေမလား။

“ဒါလေး မဆိုးဘူး ... လှလား”

“.........”

“ကောင်းလားလို့ ဒီပုံလေး ... ဟင်”





“အင်း”

“ဘာဖြစ်နေတာလဲ ပိုး၊ မျက်နှာမကောင်းပါလား၊ မင်းစိတ်မပါရင် ဆန္ဒမရှိရင် မလုပ်ပါဘူး မိန်းမရာ၊ စီဒီပဲပေးလိုက်မှာပါ၊ မင်းဟာက ခုနကအကောင်း၊ ဒါဆိုလည်း မရွေးတော့ဘူး”

“ဘာမှမဖြစ်ပါဘူး ပဋ္ဌရယ်၊ ပိုး စိတ်မကောင်းသလိုဖြစ်လာလို့ပါ”

“ဘာဖြစ်လို့လဲကွာ”

“ဓာတ်ပုံထဲကို ကြည့်စမ်း ... သူက သိပ်လှတာပဲနော်”

“သူလှတာ ဟိုးအရင်ကတည်းက မင်းလည်း သိပြီးသားအားလုံးသိပြီးသားပဲဟာ”

“အဲလို အလှအပ အဖူးအညွန့်လေးကို ရှင်မရခဲ့ဘဲ ဒီလို ပုံမလှ ပန်းမလှ ပိုးရွှေလွှာနဲ့ ရှင် ဖူးစာဆုံခဲ့ရတယ်နော်”

“ဟော ... ကဲ ...”

ပြောရင်း မျက်ရည်လည်တော့မလို ဖြစ်လာတဲ့ ရွှေလွှာကို ပဋ္ဌက လှည့်ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက် သည်။

“ဒီပုံကို ပုံမလှ ပန်းမလှလို့ ဘယ်သူကပြောလဲ၊ မင်းရုပ်က ဘယ်လောက်များ ဆိုးနေလို့လဲ ပိုးရယ်၊ ဒုက္ခပါပဲ၊ ပိုးရွှေလွှာ ဆိုတဲ့ မင်းက မိန်းမချောလေးတစ်ယောက်ပဲလေ၊ အမ်စီတက်တုန်းက ဆရာဝန်လောင်းတွေ ဆရာဝန်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းလည်ခဲ့တဲ့ ကောင်မလေးတစ်ယောက်ပဲ မဟုတ်လား"

"ဒါပေမဲ့ ပုံတွေထဲမှာ ယှဉ်ကြည့်လေ"

"ယှဉ်ကြည့်စရာ မလိုပါဘူး၊ မင်းက လှတဲ့ ကြည့်ကောင်းတဲ့ မိန်းမတစ်ယောက်ပါ ပိုးရာ၊ ဒါပေမဲ့ သူက နတ်သ လို ထူးပြီးလှနေတာတော့ မတတ်နိုင်ဘူးပေါ့ ... ဟီးဟီး"

ပိုးက ပဥ္စကို မျက်စောင်းရွယ်လိုက်ပါသည်။

"ငါ တကယ်စိတ်မကောင်း ဖြစ်နေတာနော် ... ပဥ္စ ငါသာမရှိခဲ့ရင် နင် သူ့အချစ်ကို ရနိုင်တာပဲနော်၊ ခု ငါရှိနေလို့ နင် သူနဲ့လွဲရတယ်"

"ဘာဆိုင်လဲဟာ၊ သူကလည်း ငါ့ကို ရွေးချင်မှ ရွေး ပေါ့၊ လမင်းကိုလည်း ရွေးနိုင်တာပဲ"

"ဟင့်အင်း ... ငါသာမရှိရင် သူ့အချစ်ကို နင်ရမှာလို့ ငါ ထင်နေတယ်၊ ငါရှိနေခဲ့လို့ပါ၊ နို့မို့ဆိုရင် နင် အ သိပ်စိတ်ချမ်းသာနေမှာပဲ၊ နင် သိပ်ချစ်တဲ့သူနဲ့ ပေါင်း လေ၊ မိန်းမလှလှလေးနဲ့ ဂုဏ်တွေတက်နေမှာပဲ၊ တက တော့ နင် တကယ်ချစ်တာ သူ့ကိုပါဟာ ငါ သိပါတယ် ပဥ္စရယ်၊ ငါ့ကိုတော့ နင် သနားတာလေ ဟုတ်တယ်မဟုတ် လား၊ လောကကြီးမှာ ယောကျ်ားဆိုလို့ နင်တစ်ယော တည်းရှိတယ် ထင်မတတ် နင့်ကို ငါသိပ်ချစ်တာ နင် သိတော့ အားနာတယ်၊ သနားတယ်၊ အဲဒါကြောင့်သာ"





"ဟောဗျာ ... ပိုးရာ"

ပဥ္စက ခုမှ တကယ် ပိုးရွှေလွှာကို အတော်ကရုဏာသက်သွားကာ ပခုံးလေးတစ်ဖက်ကို သိုင်းဖက်လိုက်ပါသည်။

"ဘာတွေ အရူးထနေတာတုန်းဟာ၊ မိန်းမတစ်ယောက်ကို ဘယ်သူက အားနာလို့ ယူမှာလဲ၊ သနားရုံလေးနဲ့ ဘယ်သူက လက်ထပ်မှာလဲ"

"သနားချစ်ပေါ့ ... သူကလည်း ရှိမှမရှိတော့တာကိုး"

"အရူးမ ...၊ ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"နင် သူ့ကို သိပ်ချစ်တယ် မဟုတ်လား၊ သူထွက်သွားပြီး ပြန်လဲမလာ အဆက်အသွယ် ဖြတ်ထားတော့ နင် ဘယ်လို ခံစားခဲ့ရလဲဟင်၊ ငါမသိအောင် နင် အသည်းကွဲခဲ့လား"

"မကွဲပါဘူးဟာ"

"ညာမပြောနဲ့နော်"

"မညာပါဘူး ခက်တော့တာပဲ၊ အမှန်အတိုင်း ပြောရရင် ငါအသေအလဲ ခံစားရတော့မယ်လို့တော့ ငါလည်းထင်ခဲ့တာပဲ၊ ဒါပေမဲ့ အဲလောက်လည်း မဟုတ်ခဲ့တာ အမှန်ပါပဲ၊ ငါတောင် စဉ်းစားတယ်၊ ငါဘာဖြစ်လို့ အလူးအလဲ အသည်းမကွဲသလဲလို့၊ ငါထင်တာတော့ လမင်းကိုသာ တသွင် ခေါင်းညိတ်သွားရင် ငါ ဒီထက်ပိုပြီး အလူးအလဲ အသည်းကွဲလိမ့်မယ် ထင်တယ်၊ လမင်းကိုလည်း သူ ခေါင်းညိတ်မသွား၊ ရွေးမသွားတဲ့အတွက် အတော်ဖြေသာတာ ... အဟင်း"

www.burmeseclassic.com



"ဘာဖြေသာတယ်လဲ အပိုတွေပါ ပဠရာ၊ နင်တစ်ရေ
အရက်တွေသောက်ပြီး ပြန်လာတာလေ၊ အိမ်ပေါက်ဝ
ထိုးအန်လို့ နင့်အဖေတောင် ဒေါကန်ပြီး နင့်ကိုတီးသေ
တာပဲဟာ"

"ကျွတ် ... အေးလေဟာ၊ အဲဒါမျိုးလောက်တော့ ရှိ
ပေါ့"

"အခုရော နင် သူ့ကို ခုလိုပြန်တွေ့တော့ ခံစားရ နာကျ
ရသေးလားဟင် ပဠ"

"အာ ... ဘာလို့ နာကျင်ရမှာလဲ၊ ပိုးကလည်းကွာ"

"ဒီဓာတ်ပုံကို ကြည့်စမ်း"

ပိုးရွှေလှာက ကွန်ပျူတာစကရင်မှာ ပေါ်နေလျ
သား ဓာတ်ပုံကလေးတွေထဲက တစ်ပုံကို Click လုပ်ကာ ဖွ
လိုက်လျှင်ပုံက စကရင်အပြည့် ပေါ်လာသည်။

"ဒါ ငါလှမ်းရိုက်ထားတာ၊ နင် တသွင်သွင့်ကို လှမ်းကြ
နေတာလေ၊ အဲဒီမျက်လုံးတွေကို ကြည့်စမ်း၊ အဲဒီမျက်လုံ
တွေ နင့်ဟာနင် ပြန်ကြည့်စမ်း"

ပိုးရဲ့အသံက တုန်တုန်ကလေးဖြစ်ကာ ပုံကိုထော
ကာ ထောက်ကာ ပြသည်။ တသွင်သွင့် မျက်နှာကို ငဲ့စောင်းက
ကြည့်နေတဲ့ ပဠမျက်လုံးများက နူးညံ့စိုရွှန်းလျက်။

"အာ ... အဲ ... အဲဒါက သူက စကားလှမ်းပြောနေတော
ငါက လှမ်းကြည့်နေတာလေ ပိုးရာ ... ကျွတ်"





"အေးလေ ... အဲဒီလှမ်းကြည့်နေတဲ့ နင့်မျက်လုံးတွေကို နင် ကြည့်လေ၊ ဘယ်လိုမျက်လုံးမျိုးတွေလဲဆိုတာ ကိုယ့်ဘာသာကြည့်လေ၊ နင် သူ့ကို အဲလောက်တောင် လွမ်းနေခဲ့တာလား ... ဟုတ်လား"

"အား ... ပိုးကလည်းကွာ၊ ကျွတ် ... ပြဿနာပဲကွာ"

○ ❦ ○

"ဟယ်လို"

သက်စုက နွမ်းနွမ်းနယ်နယ် ထူးလိုက်ပါသည်။

"ဟဲ့ ... နင် ဘယ်လိုနေသေးလဲ"

"ဒီလိုပါပဲဟာ ... အားတောင်ပြတ်နေပြီ"

"ပန်းတုန်းလား"

"အင်း"

"ကိစ္စမရှိဘူး သွားပစေ၊ ဗိုက်ထဲက မသန့်တာတွေ ကုန်သွားရင် သူ့ဟာသူ ရပ်သွားပါလိမ့်မယ်၊ ဓာတ်ဆားရည် သောက်ရဲ့လား၊ ငါပြောတဲ့ဆေးရော ဝယ်ပြီးပြီလား"

"အေး ... ဝယ်ပြီးပြီ၊ တစ်ကြိမ်သောက်ပြီးပြီ၊ ဓာတ်ဆားလည်း သောက်နေပါတယ်၊ ခုတလောက မုန့်တွေပို့ဖို့ လမင်းအမေဆီက ကားရော ဒရိုင်ဘာရော တောင်းထားတာလေ၊ ဒီနေ့ အဲဒီဦးလေး မုန့်ထွက်ပို့ရင်း နင်ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေး ရေးပေးပြီး ဝယ်ခိုင်းလိုက်တာ သူ ဝယ်လာတယ်၊ မနက်ကလိုတော့ ဗိုက်တော့ မနာတော့ပါဘူး နည်းနည်းတော့ သက်သာပါတယ်"

"နင် ကိုယ်ရေစစ်သွားမှာပေါ့ဟာ၊ အနည်းဆုံး ဗိုက်ပိန်သွားမယ် ... ဟား ဟား"

"အမယ်လေး ... ဗိုက်ပိန်တာကနောက် ခံရတာကအရင်ဟဲ့"

"ခုတလော ငါတို့ အစားစုံကြတာကိုးဟ၊ ရက်ခြားထွက်စားနေတာ၊ စားသမျှကလည်း တုတ်ထိုးတို့ ဂဏန်းတို့ ငါးကင်တို့ ပြီးတော့ တသွင်သွင့်အကြိုက် ချဉ်နန်စပ်တွေရောလေ၊ နင်က အဲလိုတွေ သိပ်မှမစားတတ်တာ၊ စုံသွားတော့ အူထဲပိုးဝင်သွားတဲ့ သဘောပါပဲ၊ ငါ အဲင်တီဘိုင်အိုတစ်ပေးထားတာပဲ သက်သာသွားမှာပါ၊ ဒါပေမဲ့ နင် ဒီညနေ ဘယ်လိုက်နိုင်မလဲ"

"အမယ်လေး လိုက်ဖို့နေနေသာသာ အိမ်ရှေ့ကနေ နောက်ဖေးတောင် မကူးချင်တဲ့ဟာ ပိုးရယ်၊ ညသန်းခေါင်ကနေ ခုထိ အကြိမ် ၂၀ လောက် ဖြစ်နေပြီ"

"အေးပေါ့၊ ဒါပေမဲ့ နင်တို့ ဒစ်ဂျစ်တယ်စက်လေးနဲ့ BP ချိန်တာတော့ ၁၀၀/၇၀ ဆိုတော့ သိပ်မကျပါဘူး ကောင်းသွားလိမ့်မယ်၊ မလိုက်နဲ့ပေါ့ဟာ၊ လိုက်လည်းစားနိုင်မှာမှ မဟုတ်တာ၊ ဒါဆို နင် မလိုက်ရင် လမင်းကော"





ဒီညနေ တသွင်သွင်ကပဲကျွေးမည့် အလှည့်ကျနေ့ ါဖြစ်ကာ ရွှေကောင်းဟော့ပေါ့ဆိုင် သွားကြဖို့ ချိန်းထားကြ ၊ အပြင်မှာ ထွက်စားတာက ရက်ခြား၊ ဒါမှမဟုတ်ရင် ပဒ္မ အိမ် လမင်းတို့အိမ် အန်တီနုတို့အိမ် လှည့်ပတ်၍ အလှည့်ကျ နေဖြစ်ကြပါသည်။ ပိုးတို့ သက်စုတို့ မိဘတွေနှင့်ကတော့ သွင်သွင်နှင့် လုံးဝမသိကျွမ်းကြတာမို့ ဒီအိမ်လေးသုံးအိမ်ကိုပဲ ည့်ပတ်စား။ တစ်ခါတစ်ရံ တသွင်သွင် ရောက်နေမှန်း သတင်း ားသူ မိတ်ဟောင်းဆွေဟောင်း တချို့က ထမင်းစားဖိတ်ကြလျှင် သွင်သွင်က အကြောင်းတစ်ခုခုပြကာ ငြင်းပစ်လိုက်တတ်တာ ၍ ငြင်းမကောင်းတဲ့ တစ်အိမ်နှစ်အိမ်တော့ သွားစားဖြစ်သည်။

အဲလိုနေ့မျိုးဆို တသွင်သွင့်ကို ကျော်မိုးသည်းက ကြို အတူလိုက် ပြန်ပို့ အဖော်ပြုတာမို့ ပဒ္မနှင့် လမင်းတို့ ည်းမပါ။ အဲဒီ ရှားရှားပါးပါး ရက်လေးမှုလောက်ပဲ သက်စုတို့ ည်း နားရပါသည်။

"ဟဲ့ ... လမင်းကကော လိုက်မှာတဲ့လား၊ ငါတို့လင်မယားပဲလား"

သက်စုသည် ဒီဘက်မှာ သူ့ဟာသူ နှုတ်ခမ်းလေး ပ်နေမိကာ ...

"မသိဘူးလေ သူ လိုက်,မလိုက်၊ မနက်က သူ ရုံးသွားတော့ ငါ အိမ်သာနဲ့ ဝမ်းဆက်ရိုက်နေတာ သူလည်းမြင်သွားပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက သူတို့လင်မယားကြား ဘာဘာညာညာဝေ ရေး ဝင်မနေတော့ဘဲ ...

"အေးလေ ... သူ မလိုက်ရင်လည်း ငါတို့လင်မယားပဲသွ သူပါရင်လည်း အားလုံးလေးယောက်ပေါ့၊ နင်ကဒေ သေချာနားလိုက်၊ ငါမှာထားတယ် ဒီညနေတော့ ဆန်ပြု နော်"

"အေးပါ"

သက်စုက ညောင်နာနာသံလေးနှင့်ပြောရင်း ပိုး ဖုန်းချသွားပြီမို့ သူ့ဖုန်းကို ခေါင်းအုံးနံဘေး ပစ်ချထားလိုက် သည်။ ကိုယ်မပါရင် ပဋ္ဌနဲ့ ပိုးနဲ့က အစတည်းက လင်မယ အတွဲလိုက်ဆိုတော့ လမင်းဆွေနှင့် တသွင်သွင်က စုံတွဲလိုဖြစ် တော့မှာပင်။ စားပွဲမှာ နေရာယူတဲ့အခါပင်လျှင် ကပ်လျက်ဖြစ် ဖို့များတာပေါ့။

မိန်းမပါမလာတဲ့အတွက် လမင်းဆွေတစ်ယော ကြည့်တာ ရှုတာ ပြောတာ ဆိုတာ နောက်တာ ပြောင်တာကအ လွတ်လပ်ရေးကို ရနေမှာ။ ကိုယ်မလိုက်နိုင်တဲ့အတွက် လမင်း လည်း မလိုက်စေချင်ပါ။ သို့သော် ငါမပါလို့ နင်မလိုက်ရဘူး ပြောဖို့ရာလည်း ဝန်လေးနေသလိုလိုအပြင် ပြောပါလျက် ကြ က လမင်းဆွေကများ သက်စုမပါလည်း လိုက်မှာပဲဆိုတာ ဖွတ်တိုးပြောသည်ရှိသော် ဒေါသတွေ ဖြန်းဖြန်းကွဲထွက်ရပေ မည်။





တားရမလား မတားရဘူးလား အတွေးကျပ်ကာ အဖြေမထွက်ဆဲပင် လမင်းဆွေက စောစောကြီး ပြန်ရောက်ချ လာပါသည်။

"သက်စု ... ဘယ်လိုနေလဲ နေကောင်းလား"

"မကောင်းပါဘူး လှုပ်တောင် မလှုပ်နိုင်ဘူး၊ ဒါနဲ့ ရှင်က ဘာလို့ စောစောကြီး ပြန်လာရတာတုန်း"

"ဟောဗျာ၊ မိန်းမနေမကောင်းဘူးလေ ဆိုပြီး အလုပ်လည်း ဖြတ်လို့ရတာနဲ့ အရေးတကြီးမရှိတာနဲ့ စောပြန်လာတာပဲ အပြစ်ဖြစ်ရသေးတယ်၊ အမှတ်မရပဲ အပြစ်တင်ခံနေရပြန် ပြီ"

ဘာလို့အမှတ်ပေးရမှာလဲ။ မပေးချင်ပါဘူး။ ဟိုး အရင့်အရင်တွေကလည်း ရံဖန်ရံခါ နေထိုင်မကောင်း ဖြစ်ဖူးသား ပဲ။ ဘယ်တုန်းက ဒီလို မွန်းလွဲလောက်ကြီး စောပြန်လာပေးလို့ လဲ။ ဆေးခန်းသွားချင်လျှင် ဆေးခန်းပို့မိအောင် နည်းနည်းစော ပြန်လာခဲ့နော် ဆိုတာကို ကိုယ်ကပဲ တကူးတက ဖုန်းဆက်လှမ်း ပြောရတာ မဟုတ်လား။

အခုတော့ သက်စု နေကောင်းရဲ့လား သိချင်တာ သည် ညနေအပြင်ထွက် လိုက်နိုင်သလား သိချင်လို့ မဟုတ် လား။ သက်စုသာ မလိုက်နိုင်လျှင် ငါတစ်ယောက်တည်း လိုက် သွားလို့ ကောင်းပါ့မလားတွေးပြီး စိတ်ရှုပ်နေတာ မဟုတ်လား။ သက်စုက အဲသလိုပဲ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းသွားမလား"

"ဒီအချိန် ဆေးခန်းတွေ ဘယ်သမားတော် ရှိမှာတုန်း၊ ညနေခြောက်နာရီ ခုနစ်နာရီမှ အထူးကုတွေ ရှိမှာပေါ့"

"……… "

ဟော ...။ တိတ်သွားပြီ။ ထွက်စားကြမယ့်အချိန်က ဆေးခန်းချိန်နဲ့ ကွက်တိဖြစ်နေတော့ အာစေးထည့်သလိုဖြစ်သွားပြီမဟုတ်လား။ သက်စုသည် ကိုယ့်အတွေးနှင့်ကိုယ် မကျေနိုင် မကြည်နိုင် ဖြစ်နေပါသည်။ သူက ကြင်ကြင်နာနာသံနှင့် မေးတာကို ကိုယ်ဖြေတဲ့အသံက ဆောင့်အောင့်အောင့် ဖြစ်သွားတာကိုယ့်ဘာသာလည်းသတိပြုမိ၍ သက်စုက စိတ်လျှော့လိုက်ရင်း...

"ပိုးဆီကို ဖုန်းဆက်ပြီး ဆေးတိုက်ခိုင်းပြီးပါပြီ၊ ဦးချို မုန့်သွားပို့ရင်း ဆေးဝယ်ခဲ့ဖို့ စာရွက်နဲ့ရေးပေးပြီး မှာလိုက်တာ ဆေးတောင် တစ်ကြိမ်သောက်ပြီးပါပြီ လမင်းရဲ့၊ ခဏနေတောင် ဒုတိယတစ်ကြိမ် သောက်ရတော့မယ်၊ ဆေးခန်းထပ်ပြမနေတော့ပါဘူး"

"ဩော် ... ပိုး ဆေးတိုက်ထားရင်လည်း ပြီးတာပါပဲ၊ ညနေလောက်ကျ သက်သာပြီး ထူထူထောင်ထောင် ဖြစ်သွားမှာပါ"

ဟော ... ကြည့်ပါလား။ အတင်းထူထူထောင်ထောင် ဖြစ်ခိုင်းပြီး အတင်းဆွဲခေါ်သွားမည့်ပုံပင်။ နေမကောင်းလို့ မလိုက်နိုင်တဲ့ မိန်းမတစ်ယောက်တည်း ထားရစ်ကာ သူတစ်





ယောက်တည်း လိုက်သွားဖို့တော့ မကောင်းတတ်ဘူးလို့ သိမြင်ပုံင်။

သက်စုသည် ကိုယ့်ဟာကိုယ် တစ်ယောက်တည်း လောင်နေသည်။ လမင်းသွေက စကားကောင်း လာပြောလည်းပဲ အထအနကောက်ကာ ကိုယ်လိုရာ ဆွဲတွေး၍ မကျေမချမ်းတွေသာ တွေးနေရင်း တဖြည်းဖြည်း ညနေပိုင်း ရောက်လာသည်။ က်စုသည် တကယ်တော့ လှုနံးနေတာ မှန်ပေမယ့် အိပ်ရာထဲ မထနိုင်လောက်အောင်လည်း မဟုတ်။ ထ,မယ်ဆို အားနည်းနေပေမယ့်လည်း ထ,နိုင်ပါသည်။ နေ့လယ်ကတည်းကလည်း န်းကိစ္စက ရပ်တန့်သွားပါပြီ။

ညနေကျတော့ ကလေးပါ ကျောင်းဆက်ကြိုပေးဖို့ မှာထားသော ဦးချိုက သမီးမြတခက်ကို မုန့်ပို့ရင်း ကျောင်းကြိုလာသည်။ နေ့လယ်က မုန့်ဖုတ်ချိန် အာဗင်တွေနား ကုပ်ချိချိ လုပ်စိစိနှင့် အချိန်အတိုးအလျှော့လုပ်တာ မုန့်ဗန်းအခြေအနေကြည့်တာရှုတာလောက်ထိတော့ သက်စု ကိုယ်တိုင် ဝင်ပါရပါသည်။ မုန့်ဗန်းထွက်လာလျှင် ရွှေခင်တို့ အညိုတို့က အတုံးညီအောင်တုံးကာ ဘူးထည့်တတ်နေပြီဖြစ်၍ တပင်တပန်း ပါဖို့မလို။ သက်စု အိပ်ရာထဲနေတုန်း သူတို့ဘာသာပင် စာရင်းနှင့်ဇယားနှင့် မုန့်ဘူးတွေ ခြင်းတွေ ဦးချိုနှင့် ကားပေါ်တင်ကြပြီး ဝင်ပို့ကြ၊ ကလေးကျောင်းကြိုကြ ပြန်ရောက်လာတဲ့အခါမှာတော့ ကျူရှင်ဆရာမ ပါလာပါသည်။

မိပုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



စာသင်တဲ့အခန်းမှာ ဆရာမနှင့် မြတစ်ခက် စာသင်ကြလျှင် ရွှေစင်တို့က ဗိုက်ဖြည့်စရာ စားစရာ စီစဉ်ပေးတတ်သည်ကို သိနေကာ စိတ်ချသော်လည်း ဆရာမလာတိုင်း ဆရာမအနားခဏတဖြုတ် ရစ်ဝဲနှုတ်ဆက် တစ်ခွန်း နှစ်ခွန်း အာလာပသလ္လာပ ပြောရမှ ကျေနပ်သော သက်စုက အခုလည်း ဆရာမထံ ထသွားချင်သည်။

သို့သော် ကိုယ်ထသွားလျှင် ထနိုင်သွားနိုင် လှုပ်ရှားနိုင်တယ်လို့ လမင်းဆွေက ထင်မြင်ယူဆသွားမှာလည်း စိုးနေကာ အခက်တွေ့နေသည်။ တော်ကြာ ညနေ သူမလိုက်လျှင် ထ,နိုင်ရဲ့သားနှင့် တမင်တကာ ကန့်လန့်တိုက်ပွဲဖျက်ကာ မလိုက်တာ ထင်နေဦးမည်။ မသွားပဲလည်း မနေနိုင်။ အမေ့အခန်းထဲ သူ့အသိစိတ်နှင့် သူဝင်လာဖော်မရသော သမီးလုပ်သူကိုလည်း ကိုယ်ပဲသွားကာ တစ်ချက်လောက် နမ်းမွှေးချင်သေးသည်ဖြစ်၍ ...

"အင်း ... ဆရာမဆီ သွားလိုက်ပါဦးမယ်"

ကိုယ့်ဟာကိုယ် လုပ်မယ့်ဟာကို အသံထွက်ပြီး ညည်းသလို ညှုသလိုနှင့် လမင်းဆွေ သိအောင် အသံပေးရင်း အိပ်ရာမှ ထထိုင်လေသည်။

"ကိုယ်ကြည့်ခဲ့ပါပြီ၊ သက်စု နေမကောင်းလို့ ဆိုတာတောင် ဆရာမကို ပြောခဲ့သေးတယ်၊ မသွားလည်း ရပါတယ်"

"ဩော် ... သွားတော့ သွားရဦးမှာပေါ့"

"သွားဖို့မှ မလိုတာ၊ ကိုယ့်ဘာသာ နားနားနေနေ နေလေ"





"ဩော် ... ကိုယ့်အိမ်ထဲ ဒီနားနဲ့ ဟိုနားဟာကို၊ ကားစီးသွားရတာလည်းမဟုတ်၊ သွားနိုင်နေတဲ့ဟာ ဘာဖြစ်လဲ"

ပြောပြောဆိုဆို သက်စုက အိပ်ခန်းထဲက ကမန်းကတန်းပဲ ထွက်လာသည်။ ဆရာမကို နှုတ်ဆက်၊ သမီးကိုနမ်းပြီး နှုတ်ဆက်။ လူက တစ်နေကုန် ငြိမ်ငြိမ်ဆိမ်ဆိမ် နားနေရကာ တစ်မေ့လောက်တောင် အိပ်ပျော်ထားသေး၍ လန်းလန်းဆန်းဆန်း ပေါ့ပေါ့ပါးပါးပင်။ ဗိုက်တွေပင် ဆာလောင်နေ၍ အညှိုပြုတ်ထားတဲ့ ကြက်သားဆန်ပြုတ်ကို တစ်ပန်းကန်လုံးကြီး ဝင်သောက်လိုက်သေးသည်။

အစာဝင်သွားပြန်တော့ လူက ပိုတောင်အားပြည့်လာသေး။ မီးဖိုထဲဝင် ရေခဲသေတ္တာဖွင့်ကြည့်နှင့် နောက်နေ့အချက်အပြုတ် မုန့်လုပ်ဖို့တွေ စီမံခန့်ခွဲနေလိုက်သေးကာ နေမကောင်းထားသူလို တစ်စက်မှတောင် မခံစားရ။ လန်းဖြာနေပါသည်။

"ဟော ... မီးဖိုထဲတောင် ရောက်နေပြီ၊ အိုကေသွားပြီပေါ့ ဟုတ်လား၊ ရေလေးချိုးလိုက်ပါလား သက်စုရဲ့ ပိုလန်းသွားတာပေါ့။ ဒီပုံအတိုင်းဆို ညနေ သက်စု လိုက်နိုင်နေပါပြီ"

သက်စုက နောက်ကရောက်လာကာ ပြောလိုက်သော လမင်းဆွေကို လှည့်ကြည့်လိုက်ပါသည်။ သက်စု လိုက်နိုင်နေပါပြီဆိုတဲ့ စကားရဲ့အဓိပ္ပာယ်က သက်စု လိုက်လိုက် မလိုက်လိုက် သူကတော့ သွားမှာဆိုတဲ့ အဓိပ္ပာယ်သက်ရောက်မှုများပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း လိုက်ချင်ရင် လိုက်နိုင်ရင် လိုက်ခဲ့ပေါ့ ဆိုတဲ့ သဘော မျိုးလား။

"လမင်း … နင်လေ ဒီညနေ အပြင်ထွက်ဖို့ တစ်ခုပဲအချိန် ပြည့် ခေါင်းထဲမှာ ရှိနေတာလား ဟုတ်လား"

"ဟင် … ဘာဖြစ်လို့လဲ သက်စုရဲ့၊ ညနေသွားစရာရှိလို့ ကိုယ်က ပြောတာလေ၊ နေ့လယ်က မထူထောင်ဘူး၊ အခု က ထူထောင်လာလို့ ဝမ်းသာအားရ ပြောတာလေ"

"အင်းလေ … အဲဒီညနေ သွားစရာဆိုတာက အချိန်တိုင်း ခေါင်းထဲမှာ ရှိနေတာလား"

"ဘာဖြစ်လို့ အချိန်တိုင်း ခေါင်းထဲရှိရမှာလဲ"

"မသိဘူးလေ၊ အဲဒါကို သွားဖို့ကိုပဲ စကားလုပ်ပြောနေ တာကိုး"

"မင်း နေကောင်းလာပြီး လန်းလန်းဆန်းဆန်းပဲ မဟုတ် လား"

"လန်းဆန်းဆန်း မဆန်းဆန်း ငါ့ဟာငါ နေကောင်းတာ မကောင်းတာက သတ်သတ်ပါ၊ တသွင်သွင်နဲ့ စားဖို့ချိန်း ထားတဲ့ဆီ သွားတာမသွားတာက သတ်သတ်ပါ၊ နင် ဒါကိုပဲ မသွားရဘဲ လွတ်သွားမှာစိုးနေတာ မဟုတ်လား ဒီလောက် တစ်ရက်ခြားတစ်ကြိမ် ထွက်စားနေတာကို မဝနိုင် မရောင့်ရဲနိုင် ဖြစ်နေတာ မဟုတ်လား၊ တစ်ရက် တလေတောင် မပျက်နိုင်တာလား … ဟုတ်လား"





လမင်းဆွေ မျက်နှာက နီမြန်းသွားပါသည်။

"မင်း ဘာတွေ ထင်ရာမြင်ရာ ပြောနေတာလဲ သက်စု"

"ဘာမှ ထင်ရာမြင်ရာ မဟုတ်ဘူး၊ နင် ဒီညနေ သွားရ မယ် မသွားရဘူး ဒါကိုပဲ တထင့်ထင့် တထိတ်ထိတ် စိတ်လှုပ်ရှားနေတာ ငါသိတယ်"

"ဟာ … နေ့တိုင်းနီးပါး သွားနေတာ၊ ငါက ဘာဖြစ်လို့ စိတ်လှုပ်ရှားနေရမှာလဲ"

"အေးလေ … အဲလောက် နေ့တိုင်းတွေ့နေတာတောင် တစ်နေ့မတွေ့လိုက်ရပဲ နင်ကျန်ရစ်မှာကို နင်စိုးရိမ်နေတာ လေ"

"တော်တော့ သက်စု၊ နင်ပြောနေတာတွေ တော်လိုက်တော့ ရင် ကောင်းမယ်၊ နင်ထင်ရာတွေ နင်လျှောက်ပြောနေတယ်၊ တသွင် ရောက်တာပဲ ရက်ပေါင်းများစွာ ရှိနေပြီ၊ နင့်ရဲ့ မယုံမကြည် ခံစားချက်တွေက ခုထိ ရိုးပဲမရိုးနိုင်သေးဘူး လား၊ ခုထိ ယောက်ျားကို ထိကပါး ရိကပါး ပြောဖို့အထိ နင့်စိတ်တွေက ဆူပွက်နေတုန်းလား ပူလောင်နေတုန်း လား၊ ရှုံးပါ့ဟာ"

"ဘာ… ဘာရှုံးတာလဲ၊ ငါ့ကြောင့် နင်ပါသွားလို့ ကောင်း ပါ့တော့မလားလို့ သောကတွေကြီးပြီး ငါနေမကောင်းတာ ကိုပါ နင် မကြည်လင်နေတာ၊ ဒါကြောင့်သာ ခုလို … ခုလို ငါ့ကို ဖိပြီး နင်းပြီး ပြောဖို့ဝန်မလေးတာ၊ ရှေ့ဆယ်



www.burmeseclassic.com

www.burmeseclassic.com



လမင်း၊ ငါ နေကောင်းကောင်း မကောင်းကောင်း လိုက်နိုင်နိုင် မလိုက်နိုင်နိုင် နင်ဟာနင်သွား၊ နင်သိပ်သွားချင်နေတဲ့ဆီ သွားသာသွားပါ၊ ငါ့ကို ထည့်စဉ်းစားနေစရာ မလိုဘူး"

"ကျွတ် ... တကယ်ပဲကွာ၊ ထင်ရာပြောနေတာ၊ ဘာတွေမှန်းကို မသိဘူး"

လမင်းက ဒေါသထွက်သွားသလို လှည့်ထွက်သွားပါသည်။ အင်း ... စောင့်ကြည့်လိုက်ဦးမယ်လေ သူ သွား,မသွား။ သက်စုက ပြုံးမဲ့မဲ့လေးနှင့် စောင့်ကြည့်ဖို့ တေးတွေးထားလိုက်သော်လည်း တကယ်တော့ စောင့်ကြည့်ဖို့မလိုတော့။ သက်စု နေမကောင်းတာ သိသွားတဲ့ တသွင်သွင်က သက်စုထံ ဖုန်းဆက်ကာ အိမ်မှာပဲ နားနေဖို့နှင့် သူတို့လည်း အပြင်မှာမစားတော့ဘဲ စားသောက်စရာတွေဝယ်ကာ သက်စုတို့ အိမ်ကိုသာ လာစုကြတော့မည့်အကြောင်း လှမ်းအကြောင်းကြားလိုက်၍ ဖြစ်ပါသည်။

○ ❦ ○





(၁၄)

အိပ်ရာနံဘေးက ဟန်းဒ်ဖုန်းမြည်သံကြောင့် သက်စုရော လမင်းဆွေပါ ဖျတ်ခနဲ နိုးလာကြရပါသည်။ သက်စုက ချက်ချင်းပဲ ခုတင်နံဘေး စားပွဲအပုလေးပေါ်က စားပွဲတင်မီးစုန်းနာရီလေးကို လှမ်းကြည့်လိုက်ကာ ...

"အင် ... မနက်ငါးနာရီတောင် မထိုးသေးတာ ဘယ်ကဖုန်းလဲ"

"အေးလေ ... ဘယ်ကလဲ၊ ကျွတ်"

လမင်းဆွေက ကျိန်းစပ်သော မျက်လုံးများကိုကျဉ်းကာ မျက်လုံးမဖွင့်တဖွင့်နှင့်ပင် နံဘေးကဖုန်းကို လက်လှမ်းယူလိုက်သည်။ ချာဂျင်သွင်းထားတဲ့ကြိုးကို အိပ်မှုန်စုံမွှားဖြုတ်ရင်း ...

"ဘယ်သူလဲကွာ ... တကယ်ပဲ ... ဟယ်လို"

"ဟယ်လို ... မောင်တော်"

"ဟင် ... အေး"



www.burmeseclassic.com

www.burmeseclassic.com



လမင်းက ပေါက်ခနဲ ထထိုင်လိုက်ပါသည်။ မျက်ခွံ ကလည်း အော်တိုမက်တစ်ကျယ်အောင် ပွင့်သွားရပါသည်။

"အဟင်း ... ဆောရီးဟာ"

"တသွင် ... နင် ဘာဖြစ်လဲ"

"ဟင့်အင်း ... ငါ ဘာမှ မဖြစ်ဘူး၊ နင် ငါ့ကို လာခေါ် မလား"

"နင့်ကို ... အခုလား"

တသွင် ဆိုတဲ့နာမည် ကြားကတည်းက ရောယောင် ပြူးကျယ်သွားတဲ့ သက်စု မျက်ဝန်းများက လမင်းဆွေကို စေ့စေ့ စပ်စပ် စိုက်ကြည့်နေပါသည်။

"အေး ... နင်လိုက်ခဲ့ပေး၊ နင်ရော မောင်ကြီးရော ငါခေ ခေါ်သွားမယ်"

"ဘယ်ကိုလဲ တသွင်ရဲ့"

"အမယ်လေးဟယ် ... အဝေးခေါ်မပြေးပါဘူး နင်တို့ကို ငါ ငါးလွှတ်ချင်လို့"

"ငါး ... ? "

"အင်း ... ငါးတို့ ငှက်တို့ လွှတ်လို့ရတဲ့ သတ္တဝါဈေ အကုန်လွှတ်ချင်တယ်၊ ဒီနေ့ စနေနေ့၊ ငါ့မွေးနေ့မဟုတ် ပေမယ့်မွေးရက်လေ၊ ငါ မနေ့ကမှ စိတ်ကူးရလို့ မောင်သဲ ကို ရှာခိုင်းထားတာ၊ မောင်သဲ မနက်သုံးနာရီ လေးနာရီ ကမှ ကမ်းနားက ငါးဒိုင်ကိုဆင်းပြီး ငါး၊ ပုစွန်၊ ကဏန်း





ရေထဲလွှတ်လို့ရတဲ့ သတ္တဝါမှန်သမျှ အရှင်ရှာဝယ်လာတယ်၊ ခုနပဲ ဟိုတယ်လာပို့သွားပြီ၊ နင် ငါ့ကိုလာခေါ်ပေး၊ ပြီးရင် မောင်ကြီးကိုပါ ဝင်ခေါ်မယ်၊ ပြီးရင် နင်တို့နှစ်ယောက်နဲ့ အတူတူ သွားလွှတ်ချင်တယ်"

"မောင်သဲ ... အဲ ... ကိုကျော်မိုးသည်းရောလား"

"သူ မပါဘူး၊ သူ့ကို ငါ မခေါ်ပါဘူး၊ နင်တို့နှစ်ယောက်ကို ခေါ်သွားချင်လို့၊ နင် လာခေါ်မယ် မဟုတ်လား"

"ဟင် ... အေးပေါ့ဟ၊ လာခေါ်မှာပေါ့"

မောင်သဲတစ်ယောက်လုံး ခုလေးတင် ငါးလာပို့တယ် ဆိုမှတော့ မောင်သဲနဲ့သာ သွားချင်ရင် သူတို့ကို လှမ်းခေါ်စရာတောင် အကြောင်းမရှိပါပေ။ သူတို့နဲ့မှသာ သွားချင်လို့ တကူးတက ခေါ်တာဖြစ်လေရာ လမင်းဆွေ ငြင်းရန်မဖြစ်နိုင်ပါ။ လူမှုရေးအရလည်း မငြင်းနိုင်၊ သူ့စိတ်ကလည်း မငြင်းနိုင်။

"မောင်တော် ... သက်စုပါ နိုးသွားလား"

"ဟင် ... အေး ... သူလည်း နိုးနေပြီ"

"သက်စုကို ခဏဖုန်းပေး၊ ငါ သူ့ကိုခွင့်တောင်းလိုက်ဦးမယ်"

"ဟင် ... အေး ... အေး ... ပြော ... ပြော"

လမင်းဆွေက သက်စုလက်ထဲ ဖုန်းလှမ်းထည့်လိုက်၍ စကားတွေ နားထောင်နေရင်း တဖြည်းဖြည်း တင်းလာတဲ့ သက်စုက ဘုမသိ ဘမသိ ဖုန်းကိုယူလိုက်ရပါသည်။ အိပ်ရာပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကာ ရေချိုးခန်းထဲ သွက်သွက်ဝင်သွားတော့တဲ့ လမင်းဧ
ကို မျက်စောင်းလမ်းထိုးရင်း ရန်မလုပ်နိုင်သေးပဲ တသွင်သွင့်ကြ
ထူးလိုက်ရပါသည်။

"ဟယ်လို"

"သက်စု ... ကျွန်မ ဒီနေ့ ငါးလွှတ်ချင်တာလေးရှိလို့
မောင်တော့်ကို ခေါ်သွားပါရစေ၊ မောင်ကြီးကိုလည်း
ခေါ်သွားမှာပါ"

"ဩော် ... ငါးက ဘာလို့လွှတ်မှာလဲ၊ မေးကြည့်တာ
ဘာအထိမ်းအမှတ်လဲလို့"

"ဘာရယ် မဟုတ်ပါဘူး၊ ကျွန်မ လွှတ်ချင်တဲ့စိတ်ကူ
ပေါက်လို့ပါ"

တယ်လေ။ သက်စုက အံလေးကြိတ်မိကာ အသံကို
ဟန်မပျက်အောင် မနည်းထိန်းရရင်း ...

"ဒီအချိန်ကြီး ငါးအရှင် လိုက်ရှာဖို့ ရှတ်တရက်ဆိုတော့
ခက်မယ်ထင်တယ်"

သူ ရှတ်တရက် စိတ်ကူးစိတ်ရူးပေါက်တိုင်း သူများ
ယောက်ျားကို အိပ်ကောင်းချိန် အိပ်ရာထဲက နှိုးခေါ်သွားစရာ
လား။ ပြောချပစ်ချင်သည်မှာ လျှာအချောင်းလိုက် ယားနေသော်
လည်း မသင့်တော်ဘူးလေရယ်လို့ ပြန်မျိုချနေရပါသည်။

"ငါးအရှင်တွေ ရပါပြီ၊ မောင်သဲကို ကြိုပြောထားလို့
လာပို့သွားပြီ"





ဟင် ...။ ဒါဆိုလည်း အဲဒီ မောင်သဲနဲ့ပဲ အတူသွား
သွတ်လိုက်ပါတော့လား။ သက်စုသည် တံတွေးသာ မျိုချရင်း
အတော်ဒေါပွလာပါသည်။ ပြောလို့ကလည်း မထွက်။ အဲလောက်
သည်း မျက်နှာပြောင်ပြောင် သတ္တိမရှိတာ အမှန်။

"ကျွန်မ မောင်သဲနဲ့ မသွားချင်လို့ပါ၊ မောင်ရာတ်တို့
မောင်ကြီးတို့နဲ့ တူတူသွားလွှတ်ချင်တာမို့ပါ၊ အားတော့နာ
ပါတယ်၊ သူတို့ကို အားမနာပေမယ့် သက်စုတို့ကို အား
နာတာပါ၊ ခွင့်ပြုပေးပါနော်"

ခွင့်မပြုရင် သက်စုက သဘောထား မကြီးရာ
သဝန်တိုရာ ကျမှာပေါ့။ သဝန်တိုရတယ် ဆိုတာက သူတို့ပတ်
သက်မှုကို ကိုယ်က အဆင့်မြှင့်သတ်မှတ်ပေးရာ ကျပေသည်။
ငယ်သူငယ်ချင်းချင်းတွေပဲဟာ ဆိုပြီး တကယ့်ကို အစစ်ကို ဘာ
မှမဖြစ်သလိုနေပြမှ သက်စု အနေအထားလည်း ကောင်းမှာ၊ သူ
တို့အနေအထားလည်း ငယ်သူငယ်ချင်းအဆင့်မှာ ရှိနေမှာ။

"ဩော် ... ဒါများ တသွင်သွင်ရယ် ခေါ်သွားပါ၊ မိုးမှ
သေချာမလင်းသေးတာ သူတို့နှစ်ယောက် အဖော်ပါမှဖြစ်
မှာပေါ့၊ ဒီအချိန်ကြီး ဖုန်းလာလို့ လန့်သွားတာ၊ တော်ပါ
သေးရဲ့"

"ကျေးဇူးတင်ပါတယ်နော် သက်စု"

"ရပါတယ် ... ရတယ် ... ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



သက်စုက ဖုန်းကိုပိတ်လိုက်ပြီးသည်နှင့် အိပ်ရာပေါ် ပေါက်ချလိုက်ပါသည်။ လက်သီးနှစ်ဖက်ဆုပ်ကာ အတော်ကို ဒေါသထွက်နေပြီးလျှင် ...

"ဒီမိန်းမက ဘယ်လိုမိန်းမမျိုးလဲ၊ ငါးလွှတ်တာ ကိုယ့်ဟာကိုယ် သွားလွှတ်ပါလား၊ သူများတကာ ယောက်ျားကို အိပ်ရာထဲက နိုးခေါ်သွားစရာလား၊ တောက် ... အရမ်းတွေ စိတ်တိုနေပြီနော်"

"သက်စုကလည်းကွာ၊ ဖုန်းထဲမှာတော့ ကြည်ဖြူလိုက်ပြီးတော့"

"မကြည်ဖြူလို့ ရမလား၊ မကြည်ဖြူပြရင် ရှင်တို့ဆက်ဆံရေးကို ကျွန်မကပဲ အရောင်ဆိုးတဲ့အရာကျဦးမယ်၊ ခေါင်းပဲညိတ်ရတော့မှာပေါ့၊ တတ်မှမတတ်နိုင်တော့တာ၊ မျက်နှာအပျက်မခံနိုင်သေးသရွေ့တော့ ဒီလိုပဲ ဆက်ဆံရတော့မှာပေါ့"

"ကိုယ်လည်း တူတူပဲပေါ့ကွာ သက်စုရာ၊ ငြင်းလိုက်လို့က ဖြစ်မှမဖြစ်နိုင်တာ၊ ကောင်းမှ မကောင်းတတ်တာ၊ ဒီလိုပဲ လုပ်ရတော့မယ့်ဟာ၊ မင်းစိတ်ကို လျှော့ထားလိုက်စမ်းပါကွာ"

"လျှော့ထားလိုက်ရတာတွေ များနေပြီ။ မပြန်သေးဘူးလား ဒီမိန်းမ၊ ဘယ်တော့ ပြန်မှာလဲ၊ ဘယ်တော့ ပြန်မှာလဲ ... လို့"





သက်စုသည် ဒေါသတကြီး ရေရွတ်အော်ဟစ်ကာ ... ရာကို တဖုန်းဖုန်း ရိုက်ပုတ်နေမိပါသည်။

○ ❦ ○

"ဘယ်တော့မှ ပြန်မှာလဲဟင်၊ အဲဒီ တသွင်သွင် မပြန်သေးဘူးလား၊ တစ်နေ့ပြီးတစ်နေ့ တစ်မျိုးပြီးတစ်မျိုး မရိုးစေရဘူး၊ ငါ့အာရုံကို လာစားနေတာ၊ ဒေါသအရမ်းထွက်နေပြီနော်"

"ပိုးရာ ... မင်းကို သူဖုန်းဆက်ခွင့် တောင်းတာပဲလေ၊ မင်းပဲ ရပါတယ်ဆို ခေါ်သွား ခေါ်သွားဆို"

"အဲလိုမပြောလို့ ဘယ်လိုပြောရမလဲပြော၊ နင် ငါ့ယောက်ျားကို ဖုန်းလည်းမဆက်နဲ့၊ ထပ်လည်းမတွေ့နဲ့၊ အိပ်ရာက မနိုးနဲ့ အဲလိုပြောရမလား"

"အေးပါကွာ၊ မင်းလည်း ကောင်းအောင်ကြည့်ပြောရတာပဲ မဟုတ်လား၊ ငါလည်း ကောင်းအောင်ကြည့်နေရတာပဲပေါ့၊ သူ ဒီတစ်ခေါက်လေး ရောက်လာတုန်း သူ့အပေါ် ဝတ္တရားပျက်ကွက်တာ တာဝန်မကျေတာ မဖြစ်ချင်ဘူးလေကွာ၊ လူကြီးတွေချင်း ခင်မင်မှု ရှိသေးတာရော၊ ငါတို့ ခင်မင်မှုအရရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာခင်မင်မှုလဲ၊ ခင်မင်မှုထက်ကို လွန်ကဲနေတာ၊ အရင်ကအရင် အခုကအခုပဲဆိုတာ ဒီမိန်းမ သိဖို့ကောင်းတယ် နေ့ခေါ်တွေ့ ညခေါ်တွေ့၊ အခုမိုးမလင်းခင်တောင် လှမ်းခေါ်လာပြီ၊ နောက်ဆို တစ်ညလုံး ခေါ်ထားတော့မှာလား တောင် မသိတာ"

"ဟား ... မင်းကလည်းကွာ၊ အလွန်အကျူးတွေ မပြော စမ်းပါနဲ့ကွာ၊ အခုက သူ မနက်စောစောလေး ငါးလွှတ် ချင်တာမို့လေ"

"ငါးကလည်း ဘာကိစ္စ ထ,လွှတ်ချင်ရတာလဲ၊ အခါကြီး ရက်ကြီးလည်း မဟုတ်"

"သူ့အတွက် အကျိုးအကြောင်း တစ်ခုခုရှိလို့ လွှတ်ချင် တာ ဖြစ်ပါလိမ့်မယ် ပိုးရာ"

"မထင်ပါဘူး၊ ဒီမောင်ကြီးတွေ မောင်တော်တွေကို သူ ဘယ်လိုပိုင်တယ်ဆိုတာ ပြနေတာ"

"အာ ... အဲလိုပြတော့ သူ ဘာအကျိုးရှိမှာမို့လဲ ပိုးရ"

"အဲဒီအကျိုးက ပြောပြလို့လည်း မရဘူး၊ မြင်လည်းမမြင် ရဘူး၊ ဟောဒီရင်ဘတ်တွေထဲကပဲ သိတယ် ခံစားရတယ် မိန်းမချင်းတွေပဲသိတဲ့ အကျိုး၊ သူလုပ်ပြနေတာ၊ တမင် တကာ လုပ်ပြတာ"

"ကျွတ် ... အဓိပ္ပာယ်မရှိတာကွာ"





"ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ၊ တခြား ဘာအကြောင်းရှိလဲ။ ဘယ်မိန်းမက သူ့ကို အပျိုဘဝက တန်းတန်းစွဲခဲ့တဲ့ ယောကျ်ားနှစ်ယောက်ဆီ တကူးတက လာပြန်လည်ပြီး ပိုက်သလိုလို နိုင်သလိုလို လာလုပ်နေတာရှိလဲ၊ သူ့ပဲ ... ရူးများနေလား မသိဘူး၊ မြန်မာပြည်ကို နှစ်ပေါင်းများစွာ ကြာမှ တစ်ခေါက်လာပြန်လည်ပြီး ဘယ်ဘုရားမှလဲ မဖူး၊ ဘယ်ခရီးမှလဲ မသွား၊ ဆွေမျိုးဆီလည်း မလည်၊ တစ်နေ့ တစ်နေ့ ဒီငယ်ကျွမ်းဆွေနှစ်ယောက်ဆီပဲ တရစ်လည်လည် လုပ်နေတာ ဘာအထာမှန်းကို မသိဘူး၊ တစ်ဆင့်ပြီးတစ် ဆင့် တက်လာတယ်၊ အခုဆို မိုးမလင်းခင် နိုးခေါ်တဲ့အဆင့် ရောက်လာပြီ၊ ခပ်တည်တည်နဲ့ မိန်းမတွေကိုပါ ခေါ်သွား မယ်နော်လို့ အကြောင်းကြား ခွင့်ပန်လိုက်သေးတယ်၊ ဘယ်လိုဟာမှန်းကို မသိတာ၊ တကယ် စိတ်ဖိစီးတယ်၊ မြန်မြန်ပြန်ပါစေတော့၊ သူ မပြန်သရွေ့ စိတ်ဖိစီးလို့ သေ တော့မယ်"

"တူ ... တူ တူ"

ပိုးရွှေလွှာ တစ်ယောက် မျက်ရည်တလည်လည်နှင့် ဆူညံပေါက်ကွဲနေဆဲ ဖုန်းကမြည်လာ၍ ...

"လာပြန်ပြီ ... ဘာဖြစ်ပြန်ပြီလဲ မသိဘူး"

"မင်းဖုန်း မြည်နေတာပါ ပိုးရာ"

"ငါ့ဖုန်းကို ဘာကိစ္စ ဆက်ရပြန်တာလဲ ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးက ဖုန်းကို လှမ်းယူလိုက်လျှင် ဖုန်းစကရင်မှာ သက်စုအမည် ပေါ်နေသည်။

"ဟယ်လို ... သက်စု၊ အေး ... နင်လည်း ပြန်အိပ်မရ တော့ဘူး မဟုတ်လား"

"ဘယ်လိုလုပ်ပြီး ပြန်အိပ်လို့ ရနိုင်တော့မှာလဲ၊ နပဲ ... အိမ်ကမောင်တော်က ထွက်သွားပြီလေ၊ သွားခေါ်နေပြီ၊ မကြာခင် နင်တို့ဆီ ရောက်လာမယ်၊ ငါတို့မိန်းမတွေက များ ရှေတိဂုံဘုရား စောစောကြီးတက်ချင်လို့ လိုက်ပို့ပါတို့ ယတြာလေး မနက်စောစောထချေချင်လို့ လိုက်ပို့ပါလို့ ဆိုခဲ့ရင် နိုးလို့မရမယ့် သစ်တုံးတွေက အဲဒီ တသွင်သွင် ခေါ်တော့ နီရဲနေတဲ့မျက်စိကို အတင်းရေပက်ပြီး ကမန်း ကတန်း အဝတ်လဲ ထွက်သွားလေရဲ့၊ ပြောကိုမပြောချင် တော့ဘူး၊ ဒေါသတွေ နင်နေလို့ လှဲနေလို့တောင် မရဘူး၊ အိမ်ထဲမှာပတ်ပြီး လမ်းလျှောက်နေရတယ် စိတ်တွေမငြိမ် လွန်းလို့"

"ငါတို့တွေကတော့ သင်းတို့ရဲ့မိန်းမတွေကိုး၊ လုပ်စရာ တစ်ခုခုရှိတောင်မှ သူတို့ အလုပ်ပင်ပန်းကြရှာပါတယ် လေဆိုပြီး မနှိုးရက်ကြတာမျိုး၊ နှိုးရက်တဲ့ဟာမျိုးကတော့ နှိုးပြီးခေါ်ထုတ်တာပေါ့ဟယ်"

"အပိုတွေ လုပ်နေတာ၊ ငါးလွှတ်တာက ဘာလုပ်တာလဲ၊ ယတြာချေတာလား"





"ငါလည်း ဘယ်သိပါ့မလဲ၊ နင်နဲ့လည်း ဖုန်းပြောရသေး တာမှလား၊ မေးလိုက်ပါ့လား"

"မေးတယ်လေ၊ စိတ်ကူးပေါက်လို့ လွှတ်တာပါတဲ့"

"ဖြစ်မှ ဖြစ်ရလေ"

ပဉ္စသည် မိန်းမကိုလည်း မခိုင်းရဲ၊ အိမ်ကအလုပ် သမားတို့လည်း အိပ်နေဆဲဖြစ်၍ ကော်ဖီတစ်ခွက် ကိုယ့်ဘာသာ သွားဖျော်ကာ ဝမ်းဟာဟာကို ဖြည့်ရသည်။ သူလည်း စဉ်းစားနေ ပါသည်။ တသွင်သွင် ဘာအတွက် ငါးတွေ ဘာတွေ လွှတ်ရတာလဲ။ ဒါမျိုးက အခါကြီး ရက်ကြီးတို့ နှစ်ဆန်းတို့မှာ လုပ်လေ့ရှိတာ။

ပြီးတော့ ... ငါးလာပို့တဲ့ ကျော်မိုးသည်းနဲ့ တစ်ခါ တည်း မသွားလိုက်ဘဲ သူတို့နှစ်ယောက်ကိုခေါ်တာ။ သူတို့နှစ် ယောက်နဲ့သာ အတူသွားချင်လို့ တမင်တကာ တကူးတက ခေါ် တာပေါ့။ ငြင်းလို့ ဘယ်ဖြစ်ပါ့မလဲ။ ကောင်းလည်း ဘယ်ကောင်း ပါ့မလဲ။ အမှန်အတိုင်း ဝန်ခံရရင်တော့ ပဉ္စသည် တသွင်သွင် ပြန်ရောက်လာမည်ဆိုတာ စသိရကာစတုန်းက ရင်တွေတဒုတ် ဒုတ်ခုန်ပြီး ပျာယာခတ်ခဲ့ရပါသည်။

ရင်ခုန်တယ် ဆိုတာကလည်း မရိုးမသားစိတ်လို့ တော့ ကိုယ့်ကိုယ်ကိုယ် မထင်ပါ။ စိတ်လှုပ်ရှားတာပေါ့။ ချစ်ခဲ့ရ ဖူးသူ မတွေ့ကြတာကြာပြီး မမျှော်လင့်ဘဲ ရောက်လာမယ်ဆို တော့ ရင်ခုန်စိတ်လှုပ်ရှားရတာ မဆန်းဘူး ထင်ပါသည်။ သို့သော် အခုအချိန်မှတော့ တော်တော် စိတ်ကျဉ်းကျပ် မွန်းသိပ်နေပြီ။ ဘယ်နည်းနဲ့မဆို ပြန်မှာပဲဖြစ်တဲ့ တသွင်သွင် မြန်မြန်ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



လျှင် စိတ်ကျဉ်းကျပ်မှု မြန်မြန်သက်သာမည်။ ပြန်မယ့်ရက် မြန်မြန်ရောက်ပါစေတော့တောင် ဆုတောင်းချင်နေပါပြီ။

လမင်းခွေလည်း ဒီတိုင်းပဲ နေနေမှာပါပင်။ အလကားနေရင်း ကိုယ့်မိန်းမ အသီးသီးနဲ့ ပူညံ ပူညံဖြစ်ရ ပြဿနာတက်ရ၊ စိတ်တိုရနှင့် ဘယ်သူက နေချင့်ပါ့မလဲ။ မိန်းမတွေကို ဒီထက်ပိုပြီး သဘောထားကြီးပေးစေလိုပေမယ့် ကိုယ်မှ တတ်နိုင်တဲ့ကိစ္စ မဟုတ်ဘဲ။

"တီ … တီ … တီ …"

ဟော …။

အိမ်ရှေ့က ကားဟွန်းသံ။ ပဋ္ဌက အိပ်ခန်းထဲပြန် မဝင်တော့ဘဲ …

"သွားပြီဟေ့"

မြန်မြန် လစ်ထွက်ဖို့ ကြံပါသည်။

"ပဋ္ဌ … နေဦး"

"ဘာလဲ … ပိုးရ"

"ဘသွင်သွင်က လာဆိုလာ သွားဆိုသွား ပျာပျာသလဲ ရှိကြလွန်းလို့ မငြင်းနိုင်ကြလွန်းလို့ တစ်ခုလောက်တော့ ကြိုသင်လိုက်မယ်၊ ဟိုတယ်မှာ ညလာအိပ်ကြဆိုရင်တော့ ကျေးဇူးပြုပြီး အေး … အေးလို့ ခေါင်းညိတ်မလာဖို့ တောင်းဆိုတယ်"

"ကျွတ် … မင်းကလည်းကွာ"

○ ❦ ○





"ဒီမှာလေ အစုံပဲ၊ ရေထဲလွှတ်လို့ရသမျှ ရေသတ္တဝါအရှင် ဘာပဲရရ ယူခဲ့ပါလို့ ငါ မှာလိုက်လို့လေ၊ ဒီပုစွန်လေးတွေလည်း အရှင်တွေ တွေ့လား၊ ဒီမှာက ကဏန်း၊ ဒါက ငါးလေးတွေ"

"နင် ဘာစိတ်ကူးနဲ့ ငါးလွှတ်ဖို့ စိတ်ကူးတာလဲ တသွင်၊ အထိမ်းအမှတ် တစ်ခုခုများ ရှိလား"

"အထိမ်းအမှတ် ! … ဘာအထိမ်းအမှတ်ရယ်လို့ မရှိပါဘူး မောင်ကြီးရယ်၊ သူများအသက်လွှတ်ပြီး ကုသိုလ်ပြုတယ်ဆိုတာ နေ့ကောင်းရက်သာ အထိမ်းအမှတ် ရွေးနေဖို့ လိုလို့လား"

"အဲလိုဆိုလိုတာ မဟုတ်ဘူးလေ၊ နင် ရုတ်တရက် စိတ်ကူးပေါက်စရာ အကြောင်းရင်း ရှိလို့လားလို့ပါ"

"မနေ့က အခန်းမှာ တီဗီအစီအစဉ်တစ်ခု ဖွင့်ကြည့်တော့ ငါးဖမ်းစက်လှေနဲ့ ငါးတွေဖမ်းတာ စက်လှေဝမ်းထဲကို ငါးတွေလောင်းချလိုက်တော့ ငါးတွေကလေ ခုန်ထွက်ဖို့ ကြိုးစားကြတာမှ ကဆုန်ပေါက်နေတာပဲ၊ အဲဒါကိုကြည့်ရင်း ဒီငါးတွေ သေရမှာသိများနေမလား စိတ်မကောင်းဖြစ်မိတာလေ၊ ဟိုတစ်နေ့က ဘုန်းဘုန်းဟောတဲ့တရားလည်း သွားသတိရတယ်၊ သတ္တဝါဆိုတာသေမျိုး၊ ဘယ်တော့မှန်း မရေရာ အချိန်မရွေး ချုပ်ငြိမ်းတတ်တာမျိုးဖို့

www.burmeseclassic.com



မသေခင် စိတ်ကိုထားတတ်ဖို့ တရားလေ၊ အဲဒါတွေတွေးရင်း နေရင်း ထိုင်ရင်း စိတ်ကူးပေါက်ပြီး မောင်သဲကို လှမ်းဖုန်းဆက် ပြောလိုက်တာ၊ ဒီနေ့က စနေနေ့ ငါ့မွေးရက်လည်း ဖြစ်နေတော့ ဒီနေ့ ငါးလွှတ်ဖို့ စီစဉ်ပေးနိုင်မလားလို့လေ၊ သူက အိုကေဆိုပြီး ..."

"ဒီလူက နင့်အပေါ် တော်တော်ကောင်းပါတယ်"

"ဟုတ်တယ် မောင်တော်၊ သူ ငါ့ကို ပရိုပို့စ် လုပ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်,နှစ်ကပါ၊ ငါ ခုချိန်ထိ အဖြေမပေးခဲ့ဘူး။ အဖြေပေးဖို့လည်း မစဉ်းစားတော့ပါဘူး"

ပဥ္စနှင့် လမင်းက တသွင့်ကို နားမလည်သလို ကြည့်မိကြသော်လည်း ဘာမှတော့ မမေးဖြစ်ပါ။ တသွင်ဟာ တစ်ခါတစ်ရံ နားလည်ရခက်သူပဲလေ။

နေသချာမထွက်သေး၍ ကမ်းနားဆိပ်မှာ မှောင်နှင့် မည်းမည်း ဖြစ်နေပါသေးသည်။ ကမ်းနားရေစပ်ကို ပုံးလေးတွေ ကိုယ်စီဆွဲပြီး လျှောက်လာတဲ့ တသွင်သွင်တို့ သုံးယောက်ကို ကမ်းနားမှာရှိနေနှင့်တဲ့ ဈေးသည်၊ အငှားကား၊ ဆိုက်ကားသမားများ၊ သမ္ပာန်သမားများ၊ ခရီးသည်ဖြစ်ဟန်တူသူအချို့တို့က ကြည့်နေကြပါသည်။

"ဘယ်နားကနေ လွှတ်ရမလဲ မောင်ကြီး"

"ဟိုဘောတံတားကိုသွားလိုက်၊ အဲဒီကပဲ လွှတ်ရမှာပေါ့"

"ခွင့်တောင်းဖို့ လိုလား"

"မလိုပါဘူးဟ၊ ရပါတယ် ... လာ"





"လေလေးက အေးလိုက်တာနော်၊ ငါစိတ်တွေ လန်းဆန်းနေတာပဲ၊ ကောင်းလိုက်တာ"

"နင်က လန်းဆန်းနေ ငါတို့ကတော့ မလန်းဆန်းဘူး၊ ပဥ္စတော့ မသိဘူး၊ ငါက ညက အလုပ်ရှိလို့ သန်းခေါင်ကျော်သွားတာဟ"

"ငါလည်း တူတူပဲ၊ ၁၂ နာရီလောက်ထိကတော့ မအိပ်ဖြစ်တော့ဘူးလေ၊ အလုပ်လုပ်ရင်လုပ် မဟုတ်ရင် တီဗီကြည့်နဲ့၊ ဒီတော့ ဘယ်အိပ်ရေးဝမလဲ"

တသွင်သွင်က ချစ်သူငယ်ချင်း နှစ်ယောက်ကို တစ်လှည့်စီ ငဲ့ကြည့်ရင်း မချိပြုံးကလေးလိုမျိုး ပြုံးလိုက်ပါသည်။

"ငါလည်း နင်တို့နှစ်ယောက်ကို ဒုက္ခလာပေးသလို ဖြစ်နေပြီလား မသိဘူး"

"အာ ... အဲလိုတော့ မဖြစ်ပါဘူး နင်ကလည်း၊ နင်ရောက်လာတော့ ငါတို့ ဘယ်လောက်ပျော်ရလဲ၊ ဒါလည်း ဒုက္ခပေးတယ် ပြောမရပါဘူးဟာ"

"နင်တို့မိန်းမတွေနဲ့လည်း ပြဿနာတွေ တက်ရမှာ ငါသိပါတယ် မောင်တော်ရာ"

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူးဟာ၊ မိန်းမဆိုတော့ ပုကျူ ပုကျူတော့ ရှိတာပေါ့၊ ဒါပေမဲ့ ပြဿနာတွေတက်နေရတာမျိုးတော့လည်း မဟုတ်ပါဘူး"

"အေးပါဟာ၊ ငါလည်း စဉ်းစားထားပါတယ်လေ၊ နောက်ကို နင်တို့ကိုလည်း သိပ်ဒုက္ခမပေးတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုမပြောပါနဲ့ တသွင်ရ၊ ဒါ ဒုက္ခမဟုတ်ပါဘူးဆို၊ အမှန်အတိုင်း ပြောရရင် ခုလို မနက်စောစောကြီး လမ်းပေါ်ရောက်နေရတော့ ငါတို့ ကိုးတန်းကျောင်းပိတ်ရက်က တစ်မနက်ကို သတိရမိသေးတယ်၊ သကြိန်နားနီးလေး ငါတို့လမ်းထိပ်က ပိတောက်ပင်ကြီးက အဲဒီညဦးက မိုးရွာလိုက်တော့ ပွင့်လိုက်တာ ဖွေးဖွေးလှုပ်၊ တစ်လမ်းလုံးကို မွှေးကြိုင်နေတာလေ၊ အဲဒီပိတောက်ပန်းတွေ လိုချင်လို့ဆိုပြီး နင် ငါတို့နှစ်ယောက်ကို ခုလိုအချိန်ကြီးပဲ အစောကြီး လှမ်းနိုးပြီး လမ်းထိပ်သွားကြတာ မှတ်မိသေးလား"

"မှတ်မိတာပေါ့ဟဲ့၊ ဟောဒီ မောင်တော် အိပ်ငိုက်နေတာလေ ... မုန်းစရာ"

"အာ ... ပဥ္စလည်း အိပ်ငိုက်တာပါပဲ နင်ကလည်း၊ လန်းဆန်းနေတာဆိုလို့ နင်ပဲရှိတယ်"

"အဲဒီတုန်းကနော် ပိတောက်ပင်ကြီးအောက်မှာ ပိတောက်ပန်း ခူးရောင်းမယ့်သူတွေရော ဝယ်ချင်တဲ့သူတွေရော လူတွေက မနည်းဘူး၊ မနည်းလုဝယ်ရတယ်၊ လေလံတောင်ဆွဲရသလို ဖြစ်သွားသေးတာ"

"ဟား ဟား ... အေး ... ဟုတ်တယ်၊ ပြီးတော့ တသွင်မဟုတ်တာလည်း မဟုတ်ဘူး၊ ပန်းလည်းမပန် ပန်းအိုးတောင်မထိုးဘဲ ခြံထဲကဒန်းပေါ် ပိတောက်ပန်းအစည်းကြီး တင်ထားပြီး စကားရပ်ပြောရင်းက မေ့သွားတာ ပန်းတွေအိမ်ပေါ်တောင်မတင်ဘူး၊ ဒန်းပေါ်မှာတင် နွမ်းပြီးကြွေကုန်တာပဲ"





တသွင်သွင်က မျက်နှာကလေး ကြည်ကြည်လင်လင် ပြုံးနေပါသည်။ ဘောတံတားပေါ်မှ ငါး ပုစွန် ကဏန်းတို့ကို ဖြည်းဖြည်းချင်းလွှတ်ရင်း တသွင်သွင်က နှုတ်ခမ်းလေး တလှုပ်လှုပ်နှင့် ရေရွတ်ဆုတောင်းနေပုံရသည်။ တသွင်သွင့် ပုံစံလေးကို ပဥ္စရော လမင်းပါ ငေးစိုက်ကြည့်နေမိကြပါသည်။ အားလုံးလွှတ်ပြီးလျှင် တသွင်သွင်က မတ်တတ်ထရပ်ရင်း ...

"ငါ ငှက်ကလေးတွေလည်း လွှတ်ချင်သေးတယ် သိလား"

"ငှက်လေးတွေ ဆိုရင်တော့ ရွှေတိဂုံဘုရားနားမှာ ရှိလိမ့်မယ်"

"နင်တို့ လိုက်ခဲ့ပေးဦးနော်"

"သြော် ... လိုက်ခဲ့ပြီးမှတော့ တသွင်ရယ်၊ နင့်စိတ်တိုင်းကျ အားလုံးပြီးတဲ့အထိ တောက်လျှောက်လိုက်ပေးမှာပေါ့"

"ပြီးရင်လည်း တစ်ခုခု သွားစားကြဦးမယ်ဟာ ... နော်"

"အေးပေါ့ ... စားရမှာပေါ့၊ ခုတောင် ဗိုက်ကဆာချင်နေပြီ"

ကားဆီပြန်လျှောက်လာရင်း တသွင်က ပဥ္စနှင့်လမင်းရဲ့လက်ဖျားများကို အလယ်မှနေ၍ တစ်ဖက်တစ်ချက်ဆုပ်တွဲလိုက်ပါသည်။

"အချိန်တွေကိုဟာ ဟိုးနောက်ကို ပြန်လှည့်လို့ရရင် ကောင်းမှာပဲ"

ဆွေးတမြည့်မြည့် အသံလေးနှင့်လည်း ခပ်ညည်းညည်း ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

ဒေါ်ဝင်းဝင်းနုသည် ဖုန်းကိုပြန်ချထားလိုက်ပြီးလျှင် တစ်ခဏမျှ ခပ်ငိုင်ငိုင် ငြိမ်ထိုင်နေမိပါသည်။ ရင်ထဲမှာ ဆို့ကျ ကျပ် နင့်တင့်တင့်ကြီး ခံစားနေရကာ ရုတ်တရက် ဘာလုပ်ရ ဘာကိုင်ရမည် မသိပေ။ ဘယ်သူ့ကိုပြေး၍ပြောရ ရင်ဖွင့်ရ မည်နည်း။ ခင်ပွန်းသည်ဖြစ်သူ လမင်းဆွေတို့ အဖေက UMFCC အစည်းအဝေး သွားတက်နေလေ၍ ဖုန်းလှမ်းဆက်ဖို့ အဆင်မပြေ

နောက်ဆုံးတော့ ဒေါ်ဝင်းဝင်းနုက ဒေါ်ခင်လေးတင် ကိုပဲ သတိရပါသည်။ ဒီကိစ္စဟာ သူပြီးလျှင် ထက်ကြပ်သိသင့် သူဟာ ခင်လေးတို့မိသားစုပဲ မဟုတ်လား။ ခင်လေးကို ပြော ပြောပြရမည့်ကိစ္စဖြစ်သည်။ တစ်ချိန်တစ်ခါက ဒေါ်ဝင်းဝင်း ဒေါ်ခင်လေးတင်နှင့် ဒေါ်ရှယ်လီတို့ဟာ ညီအစ်မရင်းချာများ သို့ ဆက်ဆံခဲ့ကြသူတွေ မဟုတ်လား။

ဒေါ်ဝင်းဝင်းနုက ဖုန်းကိုကောက်၍ နှိပ်လိုက်ပါ သည်။





"ဟယ်လို ... နုနုရေ ... ပြော"

"အေး ... ခင်လေး နေကောင်းတယ်နော်"

"ကောင်းတယ် ... ကောင်းတယ်၊ အခု အိမ်မှာ သက်စု တောင် ရောက်နေတယ်"

"ဩော် ... သက်စု ရောက်နေတာလား"

"ဒီမှာ ပိုးတစ်ယောက် အူရောင်နေလို့လေ၊ နေ့စဉ် အစုံ စားနေကြတာ၊ နိုင်ငံခြားကလာတဲ့သူက ဘာမှမဖြစ်ရဘူး၊ ဒီကလူတွေက တစ်ယောက်တစ်လှည့် ဖြစ်နေကြတယ်၊ ဟိုတလောကလည်း သက်စုက အထက်လှန်အောက်လျှော ဆန်ဆန် ဝမ်းတွေပျက်လို့၊ အခု ပိုးက အူရောင်နေတာ အရည်သောက် ဖြစ်နေတယ်လေ၊ သက်စုက သတင်းမေး လာရင်း အမယ်လေး ... လူမမာရော သတင်းမေးရော စကားတွေ ဖောင်ဖောင်ကြဲနေတာ အလုအယက်၊ တိုးကို မပေါက်တော့ဘူး၊ ခင်လေးမှာ စိတ်ကူလိုနေတယ်၊ ဟင်း ဟင်း ... အားရင် လာခဲ့ပါလား နုနုရယ်၊ ဒရိုင်ဘာရှိလား ကားလွှတ်ပေးရမလား"

"ကားတော့ မရှိဘူး လမင်းတို့အဖေ အစည်းအဝေးသွား တက်လို့ ဒရိုင်ဘာရော ကားရော ပါသွားတယ်လေ၊ ဒါပေမဲ့ လာမခေါ်ပါနဲ့၊ ခင်လေးနဲ့တော့ တွေ့ချင်သား၊ စကားပြောချင်တယ်"

ဒေါ်ဝင်းဝင်းနုရဲ့ အင်တင်တင် လေးတုံ့တုံ့လေသံ ကို သတိပြုမိကာ ဒေါ်ခင်လေးတင်က ...



www.burmeseclassic.com

www.burmeseclassic.com



"နု ဘာဖြစ်လို့လဲ အသံလည်း တစ်မျိုးပါလား၊ နေကောင်းရဲ့လား၊ တစ်ခုခုများဖြစ်သလား နု"

"နုနု ဘာမှမဖြစ်ပါဘူး၊ ခင်လေးနဲ့သာ တွေ့ချင်တာပါပဲ နု ကားငှားပြီး လာခဲ့မယ်လေ၊ အပြန်သာ ပြန်ပို့ပေးပါနော်"

"အပြန်လည်းပို့မယ် လာလည်းကြိုမယ်၊ ပါရမီနဲ့ ကိုနိုင်နဲ့ ဘာဝေးတာလိုက်လို့၊ ခုပဲ လွှတ်လိုက်မယ်"

ဒေါ်ဝင်းဝင်းနုသည် အဝတ်အစားလဲရင်း စိတ်ထဲဝမ်းနည်းချောက်ချားသလို ဖြစ်လာပါသည်။ ကတုန်ကယင်နှင့် အမေ့မေ့ အလျော့လျော့ ဟိုလွှတ်ကျ ဒီခိုက်မိနှင့် လာကြိုသောကား ရောက်လာလျှင် ဒေါ်ခင်လေးတင်ထံ လိုက်ပါလာသည်။ ဒေါ်ခင်လေးတင်က ခင်ပွန်းသည် မရှိတော့ကတည်းက သားဖြစ်သူ ပဉ္စတို့မိသားစုနှင့် အတူနေလိုက်ကာ သူ့ကိုယ်ပိုင်အိမ်ကိုတော့ လူငှားတင်ထားပါသည်။ သားဖြစ်သူ ချွေးမဖြစ်သူတို့နှင့်အတူ မြေးနဲ့ပါ အတူနေခွင့်ရလေရာ သူ့ဘဝက စိုစိုပြည်ပြည်။ ဒေါ်ဝင်းဝင်းနုကတော့ သားကြီးအိမ်လည်းမနေ သားငယ်အိမ်လည်းမနေ၊ လင်မယားနှစ်ယောက်သာ အဖော်တွေ ဒရိုင်ဘာတွေနှင့် နေကြပေမယ့် စနေ တနင်္ဂနွေတိုင်း သားမိသားစုတို့က လာချင်လာ၊ သူတို့က သွားချင်သွား၊ ပျင်းရိငြီးငွေ့ရတယ်ရယ် မရှိပါ။

ပြောရလျှင် သူတို့ရဲ့ သက်ကြီးပိုင်းဘဝ မိသားစုအနေအထားက သာသာယာယာ ရှိကြသည်ပေါ့။ သူခင်မင်သော





ကိုသန့်တို့ မရှယ်လီတို့ရဲ့ မိသားစုအခြေအနေဟာလည်း ပျော်ပျော်ရွှင်ရွှင် သာသာယာယာပဲ ရှိလိမ့်မည်ဟု ဒေါ်ဝင်းဝင်းနု ထင်ခဲ့ပါသည်။

"နု"

ဒေါ်ခင်လေးတင်က တံခါးဝသို့ ထွက်ကြိုနေကာ ဒေါ်ဝင်းဝင်းနု မျက်နှာကို အကဲခတ်ရင်း လက်ကလေးတစ်ဖက်ကို ဆွဲခေါ်ကြိုသည်။

"နု ဘာဖြစ်သလဲဟင်"

ဒေါ်ဝင်းဝင်းနုက အိမ်ထဲကို တိတ်တိတ်ဆိတ်ဆိတ်ပါလာပါသည်။ ဒေါ်ခင်လေးတင် ပြောထား၍ထင်သည်။ ချွေးမလေး သက်စုကလည်း ဒေါ်ဝင်းဝင်းနုကို အကဲခတ်ရင်း အနားမှ ကပ်ပါလာပါသည်။

"နု မျက်နှာမကောင်းပါလားကွယ်၊ တစ်ခုခု ဖြစ်လာတယ်ထင်တယ်၊ ရင်ထိတ်လိုက်တာ၊ ကိုယ့်ကိုပြောပါဦး ဘာဖြစ်သလဲဟင်"

"မေမေ ဘာဖြစ်လို့လဲ"

ဒေါ်ဝင်းဝင်းနုက သက်ပြင်းတစ်ချက်ချရင်း ...

"ဘယ်က စပြောရမယ်တောင် မသိတော့ဘူးကွယ်"

ခပ်တိုးတိုး စကားစလိုက်ပါသည်။

"မရှယ်လီ ဖုန်းဆက်လာတယ်၊ ခင်လေးတို့အိမ်ဖုန်းလည်း ဆက်တယ်တဲ့၊ ဖုန်းလိုင်းမအားဘူး ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်တယ်၊ ခင်လေး ခုန ဖုန်းပြောနေတာ မိတ်ဆွေတစ်ယောက်နဲ့၊ မရှယ်လီက ဘာပြောလို့လဲဟင်"

"ခင်လေး ... တသွင်သွင်လေးက သွေးကင်ဆာတဲ့"

"ဟင်"

"ရှင်"

"ဟယ်"

သုံးယောက်သားထံမှ အာမေဋိတ်အမျိုးမျိုး အလန့်တကြား ထွက်ကျလာပါသည်။ ပါးစပ်တွေ အဟောင်းသားဟနေတဲ့အထိ အံ့သြငြိမ်သက်သွားကြပါသည်။

"တသွင်သွင်က ... ! "

"ဟုတ်တယ်၊ တသွင်က ဒီကလူတွေကို မပြောပါနဲ့လို့ မှာထားလို့ သူ မပြောခဲ့ဘူးတဲ့၊ ဒါပေမဲ့ မနေ့ကတော့ တသွင့်ကို ကူညီနေတဲ့ ရှေ့နေလေးလေ၊ ကျော်မိုးသည်းဆိုလား၊ အဲဒီ လူရွယ်လေးနဲ့ ဖုန်းစကားပြောဖြစ်တော့ မနေ့က တသွင် သိပ်နေမကောင်းဘူးကြားလို့ မရှယ်လီက စိတ်ပူပြီးဆက်တာ၊ တသွင်က ပိတ်ထားပေမယ့် ဒီမှာ စိုးရိမ်ရလောက်အောင် နေမကောင်းတာမျိုး ဖြစ်မှာစိုးရိမ်လို့ သွားကြည့်ပေးဖို့ ဂရုစိုက်ပေးဖို့ အကူအညီတောင်းတာ"

"ဖြစ်မှဖြစ်ရလေ၊ ဖြစ်ရလေကွယ် ... ရင်တွေတောင် တုန်လာတယ်၊ သွေးကင်ဆာ သေချာရဲ့လား၊ တသွင့်လေးကို ကြည့်ရတာ အမြဲပြုံးပြုံးရယ်ရယ် လန်းလန်းဆန်းဆန်းလေးပဲ တွေ့နေရတော့ မယုံနိုင်သလိုပဲ နုနုရယ်"





ဒေါ်ခင်လေးတင်ပါ အသံလေးတွေ ကတုန်ကယင်ဖြစ်လာပါသည်။

"ဟုတ်တယ် ... ရုတ်တရက် ယုံကိုမယုံနိုင်တာ၊ ဒါပေမဲ့ မရှယ်လီကိုယ်တိုင် ပူပူပင်ပင်နဲ့ ပြောတာပဲ ခင်လေးရယ်၊ မရှယ်လီက သူပါလိုက်လာချင်တာတဲ့၊ တသွင်က မလိုက်ပါနဲ့လို့ တားတယ်တဲ့၊ မရှယ်လီ ပါလာရင် မရှယ်လီက စိုးရိမ်မကင်းပုံစံ ဖြစ်နေမှာနဲ့ ဒီကလူတွေ အားလုံးသိကုန်မယ်တဲ့၊ နောက်ပြီးတော့ မရှယ်လီကလည်း ဒူးတစ်ဖက်က တော်တော်ဆိုးနေတာရော အဲဒါကြောင့် လိုက်မလာတော့တာတဲ့ ...

တသွင်လေးက သူ့တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်တာတဲ့၊ အမိက,ကတော့ ပဋ္ဌနဲ့လမင်းကို သူ အရမ်းတွေ့ချင်တာတဲ့ ခင်လေးရယ်"

ပြောရင်းက ဒေါ်ဝင်းဝင်းနု မျက်ရည်လည်လာလျှင် ဒေါ်ခင်လေးတင်ပါ ဆို့နင့်သလို မျက်ရည်ရစ်ဝဲ လာပါသည်။ သက်စုက ပိုးဘက်သို့ အသာအယာ လှည့်ကြည့်လိုက်သည်။ အရောင်ကာ အဖျားသွေးပါ နည်းနည်းဝင်နေတဲ့ ပိုးရဲ့မျက်နှာနွမ်းနွမ်းက ပိုပြီးနွမ်းလျ ဖြူဖျော့နေလေသည်။ သက်စု ကိုယ်တိုင်သည်လည်း အံ့သြထိတ်လန့်မိတာနှင့်ထပ်တူ လည်ချောင်းဝမှာ တစ်စုံတစ်ရာ ဆို့တစ်လာသလို ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားမပြောနိုင်ပဲ အကြည့်ချင်းသာ ဆုံနေမိကာ သိသိသာသာ စိတ်မကောင်းဖြစ်မိကြသည်။ ခုနကပဲ တသွင်သွင်နှင့် ပတ်သက်ပြီး မကျေချမ်းမှုတွေကို ဒေါ်ခင်လေးတင် ထံ အလုအယက် တိုင်နေခဲ့ကြတာ။ မကြည်လင် မကြည်ဖြူစိတ် တွေနှင့် တသွင်သွင့်ကို အမြင်နာနာကတ်နေခဲ့ကြတာ။ ခုတော့ ဘယ်လိုခံစားရမည် မသိအောင် အိလည်လည် ဆို့ကျပ်ကျပ်ဖြစ် သွားခဲ့ကြရတာပါ။

"သွေးကင်ဆာဆိုရင် ဒီမှာဆို ခ်ီမိုတွေ ဘာတွေ သွင်းကြ ရတယ် မဟုတ်လား၊ ခ်ီမိုသွင်းရဖန်များတော့ ဆံပင်တွေ ကျွတ်၊ လူလည်းချုံးကျလာတာမျိုး တွေ့ရတာလေ၊ တသွင် လေးက အဲသလိုမှ မဟုတ်ဘဲ"

"ဟိုမှာ ခ်ီမိုသရပီ မလုပ်ဘူးတဲ့၊ ကိုယ်သေချာတော့ ပြန် မပြောပြတတ်ဘူး ခင်လေးရယ်၊ ဒါပေမဲ့ တသွင့်အတွက် ကုထုံးအနေနဲ့ ချဉ်ဆီအစားထိုးဖို့ ကြိုးစားနေကြတာ သူ့အတွက် match ဖြစ်တဲ့ ချဉ်ဆီ မရဘူးတဲ့"

"ယုံတောင်မယုံချင်ဘူး နုရယ်၊ စိတ်မကောင်းလိုက်တာ ကွယ်"

"ကိုယ်လည်း ရုတ်တရက် ဘာလုပ်ရမယ်တောင် မသိဘူး၊ ရင်ထဲမှာမွန်းကျပ်သွားတာ၊ လမင်းရဲ့အဖေကလည်း အစည်း အဝေး သွားတက်နေရတော့ ရင်ဖွင့်လိုက်စရာလူလည်း မရှိ၊ ဒါကြောင့် ခင်လေးဆီပဲ အပြေးလာချင်တော့တာ"

"ကိုယ်တို့ ဘာလုပ်ကြမလဲ နုနုရယ်"





"ဘာလုပ်လို့ရမှာလဲ ခင်လေး၊ မရှယ်လီက တသွင် နေ ကောင်းမကောင်းလေးသာ မသိမသာ တစ်ဖက်တစ်လမ်း ကြည့်ရှုစောင့်ရှောက်ပေးပါတဲ့၊ တသွင့်ကို လုံးဝသတင်း မမေးပါနဲ့၊ သိနေကြောင်း မပြသပါနဲ့တဲ့၊ တသွင် စိတ်မ ကောင်းဖြစ်လိမ့်မယ်တဲ့၊ တသွင်က မသိစေချင်တာကို တကယ်ဆို သူလည်း မပြောဘဲနေနိုင်ရင် ကောင်းမှာတဲ့၊ ဒါပေမဲ့ မနေ့ကတော့ တသွင်လေး နည်းနည်းမောတယ် နေမကောင်းဘူးဆိုတာ သူကြားတော့ စိတ်ပူပြီး ပြောမိတာ တဲ့၊ တသွင့်ကို သွေးကင်ဆာနဲ့ ပတ်သက်ပြီး လုံးဝသတင်း မမေးဖို့ မရှယ်လီက ပြောတယ်၊ ဒီကလူတွေ သိကုန်ရင် အထူးသဖြင့် ပဉ္စနဲ့ လမင်းတို့သိရင် တသွင် စိတ်ထိခိုက် လိမ့်မယ်၊ စိတ်အနှောင့်အယှက် ခံစားရလိမ့်မယ်တဲ့"

"မသိစေနဲ့ဆိုရင် ကိုယ်တို့ မသိသလိုလေးပဲ နေကြရုံပေါ့ နုနုရယ်၊ ဒါပေမဲ့ နုနု မမေးလိုက်ဘူးလားဟင်၊ တသွင့် အခြေအနေက ဘယ်လိုလဲ၊ အခု ဘယ်လိုကုနေတာမျိုးလဲ၊ ခ်ီမိုလည်း မသွင်းဘူးဆိုတော့ သက်သာရဲ့လား၊ ဘယ် လောက်ကြာကြာ ကုရမှာလဲ၊ ဘယ်တော့ ကောင်းလာမှာ လဲဟင်"

"ခ်ီမိုက တသွင့် ဆရာဝန်က တခြားနည်းတွေနဲ့ ကုသဖို့ အခြေအနေမပေးမှ စဉ်းစားမှာတဲ့၊ သူတို့ဆီမှာ ကင်ဆာ ဆိုတိုင်း ခ်ီမိုမသွင်းကြဘူးတဲ့၊ ခ်ီမိုပေးဖို့ လိုအပ်တယ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



မှတဲ့၊ အဓိက,ကတော့ Bone marrow ရဖို့၊ marrow transplant လုပ်နိုင်ရင်တော့ အများကြီးဆက်ပြီး အသက်ရှည်သွားနိုင်လိမ့်မယ်တဲ့၊ အဲသလိုမှမဟုတ်ရင် match ဖြစ်တဲ့ marrow မရရင်တော့ ..."

"မရရင် ... ? "

ပိုးနှင့်သက်စုက ဒေါ်ဝင်းဝင်းနုမျက်နှာကို မျက်လုံးဝိုင်းလေးတွေနှင့် စိတ်လှုပ်ရှားစွာ စိုက်ကြည့်နေမိကြပါသည်။

"မရရင်တော့ ခင်လေးရယ်၊ မျှော်လင့်ချက် မရှိဘူးပေါ့"

"ဟင် ... နုနုရယ်၊ အဲဒါတွေပြောရင်း မရှယ်လီ ငိုများနေသေးလားဟင်"

"ငိုတော့ မငိုတော့ပါဘူး ခင်လေးရယ်၊ သူတို့ သိခဲ့တာကြာပြီပဲ၊ တစ်နှစ်ကျော် ရှိသွားပြီတဲ့၊ သူတို့မိတ်ဆွေထဲက ကလေးတစ်ယောက်တောင် marrow transp!ant မလုပ်နိုင်လိုက်ပဲ ဆုံးသွားတယ်တဲ့၊ သူတို့လည်း ဒီလိုပဲ မျှော်လင့်ချက်နဲ့ စောင့်ဆိုင်းနေတယ်ပဲပေါ့၊ သိတာ ကုသနေတာကြာပြီဆိုတော့လည်း တသွင်သွင်ကအစ စိတ်ဖြေသိမ့်နိုင်တယ်တဲ့၊ တသွင်လေးက စိတ်ကြံ့ခိုင်ပါတယ်တဲ့၊ ပျော်ပျော်ရွှင်ရွှင်ပဲ နေတယ်တဲ့၊ ဒီနှစ်ထဲမှာတော့ သူ့အလုပ်က နားထားလိုက်ပြီတဲ့"

"မေမေ ... ချဉ်ဆီမရရင် တသွင်သွင်က သိပ်မကြာခင် ဟို ... ဟို ... သေတော့မယ့် သဘောလား"





"အဲဒီသဘောပဲပေါ့ သက်စုရယ်၊ မေမေလည်း စိတ်မကောင်းလွန်းလို့ စကားတောင် သိပ်မပြောနိုင်ဘူး၊ မရှယ်လီပြောသမျှပဲ နားထောင်နေလိုက်ရတယ်၊ မရှယ်လီကလည်း စိတ်မကောင်းသလို ပြောနေပေမယ့် ရင်ဆိုင်ဖို့ အင်အားမွေးထားတဲ့ အနေအထားပါပဲ၊ တသွင်က သူ့ကို သေလူလို ဆက်ဆံရင်လည်း လုံးဝမကြိုက်ဘူးတဲ့၊ သာမန်လူလိုပဲ ဆက်ဆံစေချင်တယ်၊ သူကိုယ်တိုင်လည်း ဒါကြီးကို တခုတ်တရ ခံစားမနေဘူးတဲ့ ...

ဒီနှစ်ထဲကျမှ နည်းနည်းလည်း ပိုချူချာ အားနည်းတာတွေ ခံစားလာရတော့ အလုပ်လည်း ထွက်ထားလိုက်တဲ့အပြင် မြန်မာပြည်ကို ခဏပြန်ချင်တယ်လို့ သူ ဆန္ဒဖြစ်လာတာတဲ့၊ အဓိက,ကတော့ လမင်းရယ်၊ ပဍ္ဍရယ်ကို သူ သိပ်တွေ့ချင်တယ်တဲ့"

သက်စုနှင့် ပိုးသည် ရင်ထဲနင့်ကာ ဝမ်းနည်းလာမိပါသည်။

"မြန်မာပြည်မှာ သူ အချစ်ဆုံးနှစ်ယောက်ဟာ ပဍ္ဍနဲ့ လမင်းပဲတဲ့၊ သူ ပြန်လာတွေ့ချင်တယ်ဆိုတာ နောင်တွေ့ရဖို့ မရှိတော့တဲ့သဘော နှုတ်ဆက်ချင်တာမျိုး ဖြစ်နိုင်တာပေါ့ ခင်လေးရယ်၊ ဒီကလေးသုံးယောက် သိပ်ချစ်ကြတာ ခင်လေးအသိပဲ မဟုတ်လား၊ ကိုယ့်ရင်ထဲ မချိလိုက်တာ"

www.burmeseclassic.com



ဒေါ်ဝင်းဝင်းနုသည် ပထမပိုင်းကတော့ ထိန်းထားနိုင်သော်လည်း ပြောရင်းက နောက်ဆုံးတော့ မျက်ရည်ကျလာသည်။ ဒေါ်ဝင်းဝင်းနု မျက်ရည်ကျသည်နှင့် ဒေါ်ခင်လေးတင်ပါ ရောကာ မျက်ရည်လည်လာပြီး နှုတ်ခမ်းသားကို ဖိကြိတ်လျက် မျက်နှာကြီး တစ်ဖက်လှည့်ကာ မနည်းစိတ်ထိန်းနေရပုံ ပေါ်ပါသည်။

"ပဥ္စနဲ့ လမင်းကို တသွင်က သိပ်ကိုချစ်တာ သမီးတို့ရဲ့ သူဗိုလ်ကျတာလည်း မှန်တယ်၊ ဒါပေမဲ့ အင်မတန် သံယောဇဉ်ကြီးရှာတာ၊ သူက ငယ်ငယ်က နိုင်စားလွန်းတော့လေ အန်တီကဆို လမင်းနဲ့ ကြိုက်သွားမှာတောင် ပူမိတာ ပိုးရဲ့၊ ခင်လေးလည်း ဒီလိုပဲနေမယ်၊ ကြိုက်သွားကြရင်တော့ သဘောတူရမယ့် သူပါကွယ်၊ ဒါပေမဲ့ မကြိုက်ဖြစ်ရင်တော့ ပိုသဘောကျတယ်လေ၊ တစ်သက်လုံး ငါ့သားကိုများ ခုလိုပဲ နိုင်စားသွားတော့မလားပေါ့၊ လမင်းကိုလည်း ကျိတ်ကျိတ်ပြီး ဟန့်မိ တားမိတယ်၊ တသွင်က ဗိုလ်ကျတာတော့ မှန်ပေမယ့် ဟိုကောင်တွေ မျက်နှာညိုရင် သူပဲ မနေနိုင်ရှာတာပါ၊ လိုက်ချော့တာ၊ သူတို့နှစ်ကောင် နေမကောင်းတွေ ဘာတွေ ဖြစ်ရင်လည်း သူ့မှာ အစ်မကြီး တစ်ယောက်လိုလေ ပြုစုလိုက်ရှာတာ ဆိုတာ"

"နုနုရယ် ... ပဥ္စကိုတော့ ကိုယ် အသိတောင်မပေးချင်ဘူး"





"နုလည်း ဒီလိုပဲ၊ လမင်းကို မပြောဘူးလို့ပဲ ဆုံးဖြတ်မိတယ်၊ ဒီကောင်တွေသိရင် မူမပျက်ပဲ နေမှာမှမဟုတ်တာ၊ အားလုံး သိကုန်ပြီဆိုတာ တသွင် သိရင် စိတ်မကောင်းဖြစ်လိမ့်မယ်"

"ဟုတ်တယ်၊ အဲဒါကို ပြောတာ၊ သူတို့ အတူတူပြန်တွေ့ရတုန်းလေး သုံးယောက်လုံး စိတ်ချမ်းသာ လက်ချမ်းသာ ရှိပါစေတော့ကွယ်၊ ရက်ပိုင်းပဲ ကျန်တော့တာလေ၊ ဒီရက်လေးထဲမှာ ခုလို ပျော်ပျော်ရွှင်ရွှင်လေး ဘာမှမသိဘဲ နေလိုက်ကြပါစေတော့နော်"

ပိုးသည် စိတ်ထဲ အတော်မကောင်း ဖြစ်လာကာ...

"မေမေ ... သမီး မနက်ကတောင် ပဥ္စကို ကဂျိကကျောင် လုပ်လိုက်မိပါသေးတယ်၊ ကိုယ်က နေမကောင်းတော့လေ ကိုယ်မပါဘဲ လျှောက်သွားလာနေကြမှာကို သဘောထားသေးမိတယ်၊ စကားနာတွေ ထိုးမိတယ်"

"ဟိုတလောက ငါ နေမကောင်းတော့လည်း အဲလိုပဲလုပ်မိတာပါပဲ ပိုးရယ်၊ သက်စုတို့ စိတ်ထဲမှာ တသွင် ပြန်ရောက်လာတာကို သူတို့ စိတ်တွေလှုပ်ရှားပျော်ရွှင်နေကြတာကိုပဲ မရှုစိမ့်နိုင် မခံစားနိုင် ဖြစ်နေမိတာ၊ သေချာစဉ်းစားကြည့်ရင် ခုလို သူ့ကျန်းမာရေးကိစ္စ မရှိဘူးပဲထား၊ သာမန်အခြေအနေပဲ ဆိုရင်တောင်မှ သူပြန်သွားရင် ပြီးသွားပြီပဲ၊ မကြာ မကြာ သွားလာကူးလူးနေနိုင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှ မဟုတ်တာ၊ သဘောထားကြီးကြီးလေး ထားပေးနိုင်သင့်တာပါလေ၊ လုံးဝသဘောထားကြီး မပေးမိခဲ့ဘူး လမင်းဆိုရင်လည်း ဒီတစ်လလုံး စိတ်တွေကျဉ်းကျပ်ရတာက ပျော်တာထက် ပိုနေမှာပါ၊ သူတို့အချင်းချင်း စိတ်ဖြောင့်လက်ဖြောင့် ပျော်ခွင့်မပေးမိခဲ့ဘူး၊ ခုတစ်ထိုင်တည်း တွေးမိရင်း စိတ်မကောင်းလိုက်တာ အရမ်းပဲ”

“ပဥ္စရော လမင်းရောက တသွင်လေးကို ချစ်ခဲ့ကြတာမှန်ပါတယ်၊ ဒါဟာလည်း တကယ်တော့ ငယ်သံယောဇဉ်တွေ ပိုပိုလာတာမျိုးက စတာပါ၊ ဒါပေမဲ့ သူတို့နှစ်ယောက်လုံးက ကိုယ်နှစ်သက်တဲ့ မိန်းကလေးနဲ့ ရှေ့ဆင့်နောက်ဆင့် လက်ထပ်ကုန်ကြတယ်၊ တသွင်သာ နှစ်ယောက်ထဲက ဘယ်သူမှန်းမသိတဲ့ သူချစ်တဲ့တစ်ယောက်ကို ဆုံးရှုံးလက်လွှတ်ခဲ့ရတယ်၊ အဝေးလည်း ရောက်သွားပြီး ခုထိ တစ်ကိုယ်တည်းနေနေရှာတာ၊ တသွင် ဒီကိုပြန်လာတာ လမင်းနဲ့ ပဥ္စကို တွေ့ချင်လွန်းလို့က အဓိကဆိုတာ သိရတော့ ရင်ထဲမှာ ဘယ်လိုမကောင်းမှန်းကို မပြောတတ်တော့ဘူး၊ သနားလိုက်တာ ဆိုတာထက်လည်း ဘာမှပိုမပြောတတ်၊ ဘာမှလဲ လုပ်ပေးလို့မရ၊ စိတ်တွေ မချမ်းသာလိုက်တာနော်”

“ဟုတ်တယ် ခင်လေး၊ တသွင်လေးက တကယ်ဆို ငယ်ငယ်က ကိုယ်တို့သမီးလေးတစ်ယောက်လိုပါ၊ သိပ်ချစ်ခဲ့





တာပါ၊ ဒါပေမဲ့လေ ကြီးလာတော့ သားနဲ့မရစေချင်တော့တဲ့အခါကျတော့ ကာဆီး ကာဆီး လုပ်ခဲ့မိတာတွေ တစ်ယောက်တည်း ကျိတ်ငြူစူမိတာလေးတွေ အခု ပြန်သတိရပြီး အရမ်းငိုချင်တာ”

ဒေါ်ဝင်းဝင်းနုရော ဒေါ်ခင်လေးတင်ပါ မျက်ရည်သုတ်နေကြပါပြီ။

“မေမေ … ပဥ္စကို တကယ်မပြောဘူးလားဟင်”

“မပြောဘူး၊ သမီးလည်း မပြောနဲ့ … မပြောနဲ့၊ သက်စုလည်း လမင်းကို မပြောနဲ့၊ သူတို့ ဒီရက်လေးပျော်ကြပါစေကွယ်”

“ဒီလိုကိစ္စမျိုးကြီးကို ပိုးတို့က သိသိနဲ့ ဖုံးထားတာကပဲ ပဥ္စတို့အတွက် ပိုပြီးနာကျင်စရာ ဖြစ်မလားလို့ပါ”

“သိတာက ပိုပြီးနာကျင်စရာဖြစ်မှာပါ သမီးရယ်၊ တသွင်က သူတို့နှစ်ယောက်ကို နောက်ဆုံး လာနှုတ်ဆက်တာဆိုတဲ့ သဘောမျိုးနဲ့ ဒီကိုလာခဲ့တာဆိုတာ ပဥ္စတို့ သိရင် ဘယ်လောက်ခံစားရမလဲ၊ သူတို့ခံစားရတာဟာ တသွင်ခံစားရတာနဲ့လည်း တူတူပဲ၊ ပဥ္စနဲ့ လမင်း ပျော်ပျော်ရွှင်ရွှင် ရှိနေတာ မြင်မှလည်း တသွင် ပျော်မှာပါ၊ ဒီမှာရှိတုန်း တသွင်လေး ပျော်ပါစေ၊ ပဥ္စနဲ့ လမင်းအဖို့လည်း နာကျင်ဖို့ရှိရင် အချိန်တန်မှသာ တစ်လုံးတစ်ခဲတည်း တစ်ကြိမ်သာ ခံစားပါစေတော့”



www.burmeseclassic.com

www.burmeseclassic.com



သက်စုနှင့် ပိုးတို့ တယောက်မျက်နှာကိုသာ တစ်ယောက် စိတ်မကောင်း လက်မကောင်း ငိုင်ကြည့်နေမိကြသည်။ ခေါင်းထဲမှာ အတွေးတွေကိုယ်စီ။ ဒီအတွေးတွေဟာလည်း အားလုံးနီးပါး ဆင်တူညီတူ ဖြစ်နေပါလိမ့်မည်။ တသွင်သွင် ရောက်လာခြင်းအပေါ် မလိုလားစိတ်ချင်းလည်း ထပ်တူဖြစ်ခဲ့ကာ ဒီမှာရှိနေချိန် တစ်ချိန်လုံးမှာ တစ်ဖက်သတ် အမြင်ကတ် ကြည့်မရကာ ပူလောင်နေခဲ့ကြတာချင်းလည်း ထပ်တူ။

မရှက်မကြောက် ဝန်ခံရရင်တော့ အချင်းချင်းမို့ ဆုံလိုက်ကြလျှင် ဘယ်လိုနည်းနဲ့မှ သူမအလှနှင့် တင့်တယ်မှုကို မမီနိုင်အောင် ကိုယ်တွေက အရောင်အဆင်း အသွင်အပြင် လျော့နေတာအပေါ်လည်း မိနစ်နဲ့အမျှ မနာလိုခဲ့တာ အမှန်ပါပေ။ ပုံမှန်ဆိုရင် မနာလိုဖြစ်မိမယ် မဟုတ်ပေမယ့် ခုတိုင် လှပတင့်တယ် နုပျိုချစ်စဖွယ် ဖြစ်နေတဲ့ ထိုမိန်းမဟာ ကိုယ့်ယောကျ်ားရဲ့ ငယ်အိပ်မက် ငယ်ချစ် ဖြစ်နေတဲ့အတွက်ကို မနာလိုနိုင်အောင် ဖြစ်ခဲ့ရခြင်းပေတည်း။

ခုတော့ ထိုမိန်းမလှကလေးဟာ သူ့အသက်ဆက်ဖို့ အစားထိုးစရာ ချဉ်ဆီသာ မရခဲ့ဘူးဆိုရင် ဒီကမ္ဘာလောကကြီးမှာ နောက်ထပ်ကြာကြာ မရှိနိုင်တော့တဲ့ မိန်းကလေးရယ်လို့ သိလိုက်ရသည့်အသိက သူတို့ရင်ထဲက သောကတွေ ဒေါသတွေ ပူလောင်မှုတွေကို ရုတ်တရက် တစ်စုံတစ်ရာ အပြောင်းအလဲ ဖြစ်စေလေပြီ။





(၁၆)

ပဥ္စက မယုံနိုင်အောင်တောင် ဖြစ်နေမိတာပါ။ အိမ်ပြန်ရောက်ကတည်းက အဖျားသွေးနည်းနည်းရှိနေတဲ့ မိန်းမကိုကြည့်ကာ ငါတော့ ဒီညနေ ဖွတ်လိုက်လို့ မကောင်းပါဘူးဆိုတာ တွေးမိပြီးသား။ ဘယ်လိုပဲ လမင်းကို မနာလိုလို ပိုးကို ဒီပုံစံနှင့်ထားပြီး လိုက်ဖို့တော့ မတွေးတော့ပါဘူးလေရယ်လို့သာ။ ခုလို အတင်းလွှတ်လိုက်မယ်မှန်း မထင်။ အိမ်ထဲထွက်တဲ့ နောက်ဆုံးခြေလှမ်းထိတောင် မယုံချင်သေး။ အရွဲ့တိုက်တာလားလို့။ တားပေါ်ရောက်မှ ကျောလုံသလိုဖြစ်ကာ ဇဝေဇဝါ မယုံနိုင်သလို ပြန်စဉ်းစား နေမိလေသည်။

"တသွင်သွင် ပြန်ဖို့က ရက်ပိုင်းပဲ ကျန်တော့တာလေ၊ ကို သွားလိုက်ပါ၊ ပိုးလည်း တော်ရုံအဖျားလောက်ဆို ဘာမှမစားနိုင်ပေမယ့်လည်း လိုက်ထိုင်ပါတယ်၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်ထိုင်ချင်တာ၊ အခုက ဗိုက်ပါနည်းနည်းအောင့် နေတော့ လှဲနေချင်လို့ပါ၊ သွားလိုက်နော် တစ်ယောက် တည်းပဲ"

"ပိုးကလည်းကွာ၊ ဖျားလည်းဖျား ဗိုက်လည်းအောင့်နေ တော့ ကိုယ်လည်း သွားမနေတော့ပါဘူး၊ ကိုယ်မရောက် လည်းပဲ ပွဲမပျက်ပါဘူး၊ လမင်းတို့လင်မယား သွားမှာပဲ ဟာ၊ ရပါတယ်"

"သွားလိုက်ပါလို့ ဆိုနေမှ၊ ကို အိမ်မှာရှိတော့ရော ဒီအဖျား ဒီဗိုက်အောင့်ကို ဘာလုပ်ပေးနိုင်တာမှတ်လို့၊ ပိုးကိုယ်တိုင် က ဆရာဝန်ပါ ကိုရာ၊ ကိုယ့်ဝေဒနာလောက်တော့ ကိုယ် သက်သာအောင် နေတတ်ပါတယ်၊ သွားတွေ့လိုက်ပါဆို နေမှ တသွင်သွင် ပြန်ဖို့က ရက်ပိုင်းပဲ လိုတော့တာလေ သူလည်း ဒီကျန်တဲ့ရက်အတွင်းတော့ လမင်းကိုရော ရှင်း ကိုရော တွေ့ချင်မှာပဲလေ"

ပဥ္စမှာ အီလည်လည်နှင့် ...

"မင်း ရှဲ့ပြောနေတာလား ပိုးရာ၊ ကိုယ်တစ်ရက်မရောက် လို့ ဘာမှမဖြစ်ပါဘူး၊ သက်စု ဗိုက်ပျက်နေတုန်းကဆို လမင်းနဲ့အော်ကြီးဟစ်ကျယ်တွေ ဖြစ်ကြသေးတာ၊ ဒါတောင် လမင်းက ဖွတ်သွားမယ်ပြောတာလည်း မဟုတ်ဘူး၊ သက်စု ကိုပါ လိုက်နိုင်တယ် မဟုတ်လား ဆိုတာလေး ပြောမိတာ





သက်စုက အော်ဟစ်ရောတဲ့၊ အဲဒီနေ့က တသွင်က အဲဒီ အိမ်ပဲ လိုက်သွားတော့မယ်ဆိုပြီး ကိုယ်တို့ပါ အတူလိုက် သွားကြတာလေ၊ အခု ပိုးက ဒီလိုပြောနေတော့ ခက်နေပြီ၊ ကိုယ်က မသွားတော့ဖို့ ဆုံးဖြတ်ပြီးသားပါ"

ပိုးရွှေလွှာက ပဥ္စရဲ့လက်ဖျားနှစ်ဖက်ကို ဆုပ်ကိုင် ကာ မျက်နှာချင်းဆိုင် မော့မော့လေး ကြည့်လိုက်သည်။

"ကို ... ပိုးရုပ်က အရွဲ့တိုက်နေတဲ့ ရိပြောနေတဲ့ရုပ် ဖြစ် နေလို့လား၊ သက်စုလည်း အဲဒီနေ့ကတော့ စိတ်အခန့် မသင့်လို့ နေပါလိမ့်မယ်၊ ကို အခုသွားပါ၊ သွားဖြစ်အောင် သွားရမယ်၊ ဒီကြားထဲ သူ မပြန်ခင်တော့ နေ့တိုင်းလိုလို တွေ့ဖြစ်အောင် စီစဉ်လိုက်ပါ၊ သူလည်းပဲ နောက်တစ် ခေါက် လာဖို့ဆိုတာ အို ... ဘယ်တော့မှန်း မမျှော်မှန်း နိုင်တာမျိုး မဟုတ်လား"

ပဥ္စက ပိုးရဲ့ပါးတစ်ဖက်ကို လိမ်ဆွဲလိုက်မိပါသေး သည်။

"မင်း ဘာတွေပြောင်းလဲသွားပါလိမ့် ပိုး၊ ဘယ်လိုစိတ်ကူး တွေများ ပေါက်လို့လဲ"

"သူ့ကို သဝန်တိုမိတာ အမှန်ပါပဲ၊ ကိုရော လမင်းရောက သိပ်ချစ်ခဲ့ကြတာ မဟုတ်လား၊ ဒါပေမဲ့ သဝန်တိုတယ် မနာလိုတယ် ဆိုတာလည်း အချိန်အခါ အခြေအနေရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ငှဲညှာစရာ အခြေအနေတစ်ရပ် ဖြစ်လာရင်တော့လည်း မျက်စိစုံမှိတ်ပြီး တခေါက်ကန်း တောတိုး သဝန်တိုနေနိုင်ပါတော့မလား"

"ငှဲညှာစရာ ဘာဖြစ်လို့လဲ အခုက"

"အမှန်အတိုင်း ပြောတာနော်၊ သူ ပြန်တော့မယ်ဆိုတော့ ရှင်တို့သုံးယောက်လုံးကို သနားမိလာတယ် ပဥ္စ၊ ရှင်တို့ ငယ်သူငယ်ချင်းသုံးယောက် ခုတစ်ကြိမ်က ပထမဆုံးပြန်တွေ့ကြတာဖြစ်ပြီး နောက်တစ်ကြိမ်က ဘယ်တော့လဲဆိုတာ မသိနိုင်တော့ဘူးလေ၊ ရှင်တို့သုံးယောက်ရဲ့သံယောဇဉ်ကို နားလည်ပါတယ် ပဥ္စရယ်၊ ဒီရက်တွေအတွင်း တသွင်သွင် စိတ်ချမ်းသာအောင် ကူညီပေးချင်သလို ရှင်တို့ လမင်းတို့ကိုလည်း ပျော်ရွှင်စေချင်ပါတယ်၊ အခု ကျန်တဲ့ရက်တွေမှာတော့ ရှင်တို့သုံးယောက် စိတ်ချမ်းချမ်းသာသာ တွေ့ဆုံပါ၊ တသွင့်ကိုလည်း ပျော်အောင်ထားပေးပါ"

ကားမောင်းလာရင်း ပြောခဲ့ ကြားခဲ့တဲ့ စကားတွေကို ပြန်တွေးလာမိကာ ကိုယ့်ဟာနဲ့ကိုယ် မယုံချင့်ယုံချင်ဖြစ်နေသော ပဥ္စသည် ကားကို ပါကင်လုပ်နေဆဲ နံဘေးကို လူတစ်ယောက် ကပ်လာတာမြင်သည်။ ကားစက်ကိုသတ်ပြီးမှ ကားထဲက ထွက်လိုက်ရင်း ...

"ဟော့ကောင် လမင်း ... သက်စုရော"

"လိုက်မလာဘူးကွ၊ သူ ခေါင်းနည်းနည်းအုံနေလို့တဲ့"





"ဟင် ... ဟိုတစ်နေ့ကတော့ သူ နေမကောင်းတာကောင်းဖွတ်ခေါ်ဖို့ ကြံစည်နေတယ်ဆိုပြီး မင်းကို ရန်လုပ်နေတာမဟုတ်လား၊ ဒီနေ့တော့ ဘယ်လိုလဲ၊ လွှတ်လိုက်တယ်ဟုတ်လား"

"အေး ... ငါလည်း အံ့အားသင့်နေတာ၊ ငါ့ကို ချိုချိုသာသာလေးလေးနက်နက်နဲ့ကို သွားလိုက်ဖို့ပြောတာ၊ ဖွတ်ကိုသွားနိုင်းတာ"

"နေဦးကွ၊ ဒီမိန်းကလေးနှစ်ယောက် ဘာတွေသဘောကောင်း ထူးခြားနေတာလဲ၊ အံ့သြစရာပဲ"

"တသွင် ပြန်ရက်ကပ်လာတော့ ကျန်တဲ့ရက်လေးအတွင်း ပျော်ပျော်ရွှင်ရွှင် နေကြပါလို့ ပြောတယ်၊ ဟန်လုပ်ပြောတာ မဟုတ်ဘူးနော်၊ တကယ့်ကို လိုလိုလားလားပြောတာ၊ တသွင်လည်း ပြန်ခါနီး စိတ်ချမ်းသာပါစေတဲ့၊ ဂရုစိုက်ပါတဲ့"

"မယုံနိုင်သလိုတောင် ဖြစ်နေတယ်"

"တစ်ခုတော့ ရှိတယ်၊ ငါ့အမေရော မင်းအမေရော သူတို့နှစ်ယောက်ရော ဆုံဖြစ်ကြတယ်၊ စကားတွေ ပြောကြတယ်၊ ငါတို့အမေတွေဆီကနေ ငါတို့သုံးယောက်ရဲ့သံယောဇဉ်ကို သေသေချာချာ သိရတယ်တဲ့၊ တကယ်တော့ တသွင်သွင်က သနားဖို့ကောင်းတယ်ဆိုပြီး ငါ့ကိုလည်း ဒီရက်တွေအတွင်း တသွင်နဲ့ ဘယ်သွားသွား ဘာလုပ်လုပ် ဘာပြဿနာမှရှာမှာမဟုတ်ဘူးဆိုတာ စိတ်ချပါတဲ့၊ စိတ်ရင်းအတိုင်းပြော



www.burmeseclassic.com

www.burmeseclassic.com



တာမို့ နောက်ဆံမတင်းပဲ ဘာမှမတွေးပဲ ပျော်ပျော်နေပါ တဲ့”

“ကဲပါကွာ၊ ရက်တွေကြာလာတော့ သူတို့လည်း နားလည်လာတယ် နေပါလိမ့်မယ်၊ မေမေတို့ကလည်း ရှင်းပြတာ နားချတာ ပါပါလိမ့်မယ်”

“အေး ... အဲသလိုပဲ ဖြစ်မှာပေါ့”

သူတို့နှစ်ယောက်သား ဟိုတယ်လော်ဘီမှာ ဆင်းစောင့်နေမည့် တသွင်သွင့်ထံ ဝင်လာခဲ့ကြပါသည်။

○ ❦ ○

“ငါတို့ ဒီည တခြားမသွားဘဲ ဟိုတယ်မှာပဲ ညစာစားလိုက်ပြီး ဘုရားသွားရအောင်၊ ရောက်ကာစရက်က ရွှေတိဂုံဘုရားကို မနက်စောစော တက်ပြီးပြီလေ၊ ဒီတစ်ခါ ညဘက်သွားရအောင်၊ အတော်အေးချမ်းမှာဟ ... နော်”

“အေး ... ညဘက် ဘုရားတက်ရတာ ကောင်းတယ်”

သူတို့ ညစာစားပြီးလျှင် ရွှေတိဂုံဘုရားကို ရောက်ခဲ့ကြသည်။ လမင်းရဲ့ ဗုဒ္ဓဟူးထောင့်မှာရှိခိုး၊ ပဋ္ဌရဲ့ကြာသပတေးထောင့်မှာ ရှိခိုးကန်တော့ပြီးလျှင် တသွင်သွင်ရဲ့ စနေထောင့်မှာတော့ တသွင်သွင်က ဘုရားရှိခိုး ပုတီးစိပ်နှင့် အနည်းငယ်ကြာတာမို့ သူတို့နှစ်ယောက်သား နောက်နားမှာ ထိုင်စောင့်နေကြပါသည်။





တသွင်သွင် ပုတီးစိပ်နေဆဲ တသွင်သွင့်ဖုန်းလေးက မြည်လာသည်။

“ဟော့ကောင် ကိုင်လိုက်ပါ၊ ဘယ်ကလဲ မသိဘူး”

“အေး ... အိုဗာဆီးကောလ် ဖြစ်နေဦးမယ်၊ ကိုင်လိုက်မယ်”

“ဟယ်လို”

“သြော် ... ဟယ်လို ကိုလမင်းလား၊ ကိုပဋ္ဌလား ခင်ဗျ၊ ကျွန်တော် ကျော်မိုးသည်းပါ”

“သြော် ကိုကျော်မိုးသည်း၊ ကျွန်တော် လမင်းဆွေပါ၊ တသွင် ပုတီးစိပ်နေလို့”

“ဘုရားရောက်နေကြတာ ထင်တယ်”

“ဟုတ်တယ်ဗျ၊ ရွှေတိဂုံဘုရား ရောက်နေတာပါ”

“သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကိုလမင်းတို့ ကိုပဋ္ဌတို့ပါရင် စိတ်မပူတော့ဘူး၊ ကျွန်တော်လည်း ဒီလူစုနဲ့ပဲ ရှိမယ် ထင်တာပါ”

“ဘာဖြစ်လို့လဲ ကိုကျော်မိုးသည်း”

“ဘာမှမဖြစ်ပါဘူး၊ တစ်နေ့က တသွင် နည်းနည်းနေမကောင်းလို့ပါ၊ နေကောင်းသွားပြီလား သက်သာသွားပြီလားလို့ ဆက်ကြည့်တာပါ”

“ဟုတ်လား ... တစ်နေ့ကရော မနေ့ကရော ကျွန်တော်တို့ မတွေ့ဖြစ်ကြဘူးဗျာ၊ တသွင်က ကိုကျော်မိုးသည်းနဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ရှိတယ်ဆိုလို့ မတွေ့ဖြစ်တော့တာ၊ တသွင် နေမကောင်းတာတောင် မသိလိုက်ဘူး၊ ဘာဖြစ်လို့လဲ၊ သူဖျားတာလား၊ ဒီမှာ နေပူနည်းနည်းမိတယ် ဆိုတော့ အတွေ ဘာတွေ ရှပ်နိုင်တာလေ၊ အခုတွေ့တော့လည်း ဘာမှတော့ မပြောဘူး၊ တသွင်က လန်းလန်းဆန်းဆန်းပါပဲ"

"သူက အမြဲတော့ လန်းလန်းဆန်းဆန်းပါပဲ ကိုလမင်းဆွေ နေမကောင်းတာလည်း ဒီရောက်မှ သွားတာလာတာ စားတာသောက်တာလေးတွေ နည်းနည်းများလို့ ပင်ပန်းတဲ့ သဘောမျိုးပါပဲ၊ တစ်နေ့ညကတော့ သူ နည်းနည်းမောလို့ ဟိုတယ်ကိုပဲ ဆရာဝန်ခေါ်ကြည့်ခိုင်းရတယ်လေ၊ ဒါကြောင့် မနေ့က တစ်ရက်တော့ ကျွန်တော်က အနားယူခိုင်းထားလိုက်ရတာပါ"

"ဟုတ်လား ... ဆရာဝန်တောင် ခေါ်ရတာလား"

"ဟုတ်ကဲ့ ... ပြန်မယ့်ရက်ကလည်း နီးလာပြီဆိုတော့ သူက ခင်ဗျားတို့နဲ့ နေ့တိုင်းလိုလို ဆုံချင်တာ၊ ဒါပေါ့ဗျာ ငယ်သူငယ်ချင်းတွေ ခုမှ ပြန်ဆုံရတာဆိုတော့ နားလည်ပါတယ်၊ သူ ပင်ပန်းတာ တစ်ခုပါပဲ ကျွန်တော်ကစိုးရိမ်တာ၊ ကိုလမင်းဆွေတို့ ရှိနေရင် အိုကေပါ၊ တစ်ခုခု ကျွန်တော့်ဆီ ဆက်နော်၊ အချိန်မရွေးပါ၊ ဒါပါပဲခင်ဗျာ"

လမင်းဆွေက ဖုန်းကိုပိတ်ရင်း ...





"ဒီဘဲကလည်း တသွင့်ကို ဗျာယာကို ခတ်နေတာပဲ"

"ခတ်ပါစေကွ၊ တသွင့်နားမှာ သူ့ကို သိပ်ဂရုစိုက်တဲ့လူ တစ်ယောက်ရှိတာ ကောင်းတာပဲ မဟုတ်လားကွာ"

"တသွင်ကသာ သူ့ပြန်မကြိုက်ဘူး ပြောနေတာ၊ သူကတော့ ချစ်သူတွေလိုကို ဂရုစိုက်တာ၊ ငါတို့နဲ့ ဆုံတာတွေ့တာကျတော့လည်း မစွက်ဖက်ဘူး၊ အေးဆေးပဲ"

"ဘိုစတိုင်ပေါ့ကွာ၊ တသွင် နေမကောင်းလို့တဲ့လား"

"ဟိုတစ်ညက ဆရာဝန်ခေါ်ရတယ် မောလို့တဲ့၊ နှလုံးတွေ ဘာတွေ ကောင်းရဲ့လား မသိဘူး၊ ဒါကြောင့် သူကမနေ့ကပါ နားခိုင်းထားတာတဲ့၊ တသွင်ကလည်း နေမကောင်းလို့လို့ မပြောဘူး၊ ကျော်မိုးသည်းနဲ့ ကိစ္စရှိလို့ပဲ ပြောတယ်နော်"

"နေမကောင်းဘူးပြောရင် ငါတို့လာနေကြမှာ အားနာလို့ နေမှာပေါ့"

"တစ်ခုခုဆို အချိန်မရွေး သူ့ဆီဆက်တဲ့ ပြောသွားတယ်၊ ဘာတစ်ခုခုလဲ၊ တသွင့် ကြည့်ရတာ လန်းဆန်းကြည်လင်နေတာပဲဟာ နေကောင်းနေပါပြီ မဟုတ်ဘူးလား"

"သူ စိတ်ပူလို့ နေမှာပေါ့ကွာ"

ပုတီးစိပ်တာ ပြီးဆုံးသွားသော တသွင်က ဦးချကာ သူတို့နှစ်ယောက်ဘက် လှည့်ထိုင်လိုက်ပါသည်။

"ဟဲ့ ... နင်တို့နှစ်ယောက် ဘုရားရှိခိုးတာကလည်း မြန်လိုက်တာ၊ တကယ့်ကို ပုဆိန်ပေါက် ဦးချတာမျိုး၊ ရ...



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ အကုန်ရှုတ်တာ မဟုတ်ဘူး၊ ပုတီးရော မစိပ်ဘူးလား"

"စိတ်ပုတီးမှ မပျံ့တာ"

"ရှိရောရှိလို့လား၊ အိမ်မှာရော စိပ်လို့လား"

"အဟဲ"

"ဟီး ဟီး"

ပဥ္စနှင့် လမင်းဆွေက သွားအဖြဲသားလေးတွေ ရယ်မိကြသည်။

"တွေ့လား … စိပ်ပုတီးတောင် ရှိကြပုံ မပေါ်ပါဘူး"

"ပုတီးစိပ်ဖို့ ငါတို့ ငယ်ပါသေးတယ်ဟာ"

"ဟဲ့ … ပုတီးစိပ်တာ ကြီးတယ် ငယ်တယ် အရွယ်ရောက်တယ် ရှိလို့လား မောင်တော်ရဲ့၊ တကတဲမှ"

"မဟုတ်ဘူးလေ၊ ငါတို့အရွယ်က ဥစ္စာရှာရမယ့် အရွယ်လေဟာ၊ တရားရှာဖို့ကတော့ တတိယအရွယ်လောက်မှ ထားလိုက်ပါ … ဟဲ ဟဲ"

"တတိယအရွယ် မရောက်ခင် နင် သေသွားတော့ရော မောင်ကြီး"

"ဟာ … ဖွ … ဖွ၊ နင်ကလေ ပါးစပ်ပုပ်ကြီးနဲ့ မဦးမချွတ်"

"သေစကား ပြောတာနဲ့ပဲ ပါးစပ်ပုပ် ဖြစ်ရောလား၊ သေမှာကို အပြောမခံနိုင်လောက်အောင် နင် ကြောက်တယ် ဟုတ်လား"





"သေမှာကြောက်တယ်တော့ ဘယ်ဟုတ်မလဲဟ၊ အချိန်မတန်ခင်တော့ သေစကား မကြားချင်ဘူးပေါ့"

"ကဲ … ဒါဖြင့် ငါ့ကိုပြောပါဦး၊ သေဖို့အချိန်တန်တယ်ဆိုတာ ဘယ်အရွယ်ကို ခေါ်တာလဲ မောင်ကြီး၊ ဟင် … မောင်တော်လည်း ဖြေပါဦး ငါ့ကို၊ ဘယ်အရွယ်လောက်က အချိန်တန်တာလဲ၊ ရှစ်ဆယ်လား … ခုနစ်ဆယ်လား … ခြောက်ဆယ်လား၊ အဲဒီမတိုင်ခင် ဘယ်သူမှ မသေကြဘူးလား"

"အာ … တသွင်ကတော့ သေတဲ့ထဲကကို မထွက်တော့ဘူး၊ စကားနိုင်လုပြီ"

"ငါစကားနိုင်လုနေတာ မဟုတ်ဘူး မောင်တော်ရဲ့၊ တရားမသိသေးတဲ့ နင်တို့ကို ဆုံးမနေတာ နားလည်လား"

"နိုင်ငံခြားပြန်ကြီးက တရားအရမ်းသိနေတာပေါ့"

"ဟင် … ကဲ … ကဲ၊ တရားရှိတာ မရှိတာ သိတာမသိတာနဲ့ နိုင်ငံခြားပြန်တာ မြန်မာပြည်နေတာနဲ့ ဘာဆိုင်လဲ အီးဒီးယက်လေးရဲ့"

တသွင်က လက်မြန်မြန်နှင့် လမင်းဆွေရဲ့နားသယ်ဆံပင်စကို ဆတ်ခနဲ ဆွဲလိုက်၍ လမင်းဆွေက ရှုံ့မဲ့သွားပါသည်။

"နင်နော် … ငါ့ကိုဆို လုပ်ပြီ၊ နင့်မောင်ကြီးကျ မလုပ်ဘူး"

"မောင်ကြီးက လုပ်လောက်အောင် အီးဒီးယက်စကား မပြောသေးလို့ပေါ့၊ နင်မကြားဖူးဘူးလား မောင်တော်၊ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီ ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ဟာ"

"အေး ... မှတ်ထားဖို့က အချိန်မရွေး လူဆိုတာ သေတတ်တယ်၊ ကျန်းမာရေး ဒေါင်ဒေါင်မြည်နေလည်း အက်ဆီးဒင့်နဲ့သေနိုင်တာပဲ၊ မွေးရာပါရောဂါ ပါလာပြီး ကျောင်းမနေမှသေးခင် သေရတဲ့ကလေးလည်း ရှိတာပဲ၊ ရောဂါဆိုတာ ဝေဒနာဆိုတာလည်း အသက်အရွယ်ကိုကြည့်ပြီးမှ စွဲကပ်တာမဟုတ်ဘူး၊ သေခြင်းတရားဆိုတာ ကိုယ်က မျှော်လင့်လင့် မလင့်လင့်၊ ကိုယ်က လက်ခံချင်ချင် မခံချင်ချင်၊ အချိန်မရွေး ဖြုတ်ခနဲ ရောက်လာတတ်တယ်၊ မနက်ဖြန်ဆိုတာတောင် အစိုးရတာ မဟုတ်ဘူး၊ ကိုယ်ပိုင်တာမဟုတ်ဘူး၊ နောက်တစ်နာရီကိုတောင် ကံသေကံမ မပြောနိုင်ဘူး၊ နင်တို့ ဘာပဲဖြစ်ဖြစ် လူကြီးပိုင်းထဲ ဝင်လာပြီ၊ တရားမွေလေး ဘာလေး လိုက်စားပါ၊ နင်တို့နောက်ကိုပါမယ့် ကုသိုလ်ကို မွေးမြူပါတော့"

"ဟား ... ပုတီးစိပ်ရာကလှည့်ပြီး ဒီလိုစကားတွေ ပြောနေတော့ ကြက်သီးတောင် ထ,လာပြီ၊ နင် တရားတွေ ဘာတွေ ပေါက်သွားတာတော့ မဟုတ်ပါဘူးနော်"

"ကဲ ... နင်လည်း အလုပ်ခံချင်လို့ ပြောနေတာ မဟုတ်လား မောင်ကြီး ... ကဲ"

ပဥ္စက နားထင်ကို ပွတ်ရင်း ...

"အား ... နင် ဘုရားပေါ်မှာနော် တသွင်မ၊ လူမြင်ကွင်း





နော်၊ ယောကျ်ားလေးနှစ်ယောက်ကို တစ်ယောက်ပြီးတစ်ယောက် နားသယ်စ ဆွဲနေတာ ဒီမိန်းမ ဘယ်လိုဟာလဲ လူတွေ ထင်ကုန်တော့မယ်"

"ထင်ပစေ၊ ငါ အကောင်းပြောနေတာ၊ နင်တို့နှစ်ယောက် မကြာခင် တစ်နေ့နေ့တော့ သြော် ... တသွင်ပြောတဲ့စကားတွေ အမှန်တွေပါလားလို့ သိလာလိမ့်မယ်၊ အံ့အားသင့်လိမ့်မယ်၊ ယူကျုံးမရ ဖြစ်ကြလိမ့်မယ်၊ ဒီနေ့ကစပြီး ဘုရားမှန်မှန်ရှိခိုး၊ ဝိပဿနာလေးလုပ်၊ ငါးပါးသီလလုံအောင်ထိန်း၊ မိဘကျေးဇူးလည်း သေချာဆပ်၊ မိသားစုကိုလည်းစောင့်ရှောက်၊ လူဖြစ်ကျိုးနပ်အောင်နေ၊ ကောင်းကောင်း လူလုပ်ကြ"

"အာ ... တသွင်ကလည်းဟာ၊ ဘာတွေဆရာလုပ်နေမှန်း မသိဘူး၊ နင် ခုတလော တရားစာအုပ် တစ်အုပ်နှစ်အုပ် ဖတ်မိပြီး သဘောကျနေတာ ထင်တယ်၊ ကိုယ်သိထားတာတွေ ပြန်ရွတ်ပြီး ဆရာလုပ်ချင်စိတ် ပေါက်နေတာလား"

"နင်တို့ သိပ်လျှာရှည်တာပဲ၊ ငါ့ကို ကတိပေးကြစမ်း၊ ဘုရား တရား လုပ်ပါ့မယ်လို့၊ ကုသိုလ်ရေးလည်း လုပ်ပါ့မယ်လို့"

ပဥ္စနှင့် လမင်းဆွေက တစ်ယောက်မျက်နှာ တစ်ယောက် အီလည်လည်ကြည့်မိပြီး ...

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကတိပေးပါတယ်လို့ ပြော"

"အေးပါဟာ၊ ကတိပေးပါတယ်ဟာ"

တသွင်သွင်က မျက်လုံးလေး ရွှန်းစိုတောက်ပအောင် ပြုံးလိုက်ပါသည်။

"အေး ... လိမ္မာတယ်၊ အဲဒါကြောင့် နင်တို့နှစ်ယောက်ကို ငါက ချစ်တာ၊ နင်တို့ကို တွေ့ချင်တဲ့စိတ်လေးသက်သက်နဲ့ ငါ အပင်ပန်းခံလာရကျိုး နပ်ပစေ၊ နင်တို့ ဘုရားရှိခိုးတိုင်းလည်း ငါ့ကိုသတိရ၊ ငါ့အတွက် ဆုတောင်းပေး"

ပဥ္စရော လမင်းဆွေပါ မျက်မှောင်တွန့်ကာ ရှုံ့ကာ တသွင့်ကို ဇဝေဇဝါ စိုက်ကြည့်မိကြသည်။ မျက်လုံးရီရီတောက်တောက်ကလေးတွေနှင့် ပြုံးနေသည့် တသွင့် မျက်နှာလေးက နူးညံ့စင်ကြယ်နေပါသည်။

"နင့်ကို ဘာဆုတောင်းပေးရမှာလဲ"

"အေးလေ ... နင်က ဘာဆုတွေကို လိုချင်လို့လဲ"

တသွင်က တစ်ခဏ ငြိမ်သက်နေပါသည်။ အပြုံးကလေးတော့ မပျက်စေကာ သက်ပြင်းလေးသာ ကျိတ်ရှိုက်ချလိုက်ရင်း ...

"ငါ ကျန်းမာပါစေ ချမ်းသာပါစေ အောင်မြင်ပါစေ ထီပေါက်ပါစေပေါ့ဟ ..."

○ ❦ ○





(၁၇)

နေကမဝင်ခင့်ဝင်ခင် အလင်းရောင်ဖျော့စအချိန်။ အင်းလျားကန်စောင်းဟာ လတ်ဆတ်သောလေအသွေးကြားမှာ သာယာနေပါသည်။ အဲဒီသာယာမှုကို လာရောက်ခံစားကြသော လူတွေကလည်း အများသား။ စုံတွဲတွေ၊ သူငယ်ချင်းအုပ်စုတွေ၊ မိသားစုတွေ၊ တစ်ကိုယ်တည်းသမားတွေ စုံလှသည်။

အဲဒီလူစုစုံတွေကြားထဲမှာ တစ်နေရာရှိနေတာက အရွယ်လတ် အမျိုးသမီးသုံးယောက်။ ပိုးမြေလွှာ၊ သက်စုထွေးနှင့် တသွင်သွင်ပါ။ ခုံတန်းကလေးတစ်ခုကို ကံကောင်းထောက်မစွာ ရထားလိုက်၍ သုံးယောက်သား ခုံတန်းကလေးမှာ အတူထိုင်ဖြစ်ကြသည်။

"အင်းလျားက အမြဲသာယာတယ်နော်၊ ဘာမှမထူးဆန်းပဲ လှနေတာပဲ၊ အမြဲလည်း ရင်ကိုနွေးထွေးစေတယ်"

တသွင်သွင်က တွေးတွေး ငေးငေး ဆွေးဆွေးလေး ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်တုန်းက တစ်ခုသော ညနေခင်းမှာတော့ အင်းလျားကို မလှဘူးလို့ မထင်ခဲ့မိဘူးလားဟင်"

"အဟင်း ဟင်း … မထင်ပါဘူး ပိုးရယ်၊ အဖြစ်အပျက်တွေ ဘယ်လိုရှိရှိ အင်းလျားက လှမြဲလှပါတယ်၊ သာမြဲသာယာပါတယ်"

"တသွင်သွင် အင်းလျားမရောက်ဖြစ်သေးဘူးဆိုပြီး ဒီကိုခေါ်လာတာပါ၊ ပြီးတော့ အမှတ်တရ အဖြစ်အပျက်လည်း ပိုးတို့ကြားမှာ ရှိခဲ့လို့လေ၊ အဲဒီတုန်းက တသွင်သွင့်ဆီဖုန်းဆက်ချိန်းတော့ တသွင်သွင်က အင်းလျားကိုလာခဲ့ဖို့ချိန်းတာလေ"

"အဟင်း"

တသွင်သွင်က အပြုံးလေးနှင့် ပိုးရဲ့လက်ဖျားလေးတစ်ဖက်ကို တစ်ချက်ဆုပ်ညှစ်လိုက်သည်။

"အဲဒီတုန်းက သက်စုတို့နှစ်ယောက်ကို တသွင်သွင် ချိန်းခဲ့တာ တစ်ရက်တည်းပဲလားဟင်"

"အဟင်း … သိပ်သေချာတာပေါ့ သက်စုရယ်၊ ကျွန်မကိုပြောစရာရှိလို့ တွေ့ချင်တယ်လို့ အရင်ဖုန်းဆက်တာ သက်စုပါ။ အဲဒီတော့ ကျွန်မက မသွားခင် သုံးရက်မြောက်နေ့မှာ ဒီကိုချိန်းလိုက်တယ်၊ နောက်နေ့ကျတော့ အဲဒီအတိုင်း ပိုးက ဆက်ပြန်ရော၊ အဲဒီတော့ ကျွန်မက သက်စုကိုချိန်းတဲ့အချိန်နဲ့ တစ်နာရီခွဲခွာပြီး ပိုးကိုချိန်းလိုက်တာပါ၊ တစ်ရက်တည်းပါပဲ"





"အဟင်းဟင်း … တော်တော်ရယ်ရတယ်နော်၊ သက်စုတို့ တော်တော်ဆိုးတာနော်၊ အခု အသိဉာဏ်နဲ့ ပြန်တွေးတော့ တော်တော်အရှက်မရှိရာ ကျတာပဲ၊ မလုပ်သင့်ဘူးပေါ့၊ အဲဒီတုန်းကတော့ အရမ်းမွှန်နေတာ၊ တသွင်သွင်က လေဆိပ်ဆင်းမယ့် အချိန်ကျမှ အဖြေပေးခဲ့မယ် ဆိုတာကိုသိရကတည်းက ပူလောင်နေခဲ့တယ်၊ အဲဒီတုန်းကအတွက် အခု တောင်းပန်ပါတယ် တသွင်သွင်"

"ဟုတ်တယ် … ပိုးလည်း တောင်းပန်ပါတယ် တသွင်သွင်၊ တကယ်တော့ မိန်းကလေးချင်း ဒီလိုပိုင်စိုးပိုင်နင်း တားမြစ်မိတာ အတော်ဦးနှောက်မရှိတဲ့ ကိစ္စပါ၊ တကယ်ကာယကံရှင်က ယောကျ်ားလေးတွေလေ၊ သူတို့ရွေးတာရယ် တုံ့ပြန်တာရယ် အပြန်အလှန်ညီမှသာ Relationship တစ်ခုဖြစ်လာနိုင်တာပါ၊ ပိုးတို့က ဇွတ်တရွတ် ဆန်လွန်းခဲ့တယ်၊ အဓမ္မဆန်လွန်းခဲ့တယ်၊ ငယ်သေးတဲ့အတွက် သေချာမဆင်ခြင်နိုင်သေးတဲ့ လုပ်ရပ်ပါ၊ တောင်းပန်ပါတယ် တသွင်သွင်"

"အို … မလိုတာ၊ မဟုတ်တာ"

တသွင်သွင်က ထုံးစံအတိုင်း ချစ်စဖွယ်လေး ပြုံးနေသည်။

"အမှန်အတိုင်း ပြောရရင် အဲဒီတုန်းက ကျွန်မကလည်း ဖြူစင်လွန်းအားကြီးလို့ အလျှော့ပေး လက်သင့်ခံခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မက မောင်ကြီးနဲ့ မောင်တော်နဲ့ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်ရင် အတွက်ကြီးပါတယ်၊ သိုးကလေး ယုန်ဖြူကလေး မဟုတ်ခဲ့ပါဘူး"

"ဘာဖြစ်လို့ ပိုးတို့စကား နားထောင်ပြီး တစ်ယောက်ကို ရွေးအဖြေမပေးခဲ့တာလဲဟင် တသွင်သွင်"

"အန်တီနုတို့ အန်တီခင်လေးတို့ အတွင်းသဘောထားကို ရိပ်မိတာလည်း ပါပါတယ်၊ အန်တီနုရော အန်တီခင်လေးရော ကျွန်မကို အရမ်းချစ်တာ ယုံပါတယ်၊ ဒါပေမဲ့ မောင်ကြီးနဲ့ မောင်တော်က ကျွန်မ ဗိုလ်ကျသလောက်ခံရ လွန်းတော့ သူတို့ဆန္ဒနဲ့ သူတို့ပဲ မနေနိုင်အောင် ဖြစ်နေခဲ့ ကြတော့ ဖြစ်သွားရင် တားကြမှာ မဟုတ်ပေမယ့် ဒီထက် စိတ်သဘောနူးညံ့တဲ့ အညံ့ခံတဲ့ အလျှော့ပေးတဲ့ ချွေးမမျိုး လေးများရရင် ပိုလိုချင်တဲ့သဘောထား ရှိတာလည်း ကျွန်မ သိပါတယ်၊ အမှန်ပြောရရင် ကျွန်မစိတ်ထဲ ဒါကို နည်း နည်းလည်း ဖုတုတုတော့ ရှိတာပေါ့နော်၊ ဒါပေမဲ့ အခါက ကလေ ပိုးတို့ သက်စုတို့စကား နားထောင်ပေးတာမဟုတ် ပါဘူး၊ ကျွန်မ ဘဝင်မြင့်ခဲ့တာ"

"ဘယ်လို ဘဝင်မြင့်တာလဲဟင်"

"တကယ်တော့ ဒါကို ကျွန်မဆီ လာတောင်းဆိုစရာလား ပေါ့နော်၊ မောင်ကြီးနဲ့ မောင်တော်ကို သူတို့ပိုင်တာလည်း မဟုတ်ပဲနဲ့ပေါ့၊ ကျွန်မ အဲလိုပဲ တွေးခဲ့တယ်လေ၊ ပိုးနဲ့ ရော သက်စုနဲ့ရောလည်း ကျွန်မက ရင်းနှီးတာမှမဟုတ်





တာ၊ အဲဒီစကားကို နားခံစရာလည်း မလိုပါဘူးလို့အတွေး ရှိပြီးသားပါ"

တသွင်သွင်က သက်ပြင်းလေးတစ်ချက် ချလိုက်ပါသည်။

"အမှန်အတိုင်း ပြောမယ်နော်၊ မရှက်တော့ပါဘူး၊ ဒီတစ်ခေါက် မြန်မာပြည် အလည်လာချိန်မှာ ကျွန်မ အတတ်နိုင်ဆုံး အဖြူစင်ဆုံး အဖြောင့်ရှင်းဆုံး နေသွားမယ်လို့ တွေးပြီးလာခဲ့တာ၊ စကားတွေ အကုန်ပြောပါ့မယ်၊ ကျွန်မ ဘဝင်မြင့်မိတယ်၊ ကျွန်မ ဖြေဖြေမဖြေဖြေ သူတို့ကို ရှင်တို့နှစ်ယောက် မရပါဘူးလို့ ယုံကြည်ခဲ့တာပါ၊ ကျွန်မ တစ်ယောက်ယောက်ကို ရွေးမပေးသရွေ့ အဖြေမပေးသရွေ့ သူတို့ တခြားကို မရွေးချယ်သွားပါဘူးလို့ ယုံခဲ့တာ ...

ရှင်တို့ကို သက်သေပြမယ်ပေါ့နော်၊ ကဲ ... ကျွန်မ ရှင်တို့ဆန္ဒအတိုင်း အဖြေမပေးခဲ့ပါဘူး၊ ဒါပေမဲ့ ရှင်တို့ သူတို့ကို မရပါဘူး ... လို့ ပြချင်တာမျိုးလေ၊ ဟင်း ဟင်း ရယ်ရတယ်နော်၊ အဲဒီတုန်းကတော့ တွေးမိတိုင်း ရှက်တာ ဝမ်းနည်းတာ၊ ဒါကြောင့်လည်း ကျွန်မ ဒီကိုအကြာကြီး ပြန်မလာပဲ နေခဲ့တာပါ။ အခုတော့ ရှက်လည်းမရှက်တော့ ပါဘူး၊ ဝမ်းလည်းမနည်းတော့ပါဘူး၊ ဒီကိုရောက်တော့ ရှင်တို့မိသားစုဘဝနှစ်ခု ပြည့်ပြည့်စုံစုံ သာသာယာယာတွေ နဲ့ ရှင်တို့နှစ်ယောက် မောင်တော်နဲ့ မောင်ကြီးကို ခုချိ



www.burmeseclassic.com

www.burmeseclassic.com



သည်းတုန်အူတုန် ချစ်နေကြတာတွေ့တော့ ကျွန်မ အရှင်းဝမ်းသာပါတယ်၊ ကျွန်မသူငယ်ချင်းနှစ်ယောက်အတွက် ဇနီးကောင်းတွေ ဖြစ်ခဲ့ပေးတာအတွက် ကျေးဇူးလည်း သိပ်တင်မိပါတယ်"

"ဒါပေမဲ့ တကယ်တော့ သူတို့ထဲက တစ်ယောက်ကို တသွင်သွင့် ရင်ထဲက ရွေးထားပြီးပြီလေ၊ တသွင်သွင် အဲဒီတုန်းက ခေါင်းညိတ်အဖြေပေးခဲ့ရင် ပိုးဖြစ်စေ သက်စု ဖြစ်စေဟာ မလွဲမသွေ ကျွန်ရစ်ဖြစ်ရမှာပါ၊ အဲဒါကို နားလည်ပြီးသားပါ တသွင်သွင်၊ အဲဒီအတွက် ချစ်တဲ့သူနဲ့ ပိုးတို့ ပေါင်းခွင့်ရခဲ့ခြင်းမှာ တသွင်သွင့် ကျေးဇူးမကင်းတာ အမှန်ပါ"

"ကျေးဇူး ... ! ၊ အဟင်းဟင်း၊ အဲလိုမပြောပါနဲ့ ပိုးရယ်၊ မောင်ကြီးနဲ့ မောင်တော်က ရယ်ရတယ်၊ သူတို့ ငယ်ငယ်ကလိုပဲ ကျွန်မရဲ့အချစ်၊ ကျွန်မရဲ့ဂရုစိုက်မှု ဦးစားပေးမှုကို လုကြတယ်၊ နောက်တစ်ယောက်ပေါ် ပိုသွားမှာ မနာလိုကြတယ်၊ ဒီလောက်ပါပဲ၊ ကျွန်မကိုမှ အစားမထိုးနိုင်အောင် ချစ်ခဲ့ကြရင် ရှင်တို့နဲ့ ဘယ်ချစ်သူ ဖြစ်ကြပါ့မလဲ၊ ရှင်းရှင်းပြောရရင် သူတို့ ကျွန်မကို သူငယ်ချင်းချစ် လွန်ကဲတာလောက်ပါပဲ၊ ကျွန်မကသာ တစ်ယောက်ကိုတော့ ချစ်သူအဖြစ် စိတ်ကူးယဉ် တကယ်ချစ်ခဲ့မိတာပါ"

"တသွင်သွင်"





"ဟင်"

"အဲဒါ ဘယ်သူလဲ၊ သက်စုတို့ကို ပြောပါ"

"ဟင် ... အဟား ဟား၊ လာပြန်ပြီ သက်စုရယ်၊ ဘာထူးမှာမို့ အချင်းချင်းကြား မျက်နှာအထားရခက်အောင် လုပ်နေဦးမှာလဲ၊ သူတို့ကိုတောင် ကျွန်မအဖြေမပေးပဲ မျိုသိပ်ခဲ့ပြီးပြီပဲ၊ ရှင်တို့သိဖို့ မလိုအပ်ပါဘူး"

"တစ်ခုပြောပါရစေ"

"ပြောလေ ပိုး"

"တသွင်သွင် ... တသွင်သွင် သူတို့ကို သူတို့ထဲကတစ်ယောက်ကို ပဋ္ဌ ဖြစ်ပါစေ၊ လမင်း ဖြစ်ပါစေ အဖြေပေးတာ မဟုတ်ပဲ အဲဒီတုန်းက တသွင်သွင့် အသည်းနှလုံးထဲမှာ ရှိခဲ့တာ နင်ပါလို့ ဝန်ခံချင်ရင် ဝန်ခံခွင့်ပြုပါတယ်"

"ရှင်"

တသွင်သွင်က ပိုးမျက်လုံးများထဲ ကြောင်ငေးငေးစိုက်ကြည့်သည်။

"သက်စုလည်း တသဘောတည်း ထပ်တူပါပဲ တသွင်သွင်၊ သက်စုနဲ့ပိုး တိုင်ပင်ထားကြပြီးသားပါ"

တသွင်သွင်က သက်စုကို မျက်လုံးအဝိုင်းသားလေး ကြည့်မိပြန်ပါသည်။ သုံးယောက်သားဟာ ငြိမ်သက်ငိုင်စိုက်နေမိကြ၍ တစ်ခဏအကြာမှာ တသွင်သွင် အသံလေးက ကတုန်ကယင် ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားကို ဘာသဘောနဲ့ ပြောကြတာလဲဟင်၊ ဘယ်လိုပဲ ပုံမှန်တွေးတွေး အဓိပ္ပာယ်မရှိတဲ့ စကားတစ်ခွန်း ခွင့်ပြု ချက်တစ်ခုကို ရှင်တို့ ဘာတွန်းအားကြောင့် ပြောကြတာ လဲ၊ ကျွန်မကို ဘယ်လိုသဘောမျိုး တွေးထားကြလို့လဲဟင်၊ ကျွန်မ ... ကျွန်မ ... သူတို့နှစ်ယောက်ကို တွေ့ချင်လွန်း လို့ ပြန်လာခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မ သူတို့ကို ရိုးရိုးသားသား ဖြူဖြူစင်စင် မြင်ချင်တွေ့ချင်စိတ် သက် သက်ပါ၊ နောက်ကို ... နောက်ကို တွေ့ဖြစ်မတွေ့ဖြစ်က ကျွန်မ မလာတော့ရင် မသေချာတော့မှာမို့လို့ပါ၊ ခုချိန်မှာ သူတို့နှစ်ယောက်က ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်း၊ အချစ် ဆုံးမောင်နှမတွေပါ၊ ဒီထက်မပိုတော့ပါဘူး"

"ဒါကို ပိုးတို့ နားလည်ပါတယ်၊ ယုံပါတယ် တသွင်သွင် ရယ်"

"ဟုတ်ပါတယ်၊ သက်စုတို့ ဘာမှအထင်မလွဲသလို တသွင် သွင်လည်း အထင်မလွဲပါနဲ့နော်၊ ကျွန်မတို့နှစ်ယောက် တသွင်သွင့်အပေါ် အကြွေးတင်သလို ခံစားရပါတယ်၊ တသွင်သွင့် နှလုံးသားရဲ့ လွတ်လပ်ခွင့်တစ်ခုကို သက်စုတို့ ဖိနှိပ်ချုပ်ချယ်ခဲ့တယ်၊ တားဆီးပိတ်ပင်ခဲ့တယ်၊ အဲဒါကို ခုရက်ပိုင်းမှာ တွေးလိုက်တိုင်း စိတ်မကောင်းလွန်းလို့ စိတ်ထိခိုက်မိလို့ ဒီလိုပြောပြခွင့်ရရင်များ တသွင်သွင့်ခံစား ချက်တချို့ ပေါ့သွားမလား ထင်မိလို့ပါ"





"ဟုတ်ပါတယ်၊ သူတို့နှစ်ယောက်ကို ချစ်လွန်းလို့ သူတို့ ကိုတွေ့ချင်လွန်းလို့ သက်သက်လာခဲ့တယ်ဆိုတာ ပိုးတို့ နားလည်ပါတယ် တသွင်သွင်၊ တသွင်သွင် ပျော်ရွှင်မလား စိတ်ချမ်းသာမလားလို့ပါ၊ တသွင်သွင့်အတွက် ပိုးတို့စိတ် ထိခိုက်မိတာပါ တသွင်သွင်၊ တတ်နိုင်သမျှလေး ဘာလေး လုပ်ပေးကြရင်များ တသွင်သွင့်အတွက် နောက်ဆုံး ..."

တသွင်သွင်က ထိုင်ရာမှ ဖျတ်ခနဲ ထ,ရပ်လိုက်ပါ သည်။ တသွင်သွင့် ခန္ဓာကိုယ်လေးက ဂရုပြုကြည့်မှ မသိမသာ တဆတ်ဆတ်လေး တုန်ယင်နေတာကို သိနိုင်မည်။ အသက်ပြင်း ပြင်း ရှူသွင်းရင်း တသွင့် ခေါင်းထဲ အတွေးတစ်ချို့ တဖျတ်ဖျတ် ခုန်ကာ ပြေးနေပါသည်။ မျက်ရည်ပင် လည်နေကြတဲ့ ပိုးနဲ့ သက်စုကို တစ်ယောက်တစ်လှည့်စီ ကြည့်မိရင်း ဇဝေဇဝါရှုပ်ထွေး လာသည်။

"ဒီတစ်ပတ်လုံး ကျွန်မနဲ့ မောင်တော်တို့ မောင်ကြီးတို့ ချိန်းထွက် သွားလာသမျှတွေ ပိုးရော သက်စုပါ မလိုက်ပဲ ချန်ခဲ့ ရှောင်ခဲ့ကြတယ်၊ အဲဒါကိုက မှုမှန်မဟုတ်ဘူးထင် လို့ မောင်ကြီးတို့ကိုတောင် မေးပါသေးတယ်၊ အကြောင်း ပြချက် အမျိုးမျိုး သူတို့ထင်ရာ ပြောကြတာလည်း မဖြစ် နိုင်ပါဘူး ဆိုတာ သိပါတယ်၊ ပိုး ...၊ သက်စု"

"ရှင်"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ယောင်ယောင်ယမ်းယမ်းလေး ထူးမိကြသည်။

"ကျွန်မ စိတ်ထဲရှိသမျှ အမှန်အတိုင်း ပြောနေသလို ရှင်တို့လည်း အမှန်အတိုင်း ပြောကြပါလား၊ ရှင်တို့ တစ်ခုခုကို မျိုသိပ်ကျိတ်မြိုထားကြသလားဟင်၊ ရှင်တို့ရင်ထဲမှာ ဒီထက်ပြောချင်သေးတဲ့ စကားတွေ ရှိတယ်မဟုတ်လား၊ ရှင်တို့ တစ်ခုခုကြောင့် ကျွန်မကို အကြီးအကျယ် သနားကရုဏာသက်နေတာလား"

"တသွင်သွင် ... ပိုး ... ပိုးတို့က ..."

"စိတ်မဆိုးပါနဲ့ တသွင်သွင်၊ သက် ... သက်စုတို့ ဘယ်လိုမှ ဒီတိုင်းနေလို့ မရလို့ပါ၊ အ ... အရမ်းကို စိတ်ရင်းမှန်နဲ့ စိတ်ထိခိုက်နေတာပါ"

တသွင်သွင့် မျက်လုံးအိမ်ထဲ မျက်ရည်ကြည်လေးများ ယှက်သန်းလာသည်။

"ရှင်တို့ အမေရိကားက သတင်းစကား ရတာလား၊ မှန်မှန်ပြောပါ"

"ဟုတ် ... ဟုတ်တယ်၊ မေမေတို့ အန်တီခင်လေးတို့ နှစ်ယောက်လည်း သိတယ်၊ မေမေသိလို့ သက်စုတို့ သိရတာပါ၊ စိတ် ... စိတ်မကောင်း မဖြစ်ပါနဲ့နော်၊ တသွင်သွင့်မာမီက သိပ်စိတ်ပူပြီး နည်းနည်းဂရုစိုက်ပေးဖို့ သတိပေးတာပါ"





သက်စုအသံကလည်း တုန်ယင်နေကာ မျက်ရည်တွေကိုယ်စီ ရစ်ဝဲလာကြပါသည်။ တသွင်သွင်ရဲ့ နှုတ်ခမ်းနှစ်လွှာက တဆတ်ဆတ် တုန်ယင်ကာ ...

"မောင်ကြီးနဲ့ မောင်တော် သိသွားကြပြီလား၊ မသိသေးမို့လားဟင်"

"မသိပါဘူး၊ သူတို့ လုံးဝမသိသေးပါဘူး၊ မေမေတို့ကလည်း မပြောခိုင်းပါဘူး တသွင်"

"မသိစေပါနဲ့နော်၊ သူတို့နှစ်ယောက်ကို လုံးဝအသိမပေးပါနဲ့၊ မသိကြပါစေနဲ့၊ ကျွန်မ ... ကျွန်မ ရှိနေသရွေ့ပေါ့"

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

အဲဒီတစ်ညနေဟာ တသွင်သွင် မပြန်ခင် နှစ်ရက်။ သန်ဘက်ခါမှာ တသွင်သွင် ပြန်ရတော့မည်။ မနက်ဖြန်တစ်ရက်ကိုတော့ အိတ်ပြင်တာမျိုးလောက်ပဲ ဟိုတယ်မှာလုပ်ကာ တသွင်သွင် အနားယူဖို့ အားလုံးတိုင်ပင် စီစဉ်ထားပါသည်။ ဘယ်မှလဲ ထွက်မစားတော့ပဲ ဟိုတယ်မှာပဲ နားနားနေနေ နေကာ တွေ့စရာရှိရင် ဒီလူတွေသာ ဟိုတယ်ကို သွားတွေ့ဖို့လည်း တိုင်ပင်ထားပါသည်။

အားလုံးစုဆုံပြီး စားသောက်တာ နောက်ဆုံးညနေဖြစ်တာမို့ အပြင်မထွက်တော့ပဲ လမင်းဆွေနှင့် သက်စုအိမ်မှာ ဆုံကြသည်။ ချက်ပြုတ်စီစဉ်ရေးမှာ သက်စုရော သက်စုကောင်မလေးတွေရောက လက်မြောက်တာမို့ပင်။ ပန္နနှင့် လမင်းရဲ့အကြံပြု စီစဉ်မှုကြောင့် အသားကင်နှင့် ဟော့ပေါ့ စီစဉ်ထားပါသည်။

"ဟဲ့ ... သက်စု"





"ဘာတုံး ပိုး"

ပိုးက လေသံကို ဖွဖွလေးနှိမ့်၍ နှုတ်ခမ်းကိုပါ သက်စုနားနားကပ်ကာ ...

"အကင်တို့ ဘာတို့က ကင်ဆာသမားအတွက် သိပ်မကောင်းတဲ့ အစားအစာထဲမှာ ပါတယ်"

"အင် ...၊ ဟုတ်လား၊ ဒါဖြင့် သူ့ကို အကင်မကျွေးဘူး၊ ဟော့ပေါ့ပဲ သောက်ခိုင်းမယ်"

"အင်းလေ ... ဒါပေမဲ့ အခုက မီးမြှိုက်တဲ့အကင် မဟုတ်ပဲ စားပွဲတင်လျှပ်စစ်အသားကင်စက်နဲ့ ကင်တာဆိုတော့လည်း သိပ်တော့မဆိုးပါဘူး"

"နင် အားရင် သင်္ဘောသီးခွာပြီး စိတ်ပြီး ရေခဲသေတ္တာထဲ ထည့်ထားပေး၊ အေးနေအောင်၊ တသွင်သွင်က သင်္ဘောသီးမှည့် ကြိုက်တယ်လေ၊ ရောက်စတစ်ရက်က ငါ့ဆီစားတုန်းကလေ သူတစ်ယောက်တည်း တစ်လုံးစာလောက်ကုန်တာ"

"အေး ... နောက် သူ နဂါးမောက်သီးအနီလည်း ကြိုက်တယ်"

"အိမ်မှာ မရှိဘူး"

"ရတယ် ... ငါ ပန္နကို ရှာဝယ်ခဲ့ဖို့ မှာလိုက်ဦးမယ်"

ပိုးက ချက်ချင်းပဲ ပန္နဆီ ဖုန်းဆက်ပါသည်။

"ကိုရေ ... နဂါးမောက်သီး အနီရောင်လေ၊ အတွင်းသားနီတာ ပြောတာနော်၊ ရူပါမားကက်တွေပတ်ပြီး ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာဝယ်ခဲ့၊ တသွင်က အဲဒါကြိုက်တယ်၊ အင်းလျားလမ်း သစ်သီးတန်းလည်း သွားရှာ၊ အနီသားက ရှားတယ်နော်၊ ရအောင်ဝယ်ခဲ့၊ မြန်မြန်လည်း လာခဲ့ ဒါပဲ၊ ငါးနာရီလောက် ဆိုရင်တော့ တသွင်သွင့်ပါ ဝင်ကြိုခဲ့"

"မိန်းမ ... မင်း ပိုးရှေ့လွှာပါနော်"

"အမယ်လေး ... ဘာဖြစ်လဲ၊ ပြန်ခါနီးလာတော့ လွမ်းလာ ချစ်လာပြီ သူ့ကို၊ ဒါပဲ"

"အေးပါ ... အေး ... အေး"

ပိုးက သက်စုကို ဘေးကကူသည်။ သက်စုက ချက်ပြုတ်စီမံခန့်ခွဲသည်။ ညနေခြောက်နာရီလောက် ချိန်းထားကြ တာမို့ တသွင်သွင့်ကို ပဋ္ဌနှင့် လမင်း အဆင်ပြေ အလျင်းသင့်သူ ဝင်ကြိုလာဖို့ မှာထားသော်လည်း တသွင်သွင်က လေးနာရီ လောက်မှာ တစ်ယောက်တည်း ကြိုတင်ရောက်ချလာပါသည်။

"ဟင် ... တသွင်သွင်၊ လာကြိုမှာကို"

"အားနေတာနဲ့ ပျင်းနေတော့ ဟိုတယ်က ကားနဲ့ပဲထွက် လာလိုက်တာ"

"တစ်ယောက်တည်း လျှောက်မထွက်ပါနဲ့ဆို တသွင်သွင် ရယ်"

"အဟင်း ဟင်း ဟင်း ... ဒရိုင်ဘာပါတာပဲဟာ၊ တစ် ယောက်တည်း မဟုတ်ဘူးလေ၊ ကျွန်မကို အဲလောက်မစိုး ရိမ်ကြပါနဲ့၊ ကျွန်မက လူကောင်းအတိုင်းပါပဲ၊ တစ်ခါတလေ





မောတတ်တာက လွဲရင်ပေါ့၊ စသိကာစကတော့ အိပ်ရာထဲ အတော်ကြာကြာလဲပြီး အနားယူနေရတယ်၊ နောက်ပိုင်းမှာ သူတို့ပေးတဲ့ ထရီမဲန့်က လူကောင်းအတိုင်းပဲ သွားသွား လာလာ နေနိုင်နေတာပါ"

"တသွင့်ကို ပိုး တစ်ခုလောက် ပြောချင်တာ"

"ဘာလဲဟင်"

"ပဋ္ဌနဲ့ လမင်းကိုတော့ မပြောဖြစ်ပါဘူး၊ ပိုးနဲ့သက်စု တိုင်ပင်ကြည့်တာပါ၊ Bone marrow transplant လုပ်နိုင် ရင် တသွင်သွင့် ကျန်းမာရေးက အရမ်းကောင်းသွားမယ် ဆိုတော့ ခုထိလည်း ဟိုမှာ ချဉ်ဆီအလှူရှင်တွေ ရှိတဲ့ထဲက တသွင်နဲ့ marrow type မတူဘူးဆိုတော့လေ ပိုးတို့များ တကယ်လို့ ချဉ်ဆီစစ်ကြည့်ရင် တသွင်သွင်နဲ့ အမျိုးအစား ချင်း ဆင်တူမလားလို့ပါ၊ တကယ်လို့များ type တူခဲ့ရင် ပိုးရော သက်စုပါ လှူနိုင်ရင် လှူချင်ပါတယ်၊ ဒါကိုသိရ ရင် ပဋ္ဌနဲ့ လမင်းလည်း လှူချင်မှာ သေချာပါတယ်၊ လေး ယောက်တောင် စစ်ကြည့်မယ်ဆိုရင် တစ်ဦးမဟုတ်တစ်ဦး နဲ့များ သွားပြီး match ဖြစ်နေမလားလို့"

ထမင်းစားပွဲမှာ ထိုင်နေတဲ့ တသွင်သွင်က မျက်လွှာ လေးကို အောက်စိုက်ချထားရာမှ မျက်ခွံ နှာသီးဖျား မေးဖျားလေး တွေမှ စတင်နီမြန်းလာကာ တဖြည်းဖြည်း တစ်မျက်နှာလုံး သွေးရောင်နီမြန်း ဥလာသည်။ ပြောနေတဲ့ ပိုးမျက်နှာကို ငုံမိ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်မိရင် ငိုလိုက်မိမှာ စိုးရိမ်၍ မျက်လွှာကို ဘယ်မှမကြည့်အောက်စိုက်ချပြီး ထိန်းနေသော်လည်း ဘယ်လိုမှ သူမ မထိန်းနိုင်တော့ပါပေ။

ရင်ထဲမှာ လှိုက်လှဲ ဝမ်းနည်းတက်လာသည်။ ကိုယ့်ကျန်းမာရေးအကြောင်း စတင်သိရကတည်းက တသွင်သွင်က စိတ်ကို ထိန်းသိမ်းနိုင်စွမ်း ရှိခဲ့ပါသည်။ ရံဖန်ရံခါ ဝမ်းနည်းအားငယ်လာတတ်ပေမယ့် စိတ်ကို ဖြေဖျောက်ကာ ပြန်လည်အားတင်းနိုင်ခဲ့ပါသည်။ သူမဟာ ပေါ့စတတ်စိမ် အမြင်အတွေး ရှိသူပါ။ အနုတ်လက္ခဏာဘက်က မကောင်းတဲ့အပျက်ဘက်က တော်ရုံ မတွေးတတ်သူဖြစ်၍ စိတ်ဓာတ်တို့ ဆုတ်နစ် ဂျုံးဂျုံးမကျခဲ့ပါ။

စိတ်အာရုံစုစည်းမှုလည်းရအောင် သွေးလေလှည့်ပတ်မှုလည်း မှန်ကန်ကောင်းမွန်အောင် ယောဂကစားခြင်းကို ထိထိရောက်ရောက် လုပ်ဖြစ်ခဲ့ပြီး စိတ်ကိုရော လူကိုပါ ပျော်ရွှင်အောင် ကြိုးစားတည်ဆောက်နေခဲ့တဲ့သူပါ။

ဒီကိုမလာခင်ကတည်းက ကြိုဆုံးဖြတ်ခဲ့ပါသည်။ အချိန်တိုင်းကို ပျော်ရွှင်ကြည်လင်စွာ ဖြတ်သန်းမည်။ ကိုယ့်ကြောင့်လည်း ဘယ်သူမှ စိတ်မဆင်းရဲစေလို၊ ဘယ်သူ့ကြောင့်မှလဲ ကိုယ့်စိတ်ကို အဆင်းရဲမခံ။ မောင်တော်နှင့် မောင်ကြီးတို့ရဲ့ဇနီးများ ဘယ်လိုအမြင်အတွေးနှင့် ဆက်ဆံသည်ဖြစ်စေ ကောင်းကောင်း ဆိုးဆိုး စိတ်ရှည်သည်းညည်းခံကာ အသန့်ရှင်းဆုံး မေတ္တာစိတ်နှင့် သူတို့အပေါ် ဆက်ဆံမည်။





ဒီအချိန်ပိုင်းတို့ဟာ တသွင်သွင့်အတွက် နောက်ဆုံးအချိန်နှင့် နီးကပ်သော ရွှေပြေးအချိန်တွေလည်းပဲ ဖြစ်နိုင်သည်။ မိနစ် စက္ကန့်တိုင်းကို ကိုယ်စိတ်ချမ်းသာ ပျော်ရွှင်အောင် ကြိုးစားဖန်တီး၍ တန်ဖိုးရှိရှိ ဖြတ်သန်းအသုံးချမည်။

မြန်မာပြည်မှာ ရှိနေစဉ် ဘယ်သူ့အတွက်မှ ဘာကြောင့်မှ မျက်ရည်မကျစေရ။

ထို ကြိုတင်ဆုံးဖြတ်ချက်အတိုင်း နေခဲ့သော်လည်း။

ခုတော့ဖြင့် တသွင်သွင်ရဲ့ ငုံ့ချထားသော မျက်လွှာအောက်အတွင်းမှ ပူနွေးသော ရေကြည်အိုင်ငယ် ဖွဲ့တည်ခဲ့လေပြီ။ နှလုံးသားမှ လှိုက်လှဲတက်လာသော ဝမ်းသာဝမ်းနည်းခြင်း အရှိန်ဟုန်က သူမရဲ့မျက်ရည်တို့ကို ခြွေချချူငင်လေပြီ။ ဘယ်လိုမှ ထိန်းမရခဲ့တော့။

"တသွင်သွင်"

"........"

"တသွင်သွင်"

ပိုးက ပြေးလာကာ တသွင်သွင့် နံဘေး ကပ်ထိုင်၍ လက်ဖျားလေး ဆုပ်ကိုင်လိုက်လျှင် မီးဖိုထဲက သက်စုကလည်း ပိုးအသံကြောင့် အလန့်တကြား ပြေးဝင်လာပြီး တသွင်သွင်ရဲ့ နောက်တစ်ဖက်ဘေးမှာ ကပ်ထိုင်လိုက်ပါသည်။

ခေါင်းကိုငုံ့ချ၍ မျက်ရည်ပေါက်များ တစ်ပေါက်ချင်း ပေါင်ပေါ်ပြုတ်ကျနေသော တသွင်သွင်က အသံမထွက်

www.burmeseclassic.com



အောင် နှုတ်ခမ်းလေးစေ့ကာ ဖိကာ ကိုယ်ကလေး တသိမ့်သိမ့် တုန်အောင် ထိန်းနေရင်းမှ တစ်ဖက်တစ်ချက်မှ သက်စုကိုရော ပိုးရွှေလွှာကိုပါ သိုင်းဖက်လိုက်ပါသည်။

"ကျွန်မ မြန်မာပြည်မှာ မငိုဘူးလို့ ဆုံးဖြတ်ထားတာ"

"........"

"ရှင်တို့ကြောင့် ပျက်သွားပြီ"

တသွင်သွင့် အသံလေးက နူးညံ့နေသည်။

"ပိုးတို့ သက်စုတို့ဆီက မေတ္တာကို ရမယ်လို့ မမျှော်လင့်ခဲ့ပါဘူး၊ မနွေးထွေး မကြည်လင်ဘဲ ရန်လိုခဲ့ကြရင်တောင်မှ ကျွန်မ ဝမ်းမနည်းမိအောင် မျိုသိပ်မယ်လို့ပဲ စဉ်းစားအားမွေးခဲ့တာ၊ ကျွန်မ သူတို့နှစ်ယောက်ကို နောက်ဆုံးနှုတ်ဆက်ချင်တာကိုး"

"........"

သက်စုက တသိမ့်သိမ့် မျက်ရည်ကျနေလေပြီ။ ပိုးက တသွင်သွင့်ခါးကို လက်နှစ်ဖက်နှင့် အတင်းအကျပ် ညှစ်ဖက်ထားရင်း စိတ်ထဲက ကျိတ်တောင်းပန်နေမိသည်။ ဒီမိန်းမရဲ့ အသည်းကို သူတို့ သွယ်ဝိုက်သောနည်းနှင့်ဖြစ်စေ ခွဲမိခဲ့ကြတယ် ဆိုနိုင်တာမျိုးမို့ပါ။

"ကျေးဇူးတင်ပါတယ် ... သိပ်ကျေးဇူးတင်ပါတယ်"

"သက်စုတို့လေးယောက် စစ်ကြည့်ကြရအောင်လေနော်... တသွင်သွင်"





"ကျွန်မ မယူရက်ပါဘူး၊ အခန့်မသင့်ရင် ဒီနာဆီမှာအမှား အယွင်းတစ်ခုခု နစ်နာမှုတစ်ခုခု ဖြစ်သွားမှာ စိုးရိမ်ပါတယ်"

"အို ... ဒီနာက ကျန်းမာရေး ပြည့်စုံကောင်းမွန်နေရင် ဘာမှမဖြစ်ပါဘူး တသွင်သွင်ရယ်"

"ဟင့်အင်း ... ဟင့်အင်း ... အထူးသဖြင့် သူတို့နှစ်ယောက်ကို ကျွန်မ တစ်ချိန်ချိန် သေခါမှပဲ တသွင်သွင် မရှိတော့ဘူး၊ ဒီရောဂါကြောင့် ဆုံးပါပြီ ဆိုတာမျိုး သိပါစေ၊ ကျွန်မအတွက် ဘာအပူဒုက္ခမှ မရှာပါနဲ့၊ ဘာမှထပ်မစဉ်းစားပါနဲ့၊ ကျွန်မတို့ ငိုတာတိတ်ကြစို့၊ ကျွန်မတို့ ဒီညနေ ပျော်ပျော်နေရအောင်လေ"

○ ❦ ○

သုံးယောက်ထိုင် ဆိုဖာကြီးမှာ ပူးကပ်ညှပ်အောင် ထိုင်ကာ ငယ်စဉ်က အယ်လ်ဘမ်အဟောင်း ဓာတ်ပုံအဟောင်းတွေကို ခေါင်းချင်းဆိုင်ကြည့်ရင်း တွတ်တွတ်ထိုး ဟီဟီထနေသော မိန်းမသုံးယောက်ကို ပဥ္စနှင့် လမင်း အံ့အားတသင့် ဖြစ်နေကြရပါသည်။ ချက်ရေးပြုတ်ရေးကိစ္စတွေလည်း ပြီးပြီ။ စားဖို့သောက်ဖို့လည်း နည်းနည်းစောနေသေးတဲ့အတွက် သူတို့ယောကျ်ားနှစ်ယောက်ကို ဘီယာနှင့် သီဟိုစေ့ အာလူးကြော် ချထားပေးပြီး သုံးယောက်သား ဖြစ်နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုတော့ ထူးခြားမနေဘူးလား ပဥ္ဇ"

"ဟုတ်တယ် ... ဘာမှန်းသာ မသိတာ"

"တတ်လည်း တတ်နိုင်တဲ့ အမျိုးသမီးတွေ၊ ချစ်ချင်ပြန်လည်း သူတို့ပဲ ရုတ်တရက် ချက်ချင်း"

"ဟန်ဆောင်နေတာလည်း လုံးဝမဟုတ်ဘူးနော်၊ မျက်လုံးတွေ သေချာကြည့်ဦး၊ တကယ့်ကို ရွှန်းလဲ့နေကြတာ၊ ဘာရောင်မှ မပါတဲ့ မျက်လုံးတွေ"

"သူတို့ကြားထဲမှာ တစ်ခုခုတော့ ရှိမယ်ကွ၊ ငါတို့လုံးဝ မသိလိုက်တဲ့ ကွန်ဖာဒေးရှင်းတွေ ရှိကိုရှိလိုက်လိမ့်မယ်"

"ဘာကို နားလည်မှုတွေ ရသွားကြသလဲ မတွေးတတ်တာ၊ သူတို့ ငါတို့ကို အသိမပေးပဲ ဖုံးတော့ဖုံးထားတယ်ကွ၊ ရှိကိုရှိတယ်"

"ဟား ဟား ဟား ဟား ... ဟီး ဟီး ... ခစ် ခစ် ခစ်"

အူလှိုက်သည်းလှိုက် ရယ်သံမျိုးစုံက တခဲနက် ဟက်ဟက်ပက်ပက် ထွက်ပေါ်လာပြန်သည်။ ခေါင်းတွေမော့လှန်လို့ ကိုယ်တွေကို ယိမ်းထိုးလို့။

"တွေ့လား ... ဘယ်လောက်ရယ်ရတယ်ဆိုတာ၊ ရုပ်ကိုက ဂျစ်ကန်ကန်၊ သူ့ဆံပင်တွေကိုကြည့်ဦး အုံ့ပွပွနဲ့ အမယ်လေး မောင်ကြီး ... ငါတော့ ရယ်ရလို့ သေတော့မယ်"

"ဘာလဲဟ"

ပဥ္ဇက လှမ်းအော်မေးလိုက်ပါသည်။





"နှင့်ပုံစံလေ ... နှင့်ပုံစံ ... ဒါ ဆယ်တန်းနော် ... ပိုးနော်၊ အမယ်လေး သူ့ကိုယ်သူ လှလှပြီထင်နေတဲ့ရုပ် ... ခိခိခိခိ"

"ပုဆိုးဝတ်ထားပုံကိုလည်း ကြည့်ကြည့်ပါဦးလေ၊ ဟာသပဲ ... ဟား ဟား"

"ဟား ဟား ... ဟုတ်ပ၊ ဒီပုံကိုများ ရှင်မို့လို့ အတော်ချစ်ခဲ့ရတယ်လို့ ပိုးရယ်၊ ကြိုက်စရာလူရှားလို့ ... ဟီးဟီး"

"အမယ် ... တသွင်သွင်၊ ပြောရှာတယ် ... အဟီး၊ သူကျတော့ အဲဒီ မောင်ကြီးကို မချစ်ခဲ့တာကျလို့ ... ခိ ခိ"

"အမယ် ... မချစ်ပါဘူးနော်၊ အမယ်လေး ... ဒီလိုဆံပင် ထူထူ ညိုညိုမည်းမည်း ကုလားလေးကို"

"ဟဲ့ ...မိပိုး၊ တသွင်သွင်ချစ်တာ သူ့ကိုဟဲ့ ... ဟားဟား"

သက်စုက အယ်လ်ဘမ်ဟောင်းထဲက လမင်းဆွေ ဆယ်ကျော်သက်ပုံကို ထောက်ကာ ရယ်မောလိုက်ပြန်ပါသည်။

ပဥ္ဇနှင့် လမင်း တစ်ယောက်မျက်နှာ တစ်ယောက် နားမလည် ပါးမလည် အီလည်လည် ကြည့်မိတဲ့အထိပင်။ ဘာတုံး ... ဒီမိန်းမသုံးယောက် စကားတွေက။ ရယ်ရမလို တည်ရမလို။

"ဟား ဟား ... ဟယ် ... အေး ... ဟုတ်ပ၊ လမင်း ... နှင် ဘယ်လိုဖြစ်တာတုန်း၊ ဒီပုံမှာ မိတ်ကပ်တွေနဲ့များလား၊ အန်တီနု မိတ်ကပ်တွေ ကုန်ပါပြီ ... ခွိ ခွိ"



www.burmeseclassic.com

www.burmeseclassic.com



"မိပိုးနော် ... ငါက ဘာကိစ္စ မိတ်ကပ်တွေ လိမ်းရမှာတုံး ပေါက်ကရတွေ လျှောက်မပြောနဲ့"

"ဒီမှာလေ၊ နင့်ပုံမှာ မျက်နှာကြီးက ဖြူဆုတ်ဆုတ်နဲ့"

"ငါ့ဟာငါ အသားဖြူလို့ သူ့ဟာသူ ဖြူနေတာ"

"ဟား ဟား ဟား"

"တသွင်သွင်နော် ... ရယ်မနေနဲ့၊ ပဥ္စကို ကုလားလေးမို့ မချစ်ဘူးဆိုတော့ ရှင်ချစ်တာ လမင်းပဲလေ၊ ခုမှဟာသ မြောက်မနေနဲ့ ... ခိ ခိ"

"မှားနေပါဦးမယ် သက်စုရယ်၊ မောင်တော့်ကျပြန်တော့ လည်း အလကားနေ သ,နေ လှနေ ရှီးများနေတာ မာမီ လေးမို့ မကြိုက်ခဲ့ပေါင်"

"ဟီး ဟီး ဟီး ... အမယ်လေး အူတွေနာကုန်ပြီ၊ မာမီ လေးတဲ့၊ မာမီလမင်းပေါ့"

မိန်းမသုံးယောက်သားဟာ အူရွှင်ရွှင်နှင့် ရယ်ရှိန် သတ်မရသလို ဘာလေးကိုဖြစ်ဖြစ် အတောမသတ် အော်ရယ်နေ ကြသည်မှာ မျက်ရည်တွေ ဘာတွေတောင် ဘွက်နေကြပါသည်။

"နင်တို့သုံးယောက် ဘာဖြစ်နေကြတာလဲ မှုကိုမမှန်ဘူး စွတ်ရယ်နေကြတာ"

"ရယ်တာပဲ လမင်းရယ်၊ ဘာဖြစ်ရဦးမှာလဲ"

"ကလေးငိုချင် အူရွှင်တယ်တဲ့"

"ငါတို့ ကလေးမှ မဟုတ်တာ၊ ရယ်ချင်လို့ ရယ်တာ"





တသွင်သွင်က မျက်နှာပိုးလေးသတ်ကာ ပဥ္စနဲ့ လမင်းထံသို့ ခါးလေးဟန်ပါပါထောက်ရင်း လျှောက်လာပါသည်။

"ငါတို့သုံးယောက် သဘောတူညီမှု ရထားကြလို့ နေရင်း ထိုင်ရင်း ပျော်နေတာဟဲ့၊ နင်တို့မှ မသိတာ"

"ဘာသဘောတူညီချက်လဲ"

"ကျွန်မ ပြောလိုက်ရမှာလား ပိုးနဲ့ သက်စု"

"ပြောလိုက်ပါ ... သူတို့လည်း ရင်ခုန်သွားတာပေါ့၊ ခုန် ပါစေ ... ဟိ"

ပဥ္စနှင့် လမင်းမျက်နှာဂ တစ်မျိုး ဇဝေဇဝါ ဖြစ် သွားကြပါသည်။ စိတ်ဝင်တစားနှင့် မျက်လုံးတွေ အရောင်လက် လာသည်။

"ပိုးနဲ့ သက်စုက ပြောတယ်ဟ၊ ငါမသွားခင်တုန်းက နင် တို့နှစ်ယောက်ထဲက တစ်ယောက်ကို အဖြေပေးခဲ့မယ်ဆို တာလေ၊ အဲဒါ ဘယ်သူလဲ အခုမပြန်ခင် အဖြေပေးခဲ့ပါ တဲ့ ... မောင်တော်လား မောင်ကြီးလား ဆိုတာ"

"အာ"

ပဥ္စနှင့် လမင်း မျက်နှာတွေ နီမြန်းမြန်း ဖြစ်ကုန် ကြပါသည်။ အနေရခက်သလို ဟိုကုတ် ဒီကုတ် ဟိုဟာကောက် ကိုင်နှင့် ကယောင်ကတမ်း ဖြစ်ကုန်ပါသည်။

"အဲဒါ ငါက အဖြေပြောပြခဲ့မလို့၊ ကတိပေးလိုက်တာပါ"

"ဟာ ... အစီပွာယ်မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... မဟုတ်က ဟုတ်က"

"အမယ် ... ဘာလဲ၊ ငါရောက်ကာစက နင်တို့ပဲ မေးနေကြပြီးတော့"

ပဒ္မနှင့် လမင်းဆွေရဲ့ မျက်နှာများက ပို၍တွတ်တွတ်ရဲသွားကြပါသည်။ မလုံမလဲ မကိုးမကား ရုပ်တွေနှင့် ...

"အာ ... ဒါက အချင်းချင်း စနေ နောက်နေတဲ့ဟာ"

"အေးလေ ... သူတို့က ဘာကိစ္စ ဒါကိုမေးရတာတုန်း၊ နင်ကကော သူတို့မေးတာနဲ့ ဖြေသွားစရာလား၊ နင်က ထွက်သွားရော ငါတို့က ဒီမှာ ပြဿနာနဲ့ချာလပတ်ယမ်းကျန်ခဲ့မှာလေ၊ သူတို့ကို အကောင်းမှတ်မနေနဲ့၊ နင့်ကိုတော့ မျက်နှာချိုသွေး အချွန်နဲ့မ,ပြီး သိရတာနဲ့ ငါတို့ကိုအကြီးအကျယ် ကွိုင်ရှာတော့မှာ၊ တစ်သက်လုံး နေစရာကိုရှိမှာမဟုတ်တော့ဘူး၊ နားဒုက္ခ ရောက်တော့မှာ၊ အပြစ်ပြောလို့ဆုံးမှာမဟုတ်ဘူး"

"ငါ ဘယ်သူ့ကို ချစ်ခဲ့တယ်ဆိုတာ ပြောပြရုံနဲ့ နင်တို့က ဘာဖြစ်လို့ အပြစ်ရှိရမှာလဲ၊ ငါ့အဖြေက ငါ့ခံစားချက်ပဲလေ၊ နင်တို့ခံစားချက်မှ မဟုတ်တာ၊ ငါကလည်း အဲဒီတုန်းက ခံစားချက်ကိုသာ ညီအစ်မတွေလို သဘောထားပြီး သူတို့ကို ဖွင့်ပြောပြခဲ့မှာ၊ ခုလောလောဆယ် နင်တို့ကို ကြိုက်နေတာမှ မဟုတ်ဘဲ၊ ပြောပြီး ပြန်သွားမှာ"





"အဲဒီ ပြောပြီးပြန်သွားမှာကိုပဲ ပြောနေတာပေါ့၊ နင်က ပြောပြီး ကျောကော့ ထွက်သွားရော၊ ငါတို့သာ ဒုက္ခရောက်ကျန်ရစ်ခဲ့မှာလေဟာ"

တသွင်သွင်က မချိုမချဉ် မချိတရိလေး ရယ်နေပါသည်။

"သူတို့ အဲလိုသာ ပြောနေကြတာ၊ တကယ်တော့ စိတ်ထဲမှာ သိချင်နေကြတာပါ၊ နှစ်ယောက်လုံး ကြည့်ပါလား ကယောင်ကတမ်း ကပေါက်ကချာတွေကို ဖြစ်လို့"

"ဟုတ်ပါ့ ... ပဒ္မက ကုန်နေတဲ့ပုလင်း ကောက်ငုံ့ထည့်နေတယ်၊ လမင်းက အားလူးကြော်တွေ နေရင်းထိုင်ရင်းလှော်ကျောက်ခြေမွှနေတယ် ... ဟား ဟား"

ပဒ္မရော လမင်းပါ နေရထိုင်ရခက်ကာ စိတ်တွေပါရှုပ်ထွေးလာသည်။ မျက်နှာတွေညိုကာ ပျက်ကာ မျက်နှာမထားတတ်သလို ဖြစ်နေကြပါသည်။

"မောင်တော် ... မောင်ကြီး၊ ပိုးတို့ သက်စုတို့က ငါပြန်ရတော့မှာမို့လို့၊ ငါစိတ်မကောင်းမှာစိုးလို့ ပျော်အောင်လုပ်ပေးနေတာပါ၊ နင်တို့လည်း ဟိုးအတိတ်က ရယ်စရာ ပျော်စရာ ချစ်စရာ သံယောဇဉ် အငွေ့အသက်လေးတွေလို့ပဲ သဘောထားလိုက်ပေါ့ဟာ၊ ငါက ဒီတစ်ကြိမ်ပြီးရင်တော့ နောက်ကို ... နောက်ကို ဘယ်တော့မှ ထပ်ပြောခွင့်ကြုံတော့မှာမှ မဟုတ်တာ၊ ကျိတ်ပြီး ရင်မခုန်နဲ့နော်၊ ငါက ပြောပြီးတာနဲ့ လေယာဉ်ပေါ် ပြေးတက်မှာ ... ခိ ခိ"

www.burmeseclassic.com



"နင် နက်ဖြန် လပ်ဖေ့ချ်တွေ ချိန်ရဦးမယ်နော်၊ သူတို့နှစ်ယောက် ထည့်ပေးမယ့် အစားအစာထုပ်တွေက ငါမြင်တာ အထုပ်အကြီးကြီးတွေ၊ ပေါင်ချိန်ပိုမှာ"

ပဒ္မက စကားလမ်း လွှဲလိုက်ပါသည်။

"အလာတုန်းကလည်း ပေါင်ပိုတာပါပဲဟာ၊ ငါတစ်ယောက်တည်းတောင်ဖြစ်တာ၊ အခုက မောင်သဲ ပါတယ်လေ၊ သူပါတော့ အားကိုးရတာပဲဟာ၊ ဖြစ်ချင်သလိုသာဖြစ်"

"ဪ … ကိုကျော်မိုးသည်း အတူပြန်လိုက်မှာလား"

ပြိုင်တူနီးပါး ထွက်လာတဲ့ ပဒ္မနဲ့ လမင်း စကားသံကြီးက မဖြစ်သာ ဖြစ်သာ မလိုတမာဆန်ဖွာ အင့်တင့်တင့်ကြီးတွေ။

○ ❦ ○





(၁၉)

တသွင်သွင့် ဟိုဘာယ်အိပ်ခန်းထဲမှာ ပိုးနှင့်သက်စုက သေတ္တာထဲ ပစ္စည်းများ စနစ်တကျ နေရာလပ်မကျန်ဝင်အောင် ကြိုးစားပမ်းစား ထည့်နေကြပါသည်။ လမင်းနှင့် ပဒ္မက ထည့်ပြီးတဲ့ သေတ္တာကို ယာယီပိတ်လိုက် ကီလိုချိန်တဲ့ လက်ဆွဲကီရိယာလေးနဲ့ ချိန်လိုက်။ တသွင်သွင်က တစ်နေရာရာမှာ ကူမည်ပြင်လျှင် …

"တသွင်သွင် … ထိုင်နေ … ထိုင်နေပါ၊ နက်ဖြန်ခရီးပန်းဦးမှာ၊ နားနေပါ"

"ဟုတ်တယ် … သွား … သွား၊ ဘာမှအားနာမနေနဲ့၊ ပိုးတို့ ထည့်ပေးမယ်၊ ဟိုနားကထိုင်ပြီး လိုတာလှမ်းသာပြော"

"အင် … အဲလိုကျတော့ အရမ်းအားနာစရာ ဖြစ်နေတာပေါ့"

"အားနာစရာလား၊ ဒါတွေ ထည့်ရ ထုတ်ရ ချိန်ရ သိပ်အာရုံနှောက်တာ၊ ခေါင်းတွေ ဘာတွေမူးပြီး မောလာပါဦးမယ်၊ ထိုင်နေပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"တူတူ ... တူတူ"

တသွင်သွင်က ဖုန်းကို လှမ်းယူကာ ဖွင့်နားထောင်လိုက်ရင်း ...

"ဟယ်လို ... မောင်သဲ ... ပြော"

"အန်တီရှယ်လီ ဖုန်းဆက်သေးလား တသွင်"

"ဟင့်အင်း ... နက်ဖြန်မနက်မှ ဆက်မယ်ပြောထားတာ"

"ကျွန်တော့်ဆီ ခုလေးတင်ပဲ ဖုန်းဝင်လာလို့ပါ"

"ဘာတဲ့လဲဟင်"

"... ... ..."

"ဟင်"

"... ... ..."

"ဟင် ... တကယ်လား၊ ဟုတ်လို့လား၊ သေချာလို့လား မောင်သဲ"

"... ... ..."

အားလုံးဟာ အလုပ်လုပ်လက်စတို့ နေ့းကွေးကာ တသွင်သွင့်ထံ လှမ်း၍အာရုံစိုက်မိကြပါသည်။

"တကယ်ပြောနေတာလား၊ သေချာသွားပြီပေါ့"

"... ... ..."

"ဘာပြောရမှန်း မသိတော့ပါဘူး မောင်သဲရယ်"

"... ... ..."





"အင်း ... နေကောင်းပါတယ်၊ ဘာမှမဖြစ်ဘူး၊ အေးဆေးပါ၊ အင်းပါ ... မောင်သဲ သိပ်ပျော်နေတာ အသံကြားရုံနဲ့ ကျွန်မ သိပါတယ်"

"... ... ..."

"ဘာမှမပြောတတ်တော့ဘူး၊ ဘယ်လိုဖြစ်နေမှန်း မသိတော့ဘူး၊ အခု ဒီမှာ မောင်ကြီးတို့ မောင်တော်တို့ ပိုးတို့ သက်စုတို့ အားလုံး လပ်ဖက်ချို့တွေ ပြင်ဆင်ပေးနေကြတယ်၊ ရတယ် ... ရတယ်၊ မောင်သဲ ညမှလာရင်လာလိုက်၊ ဒီမှာ အားလုံး အဆင်ပြေနေတယ်၊ အိုကေ ... ဆီးယူ မောင်သဲ၊ သတင်းကောင်းလေးအတွက် သင့်ခ်ယူးဆိုးမတ်ချ်ပါ"

"ဘာတဲ့လဲ"

ပဒ္မက ဖုန်းပင် သေချာမချရသေးခင် စိတ်စောစော လှမ်းမေးလိုက်ပါသည်။

"ဘာသတင်းလဲ ... ဘာထူးလို့လဲ"

လမင်းဆွေက ထပ်ဆင့်လိုက်သည်။ တသွင်သွင်က ငြိမ်သက်နေကာ ရင်ဘတ်ကလေးကို လက်နှစ်ဖက်နှင့် ဖိထားလျက်က ...

"နင်တို့နဲ့ မဆိုင်ဘူး၊ နင်တို့ကို ပြောဖို့မလိုဘူး"

"ဟား ...၊ ပြောပုံလေးက ချစ်ဖို့တောင်ကောင်းသေး၊ နင်က ဒီလိုလား၊ ငါတို့ကို ဝေမျှစရာမလိုဘူး၊ မဆိုင်ဘူးဟုတ်လား တသွင်မ"

"နင်ကလည်း စွာလိုက်တာ မောင်တော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် ထူးခြားတဲ့ သတင်းကောင်းတစ်ခုကို ငါတို့ကို ပေးမသိချင်ဘူး၊ ဟုတ်လား ... အဲလိုလား"

"ဟုတ်တယ် မောင်ကြီး"

"ရတယ်လေ ... မပြောနဲ့ပေါ့၊ မသိချင်ပါဘူး ... ဟွန်း"

တသွင်သွင့် မျက်နှာလေးက ပြုံးသွားကာ ပဥ္စကို မျက်စောင်းထိုးသည်။ အဲဒီနောက် နှုတ်ကထုတ်မမေးဘဲ သူ့မျက်နှာကို တသမတ် စိုက်ကြည့်နေကြတဲ့ ပိုးနှင့် သက်စုတို့ကို လှမ်းကြည့်လိုက်မိပါသည်။ အရမ်းကို စိတ်ဝင်စားနေကြတာ။ သူတို့ကိုတော့ ပြောရလိမ့်မယ် ထင်ပါရဲ့။

တသွင်သွင်က ပေါင်ချိန် ချိန်နေတဲ့ ပဥ္စတို့နှင့်နီးသောခုံမှထလာကာ ကြမ်းပြင်ပေါ်ထိုင်နေတဲ့ ပိုးနှင့်သက်စုတို့အနား လျှောက်လာခဲ့ပြီး သူတို့နှစ်ယောက်ကြားထဲ တိုးဝင်ထိုင်လိုက်ပါသည်။ အသံကို လေသံမျှတိုးနိမ့်ကာ ...

"ပိုး ... သက်စု"

"........"

"ကျွန်မအတွက် marrow donor ရပြီတဲ့၊ တွေ့ပြီတဲ့"

ပိုးနှင့် သက်စုသည် အသံတောင် မထွက်နိုင်အောင် အံ့အားလည်းသင့် ရင်လည်းခုန် ဝမ်းလည်းသာ ပါးစပ်အဟောင်းသား ငြိမ်သက်နေကြသည်။ တသွင်သွင်က သူတို့နှစ်ယောက်ရဲ့ ပေါင်ပေါ်ကို သူ့လက်ဝါးလေး နှစ်ဖက်နှင့် တဖျပ်ဖျပ်ရိုက်ရင်း လေသံ ကတုန်ကယင်လေးနှင့် ...





"သေချာတယ်တဲ့၊ မာမီက တကယ်သေချာအောင်စောင့်ပြီးမှ ပြောတာတဲ့ ... သိလား၊ ဒါ ... ဒါဆို ... ကျွန်မ... ကျွန်မ ... အချိန်အတိုင်းအတာ တစ်ခုထိတော့ ဆက်ပြီး အသက်ရှင်သန်ခွင့် ရပြီပေါ့၊ ကျွန်မ ရင်တွေတုန်တယ်၊ ဘာပြောမှန်းတောင် မသိတော့ပါဘူး၊ ကျွန်မ အဲလောက်တောင် ကံကောင်းသလားဟင်၊ ဘုရားက ကျွန်မအတွက် ရှင်သန်ခွင့်ကို ခွေးချယ်ပေးလိုက်ပြီပေါ့"

○ ❦ ○

အချိန်တန်တော့ အိမ်ပြန်ရမှာက နိယာမပဲ မဟုတ်လား။ ပြည်ပထွက်ခွာ ဧည့်ခန်းမမှာ ဝမ်းနည်းသော အပြုံးလေးနှင့် ရပ်နေတဲ့ တသွင်သွင်။ သူမရဲ့သေတ္တာတွေရော မောင်သဲရဲ့ သေတ္တာတစ်လုံးပါ စုတင်ထားတဲ့ ထရော်လီကိုတော့ မောင်သဲက တွန်းယူဖို့ ကိုင်ဆောင်ထားပါသည်။

တသွင်သွင်က သူမအချစ်ရဆုံးသော လူရွယ်လေးနှစ်ယောက်နှင့် သူတို့ရဲ့ဇနီးများကို အပြုံးနှင့်သာ တစ်လှည့်စီ နှုတ်ဆက်ကြည့် ကြည့်နေပါသည်။ သူတို့အားလုံး စိတ်လှုပ်ရှားနေကြတာ မျက်နှာအသီးသီးမှာ အထင်းသား ပေါ်လွင်နေသည်။

"ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



တသွင်သွင့်ထံမှ အသံတိုးလေး။

"တသွင်သွင်"

ပိုးနှင့် သက်စုထံမှ ကမန်းကတန်း သံပြိုင်။ တသွင်သွင်က မျက်ရည်ရစ်လည်ကာ အားပါးတရ ပြုံးလိုက်ပါသည်။

"ကဲ ... မောင်ကြီး ... မောင်တော်၊ ငါ ပထမတော့ နင်တို့ကို ပဟေဠိတစ်ခုရဲ့ အဖြေပြောပြခဲ့မလို့ပါပဲ၊ ဒါပေမဲ့ အခုတော့ ငါမပြောခဲ့တော့ဘူးလို့ ပြင်ဆုံးဖြတ်လိုက်ပါပြီ၊ အရင်တစ်ခါလိုပဲပေါ့ဟာ၊ ငါ မပြောတော့ပါဘူး ...နော်"

ပိုးနှင့် သက်စုသည် အလုံးကြီးကျသွားကြတဲ့ အားချမ်းမှုမျိုးနှင့်အတူ တသွင်သွင့်ကို နှုတ်ဆက်ခွဲခွာရမည့် ဝမ်းနည်းကြေကွဲမှုကို တပေါင်းတည်း ခံစားကာ မျက်ရည်စို့ရွှန်းလာပါသည်။ ပဋ္ဌနှင့် လမင်းဆွေက သက်ပြင်းကိုယ်စီနှင့် မပို့တပိပြုံးကာ နှုတ်ဆက်သည်။

"ပိုးနဲ့ သက်စုကို ကျွန်မ နမ်းမယ်နော်၊ ရှင်တို့ကို ကျွန်မ သိပ်ချစ်ပါတယ်"

တသွင်သွင်က ပိုးကိုတစ်လှည့် သက်စုကိုတစ်လှည့် တင်းတင်းကျပ်ကျပ်ဖက်ကာ ပါးပြင်နှစ်ဖက်တို့ကို ဘယ်ပြန်ညာပြန် နမ်းရှိုက်လေသည်။

"မောင်ကြီးနဲ့ မောင်တော်ကိုလည်း ကျွန်မ ခဏဖက်ပါရစေနော်"





တသွင်သွင်သည် အံကလေးကိုကြိတ်လျက် ပဋ္ဌနှင့် လမင်းဆွေရဲ့ မျက်နှာချင်းဆိုင် အလယ်နားမှ နှစ်ယောက်လုံးကို တစ်ပြိုင်နက် ပွေ့ဖက်သိုင်းကာ ပခုံးနှစ်ခုရဲ့အလယ်ကြားမှာ သူမ နဖူးလေးကို တစ်ခဏ အပ်ထားလိုက်ပါသည်။ ဘယ်သူ့ကိုမှလဲ ဦးစွာမဖက်ခဲ့၊ ဘယ်သူ့ကိုမှလဲ နောက်ချန်မဖက်ခဲ့။

ဝမ်းနည်းတုန်ခါနေတဲ့ နှလုံးသားလေးနှင့် မျက်ရည်မကျအောင် အောင့်ထိန်းအားတင်းပြီးကာ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားရာမှ ဖယ်ခွာလိုက်ရင်း ဘယ်သူ့ကိုမှမကြည့်တော့ဘဲ ထွက်ခွာရန် ခန်းမတွင်းသို့ ခြေလှမ်းကျဲကျဲကလေးနှင့် အပြေးတစ်ဝက် လျှောက်လှမ်းဝင်သွားခဲ့ပါသည်။

○ ❦ ○

လမင်းမိုမို



www.burmeseclassic.com

www.burmeseclassic.com



## မိစုရှားစာပေတိုက်မှ စာရေးဆရာမ လမင်းမိုမို၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ ပုလဲတစ်ကုံး ဝတ္ထုတိုများ
နှစ်(၃၀)မြောက် အထူးထုတ်

၂။ ကောင်းကင်က ကြွေကျခဲ့ပါ ...

၃။ ချစ်သူ့ရဲ့လက်အစုံဖြင့် ဆူးထွင်လှည့်ပါ

၄။ ကျွန်မကမ္ဘာပြိုသောအခါ

၅။ အာဒမ်များနှင့်နံရိုးများ

၆။ ချစ်ခြင်းဖြင့်လည်း မဆောင်ယူနိုင်

www.burmeseclassic.com